www.burmeseclassic.com

မင်းဇော် မြန်မာပြန်သည်

# အဓိပ္ပါယ်ရှိသော ဖြစ်ရပ်ဆန်း

# အိပ်မက်များ

BURMESE CLASSIC

www.burmeseclassic.com

DREAMS AND THEIR MEANINGS

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၁ / ၂၀၀၄ (၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၈ / ၂၀၀၄ (၃)

တတိယအကြိမ် - ၂၀၀၄ ခုနှစ် (မေလ)

အုပ်ရေ (၂၀၀၀)

ထုတ်ဝေသူ
ဒေါ်မိမိလှိုင်
အမှတ် - (၁၂၉/၂) မိဖုံးလမ်းသွယ်(၉)၊
သုဝဏ္ဏမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းမျက်နှာဖုံးပုံနှိပ်သူ
ဓော်ဓိဓော် ပုံနှိပ်တိုက်၊ အမှတ် (၁၉)၊
နှံ့သာဖြူလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## မင်းဇော်

# အဓိပ္ပါယ်ရှိသော
# ဖြုန်ရုပ်ဆန်း အိပ်မက်များ

ပြည်လုံးကျွတ် ဖြန့်ချိရေး

မိုးကျော်စာပေ
အမှတ် - ၃၇၇၊ လမ်း ၃၀ (အထက်)
ရန်ကုန်မြို့၊ ဖုန်း - ၇၀၄၂၉၂

www.burmeseclassic.com

www.burmeseclassic.com

# " သတိပေးကြော်ငြာချက် "

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ ၃၇လမ်း၊ အမှတ် ၂၂၄ နေဦးစိန်လှအောင် ၁၂/ကတတ(နိုင်)၀၀၉၆၀၈ က မူပိုင်အခွင့်အရေးရှိထားသော အောက်ပါစာအုပ်စာမူ (၄၃)မျိုးကို ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း ၃၀နှင့် ဗိုလ်ချုပ်လမ်းထောင့်၊ အမှတ် ၃၇၇ မှ မိုးကျော်စာပေလုပ်ငန်းပိုင်ရှင်ဖြစ်သူ ဒေါ်မိမိလှိုင် ၁၂/သဃတ (နိုင်) ၀၀၆၈၄၈ အား လွှဲပြောင်းပေးအပ်ပုံနှိပ်ဖြန့်ချိပေးထားပြီးဖြစ်ပါသည်။ စာရေးဆရာကြီး ပီမိုးနင်းရေးသားသောစာပေများမှာ ထူးချွန်ရေး၊ ကိုယ်ထူးကိုယ်ချွန်၊ အာဂလူ၊ ဘဝတိုက်ပွဲ၊ တကယ့်လူချွန်၊ တိုးတက်ကြီးပွား လူဖြစ်နည်းတက်လမ်း၊ ကမ္ဘာ့မင်းတံ၊ သမီးရတ်ရည်၊ ကြီးပွားရေးအောင်စိတ်၊ လူပေါ်ကလူ၊ စကားပြောနည်း၊ သုခချမ်းသာ စိတ်ပညာ၊ ဂူဠ်သဃစိတ်ပညာ၊ ကမ္ဘာ့အလင်း၊ လောကမျက်မှန်၊ လူမှုရေးရာ ဟန်ကျပန်ကျ၊ မသိသူကျော်သွား၊ သိသူဖော်စား၊ အရင်းမစိုက်လျှော့ထိုး လိုက်၊ ထွက်သက်ဝင်သက်၊ စိတ်တန်ခိုးကျမ်း၊ လောကီပညာဂဏန်းဗေဒင်၊ သားရတ်ရည်၊ အပျိုလမ်းညွှန်၊ လူပျိုလမ်းညွှန်၊ အချစ်အတွင်းရေး၊ အချစ်သူ့ဂွှာရ၊ အချစ်ဖြတ်လမ်း၊ အချစ်လမ်းညွှန်၊ မိန်းမစိတ်ကျမ်း၊ ကာမသဒ္ဒိ ချွေတာရေးတို့ဖြစ်ပြီး စာရေးဆရာမင်းသော်တာရေးသ[illegible]သော စာပေများမှာ အလွယ်ကူဆုံးဗေဒင်၊ မိသားစုဗေဒင်၊ အကောင်းဆုံးဗေဒ[illegible]ုင်ရှိလှကွာဟာ၊ လောကီရေးရာအဖြာဖြာတို့ဖြစ်ပြီး ဦးသိန်းလွင်ရေးသားသောစာပေများမှာ ငါးဘာသာ စကားပြော၊ ခြောက်ဘာသာစကားပြော၊ အကောင်းဆုံးအင်္ဂလိပ် စကားပြော၊ အလွယ်ဆုံး အင်္ဂလိပ်စကားပြော အစိုပါစာအုပ်များကို မူပိုင်ခွင့်ချိုး ဖောက်ပုံနှိပ်ဖြန့်ချိလျှင် ဥပဒေအရ ထိရောက်စွာ အရေးယူမည်။

ဦးစိန်လှအောင်နှင့် ဒေါ်မိမိလှိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးဝင်းထိန်၊ တရားရုံးချုပ်ရှေ့နေ B.A.H.G.P.R.L.D.B.I. D.M.L.
အမှတ် ၅၈/ ၃၊ အဝေရာလမ်း၊ မြေတွအညွှန့်ရပ်ကွက်၊
တာမွေမြို့နယ်။ (ရန်ကုန်အရှေ့ပိုင်းခရိုင် ဥပဒေရုံးရှေ့)

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# အက္ခရာစဉ်မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်းစကား | ၁ |
| ၂။ | ငွေများကို တွေ့ရှိသည်ဟု မြင်မက်ခြင်း | ၁၀ |
| ၃။ | ဝတ်လစ်စလစ် | ၁၀ |
| ၄။ | ကောင်းကင်သို့ ပျံတက်ခြင်း | ၁၂ |
| ၅။ | နောက်ကျခြင်း | ၁၂ |
| ၆။ | စာမေးပွဲ အစစ်ခံရသည်ဟု မြင်မက်ခြင်း | ၁၃ |
| ၇။ | ချစ်ခင်သူတွင် ဒဏ်ရာရခြင်းနှင့် သေဆုံးခြင်း | ၁၄ |
| ၈။ | အမြင့်မှ လိမ့်ကျခြင်း | ၁၅ |
| ၉။ | ပြန်၍မက်သောအိပ်မက် | ၁၇ |
| ၁၀။ | အိပ်မက်ထဲမှအိပ်မက် | ၁၈ |
| ၁၁။ | အိပ်မက်နှင့် ၎င်း၏အမျိုးအစား | ၂၂ |
| ၁၂။ | မြင်မက်သည့် အချိန်ကာလ | ၂၃ |
| ၁၃။ | မြင်မက်သူ (ဝါ) ခံယူရရှိသူ | ၂၄ |
| ၁၄။ | အိပ်မက်သုံးမျိုး | ၂၅ |
| ၁၅။ | မိခင်၏အိပ်မက် | ၂၆ |
| ၁၆။ | ကိုးရက်မတိုင်မီ | ၂၈ |
| ၁၇။ | ထူးဆန်းသော သတိပေးအိပ်မက် | ၃၀ |


www.burmeseclassic.com

www.burmeseclassic.com


၁၈။ အစီမ္ပါယ်မရှိသောအိပ်မက် ၃၂

၁၉။ အိပ်မက်ဆိုးတစ်ခု ၃၄

၂၀။ ကျွန်ုပ်နှင့် ဘူလ်ဂေးရီးယန်းဂျစ်(ပ)စီမကြီး ၃၅

၂၁။ အိပ်မက်သည် ဆန့်ကျင်သော အဓိပ္ပါယ်ကို ဆောင်သလော၊ တစ်ပိုင်းတစ်စအိပ်မက်၊ အိပ်ရာအနေအထား ၃၇

၂၂။ အိပ်မက်နှင့် ၎င်း၏အဓိပ္ပါယ်များ ၃၉

( က )

၂၃။ ကခုန်သည် ၃၉

၂၄။ ကလေးသူငယ်၊ ကဏန်းကောင် ၄၀

၂၅။ ကရားအိုး၊ ကစားပွဲ ၄၁

၂၆။ ကမ္ဘာလုံး၊ ကုလားအုတ်၊ ကြွက်၊ ကြယ် ၄၁

၂၇။ ကျား၊ ကြိုး၊ ကြယ်မှုံ၊ ကြက်တူရွေး၊ ကျီးကန်း ၄၂

၂၈။ ကျားသစ်၊ ကြာပွင့်၊ ကြောင်၊ ကျီးပေါက်စ ၄၃

၂၉။ ကြက်၊ ကြက်မ၊ ကစားသည် ၄၄

၃၀။ ကုလားထိုင်၊ ကြက်ကလေးများ၊ ကျောက်တုံး၊ ကျောင်း ၄၅

၃၁။ ကျောင်းသား၊ ကြိမ်လုံး၊ ကြေး၊ ကြေးနန်း ၄၅

၃၂။ ကယ်ဆယ်သည်၊ ကျရှုံးသည်၊ ကတ်ကြေး၊ ကော်ဇော ၄၆

၃၃။ ကျီစားသည်၊ ကုတ်အင်္ကျီ၊ ကူရှင်ခုံ၊ ကျောက်ဆူး ၄၇

၃၄။ ကတ္တရာ၊ ကော်ဖီမှုန့်၊ ကြည့်မှန်၊ ကြောက်ရွံ့သည်၊ ကောက်သည် ၄၈

၃၅။ ကပ်ရောဂါ၊ ကွာရှင်းသည်၊ ကန့်ကွက်သည်၊ ကောင်းကင်၊ ကတ္တီပါ ၄၉

၃၆။ ကုန်းမြေ၊ ကွင်းကျယ်၊ ကန်းသည် ၄၉


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၃၇။ | ကြွယ်သီး၊ကောက်နှံ၊ကိုတ်မုန့်၊ကောက်ရိတ်သည် | ၅၁ |
| ၃၈။ | ကန်စွန်းပင်၊ကန့်ကျောက်သည်၊ကျောက်စရစ်ခဲ | ၅၁ |
| ၃၉။ | ကြေးနီ၊ကာက်ဦးထုပ်၊ကွင်း၊ကုန်းစကား | ၅၂ |
| | ( ခ ) | |
| ၄၀။ | ခရာ၊ခရု၊ခုတင်၊ခွေး | ၅၃ |
| ၄၁။ | ခွေးလေးယားသီး၊ခွေးဘီလူး၊ခဲတံ | ၅၄ |
| ၄၂။ | ခိုးသည်၊ခိုး၊ခွဲသည် | ၅၄ |
| ၄၃။ | ခေါ်သည်၊ခိုင်းစေသည်၊ခုကောင်၊ခရီးသွားသည် | ၅၅ |
| ၄၄။ | ခုန်သည်၊ခုန်ကျော်သည်၊ခြသေ့ | ၅၆ |
| ၄၅။ | ခေါင်းလောင်း၊ခွဲစွာသည်၊ခြေထောက် | ၅၇ |
| ၄၆။ | ခွက်၊ခွင့်လွှတ်သည်၊ချီးမွမ်းသည်၊ခြစည်းရိုး | ၅၈ |
| ၄၇။ | ချောင်းဆိုးသည်၊ချိန်ခွင်၊ခေါင်း | ၅၈ |
| ၄၈။ | ချည်နှောင်သည်၊ချုံမုတ်၊ချောက်ကမ်းပါး | ၅၉ |
| ၄၉။ | ချေးပိုးထိုး၊ချမ်းသာခြင်း၊ချယ်ရီပင်၊ချက်ပြုတ်သည် | ၆၀ |
| | ( ဂ ) | |
| ၅၀။ | ဂဏန်း | ၆၁ |
| ၅၀။ | ဂူလိုဏ်၊ဂီတ၊ဂေါ်ဖီထုပ် | ၆၁ |
| | ( င ) | |
| ၅၂။ | ငှက်ဖျား၊ငါး | ၆၂ |
| ၅၃။ | ငါးမျှားခြင်း၊ငှက် | ၆၂ |
| ၅၄။ | ငှက်ပျောသီး၊ငလျင်၊ငါးရှဉ့် | ၆၃ |
| ၅၅။ | ငွေ့အငွေ၊ငိုကြွေးခြင်း၊ငိုက်မျဉ်းခြင်း၊ငါးမန်း၊<br>ငှားရမ်းသည် | ၆၃ |
| ၅၆။ | ငြင်းခုံသည်၊ငြိမ်သက်ခြင်း၊ငေးမောခြင်း၊ငွေစုသည်၊<br>ဖန်း၊ငှက်တောင် | ၆၄ |


www.burmeseclassic.com

www.burmeseclassic.com

( စ )


၅၇။ စပါး၊ စပါးကျီ၊ စပျစ်သီး ၆၅
၅၈။ စပိတ်ဖဲ၊ စစ်သား၊ စစ်ဘက်အရာရှိ၊ စိန်၊ စကားထာ ၆၆
၅၉။ စာချုပ်၊ စာရင်းအင်း၊ စာကလေး၊ စားကျက်၊ စက်ရုံ ၆၇
၆၀။ စွတ်စိုခြင်း၊ စက်ချုပ်သည့်၊ စွပ်စွဲခြင်း ၆၈
၆၁။ စိတ်ညှိုးငယ်ခြင်း၊ စိမ်းသောအရောင်၊
စေ့စပ်ကြောင်းလမ်းခြင်း၊ စိတ်ပျက်ခြင်း ၆၈
၆၂။ စစ်ဘုရင်၊ စခန်း၊ စာရွက်၊ စားသောက်ပွဲ၊ စုန်း ၆၉
၆၃။ စာရေးသည်၊ စာအိတ်၊ စွန်ပလွံသီး ၇၀
၆၄။ စည်ပိုင်း၊ စီးကရက်၊ စားသည့်၊ စွန့်ပစ်သည့်၊ စာအုပ်၊
စောင် ၇၁
၆၅။ စက်၊ စီတန်းလှည့်လည်ခြင်း၊ စောင့်ဆိုင်း၊ စိုက်ပျိုးခြင်း ၇၂


( ဆ )


၆၆။ ဆင်၊ ဆိတ် ၇၃
၆၇။ ဆိပ်ကမ်း၊ ဆရာဝန်၊ ဆံပင် ၇၄
၆၈။ ဆေးလိပ်၊ ဆေးရုံ၊ ဆဲဆိုသည့်၊ ဆာလောင်သည် ၇၄
၆၉။ ဆပ်ကပ်ပွဲ၊ ဆီးနှင်း၊ ဆင့်ခွယ်၊ ဆေးဝါး၊ ဆား ၇၅
၇၀။ ဆိုင်၊ ဆေးသုတ်၊ ဆင်းရဲခြင်း၊ ဆိုးဆေး၊ ဆေးတံ၊ ဆီ ၇၆
၇၁။ ဆုတောင်းသည်၊ ဆုလာဘ်၊ ဆူးစူးခြင်း၊ ဆယ်ယူခြင်း၊
ဆင်းသည် ၇၇
၇၂။ ဆက်သည့်၊ ဆီးဖြူသီး၊ ဆီးသီး ၇၈


( ဇ )


၇၃။ ဇလုံ ၇၉
၇၄။ ဇာ၊ ဇီးကွက် ၇၉


www.burmeseclassic.com

www.burmeseclassic.com

( ဈ )

၇၅။ ဈေး၊ဈေးသည်

( ည )

၇၆။ ည၊ညနေ၊ညစာ၊ညှဉ်းဆဲသည်

၇၇။ ညို့းနွမ်းသည်

( တ )

၇၈။ တက်သည်၊တံတား

၇၉။ တဲအိမ်၊တံမြက်စည်း၊တူးရေမြောင်း၊တိမ်တိုက်၊တိုက်ပွဲ၊
တွင်းတူးသည်

၈၀။ တွားသွားသည်၊တံခါး၊တက်၊တံတွေး

၈၁။ တိုသွားသည်၊တူ၊တောင်ကုန်း၊တောတောင်

၈၂။ တရားသူကြီး၊တောင်၊တွက်ချက်သည်၊တွန်းသည်၊
တွန့်သည်

၈၃။ တီးတိုးပြောသည်၊တံလျှပ်၊တိုင်၊တောက်တဲ့၊
တားမြစ်သည်၊တံငါ

၈၄။ တုတ်

( ထ )

၈၅။ ထွက်ခွာသည်၊ထင်းရှူးပင်၊ထောင်သား

၈၆။ ထီ၊ထီး၊ထောပတ်၊ထုပ်ပိုးသည်၊ထုထောင်းသည်

၈၇။ ထမ်းပိုးသည်၊ထန်းပင်၊ထူးဆန်းသောအိပ်မက်

( ဒ )

၈၈။ ဒေါသ၊ဒဏ်ရာ

၈၉။ ဒေလီယာပန်း၊ဒိန်ခဲ

www.burmeseclassic.com

www.burmeseclassic.com

( ဓ )


၉၀။ ဓားမြှောင် ၈၉
၉၁။ ဓားရှည်၊ ဓားပြ ၈၉


( န )


၉၂။ နွား၊ နေကြတ်ခြင်း၊ နန်းတော်၊ နတ်သမီး ၉၀
၉၃။ နှောင့်ယှက်သည်၊ နံနက်စာ၊ နာနာဘာဝ၊ နွားရိုင်း ၉၀
၉၄။ နာရီ၊ နွားမ ၉၁
၉၅။ နွားခြံ၊ နေ၊ နဂါး၊ နစ်မြုပ်သည် ၉၂
၉၆။ နားရွက်၊ နှင်ထုတ်သည်၊ နားကပ်၊ နာကျင်သည် ၉၃
၉၇။ နှာခေါင်း၊ နို့၊ နာနတ်သီး၊ နန်း ၉၄
၉၈။ နှင်းဆီ၊ နွားကျောင်းသား၊ နှာချေဆတ်သည် ၉၄
၉၉။ နံရံ၊ နှင်တံ၊ နံစော်ခြင်း၊ နှုတ်ခမ်း၊ နီသောအရောင်၊
နူနာရောဂါ ၉၅
၁၀၀။ နွဲ့သည်၊ နှင်သည် ၉၆


( ပ )


၁၀၁။ ပန်း ၉၆
၁၀၂။ ပဲပင်၊ ပန်းသီး၊ ပြာ၊ ပျား၊ ပန်းချီ ၉၇
၁၀၃။ ပုရွက်ဆိတ်၊ ပေါများခြင်း၊ ပျေးကမ်းသည် ၉၈
၁၀၄။ ပုလင်း၊ ပေါင်မုန့် ၉၉
၁၀၅။ ပင့်ကူ၊ ပင့်ကူအိမ်၊ ပိုးပန်းသည်၊ ပုခက် ၉၉
၁၀၆။ ပဝါ၊ ပန်းထိုးသည်၊ ပျော်ပွဲရွှင်ပွဲ၊ ပွေ့ဖက်သည် ၁၀၀
၁၀၇။ ပေါက်ကွဲသည်၊ ပင်ပန်းသည်၊ ပြေးလွှားသည်၊
ပေါလောပေါ်သည်၊ ပလွေ ၁၀၁
၁၀၈။ ပျံသန်းသည်၊ ပုန်းအောင်းသည်၊ ပျားရည်၊ ပျင်းရိသည်၊
ပြက္ခဒိန် ၁၀၂


www.burmeseclassic.com

www.burmeseclassic.com


၁၀၉။ ပြက်ရယ်ပြုသည်၊ ပန်းအိုး၊ ပုစွန်ဆုပ်၊ ပိုက်ဆံ၊ ပိုးဖလံ ၁၀၃
၁၁၀။ ပိုက်၊ ပင်လယ်၊ ပန်းခြံ၊ ပင်အပ်၊ ပိုက်ဆံအိတ် ၁၀၃
၁၁၁။ ပက်ကျိ၊ ပတ္တမြား၊ ပစ်သည်၊ ပိုးသည်၊ ပုံလွှား၊
ပြောင်းရွှေ့သည်၊ ပြဒါး၊ ပန်းမှု ၁၀၄
၁၁၂။ ပြုတ်ထွက်၊ ပျော်ပွဲစားထွက်၊ ပုံတူ၊ ပြတင်းပေါက်၊
ပုပ်ပွသည်၊ ပွက်သည်၊ ပုဖောင်း ၁၀၅

( ဖ )

၁၁၃။ ဖယောင်းတိုင်၊ ဖဲ ၁၀၆
၁၁၄။ ဖျံ၊ ဖုန်၊ ဖား၊ ဖြားမြှုပ် ၁၀၇
၁၁၅။ ဖျား၊ ဖရဲသီး၊ ဖောင်၊ ဖာထေးသည်၊ ဖြူကောင်၊
ဖြန်းတီးသည်၊ ဖျားနာသည် ၁၀၈
၁၁၆။ ဖျက်ဆီးသည်၊ ဖတ်သည်၊ ဖိနပ်၊ ဖိတ်ကြားသည် ၁၀၈

( ဗ )

၁၁၇။ ဗာဒံသီး ၁၀၉

( ဘ )

၁၁၈။ ဘုရင်၊ ဘုရင်မ၊ ဘီလူး ၁၀၉
၁၁၉။ ဘဲ၊ ဘုန်းကြီးကျောင်း၊ ဘားကျွမ်း၊ ဘင်ခရာ ၁၁၀
၁၂၀။ ဘုရားရှိခိုးကျောင်း ၁၁၀

( မ )

၁၂၁။ မီး၊ မီးဖို ၁၁၀
၁၂၂။ မိုးခိုး၊ မီးကျည်ပန်း၊ မီးသွေး ၁၁၁
၁၂၃။ မီးတောင်၊ မီးခွက်၊ မီးလုံး ၁၁၂
၁၂၄။ မီးတုတ်၊ မွေးဖွားသည်၊ မွေးနေ့ ၁၁၃
၁၂၅။ မီးလောင်သည်၊ မိတ်ဆွေ၊ မီးပြတိုက်၊
မတော်တဆ၊ မေ့မြောသည် ၁၁၄


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၂၆။ | မွေလျှာသည်၊မဲနယ်၊မင်၊မှုန့် | ၁၁၅ |
| ၂၇။ | မလိုင်၊မှုန့်လာဥ | ၁၁၆ |
| ၂၈။ | မင်းသား၊မင်းသမီး၊မော်တော်ကား | ၁၁၇ |
| ၂၉။ | မြေမြှု၊မြင်းရထား၊မြင်း | ၁၁၈ |
| ၃၀။ | မြေပုံ၊မျက်နှာဖုံး၊မြက်ခင်း | ၁၁၉ |
| ၃၁။ | မြေတွင်း၊မြူ၊မှုန်၊မျက်စိ | ၁၁၉ |
| ၃၂။ | မြား၊မြေခွေး | ၁၂၀ |
| ၃၃။ | မြွေ | ၁၂၁ |
| ၃၄။ | မြည်း၊မြေအောက်ခန်း | ၁၂၂ |
| ၃၅။ | မှုးယစ်သည်၊မြစိမ်း၊မျက်ခုံး၊မျက်နှာ | ၁၂၂ |
| ၃၆။ | မိသားစု၊မြှောက်ပင့်သည်၊မှောင်မိုက်သည် | ၁၂၃ |
| ၃၇။ | မျက်စိမှုန်သည်၊မျက်မှန်၊မြက်ပင်၊မြေကြီး၊မိုးသီး | ၁၂၄ |
| ၃၈။ | မုန်းတီးသည်၊မြက်ရိတ်သည်၊မြင်းခွာ | ၁၂၅ |
| ၃၉။ | မုန်တိုင်း၊မတရားခြင်း၊မျက်လှည့် | ၁၂၆ |
| ၄၀။ | မှန်ချပ်၊မိုးစွေငှက် | ၁၂၇ |
| ၄၁။ | မုသား၊မငြွေရစိတ်၊မုန့်ညင်းပင် | ၁၂၈ |
| ၄၂။ | မြေပဲ၊မိုးရွာသည် | ၁၂၈ |
| ၄၃။ | မြစ်၊မြင်းဇောင်း၊မှန်ပြောင်း၊မှန်ဘီလူး | ၁၂၉ |
| ၄၄။ | မျှော်စင်၊မှတ်ဆိတ်၊မြင်းကျား | ၁၃၀ |
| ၄၅။ | မီကျောင်း၊မီးစင်၊မုက်မန်းသီး | ၁၃၁ |
| ၄၆။ | မီးရထား၊မီးမောင်း၊မိန့်ခွန်းပြောသည်၊ မြည်းစမ်းသည် | ၁၃၂ |
| ၄၇။ | မျောက် | ၁၃၃ |


www.burmeseclassic.com

www.burmeseclassic.com

( ယ )


| | | |
|---|---|---|
| ၁၄၈။ | ယဖ်ပလ္လင်၊ယာဉ်၊ယိုမုန့်၊ယပ်တောင် | ၁၃၃ |
| ၁၄၉။ | ယုန်၊ယင်ကောင်၊ယိမ်း | ၁၃၃ |


( ရ )


| | | |
|---|---|---|
| ၁၅၀။ | ရေ၊ရေကန်၊ရက်ကန်း၊ရေကူးခြင်း | ၁၃၄ |
| ၁၅၁။ | ရေခဲ၊ရေမြောင်း | ၁၃၅ |
| ၁၅၂။ | ရေနွေးအိုး၊ရေချိုးသည်၊ရေငုပ်ဆည် | ၁၃၆ |
| ၁၅၃။ | ရေလှောင်ကန်၊ရေတော်သည် | ၁၃၇ |
| ၁၅၄။ | ရေသူမ၊ရေစုပ်ပိုက်၊ရေပန်း | ၁၃၈ |
| ၁၅၅။ | ရာဇဝတ်မှု၊ရင်ကျပ်ခြင်း၊ရင်ထိုး | ၁၃၈ |
| ၁၅၆။ | ရိုက်နှက်သည်၊ရထားလမ်း | ၁၃၉ |
| ၁၅၇။ | ရေးသည်၊ရယ်မောသည်၊ရှုံးသွပ်ခြင်း | ၁၄၀ |
| ၁၅၈။ | ရွှံ့၊ရေမွှေး၊ရဲသား၊ရွက်လွှင့် | ၁၄၁ |
| ၁၅၉။ | ရုပ်အင်္ကျီ၊ရှဉ့်၊ရွက်လှေ | ၁၄၂ |
| ၁၆၀။ | ရဟတ်၊ရှေ့နေ၊ရွှေ | ၁၄၃ |
| ၁၆၁။ | ရန်ပွဲ၊ရန်သူ၊ရောဂါ၊ရွှေငါး | ၁၄၄ |
| ၁၆၂။ | ရှုးသွားခြင်း၊ရောင်ရမ်းသည်၊ရေဖြင့်ပက်သည် | ၁၄၄ |


( လ )


| | | |
|---|---|---|
| ၁၆၃။ | လိပ်ပြာ | ၁၄၅ |
| ၁၆၄။ | လှည်း၊လေယာဉ်ပျံ | ၁၄၅ |
| ၁၆၅။ | လင်းယုန် | ၁၄၆ |
| ၁၆၆။ | လိမ့်ကျသည်၊လေယာဉ်ကွင်း၊လျှော်ပါန်းသည်၊လှူဝံ | ၁၄၇ |
| ၁၆၇။ | လင်းနို့၊လုံချည် ၁လေး၊မြား | ၁၄၈ |
| ၁၆၈။ | လည်ဆွဲကြိုး၊လောင်းကစား၊လာဘ် | ၁၄၈ |


www.burmeseclassic.com

www.burmeseclassic.com


၁၆၉။ လုပ်ငန်းကိစ္စ၊ လျှောင်အိမ်၊ လှူဖြက် ၁၄၉

၁၇၀။ လှိုးဖြတ်သည်၊ လက်ဖက်ရည်၊ လက်ဝါးကပ်တိုင်၊ လိမ်လည်သည် ၁၅၀

၁၇၁။ လွှတ်မြောက်သည်၊ လိဝ်၊ လင်းတ၊ လေပွေ၊ လမ်းလျှောက်သည် ၁၅၁

၁၇၂။ လှေကားထစ်၊ လျှပ်စစ်၊ လေလံ၊ လိမ္မော်သီး ၁၅၂

၁၇၃။ လက်ဝါး၊ လွှေကား၊ လက်သည်း ၁၅၃

၁၇၄။ လက်ထပ်သည်၊ လက် ၁၅၄

၁၇၅။ လက်အိတ်၊ လက်ခေါင်း၊ လက်ကိုင်ပဝါ၊ လေထီး၊ လက်စွပ် ၁၅၄

၁၇၆။ လည်မှတ်သည်၊ လက်သုတ်ပဝါ၊ လယ်ယာ ၁၅၆

၁၇၇။ လက်ရေး၊ လျှော့စီးသည် ၁၅၆

၁၇၈။ လက်ထိတ်၊ လွှ၊ လေပြင်း ၁၅၇

၁၇၉။ လဟာပြင် ၁၅၈

( ဝ )

၁၈၀။ ဝက်ဝံ၊ ဝါဂွမ်း ၁၅၈

၁၈၁။ ဝသော်၊ ဝမ်းသာသည်၊ ဝမ်းနည်းသည် ၁၅၈

၁၈၂။ ဝင်းခြံ၊ ဝန်တိုခြင်း၊ ဝဲဂယက်၊ ဝံပုလွေ ၁၅၉

၁၈၃။ ဝတ်လစ်စလစ် ၁၆၀

၁၈၄။ ဝါး၊ ဝက် ၁၆၁

( သ )

၁၈၅။ သေခြင်း ၁၆၁

၁၈၆။ သီချင်းဆိုသည်၊ သရဲ၊ သေတ္တာ ၁၆၂

၁၈၇။ သော့ ၁၆၃


www.burmeseclassic.com

www.burmeseclassic.com


၁၈၈။ သရဖူ၊ သမင် ၁၆၄

၁၈၉။ သေနတ်၊ သံ၊ သိမ်းငှက် ၁၆၄

၁၉၀။ သိုး၊ သားမြွတ်၊ သက်တံ ၁၆၅

၁၉၁။ သင်္ဘော၊ သတင်းစာ၊ သောက်သည် ၁၆၆

၁၉၂။ သော့ခလောက်၊ သဖန်းသီး၊ သဲကန္တာရ ၁၆၆

၁၉၃။ သကြား၊ သွား ၁၆၇

၁၉၄။ သဲ၊ သစ်တုံး၊ သစ်ရွက်၊ သစ်ပင်တက်သည် ၁၆၈

၁၉၅။ သတ်ဖြတ်သည်၊ သံပရာသီး ၁၆၈

၁၉၆။ သွေး၊ သူတောင်းစား၊ သိုးမွေး၊ သစ်သား ၁၆၉

၁၉၇။ သမီးဝေသည်၊ သုဘရာဇာ၊ သေးငယ်သွားခြင်း ၁၇၀

၁၉၈။ သေးငယ်သော၊ သင်္ချိုင်းခြင်း၊ သပြေပန်း၊ သစ်ဥ ၁၇၁

၁၉၉။ သူနာပြု၊ သံကြိုး ၁၇၁

၂၀၀။ သီးနှံ၊ သတို့သား၊ သမီး၊ သခွားသီး ၁၇၂

၂၀၁။ သံချေး၊ ဓားရေအိတ်၊ သစ်ခွပန်း ၁၇၃

၂၀၂။ သားမွေးများ ၁၇၃

( အ )

၂၀၃။ ဆိမ် ၁၇၄

၂၀၄။ အရက်၊ အမြောက်၊ အေးသည်၊ အမှောင် ၁၇၄

၂၀၅။ အကြွေး၊ အခေါက်အအုံ ၁၇၅

၂၀၆။ အစုအဝေး၊ အလှူဒါန၊ အရုပ်၊ အမဲသား ၁၇၅

၂၀၇။ အလံ၊ အကွာရာ ၁၇၆

၂၀၈။ အမဲလိုက်၊ အိမ်ကြောင်၊ အရိုး ၁၇၇

[illegible] အစ်၊ အသိ[illegible]မာငုံး၊ အသားကင်၊ အမွေ ၁၇၇

၂၁၀။ သြဘာပေးခြင်း၊ အတုအပ၊ အကြွေပေးသည်၊
အိပ်မက်၊ အပူ ၁၇၈


www.burmeseclassic.com

www.burmeseclassic.com


၂၁၀။ အဝါရောင်၊ အသက်ရှူသည်၊ အရက်ပြန်၊ အသက်ကယ်လှေ ၁၇၉
၂၁၂။ အမြစ်ပေးခြင်း၊ အပျက်အစီး၊ အလုပ်များသည်၊ အခန်းငယ် ၁၈၀
၂၁၃။ အေးအန်သည်၊ အက်ကွဲခြင်း၊ အုန်းပင်၊ အူ ၁၈၀
၂၁၄။ ညည်းသည် ၁၈၁
၂၁၅။ ဦးထုပ် ၁၈၁
၂၁၆။ ဦးချို၊ ဥဩ၊ ဥယျာဉ် ၁၈၂
၂၁၇။ ဥများ ၁၈၂


www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်းစကား

ကျွန်ုပ်တို့ သက်ရှိလူသားဟူသရွေ့တွင် အိပ်မက်မမက်ဖူးသူဟူ၍ ရှားမှရှားပေလိမ့်မည်၊ အနောက်နိုင်ငံမှ စိတ်ပညာ ပါရဂူတို့သည် လူတွင်သာမက တိရစ္ဆာန်များကိုပါ (ဥပမာ–ကြောင်၊ ခွေး၊ မြင်း စသည်) အိပ်မက်မက်ခြင်း ရှိမရှိကို လေ့လာစူးစမ်းကြလေသည်။

သက်ရှိတို့တွင် အမျိုးအစားကိုလိုက်၍ စိတ်ဝိညာဉ်၏ ဓာတ်လှိုင်းများ ပျံ့လွင့်လျက်ရှိပေသည်၊ ဤသို့ပျံ့လွင့်လျက်ရှိသော ဓာတ်လှိုင်းကို သိပ္ပံနည်းကျ လေ့လာသူတို့ကလည်း အမည်နာမ အမျိုးမျိုးတပ်လျက်ရှိကြသည်၊ စိတ်ဟူသည်မှာ ဒြပ်တစ်မျိုးပင် ဖြစ်သည်ဟူသော ယူဆမှုမျိုးလည်း ရှိခဲ့၏၊ စိတ်ဟူသည်မှာ သီးခြား သူ့ဘာသာရှိခြင်းမဟုတ်၊ ဒြပ်ရှိသောရုပ်မျှသာ ဖြစ်သည်ဟုလည်း ဆိုကြသည်၊ စိတ်၏ဒြပ်ကို (Molecules of mind) ဟုပင် အမည်တပ်သည်လည်း ရှိလေသည်။

ယနေ့ခေတ်သည် သိပ္ပံပညာ ထွန်းကားသောခေတ်ဖြစ်၏၊ ထို့ကြောင့်လည်း သိပ္ပံနည်းကျဟူသော စကားကို လက်ခံထားကြပြီး သိပ္ပံနည်းဖြင့်သာ အရာရာကို တိုင်းတာကြည့်လေ့ ရှိပေသည်၊ မှန်ပါ၏၊ ယနေ့လူသားတို့ လက်လှမ်းမီစွာ တွေးခေါ်နိုင်သည်မှာလည်း သူ သိရှိပြီးသော အကြောင်းအရာ (ဝါ) အဖန်တလဲလဲ မှန်ကန်သဖြင့် ငြိမ်းနေခဲ့သော အကြောင်းအရာတို့ဖြင့်သာလျှင် ချိန်ထိုးကြည့်နိုင်မည်သာ ဖြစ်လေသည်၊ သူ မသိရှိသေးသော အကြောင်းခြင်းရာ တစ်ခုခုအတွက်မူ သူ့တွင် တိုင်းတာနိုင်းဆစရာ (စံမရှိသေးသဖြင့် တွေဝေခြင်း ဖြစ်စေ

www.burmeseclassic.com



ပေလိမ့်မည်၊ ဤသည်တို့ 'ထူးဆန်းသည်' ဟု ထင်မှတ်ပေလိမ့်မည်။ အမှန်စင်စစ်ကား စကြဝဠာကြီးနှင့်တကွ ကမ္ဘာမြေ တစ်ခုလုံးတွင် အကြောင်းနှင့်အကျိုးဟူသရွေ့တို့သည် သူ့နဂိုကတည်းကပင်လျှင် ရှိနှင့်နေပြီးသားဖြစ်၍ 'ဆန်းသည်' ဆိုသော အကြောင်းများ လုံးဝမရှိချေ။

ကျောင်းကင်တွင် ပျံသန်းနိုင်သော လေယာဉ်ပျံ မပေါ်ပေါက်မီ ရှေးကလူတို့သာ ယခုခေတ်သို့ လာရောက်ကြည့်ရှုနိုင်ပါက သူတို့အဖို့ လေယာဉ်ပျံသည် အလွန်ထူးဆန်းသော အရာတစ်ခု ဖြစ်နေပေလိမ့်မည်၊ အမှန်စင်စစ် လေယာဉ်ပျံ ကောင်းကင်တွင် ပျံနိုင်ခြင်းသည် မဆန်းအံ့ ရှေးခေတ်ကလူတွင် စဉ်းစားတွေးခေါ်စရာ (စံ)ဟူ၍ မရှိသောအကြောင်းအရာ ဖြစ်နေခြင်းသာလျှင် ဖြစ်လေသည်။)

စိတ်နှင့်ဖတ်သက်၍ ထူးဆန်းသည်ဟု ထင်ရသော အကြောင်းရပ်တို့သည်လည်း အမှန်စင်စစ် ကျွန်ုပ်တို့အဖို့ တွေးတောချင့်ချိန်ရန် ရင်းနှင့်ပတ်သက်သည့် (စံ)များ မရှိခြင်းကြောင့်သာ ဖြစ်ပေသည်။

ကမ္ဘာပေါ်တွင် တီထွင်ထားသည်ဟူသော သိပ္ပံဆိုင်ရာ ပညာရပ်များဟူ၍ လုံးဝမရှိချေ၊ သဘာဝလောကကြီး၌ ရှိပြီးသား အကြောင်းအရာများအနက်မှ မတော်တဆ တိုက်ဆိုင်၍ဖြစ်စေ ကြံစည်စဉ်းစားရာမှ ဖြစ်စေ တွေ့ရှိသော ပညာရပ်များသာလျှင် ဖြစ်တော့၏။ သို့ဖြစ်လေရာ ကမ္ဘာလောက၌ အကာယ်ပင်ရှိနေသော အရာဟူသရွေ့သည် အနည်းငယ်မျှ ထူးဆန်းသည်ဟူ၍ မရှိတော့ချေ၊ မတော်တဆ တိုက်ဆိုင်မှုကို အမှတ်အသား ဆင်ခြင်မိရာမှလည်းကောင်း၊ ကြံစည်စဉ်းစားရာမှ လည်းကောင်း တွေ့ရှိလာသော ပညာရပ်တို့ကို လူတို့သည် လွယ်ကူစွာ ပစ်ပယ်ခဲ့သည် မဟုတ်ချေ။ လူသားတို့အားလုံး နောင်တွင် အနေတလဲလဲ မှန်သဖြင့် ရှိနေစေမည့် အခြေသို့ရောက်အောင် လေ့လာရှာဖွေ ခဲ့ကြသည်ချည်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ စိတ်နှင့်ရုပ်တို့ အငြင်းအခုံပြုမှု ကြီးမားမှု ရှိနေသည်။ စိတ်ကိုသော်လည်းကောင်း၊ ဝိညာဥ်ဆိုသည်ကိုလည်းကောင်း ယင်းတို့နှင့် ပတ်သက်သမျှတို့ကို လက်ခံခြင်းသည် ဉာဏ်ပညာမဲ့သည့် သေးသိမ်သည်ဟု ထင်သူတို့ များစွာရှိလေသည်၊ ၎င်းတို့အည့် သိပ္ပံဟူသော စကားကိုသာ တွင်တွင်သုံးလေ့ရှိသော်လည်း သိပ္ပံဟူသည့် အခြေအမြစ် အဓိပ္ပာယ်ကို ဂဃနဏ သဘောပေါက်ခြင်း မရှိချေ၊ လောကတွင် ရုပ်ဖြစ်စေ နမ်ဖြစ်စေ ထိုသည့်ပုံသဏ္ဌာန်မျိုးနှင့်မဆို အမှန်တကယ် ဖြစ်ရှိနေမည်ဆိုလျှင် သိပ္ပံပင် ဖြစ်လေသည်၊ ကိုင်တွယ်၊ တိုင်းတာ၊ ချိန်စက်ကြည့်နိုင်မှ သိပ္ပံမဟုတ်ချေ။

ဤကျမ်းစာအုပ်တွင် ဖော်ပြပါသော အကြောင်းရပ်သည် စိတ်ဝိညာဥ်နှင့် ပတ်သက်သော အိပ်မက်၏ (ထူးဆန်းသည်ဟုဆိုရမည့်) လျို့ဝှက်ချက်များပင် ဖြစ်လေသည်၊ အိမ်မက်ဆိုသည်မှာ ဘာကြောင့် မက်ရသနည်းဟူသည့် ပြဿနာရပ်ကို အမျိုးမျိုးစဉ်းစားခဲ့ကြဖူးလေပြီ၊ သို့ရာတွင် ကိုင်တွယ်ဆုတ်ဖမ်း၍ရသော ဒြပ်မျိုးမဟုတ်၍ ရေရာသေချာသော အဖြေမျိုးကို မရရှိသေးချေ။

အိပ်မက်သည် လူကမြင်မက်သည် ဖြစ်သောကြောင့် လူနှင့် ပတ်သက်သော အရာတို့သာဖြစ်၏၊ လူကသိရှိပြီးသော အရာတို့ကိုသာလျှင် မြင်မက်လေသည်၊ သို့ရာတွင် မြင်မက်သော အကြောင်းအရာတို့သည်ကား မြင်မက်သူက မက်စေချင်သော အရာတို့လည်း မဟုတ်ချေ၊ အိပ်မက်ကို ဖန်တီးမြင်မျက်၍သော်လည်းကောင်း၊ ရှောင်ဖယ်မြင်မက်၍သော် လည်းကောင်း မရချေ၊ မက်ချင်ရာကို မက်လေ့ရှိလေသည်။

နေ့တွင်ဖြစ်ပျက်ခဲ့ဖူးသော အကြောင်းအရာတို့ကိုစွဲ၍ ညတွင် အိပ်ပျော်သောအခါ၌ ယင်းအဖြစ်အပျက်တို့ကို ပြန်လည်မြင်မက် တတ်သည်လည်း ရှိလေသည် ၊သို့ရာတွင် စိတ်ထဲတွင် စွဲလမ်းနေသော အကြောင်းအရာတိုင်းကို ညတွင်မြင်မက်အောင်ပြု၍လည်း မက်မည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပြန်ချေ။

အိပ်မက်ဆိုသည်မှာ မက်ချင်ရာမက်ခြင်းဖြစ်ပြီး မည်သို့မျှ လူတို့အတွက် အသုံးမဝင်ဟု တရားသေ ကောက်ချက်ချသူတို့ ရှိကြ၏။ သို့ရာတွင် ကမ္ဘာပေါ်၌ အိပ်မက်နှင့် ပတ်သက်၍ လူသားတို့ မသိရှိနိုင်သော အံ့ဖွယ်ရာကောင်းသည့် အကြောင်းအရာများ ရှိခဲ့လေသည်။

အောင်တေဇသင်္ဘော မနစ်မြုပ်မီက သင်္ဘောပေါ်တွင် ပါသွားသောသူတစ်ဦးရေးသားသည့် တကယ့်အဖြစ်အပျက်ဆောင်းပါးထွင် သင်္ဘောမပျက်မီည၌ အိပ်မက်မက်ရာ ထိုအိပ်မက်တွင် အောင်တေဇ သင်္ဘောရှေ့မှာ ဒုတိယကမ္ဘာစစ်အတွင်းက မြုပ်သွားသော သင်္ဘောကြီး တစ်စင်းသည် ပေါ်လာပြီး ရှေ့သို့ဆက်မသွားရန် တားဆီးထားသည်ဟု မြင်မက်ခဲ့သည်ကို ဖော်ပြထားပေသည်။

လူသည် ရှေ့ဖြစ်မည့်အရာတို့ကို ကြိုတင်၍ သိနိုင်မြင်နိုင် သလော၊ အတိတ်၊ အနာဂတ်ဟူသော အချိန်တို့တွင် အနာဂတ်တွင် ဖြစ်ပျက်မည်တို့ကို ထင်ကြိုသိမြင်နိုင်ခြင်းသည် သာမန်အားဖြင့်စဉ်းစားလျှင် လက်ခံဖို့ လွယ်ကူမည်မဟုတ်ချေ။ သို့ရာတွင် အဖြစ်အပျက်သာဓကများမှာ ကမ္ဘာပေါ်တွင် ရှိနေလေသည်၊ လူကိုမဆိုထားဘိ၊ တိရစ္ဆာန်တို့သည်ပင် ဖြစ်တောင့်ဖြစ်ခဲ ကျရောက်မည့် အန္တရာယ်ကြီးများကို ကြိုတင်သိရှိ ကြလေသည်၊ အချို့သော ကြက်တို့သည် ရေကြီးမည့်အန္တရာယ်ကို ကြိုတင်သိရှိပြီး မြင့်မားသောအရပ်ဒေသသို့ ပြောင်းရွှေ့တတ်ကြလေသည်။

အချို့သောသူတို့သည် အိပ်မက်မက်ပြီး သတိမထား အမှတ် ...ဘဲ နေခဲ့ရာမှ အဖြစ်အပျက်တစ်ခုခုနှင့် ကြုံသောအခါ ထိုအတွင်း ...ခဲ့ဖူးသလိုလို စိတ်ထဲ၌ တွေးမိတတ်ကြ၏။ နောက်မှ ဤအဖြစ်အပျက်မှာ အိပ်မက်ထဲတွင် ထပ်တူထပ်မျှ ဖြစ်ခဲ့ဖူးသည်ကို ပြေး၍သတိရတတ်ခြင်း ရှိသည်ကို များစွာတွေ့ဖူးရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကိုယ်တွေ့ ထူးဆန်းသော အိပ်မက်တစ်ခုကို တင်ပြချင်ပါသည်။ ပူအိုက်သောနေ့တစ်နေ့တွင် ကျွန်ုပ်သည် အိမ်ရှေ့သစ်ပင်ရိပ်၌ ခင်းထားသော တန်းလျားရှည်ပေါ်တွင် ပက်လက်လှဲလျောင်းရင်း စာအုပ်တစ်အုပ်ကို ဖတ်လျက်ရှိ၏။ ကျွန်ုပ်လှဲလျောင်းနေသည့် တန်းလျားရှည်မှာ တောင်နှင့်မြောက် တန်းနေလျက်ရှိပြီး ဦးခေါင်းကို မြောက်အရပ်သို့ မူတဲ့ထားသည်။ မကြာမီပင် ကျွန်ုပ်၏မျက်စိများ လေးလံထိုင်းမှိုင်းလာပြီး မှေးကနဲ အိပ်ပျော်သွားလေသည်၊ အိပ်ပျော်လျှင်ပျော်ခြင်း ကျွန်ုပ်မှာ တစ်ကိုယ်လုံး လှုပ်မရတော့သည့်ပြင် သွေးများလေးလံ၍ သဲအိပ်ကြီးဖြင့် အဖိခံရသူကဲ့သို့ ဖြစ်သွားလေတော့သည်၊ ဤသို့ဖြစ်ခြင်းကို ဘီလူးစီးသည်ဟု ခေါ်ဆိုကြသည်၊ ကျွန်ုပ်အနေဖြင့်လည်း ဤအဖြစ်မျိုး ယခင်ကလည်း ကြုံဖူးပေသည်။

ဤကဲ့သို့ ဘီလူးစီးခံရသလိုအဖြစ်မျိုး ကြုံနေလျှင် တစ်စုံတစ်ယောက်ယောက်က လာရောက်လှုပ်ကိုင်ခြင်း နှိုးခြင်းပြုပါက ချက်ချင်းပြေပျောက်ပြီး သက်သာမှုကို ရရှိစေတတ်လေသည်၊ ဤသို့ဖြစ်နေခြင်းကိုလည်း စိတ်မှ ကောင်းစွာသိနေလေသည်၊ ထို့ကြောင့် ကျွန်ုပ်သည် တစ်စုံတစ်ယောက်သောသူကလာ၍ မြန်မြန်လှုပ်နှိုးလိုက်ပါစေတော့ဟု ဆုတောင်းနေမိသည်၊ ကျွန်ုပ်ကိုယ်တိုင်ကား အနည်းငယ်မျှ လှုပ်ရှားရန်ပင် မတတ်နိုင်ချေ၊ ကျွန်ုပ်အဖြစ်ကိုလည်း အနီးအနားမှ မည်သူတစ်ဦးတစ်ယောက်ကမျှ သိမည်မဟုတ်၊ ကြာကြာနေလျှင် ဒုက္ခပင်ဖြစ်နိုင်သည်ဟု ထင်မိ၏။

ကံကောင်းသည်ကား မကြာမီပင် ကျွန်ုပ်အိပ်ပျော်နေသော နေရာနှင့် မလှမ်းမကမ်းရှိ ကားလမ်းဆီတွင် သုံးဘီးကားတစ်စီး ထိုးဆိုက်လိုက်သည်ကို သိလိုက်ရ၏။ ထိုသုံးဘီးကားပေါ်မှ ကျွန်ုပ်နှင့် ရင်းနှီးသော သူငယ်ချင်းတစ်ယောက် ဆင်းလာပြီး ကျွန်ုပ်ဆီသို့ လာနေလေသည်၊ သူ၏လက်ထဲတွင် ခရီးသွားလက်ဆွဲအိတ်ကြီးတစ်လုံး

www.burmeseclassic.com



ကိုင်ထားသည်ကိုလည်း ကျွန်ုပ်တွေ့ရ၏။ ကျွန်ုပ်အနီးသို့ ရောက်သောအခါ ကျွန်ုပ်သည် မျက်လုံးများဖွင့်နိုင်ခြင်း မရှိသော်လည်း ပါးစပ်ဖြင့် 'ငါ့ကို ဆွဲပြီးလှုပ်လိုက်စမ်းပါ၊ ငါ့ကို ဆွဲထူလိုက်ပါ၊ ငါ ဒုက္ခရောက်နေတယ်၊ မြန်မြန်လှုပ်နှိုးလိုက်စမ်းပါ' ဟု ပြောမိသည်ဟုထင်၏။

သည့်တော့မှပင် သူသည် ကျွန်ုပ်၏လက်နှစ်ဘက်ကို ဆွဲယူလျက် ထူလိုက်လေသည်၊ ထိုသို့ ထူလိုက်လျှင်ထူလိုက်ချင်း ကျွန်ုပ်မှာ ဘိလူးစီးခြင်း ခံနေရခြင်းမှ လွတ်မြောက်သွားပြီး အိပ်ရာမှနိုးလေတော့သည်၊ ကျွန်ုပ်သည် အလွန်ဝမ်းသာသွားပါ၏။ ကျွန်ုပ်၏သူငယ်ချင်းကိုလည်း များစွာကျေးဇူး တင်မိပါသည်၊ သို့ရာတွင် ထူးဆန်းနေသည်ကား အနားတွင် ကျွန်ုပ်၏ သူငယ်ချင်းဖြစ်သူသည် တကယ်မရှိခြင်းပင် ဖြစ်လေသည်၊ ထိုအခါ ကျွန်ုပ်သဘောပေါက်လိုက်သည်မှာ အိပ်မက်ထဲတွင် သူငယ်ချင်းဖြစ်သူ သုံးဘီးကားနှင့်ရောက်လာပြီး ကျွန်ုပ်ကိုလှုပ်နှိုးခြင်းသာလျှင် ဖြစ်လေသည်။

ဤမျှနှင့် ကျွန်ုပ်၏အိပ်မက်မှာ စာဖွဲ့လောက်အောင် မထူးဆန်းချေ၊ ထူးဆန်း၍ များစွာအံ့ဩဖို့ကောင်းသည့် အခြင်းအရာမှာ ကျွန်ုပ် အိပ်မက်မက်ပြီး၍ မကြာမီ ဆယ်မိနစ်ခန့်လောက်၌ ကားလမ်းဆီတွင် သုံးဘီးကားတစ်စီး ထိုးဆိုက်လိုက်လေသည်၊ ထိုသုံးဘီးကားပေါ်မှ ကျွန်ုပ်၏ သူငယ်ချင်း ဖြစ်သူသည် ဆင်းလာပြီးနောက် သူသည် မဲခူးသို့ ခရီးသွားမည်ဖြစ်ကြောင်း၊ ကျွန်ုပ်ပါ လိုက်နိုင်လျှင်လိုက်ခဲ့ဖို့ ဝင်ခေါ်ခြင်း ဖြစ်ကြောင်းကို ပြောပြလေသည်၊ သူ၏လက်ထဲတွင်လည်း ကျွန်ုပ်အိပ်မက် မက်သည့်အတိုင်းပင် သားရေလက်ဆွဲအိတ်ကြီးကို ကိုင်ထားလေသည်၊ သူ့အဝတ်အစားများကို သေသေချာချာ ကြည့်လိုက်သောအခါတွင်လည်း ကျွန်ုပ်၏အိပ်မက်ထဲမှာကဲ့သို့ပင် ထပ်တူထပ်မျှဖြစ်လျက် ရှိနေသည်ကို အံ့ဩစွာ တွေ့ရလေသည်။

ပထမတွင် ကျွန်ုပ်မှာ ဇဝေဇဝါ ဖြစ်သွားမိ၏။ ကျွန်ုပ်မက်သည်

www.burmeseclassic.com



အိပ်မက်နှင့် ယခုအဖြစ်အပျက်သည် မည်သည်က အရင်ဖြစ်သည်ကိုပင် သွေးလွှေးလေးနှင့် ထိုင်စဉ်းစားနေမိသေး၏။ သူငယ်ချင်းဖြစ်သူ၏ မေးမြန်းသည်တို့ကိုပင် အဖြေမပေးနိုင်သေးဘဲ အဖြစ်အပျက်ကို စဉ်းစားနေသည့်အချိန်၌ပင် ကျွန်ုပ်ကိုကျွန်ုပ် အိပ်မက်ပင် ဖြစ်နေသေးသလောဟု ထင်လာမိ၏။ သို့ရာတွင် ထိုနေ့လည် ရထားဖြင့် မဲခုံးမြို့သို့ ကျွန်ုပ်ကိုယ်တိုင် လိုက်ပါသွားဖြစ်ပြီး ရထားပေါ်ရောက်မှ အိပ်မက်မဟုတ်သည်ကို စိတ်ချရတော့သည်။

ကျွန်ုပ်မြင်မက်သော အိပ်မက်ကဲ့သို့ပင် အချို့သောသူများလည်း ရှေ့လာမည့်အဖြစ်အပျက်ကို ကြိုတင်မြင်မက်တတ်ကြသည်ကို ကြားသိရဖူးလေသည်။ ဤသို့ဖြစ်ရခြင်းသည် မတော်တဆ တိုက်ဆိုင်ခြင်းသာဖြစ်သည်ဟုဆိုရန်မှာ ကိုယ်တိုင်ကြုံတွေ့ ခံစားရသူအဖို့ မလွယ်ကူလှချေ။ အိပ်မက်ထဲမှ မြင်မက်သည့်အတိုင်း ထပ်သဝေမတိမ်း တူညီစွာဖြစ်သဖြင့် တိုက်ဆိုင်မှုဟု ဆိုရန်မဖြစ်နိုင်ချေ။ ဤတွင် လူသည် အနာဂတ်အချိန်ကာလတွင် ဖြစ်ပျက်မည့် အဖြစ်အပျက်တို့ကို တင်ကြိုသိမြင်နိုင်သည်ဟူ၍ ယူဆရမည်ပင် ဖြစ်လေသည်။

ကျွန်ုပ်တို့ မသိနိုင်သေးသည့် လူ့၏စိတ် ထူးဆန်းသော စွမ်းရည်များကား အမှန်ပင်ရှိနေပေသည်။ ရေဒါ၊ တယ်လီဗေးရှင်း စသည်တို့မှာ သဘာဝရှိရင်းစွဲ စွမ်းရည်တို့ကို ထုတ်ယူသုံးစွဲထားကြခြင်းသာဖြစ်၏။ ယင်းစွမ်းရည်အကြောင်း မသိသေးသူတို့အဖို့ ရေဒါနှင့်တယ်လီဗေးရှင်း ရုပ်မြင်သံကြားစက်တို့သည် ဆန်းကြယ်လွန်းနေလိမ့်မည်သာ ဖြစ်လေသည်။

ဤကျမ်းစာအုပ်တွင် ဖော်ပြပါရှိသည့် အိပ်မက်များအား လူတို့၏ စိတ်တန်ခိုးသတ္တိပေါ်တွင် မိုတင်ဖြစ်ပေါ်လာသော အိပ်မက်များနှင့် အိပ်မက်မြင်မက်သူအား တင်ကြို၍ သတိပေးခြင်း နိမိတ်ပြခြင်း စသည်တို့ကိုဖော်ပြသည့် အဓိပ္ပါယ်ရှိသည့် အိပ်မက်များဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်မက်ခြင်းနှင့် ပတ်သက်၍ ဂျွန်အဲလီယော့ဆစ်ဂမန်ဖရိုက်၊ ဒယ်နီယက်စတက်ချ် စသည့် စိတ်ပညာ ပုဂ္ဂိုလ်ကျော်များ၏ အထူး လေ့လာမှုများပေါ်တွင် မှီတင်းသည့်အခြေခံများ ပါရှိသော်လည်း ၎င်းတို့၏ တွေးခေါ်မြော်မြင်မှုများမှာ သိပ္ပံနည်းစနစ်၏ လက်အောက်ခံမျှသာ ဖြစ်လေရာ အချို့သောယူဆချက်တို့သည် လုံးဝခြားနားလျက်ရှိလေသည်။

အိပ်မက်တိတ်ထွန်းကျမ်းကိုပြုစုသူ ဒေါက်တာရောအက်(မ်)ဟင်းရီယက်က ကျွန်ုပ်လေ့လာတွေ့ရှိသမျှသော အိပ်မက်တို့အနက် ယခုဖော်ပြသည့် အိပ်မက်များသည် ရုပ်ပိုင်းဆိုင်ရာ တွက်ချက်ဖော်ပြမှုမှ ကင်းလွတ်လျက် ရှိပြီး အကြောင်းအကျိုး ဆက်စပ်မှုရှိခြင်းထက် အဖန်တလဲလဲ တိုက်ဆိုင် ခြင်းကို အခြေခံသည်ဟု ဖော်ပြထားပေသည်။

စိတ်ပညာပါရဂူ ဂျွန်အဲလီယော့သည် အိပ်မက်နှင့်ပတ်သက်၍ လူ၏စိတ်တန်ခိုးသတ္တိထူးများ ရှိခြင်းကို ကျွန်ုပ်တို့လက်ခံနိုင်လျှင် အိပ်မက် သည်လည်း တစ်ခါတစ်ရံ ကြိုတင်သိစွမ်းနိုင်သော သတ္တိရှိနိုင်သည်ဟု မြွက်ဆိုခဲ့လေသည်၊ သို့ရာတွင် လူသည် လူတို့အိပ်မက် မက်သမျှသည် အခါခပ်သိမ်း အနာဂတ်အတွက် ကြိုတင်ဟောနိုင်သော အဖြေများ မရနိုင်ဟု ယုံကြည်လေသည်။

လောကဓာတ် သိပ္ပံပညာများ စူးစိုက်ခဲ့ခြင်းပြုခဲ့သည့် အိပ်မက် တို့သည် ယေဘုယျအားဖြင့် ဦးနှောက်ကလာပ်စည်းတို့၏ လက်ခံမှုနှင့် တုံ့ပြန်ရုန်းကန်မှုပေါ်တွင်သာ အခြေပြုပေသည်၊ သို့ဖြစ်လေရာ မက်သမျှ သော အိပ်မက်တိုင်းကို အမှတ်အသားနှင့် ပုံစံခွဲခြားလျက်ရှိသော အဓိပ္ပါယ် များမှာလည်း လူတစ်ဦး၏ အနာဂတ်အရေးထက် အတိတ်မှာ ၎င်း ကြုံတွေ့ကြုံဆုံခဲ့ရမှုများကို ပြန်လည်တုံ့ပြန်သော စိတ်အသွင်ကိုသာ ဆောင် ပါသည်။

သိပ္ပံပညာရှင်များက အိပ်မက်ကို လေ့လာမှုမှာ အိပ်မက်

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်မက်ရသနည်းဟူသော အခြေခံကို မှတည်ထားပေသည်၊ အချို့က အိပ်မက်ဆိုသည်မှာ မသိစိတ်၏ စဉ်းစားမှုတစ်မျိုး (ဝါ) လူက စဉ်းစားခြင်းမျိုးမဟုတ်ဘဲ သူ့အလိုအလျောက် စဉ်းစားစိတ်ကူးယဉ်ခြင်းဟု ဆိုလေသည်။

ဆစ်ဂမန်ဖရိုက် အမျိုးပြုသလို ပညာရှင်များ၏ ယူဆပုံနည်းစနစ်အရ အိပ်မက်ကို အဓိပ္ပါယ်ဖော်ထုတ်ကြရာတွင် အောက်ပါအတိုင်း သတ်မှတ်ထားသည်ကို တွေ့ရပေသည်။

| အိပ်မက်ပုံစံ | အယူအဆ |
|---|---|
| ၁။ သူနာပြုဆရာမ၊ ဘုရင်မ၊ အမယ်အို၊ ဆရာ | မိန်းမေတ္တာ၊ မိန်းမဘြဲ့ဇာအာဏာ |
| ၂။ ပုလိပ်၊ ဆရာဝန်၊ အကြီးအကဲ | ဖခင် |
| ၃။ သမုဒ္ဒရာ၊ ရေကန်၊ ရေအိုင်၊ နွားနို့၊ နွားမများ | မိခင် |
| ၄။ အိမ်၊ အဆောက်အဦး | မိန်းမ |
| ၅။ ဘုန်းကြီးကျောင်း၊ သီလရှင်၊ အဖြူရောင် | သန့်ရှင်းစင်ကြယ်ခြင်း |
| ၆။ မြွေ၊ လက်ရိုက်၊ ကလောင်၊ ဓား၊ သေနတ်၊ တုတ်ချောင်း၊ တိုင် | ယောက်ျားလိင် |
| ၇။ ဂူ၊ သားရေအိတ်၊ လက်စွပ်၊ ပွင့်နေသောတံခါး၊ ပြတင်းပေါက် | မိန်းမလိင် |
| ၈။ မှိုင်းသောတိရစ္ဆာန်များ | သေခြင်းကိုကြောက်ခြင်း |
| ၉။ အစားအစာ | ပျော်ရွှင်ခြင်း၊ ဘေးကင်းခြင်း |
| ၁၀။ ပေါက်ကွဲခြင်းများ | ရှက်ခြင်းကိုကြောက်မှု |
| ၁၁။ မီးတောက်ပြောင်သောအရောင် | ပြင်းထန်စွာစိတ်လှုပ်ရှားခြင်း |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၁၂။ မိုးရထား။ | တစ်စုံတစ်ယောက်၏ |
| သဘော်ဖြင့်ခရီးသွားခြင်း | ဘဝလမ်းညွှန် |
| ၁၃။ အမြင့်တက်ခြင်း | ကြီးပွားလိုသောဆန္ဒ၊ |
| | ယောကျ်ားသတ္တိမျိုးရှိခြင်း |
| ၁၄။ အနိမ့်ဆင်းခြင်း၊ စိတ် | ဆုံးရှုံးခြင်း၊ စိတ်ဓာတ်၊ |
| | ပျက်ပြားခြင်း |
| ၁၅။ မိမိကိုယ်ကိုခုတ်ထစ်သည်၊ | မိမိအားပျက်စီးစေသောစိတ် |
| သွားကျွတ်ထွက်သည် | |
| ၁၆။ လှပသောပန်းပွင့်များ | စိတ်ကူးယဉ်အချစ် |
| ၁၇။ ငွေကြေး | အချစ်ကိစ္စ |
| ၁၈။ လက်ထိတ်၊ | ကိုယ်မှုကိုယ်ကျင့် |
| စည်းနှောင်ချုပ်တည်းခြင်း | ကောင်းမကောင်းသိသော |
| | အင်းအားကြီးသည့်စိတ် |
| ၁၉။ ကားးယာဉ်စီးသည် | အသိဉာဏ်ပြည့်ဝခြင်း |
| မောင်းနှင်ရခြင်း | |

ဖော်ပြပါ အိပ်မက်ပုံစံနှင့် ယူဆပုံများအရ အိပ်မက်များကို ကောက်ချက်ချကြရာတွင် ဥပမာအဖြစ် အောက်တွင် ဆက်လက်ဖော်ပြထားပါသည်။

ဥပမာ ( ၁ )

ငွေများကို တွေ့ရှိသည်ဟု မြင်မက်ခြင်း

ကျွန်မသည် တစ်ဦးတည်း သဲသောင်ပြင်ပေါ်၌ ထိုင်နေလျက်ရှိပါသည်၊ ခပ်လှမ်းလှမ်းရှိ ကမ်းခြေတွင်ကား လူတစ်စုသည် မြူးကြူးပျော်ပါးပြီး ကစားနေကြပါသည်၊ ကျွန်မသည် ထိုသူတို့ကို မသိကျွမ်းပါ၊ ကျွန်မ သူတို့နှင့်အတူသွား၍ ကစားဖို့ရာ ရှက်နေမိပါသည်၊ ထိုအချိန်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏လက်သည် တစ်စုံတစ်ခုနှင့် သွားရောက်ထိခိုက်မိပါသည်၊ ထိုအရာမှာ ဒေါ်လာငွေဒေဂါ်းပြား ဖြစ်နေပါသည်၊ သို့နှင့် ကျွန်မဆက်လက်ရှာဖွေသောအခါ သဲထဲ၌ နေရာတိုင်းမှာပင် ငွေများကို တွေ့ရပါသည်။

ဖော်ပြပါအိပ်မက်ကို မြင်မက်သော မိန်းမ၏ဘဝမှာ အမှန်စင်စစ် အိပ်ထောင်ရေး အချစ်ရေးတွင် ကံခေလှသူဖြစ်ချေသည်၊ သူမသည် သာယာပျော်ရွှင်ဖွယ်ကောင်းသော အိမ်ထောင်ရေးကို ရယူခံစားလိုသော်လည်း လင်ယောကျ်ားနှင့် နှစ်ကြိမ်တိုင်တိုင် ကွာရှင်းမှု ပြုခဲ့ရသူတစ်ဦး ဖြစ်ပေသည်၊ အိပ်မက်ထဲတွင် ခပ်လှမ်းလှမ်း၌ ပျော်ရွှင်စွာ ကစားနေကြသူတို့မှာ သူနှင့်အလှမ်းဝေးနေပုံကို စိတ်ဖြင့် ရုပ်လုံးဖော်ထားပေသည်။

**ဥပမာ (၂)**

**စတ်လစ်စလစ်**

ကျွန်ုပ်သည် လမ်းမပေါ်တွင် လမ်းလျှောက်နေစဉ် ကျွန်ုပ်၏ကိုယ်မှာ အဝတ်အစားမပါ ဗလာကျင်းနေကြောင်း သိရပါသည်၊ အလင်းရောင်မီးတိုင်ကို ပုန်းကွယ်ရန်ကြိုးစားပါသည်၊ သို့သော်သည်း ချက်ချင်းဆိုသလိုပင် မည်သည့်နေရာမှ ရောက်လာသည်မသိရသော လူအများ ကျွန်ုပ်၏ဘေးပတ်လည်တွင် ရောက်နေကြပါသည်၊ သို့ရာတွင် ကျွန်ုပ်၏ကိုယ်ခန္ဓာအားချင်းတို့ သတိပြုမိကြပုံမရဟု ထင်မှတ်မိပါသည်။

ထိုအိပ်မက်၏ အနက်အဓိပ္ပါယ်ကိုဖော်ပြရာတွင် ပုံစံနှစ်မျိုးနှစ်စားကောက်ချက်ချနိုင်ပေသည်၊ တစ်မျိုးမှာ ထိုသူသည် သူ့ကိုယ်သူ အလေးတစ်ယောက်ဘဝမျိုးထက် လူကြီးတစ်ဦးသဖွယ် ရပ်တည်နေလိုသူဖြစ်ပြီး တစ်မျိုးမှာ အိပ်မက်သူတွင် လူသိခံရဲသော ရှက်ဖွယ်ကောင်းသော အကြောင်းကိစ္စတစ်ခုခုကို လျှို့ဝှက်ဖုံးကွယ်ထားခြင်းပင်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ ( ၃ )
ကောင်းကင်သို့ ပျံတက်ခြင်း

ကျွန်ုပ်သည် ကျွန်ုပ်၏ချစ်သူနှင့်အတူ လမ်းလျှောက်နေပါသည်၊ ထိုသို့ရှိစဉ် ကျွန်ုပ်၏စိတ်၌ လယ်ကွင်းပြင်ကြီးကို ကျော်ဖြတ်၍ ပျံသန်းလိုစိတ်များ ပေါ်ပေါက်လာပါသည်၊ ဤသို့တွင်ကျွန်ုပ်သည် လက်နှစ်ဘက်ကို ဝဲဖြန့်လျက် လေထဲသို့ခုန်မျှလိုက်မိပါသည်၊ ကျွန်ုပ်သည် ကောင်းကင်သို့ တဖြေးဖြေးရောက်ရှိသွားပြီး ကျွန်ုပ်လိုရာအရပ်သို့ ပျံသန်းနိုင်သည်ကို မှကျွန်ုပ်အားရစွာ တွေ့ရပါသည်၊ သို့ရာတွင် ထိုသို့ပျံသန်းနိုင်မှုအတွက် အံ့သြခြင်း မဖြစ်မိပါ။

ထိုအိပ်မက်၏အဓိပ္ပာယ်ကား အိပ်မက်မက်သူသည် ခက်ခဲပင်ပန်းသောဘဝ ကိုယ်စိတ်မလွတ်လပ်သောဘဝတို့ ရှိနေသည်ဖြစ်၍ ယင်းဘဝမျိုးမှ လွတ်မြောက်စေလိုသော အတွင်းစိတ်၏ စေ့ဆော်ချက်ပင်ဖြစ်လေသည်၊ အမှန်စာကယ် မဖြစ်နိုင်သောအရာတို့ထက် ပိုကဲ၍ အခက်အခဲတို့ ဝန်းရံမှုကို လွှားကျော်နိုင်သော တန်ခိုးသတ္တိတို့ကို အိပ်မက်ထဲတွင် ဖန်တီးယူလိုက်ခြင်းဖြစ်သည်ဟု ဆိုပေသည်၊ ထိုအိပ်မက်မြင်မက်သူ၏ ချစ်သူရည်းစားသည် ၎င်းအားလက်ထပ်ပါရန် မကြာခဏ ပြောဆိုခဲ့သော်လည်း သူသည် လက်ရှိဘဝ စီးပွားရေးခက်ခဲမှု အကြပ်အတည်းကြောင့် လက်ထပ်ခြင်းမပြုနိုင်သူ ဖြစ်လေသည်။

ဥပမာ ( ၄ )
နောက်ကျခြင်း

ကျွန်ုပ်သည် အိမ်သို့ပြန်ရန် မီးရထားအမီစီးဖို့ ကြိုးစားသည်၊ ကျွန်ုပ်၏မိန်းမမှာ ခုနစ်နာရီတွင် ပါတီပေးရန် စီစဉ်ထားပါသည်၊ ကျွန်ုပ် ဘူတာရုံသို့ရောက်သည့်အခါ ရထားကိုမမီလိုက်ချေ၊ ရထားသည် ထွက်သွားပြီဖြစ်ကြောင်း တွေ့ရလေသည်၊ သို့သော်လည်း ကျွန်ုပ်သည် အငှါးကား

www.burmeseclassic.com

www.burmeseclassic.com



တစ်စီးကို ငှါးပါသည်၊ ကားမောင်းသမားများသည် ကျွန်ုပ်ခေါ်သည်ကို ဂရုမစိုက်ဘဲ မောင်းနှင်နေကြပါသည်၊ ထိုစဉ်ကျွန်ုပ်သည် စက်ဘီးတစ်စီးကို အနားတွင် တွေ့ရ၍ အိမ်သို့ပြန်ရန် ကြိုးစားသော်လည်း ဘီးတစ်ဖက် ရှေ့ဘီးသည် ကွဲထွက်သွားသဖြင့် စိတ်ညစ်မိပါသည်။

ထိုအိပ်မက်မျိုးမှာ အိပ်မက်သူတွင် အလိုဆန္ဒနှစ်မျိုးရှိသဖြင့် မြင်မက်ခြင်းဖြစ်သည်၊ ဆန္ဒတစ်ခုက အခြားဆန္ဒတစ်ခုထက် ပို၍ပြင်းထန်ပေသည်၊ ယင်းအလိုဆန္ဒနှစ်ခုမှာ တစ်ခုနှင့်တစ်ခု ပဋိပက္ခဖြစ်လျက် ရှိနေပုံရလေသည်၊ ဆန္ဒတစ်ခုက အခြားဆန္ဒတစ်ခုကို တိုက်ခိုက်လျက်ရှိသဖြင့် ကျန်ဆန္ဒတစ်ခု မပြည့်ဝချေ၊ အမှန်တကယ် ဖြစ်ပျက်ပုံမှာကား ထိုအိပ်မက်မြင်မက်သူသည် မိမိ၏အိမ်သို့ အချိန်မှန် ပြန်ရောက်ရမည့်အစား လွန်ခဲ့သည့် နှစ်ညက မိတ်ဆွေများနှင့် ဖဲကစားနေခဲ့လေသည်၊ ဤသို့ဖြစ်သဖြင့် သူ၏အိမ်သို့ပြန်ရန် တာဝန်ဝတ္တရားမှာ ဖဲကစားခြင်းနှင့် ပဋိပက္ခ ဖြစ်လေတော့သည်၊ ဤသို့ဖြစ်နေစဉ်ကမူ စိတ်ထဲတွင် ဆန္ဒနှစ်မျိုး ရှုန်းကန်မှုကို ခံစားနေရသော်လည်း ထိုသည့်နောက်ပိုင်းတွင်ကား အမှုမဲ့ နေခဲ့လေသည်၊ သို့ရာတွင် အိပ်မက်ထဲတွင် ပုံစံတစ်မျိုးဖြင့် သူ၏စိတ်ကို သရုပ်ဖော်လေသည်။

## ဥပမာ ( ၅ )

### စာမေးပွဲ အစစ်ခံရသည်ဟု မြင်မက်ခြင်း

ကျွန်ုပ်သည် ဂဏန်းသင်္ချာဘာသာရပ်ကို ဖြေရမည်၊ သို့သော်လည်း ပုစ္ဆာများကို လုံးဝနားလည်ခြင်းမရှိ၊ ထို့ကြောင့် စာမေးပွဲခန်းထဲတွင် ထိုင်လျက်သာရှိနေသည်။

အထက်ပါအိပ်မက်ကို မြင်မက်သူသည် ကြိုတင်ပြင်ဆင်မှုမရှိခြင်း အောင်မြင်မှုမရှိခြင်းကို ပြသပေသည်၊ ၎င်းအိပ်မက်မျိုးကို အလုပ်အကိုင်တစ်ခုခု လုပ်ကိုင်ဖို့ရှိစဉ် ၎င်းလုပ်ငန်းမှာ အကျိုးအမြတ်ရှိမည် မရှိမည်ကို

www.burmeseclassic.com



မသိသေးသဖြင့် စိုးရိမ်ထိတ်လန့်ကာ မည်သို့ဆုံးဖြတ်ရမှန်း မသိသေးသော အခါများတွင်လည်း ရှက်လေ့မက်ထရှိလေသည်၊ အိပ်မက်သုံးသည့် ယခု လောလောဆယ် စာမေးပွဲနှင့်ပတ်သက်နေသော ကျောင်းသားဖြစ်ကောင်း ဖြစ်မည်၊ သို့တည်းမဟုတ် ငယ်စဉ်က စာမေးပွဲဖြေဆိုခဲ့ဖူးသူလည်း ဖြစ်ကောင်းဖြစ်မည်၊ သို့ရာတွင် ယခုတွေ့ရသော ပြဿနာများကို အိပ်မက် ထဲတွင် စာမေးပွဲ၏ပုံစံနှင့် ထင်ဟပ်လျက် တစ်သဘောတည်းကဲ့သို့ တွေးခေါ်ခြင်းပင် ဖြစ်လေသည်။

ဥပမာ ( ၆ )

ချစ်ခင်သူတွင် ခဏ်ရာရခြင်းနှင့် သေဆုံးခြင်း

ကျွန်တော်သည် လယ်ကွင်းထဲ၌ လမ်းလျှောက်သွားစဉ် ကျွန်တော်၏ အချစ်ဆုံးသူငယ်ချင်းတစ်ယောက်၏ အလောင်းကြီးကို တွေ့ရလေသည်၊ ၎င်း၏အသက်မှာ ၃၅–နှစ်မျှ ရှိပြီဖြစ်သော်လည်း ယခုတွေ့ရသော သူ့အလောင်းမှာ ၁၅–နှစ်သားလောက်ပင် ဖြစ်နေသည်၊ ကျွန်တော်၏ စိတ်ထဲ၌ကား ကျွန်တော့်သူငယ်ချင်း သေဆုံးနေခြင်းအတွက် ဝမ်းနည်းခြင်း မဖြစ်မိပါ၊ လှပသော ကောင်လေးတစ်ယောက်ဟု ထင်မြင်လိုက်ပါသည်။

နောက်အိပ်မက်တစ်မျိုးကား ကျွန်တော်၏အိမ်အနီးတွင် မိန်းမ တစ်ယောက်နှင့်တွေ့ပြီး ၎င်းက ကျွန်တော်၏အစ်ကို အသုဘ မည်သည့် အချိန်တွင် သဂြိုဟ်မည်နည်းဟု မေးလေသည်၊ ထိုတွင် ကျွန်တော့်မှာ ကျွန်တော်၏အစ်ကို သေဆုံးနေပြီကားဟု သိလိုက်ရလေသည်၊ ဤသို့သိ၍ စိတ်ထဲမချမ်းမသာ ဖြစ်နေရလေတော့သည်။

ပထမအိပ်မက်သည် သေဆုံးခြင်းနှင့်မဆိုင်ပေ၊ မြင်မက်သူ၏ သူငယ်ချင်းနှင့် ပျော်ရွှင်ဖွယ်ကောင်းသည့် အချိန်မျိုးတွင် ပြန်လည်တွေ့ဆုံ လိုသော ဆန္ဒပင်ဖြစ်လေသည်၊ ဤအိပ်မက်ကို ဒုတိယကမ္ဘာစစ်ပွဲမှ

www.burmeseclassic.com

www.burmeseclassic.com



စစ်သားတစ်ဦးက မြင်မက်ခြင်းဖြစ်လေသည်၊ ၎င်းစစ်သားသည် ရှေ့တန်းစစ်မြေပြင်မှ အေးချမ်းသည့်နောက်တန်းသို့ လွှဲပြောင်းနေချိန် အခိုက်အတန့်တွင် မြင်မက်ခြင်းပင် ဖြစ်လေသည်၊ သူသည် ပြင်းထန်သော စ ပြင်တာဝန်မှ အေးချမ်းသည့်နေရာသို့ ရွှေ့ပြောင်းရမည် မှန်သော်လည်း ထိုအချိန်တွင် သူ၏သူငယ်ချင်းဖြစ်သူမှာ ဘေးဥပဒ်အလွန်များပြားလှသော လေကြောင်းတိုက်ပွဲများတွင် တာဝန်ထမ်းဆောင်နေချိန် ဖြစ်လေသည်၊ ဤတွင် အိပ်မက်မြင်မက်သူ၏စိတ်မှ သူ၏သူငယ်ချင်းဖြစ်သူအပေါ်တွင် စိုးရိမ်မကောင်းစိတ်များ မှုပန်သောစိတ်များ ရောက်ရှိသွားသော်လည်း အကြောင်းမဟုတ်ပါ၊ မျှော်ရှင်အေးချမ်းစွာနှင့် တို့နှစ်ယောက် ပြန်တွေ့ရဦးမှာပါဘဲဟူသောစိတ်ဖြင့် ပေါင်းစပ်မြင်မက်ထားဟုပင် ဖြစ်လေသည်။

ဒုတိယအိပ်မက်အမျိုးအစားကား မြင်မက်သူ၏စိတ်မှ ဖုံးကွယ်ထားသော စိတ်ဆိုးခြင်း၊ မကျေနပ်ခြင်းတို့ကို ပြဆိုနေပေသည်၊ အိပ်မက်သူတွင် အစ်ကိုတစ်ယောက် ရှိလေသည်၊ ၎င်းအစ်ကိုမှာ ဖခင်သေဆုံးပြီးသည့်နောက် တစ်အိမ်သားလုံး၏ တာဝန်များကို ယူခဲ့ပြီးသည့်နောက် တစ်အိမ်သားလုံး၏ တာဝန်များကိုယူခဲ့ပြီး အုပ်ချုပ်လုပ်ကိုင်ခဲ့လေသည်၊ အစ်ကိုသည် ညီဖြစ်သူနှင့် ဆက်ဆံရာတွင် တင်းမာသောစည်းကမ်းများဖြင့် ချုပ်ချယ်လွှမ်းခြင်း အာဏာပြခြင်း ရသည့်တို့ကိုပြုခဲ့သည်၊ အိပ်မက်မက်ခင်က ညီဖြစ်သူက သူ၏အစ်ကိုထံမှ ငွေတောင်းခဲ့သည်ကို ငြင်းပယ်ခဲ့လေသည်၊ ထိုကြောင့်လည်း အိပ်မက်မက်သူညီ၏ အတွင်းပုန်း ဖုံးကွယ်နေသောစိတ်သည် အိပ်မက်ခံတွင် အခြောင်းအသည့် ပေါ်ပေါက်လာသော အ[illegible]ကိုဖြစ်သူကို သေ[illegible]ပိုက်ခြင်း ဖြစ်လေသည်။

**ဥပမာ ( ၃ )**

**အမြင့်မှ သိမ့်ကျခြင်း**

ကျွန်တော်သည် အလွန်ကြီးမားသော ရဲတိုက်ကြီး၏လှေကားမှ

www.burmeseclassic.com

www.burmeseclassic.com



အပေါ်သို့တက်လျက်ရှိပြီး အပေါ်သို့ရောက်သောအခါ အောက်ဆီသို့ ငုံ့၍ ကြည့်လိုပါသည်၊ ကျွန်တော်ရောက်နေသော နေရာသည် အလွန်မြင့်မားလှသည်ကို တွေ့ရပြီး များစွာထိတ်လန့်ခြင်း ဖြစ်နေပါသည်၊ ဤသို့ စိုးရိမ်ထိတ်လန့်မှု ဖြစ်နေသည့်အတွက် ကျွန်တော်၏ကိုယ်ကို အောက်သို့ မကျသွားစေရန် ထိန်းသိမ်းနေရင်းမှပင် မထိန်းနိုင်တော့ဘဲ အောက်သို့ လိမ့်ကျသွားပါတော့သည်၊ လိမ့်ကျသည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် ကြီးစွာတုန်လှုပ်မှုဖြစ်ပြီး အိပ်ရာမှ လန့်နိုးလာပါတော့သည်။

ဤင်းအိပ်မက်ကား အရာရာကို စိတ်တိုင်းကျ မဖြစ်ဘဲရှိသော စိတ်ဒုက္ခရောက်နေသူတို့ အိပ်ပျော်နေစဉ် မြင်မက်ခြင်းပင်ဖြစ်သည်၊ လိမ့်ကျခြင်းသည် စိတ်မှစွဲလမ်းမှုသို့ လက်လျှော့အရှုံးပေးလိုက်ခြင်းပင်ဖြစ်သည်၊ လူတို့တွင် လက်ခံနိုင်မည့် စိတ်ဓာတ်ကြံ့ခိုင်မှု အဆင့်အတန်းမှ ကျဆင်းခြင်းပင်ဖြစ်တော့သည်။

ဤအိပ်မက် မြင်မက်သူမှာ အချစ်ကိစ္စနှင့် ပတ်သက်၍ စိတ်ဓာတ်ကျဆင်းပြီး လက်လျှော့ရန် ဆုံးဖြတ်လိုက်သူဖြစ်လေသည်၊ အိပ်မက်သူ၌ ကျေနပ်ပျော်ရွှင်ဖွယ်ကောင်းသော အိမ်ထောင်ရေးလည်း ရှိလေသည်၊ သူ၏ဇနီးနှင့် လက်ထပ်ခဲ့ရသည်မှာ သူ့အဖို့ကျေနပ်မှုအပြည့်သာလျှင် ဖြစ်ခဲ့သည်၊ အပြင်ပန်းအားဖြင့် သူသည် ရိုးသားတည်ကြည်သူ တစ်ဦးဖြစ်လေသည်၊ သို့ရာတွင် မနေ့တစ်နေ့က အလွန်ချောမောလှပ၍ တပ်မက်ဖွယ်ကောင်းသော တစ်ခုလပ်မလေး တစ်ယောက်က ၎င်းကို ချစ်ကြိုက်နေကြောင်း သိခဲ့ရလေသည်၊ သူ့အဖို့ စိတ်ဆန္ဒကြီးတစ်ခုကို မှချစွန့်လွှတ်လိုက်ခြင်း၊ လက်လျှော့လိုက်ခြင်း၊ စိတ်တုံးတုံးချလိုက်ခြင်း စသည်တို့ကို အိပ်မက်တွင် လိမ့်မကျလိုသော်လည်း လိမ့်ကျသွားခြင်းဖြင့် မြင်မက်ခြင်းဖြစ်သည်ဟု ဆိုရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



## ဥပမာ ( ၈ )
## ပြန်၍မက်သောအိပ်မက်

ကျွန်မသည် လွန်ခဲ့သော ခြောက်လလောက်အတွင်း ရုပ်ရည်ချောမောတောင့်တင်းပြီး ကျွန်မကိုချစ်နေသည့် ယောကျ်ားတစ်ဦးနှင့် တွေ့ရသည်ဟု ခြောက်ကြိမ်တိုင်တိုင် အိပ်မက်မက်ခဲ့ပါသည်၊ အိပ်မက်မက်တိုင်းပင် ကျွန်မသည် သူ့အား ပွေ့ဖက်ရန်ကြိုးစားပါသည်၊ သို့ရာတွင် ကျွန်မဖက်လိုက်တိုင်း သူသည် အလွန်တရာအရုပ်ဆိုးသော အဖိုးအိုကြီးတစ်ယောက်အဖြစ်သို့ ပြောင်းလဲသွားသည်ကို တွေ့ရပါသည်။

ဤအိပ်မက်ကို မြင်မက်သူကား အသက်(၃၅)နှစ်ရှိ အိမ်ထောင်ရေးကို ကြောက်ရွံ့လျက်ရှိသော အပျိုကြီးတစ်ဦးပင် ဖြစ်လေသည်၊ သူမ၏ဘဝသည် စိတ်မချမ်းသာစရာအပေါင်းနှင့်လည်း ပြည့်နှက်လျက်ရှိလေသည်၊ သူမ၏ဖခင်သည် ယခင်က အရက်မသောက်တတ်ပေ၊ သို့သော်လည်း ယခုမူ အရက်သမားတစ်ယောက် ဖြစ်နေပြီ၊ စိတ်ဆင်းရဲမှုနှင့် ရင်ဆိုင်နေရသည့်အပြင် မိခင်ဖြစ်သူမှာ စိတ္တဇဝေဒနာ ခံစားနေရသူလည်းဖြစ်ရာ သူမအဖို့ အိမ်ထောင်ပြုရေးမှာ အထူးပင်စိတ်မကူးဝံ့အောင် ကြောက်မက်ဖွယ်ရာ ဖြစ်နေလေတော့သည်၊ သူမ၏စိတ်ထဲ၌ မိဘတို့၏ အိမ်ထောင်ရေးကဲ့သို့ တွေ့ကြုံရမည်ကို ထိတ်လန့်လျက်ရှိလေသည်၊ ချစ်စိတ်၏လှုံ့ဆော်မှုကြောင့် ရုပ်ရည်ချောမော၍ တောင့်တင်းသောလူတစ်ယောက်ကို ပွေ့ဖက်ရန်ကြိုးစားသည်ဟု မြင်မက်သော်လည်း ဤသည်ကိုလက်ခံလျှင် ဆိုးရွားသော အခြေအနေနှင့် ရင်ဆိုင်ရမည်ဟု ထင်နေခြင်းကြောင့် ချက်ချင်းအရုပ်ဆိုးသော အဘိုးအိုကြီးတစ်ယောက် ဖြစ်သွားသည်ဟုချည်း မကြာခဏ မြင်မက်နေခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ ( ၉ )
**အိပ်မက်ထဲမှအိပ်မက်**

ကျွန်တော်သည် အိပ်မက်ထဲတွင် ကျွန်တော်နှင့်လက်ထပ်မည့် သတို့သမီးမှာ သေသွားသည်ဟု အိပ်မက်မှနိုးပြီး သူငယ်ချင်းတစ်ယောက်ကို ပြန်လည်ပြောပြနေသည်ဟု မြင်မက်ပါသည်။

ဤသို့မြင်မက်ခြင်းသည် အိပ်မက်သူသည် တကယ်ထမ်းတွင် အမှန်ပင်ဖြစ်ရမည့် ကိစ္စရပ်တို့ကို အိပ်မက်သာဖြစ်စေရန် အလိုရှိနေသူ တစ်ဦးဖြစ်လေသည်၊ သူသည် မကြာမီက လက်ထပ်ခဲ့သည့် ဇနီးသည်တွင် တီဘီရောဂါ ပြင်းထန်စွာခံစားနေရကြောင်း သိရလေသည်၊ ထို့နောက် သူသည် သူ၏ဇနီးသည် သေဆုံးမည်ကို စိုးရိမ်ပူပန်ကာ အမှန်တကယ် မဟုတ်ဘဲ အိပ်မက်သာဖြစ်ပါစေဟု ပြင်းပြစွာ ဆန္ဒဖြစ်နေသောကြောင့် မြင်မက်ခြင်း ဖြစ်လေသည်။

အထက်ပါဥပမာများတွင် ဖော်ပြထားသော အိပ်မက်တို့ကား ရိုးစင်းသောအိပ်မက် တွက်ချက်၍လက်လှမ်းမီသော အိပ်မက်များသာ ဖြစ်လေသည်၊ အဘယ်ကြောင့်ဆိုသော် အိပ်မက်မြင်မက်သူ ဖြစ်ပျက်ခဲ့ပြီး သိရှိပြီးဖြစ်သော အကြောင်းအရာများကို စိတ်မှစွဲလမ်းနေခြင်းကြောင့် မြင်မက်ခြင်းဖြစ်သောကြောင့်တည်း၊ အထူးသဖြင့် အတွင်းစိတ် (ဝါ) မသိစိတ်မှ ပြန်လည်၍ ထင်ဟပ်ချက်ရောင်ပြန် အရိပ်များသာ ဖြစ်လေသည်။

အနာဂတ်ကာလနှင့်ပတ်သက်၍ မြင်မက်သော အသိပေးသည့် အိပ်မက်မျိုးကား ထိုသို့ရိုးစင်းခြင်း မရှိချေ၊ ဥပမာပေးရလျှင် တစ်နေရာမှ တစ်နေရာသို့လှမ်း၍ သတင်းပို့သည့်စက်နှင့် လက်ခံသည့်စက်တို့ကဲ့သို့ပင် ဖြစ်လေသည်၊ သို့ရာတွင် သတင်းပို့သည့်စက်မှာ ကွာဝေးသောဒေသ အဝေးအနီးသာ ပို့နိုင်၏၊ အိပ်မက်၏ သတင်းပို့ပုံကား ဝေးအနီးအဝေး

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ အချိန်ကာလ၏ အနီးအဝေး ဖြစ်လေသည်၊ ထို့ထက်ပို၍ ရှုပ်ထွေးနက်ရှိုင်းပြီး အသိရခက်သည်မှာ အိပ်မက်တွင် သတင်းပို့ အသိပေးသည့်ကာလမှာ အရှင်ဖြစ်ပြီး ဖမ်းယူသိရှိရသည့်ဦးနှောက်မှာ ဒုတိယဖြစ်နေမှုပင် ဖြစ်လေသည်၊ ကျွန်ုပ်တို့ လောလောဆယ် သိရှိသလောက် စဉ်းစားနိုင်သလောက်နှင့် ပြောဆိုရပါမူ အချိန်ကာလ ဆိုသည်မှာ (အစပိုင်းနှင့်အဆုံးပိုင်း) ရှိသည့်ဟူ၍ဖြစ်သည်၊ သို့ရာတွင် ကျွန်ုပ်တို့သည် အချိန်ကာလဟူသည့်သဘော ၎င်းကို အတိုင်းအတာ ဟူသည့်သဘောနှင့် ပတ်သက်၍ကား လက်လှမ်းမီမီ မစဉ်းစား မတွေးတော နိုင်သေးကြောင်း ဝန်ခံရပေမည်။

မြားတစ်စင်းကို ရှေ့တည့်တည့်သို့ ပစ်သည့်အခါ မြားသည် လေးကိုင်းမှ လွတ်ထွက်သည့်အချိန်မှ လမ်းခုလတ်တွင်သွားသော လျှင်မြန်နှုန်းသည် ကျွန်ုပ်တို့ ကန့်သတ်နိုင်သော အချိန့်ပင်ဖြစ်သည်၊ သို့ရာတွင် ယင်းကန့်သတ်နိုင်သော အချိန့်ထက်မြန်သောမြား (အချိန်ထက် လျှင်မြန်သောမြား)ဆိုလျှင် ပစ်သည့်အချိန်ကနောက်၊ ရောက်သည့် အချိန်ကအရင်)ဟူ၍ဖြစ်မည်၊ ရုပ်ဝတ္ထုဖြစ်သောမြားသည် မည်သည့် နည်းနှင့်မျှ ထိုသို့မဖြစ်နိုင်ချေ၊ ၎င်းသည် စိတ်ကူးထပ်မျှ စဉ်းစားနိုင်ရုံ သာလောသာခေါင်မခြင်းသာဖြစ်၏၊ သို့ရာတွင် ကျွန်ုပ်တို့၏ သာမန်စိတ် အတွေးသည် မည်၍မည်မျှမြန်သည်ဟု အချိန်ကို ကန့်သတ်နိုင်သည်ဟု ဆိုစေဦး ကျွန်ုပ်တို့နားမလည်နိုင်သေးသည့် ၎င်းထက်ပိုမိုမြင့်သော ဝိညာဉ်အသိသည် (အာရုံ သို့မဟုတ်) မည်၍မည်မျှ လျှင်မြန်သည်ကို အချိန်ကန့်သတ်ရန် ရနိုင်မည် မဟုတ်တော့ချေ။

ကျွန်ုပ်တို့သည် ဝိညာဉ်ကိစ္စနှင့်ပတ်သက်၍ တိကျရေရာသော အကြောင်းခြင်းရာများကို မသိရှိရသေးသော်လည်း ဝိညာဉ်ဆိုင်ရာ ထူးခြားသော အဖြစ်များကိုမူ မကြာခဏ မျက်ဝါးထင်ထင် တွေ့မြင်သိရှိ

www.burmeseclassic.com

www.burmeseclassic.com



နေရပေသည်၊ ဤအထဲတွင် အုတ်ရော်ရောနှင့် ကျောက်ရောရောနှင့် လူ့သဘာဝအလျောက် ပြောဆိုကြသော ပုံကြီးချဲ့ထွင် ပြောဆိုမှုမျိုးတို့ ပါဝင်သည့်လည်း ရှိလေသည်၊ ဤအကျိုးအပျက်များပေါ်တွင် စဉ်းစား တွေးခေါ်မိကြသူတို့သည် (လက်ခံသည်ဖြစ်စေ လက်မခံသည်ဖြစ်စေ) အမှန်အမှားဆုံးဖြတ်၍ အကြောင်းထူးမည် မဟုတ်ချေ။

သို့ဖြစ်လေရာ ကျွန်ုပ်တို့ နားလည်သဘောပေါက်ခြင်း မရှိသေးသည့် ကိစ္စရပ်ပင်ဖြစ်လင့်ကား အတွေ့အကြုံနှင့် မှန်ကန်မှု အရပ်ရပ်တို့ကို စူးစမ်းလေ့လာလိုခြင်း၊ သုတေသနပြုလုပ်လိုခြင်းတို့ကြောင့် ဤအိပ်မက်စာအုပ်ကို ဘာသာပြန်ဆိုရေးသားခြင်း ဖြစ်ပါသည်။

မင်းဇော်

www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်နှင့် ၎င်း၏အမျိုးအစား

အိပ်မက်ကို လူတိုင်း မြင်မက်တတ်ကြသည်သာ ဖြစ်လေသည်၊ သို့ရာတွင် မြင်မက်သမျှ အိပ်မက်တိုင်းသည် အနာဂတ်အတွက် ထင်ကြိုအသိပေးချက်များ မဟုတ်လေရာ အိပ်မက်အမျိုးအစား ပုံသဏ္ဍာန်တို့ကို ခွဲခြားနားလည်ထားဖို့ လိုလေသည်၊ အိပ်မက်တိုင်း အဓိပ္ပါယ်မရှိချေ၊ မည်သည့်အတတ်ပညာကမှလည်း မက်သမျှအိပ်မက်ကို အနာဂတ်အတွက် ဖော်ပြနိုင်ချေ၊ မည်သည့်အိပ်မက်စာအုပ်ကမှ မှန်ကန်တိကျသော အဖြေမျိုးကို အိပ်မက်တိုင်းအတွက် မပေးနိုင်ချေ။

အိပ်မက်အမျိုးအစား များစွာတည်ရှိသည့်အနက် အဓိပ္ပါယ် ဖောက်ယူနိုင်သော ဝိညာဉ်နှင့်သက်ဆိုင်သော အိပ်မက်ကိုသာ ခွဲခြား ဖောက်ယူတတ်ဖို့ လိုလေသည်၊ တကယ်တမ်း အနာဂတ်အတွက် အသိပေးထားသည့် အိပ်မက်သည် ရှီးရှီးမက်စဉ် အိပ်မက်များနှင့် နှိုင်းစာလျှင် မြင်မက်ခဲလေသည်။

အိပ်မက်အချို့သည် အစာချေအင်္ဂါစု၏ လှုပ်ရှားမှုကြောင့် အိပ်ပျော်နေသူ၏ ဦးနှောက်ဆီသို့ နာဗ်ကြောများမှတစ်ဆင့် ထိတွေ့လှုပ်ရှားစေသောကြောင့် နိုးနေစဉ်မှာကဲ့သို့ပင် ထင်နိုင်မြင်နိုင်လာသော ဦးနှောက်၏သဘာဝပင် ဖြစ်လေသည်၊ တစ်ခါတရံ မကြေညက်နိုင်သော အစားအစာများကြောင့် အိပ်မက်ဆိုးများ (ထမင်းလုံးတစ္ဆေ)ကို မြင်မက်တတ်လေသည်၊ အိပ်ပျော်နေသူသည် အနေအထား မမှန်ကန်မှုကြောင့် လည်းကောင်း အစာအိမ်ထဲရှိ အစာများချေဖျက်မှု မမှန်မကန် ရှိရာမှလည်း

www.burmeseclassic.com

www.burmeseclassic.com



ယင်းအိပ်မက်မျိုးကို မြင်မက်နိုင်လေသည်။

စောင်ခေါင်းမြီးခြုံ၍ အိပ်ရာတွင် စောင်ပိ၍မွန်းခြင်း ခေါင်းအုံးပေါ်တွင်မှောက်၍ အိပ်ပျော်သွားခြင်း စသည်တို့ကြောင့်လည်း ထိတ်လန့်ဖွယ် အိပ်မက်များကို မြင်မက်တတ်လေသည်၊ ယင်းအိပ်မက်တို့မှာ ရုပ်နှင့်ဆက်သွယ်သဖြင့် ထိတွေ့မှုသဘောကိုသိသော ဦးနှောက်မှ ထင်မြင်မှုများသာဖြစ်လေရာ ၎င်းတို့ကို အဓိပ္ပါယ်ကောက်ယူခြင်းသည် မိုက်မဲရာကျပေလိမ့်မည်။

သို့ရာတွင် အချို့သောအိပ်မက်များမှာမူကား အမှတ်မဲ့နေခဲ့ဂရုမမူခဲ့သော်လည်း (မေ့နေ၍လည်း ဖြစ်ကောင်းဖြစ်လိမ့်မည်၊) အမှန်တကယ် ရှေ့အနာဂတ်ကာလအတွက် တင်ကြို၍ ဖော်ပြသောသွယ်ဝိုက်သည့် ရုပ်သဏ္ဍာန်များ ဖြစ်လေသည်၊ အချို့သော အဓိပ္ပါယ်ရှိသည့် အိပ်မက်များမှာ ရိုးရိုးစင်းစင်းပင် သတိပေးချက်ဖြစ်သော်လည်း အချို့မှာမူကား သွယ်ဝိုက်သော လျှို့ဝှက်သော အဓိပ္ပါယ်ကို ဆောင်နေလေသည်။

အိပ်မက်အချို့ ရှိသေး၏၊ မက်သည့်အဓိပ္ပါယ်မှ ကောက်ယူခြင်းမပြုနိုင်သော်လည်း ဆန်းကြယ်သော ခံစားမှုမျိုးကို မြင်မက်၏၊ ထိတ်လန့်ဖွယ်ရာ မကောင်းဆိုးဝါးများလည်း ဖြစ်တတ်သည်၊ ဤသည်တို့မှာ မကောင်းမှု၏ တန်ခိုးသတ္တိမှ ဦးနှောက်တွင်းသို့ ဝင်ရောက်လာခြင်းဖြစ်လေသည်။ ထိုအိပ်မက်မျိုးကို မည်သို့မျှ စိတ်တွင်ထည့်သွင်းစဉ်းစားနေစရာမလိုချေ၊ ဤအိပ်မက်မျိုးကို မြင်မက်သူသည် စိတ်ဆင်းရဲပင်ပန်းခြင်းအမှုကို ဖြစ်စေတတ်သည့်အတွက် အလေးအနက် စဉ်းစားခြင်းပြုရန်မသင့်ချေ၊ ၎င်းတွင် မည်သည့်အဓိပ္ပါယ်မှ မဆောင်ယူချေ။

**မြင်မက်သည့် အချိန်ကာလ**

အိပ်မက်သူအဖို့ အဓိပ္ပါယ်ကောက်ယူရရှိနိုင်သော အိပ်မက်၊

www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်အသိပေးသော အိပ်မက်တို့သည် ညဦးပိုင်းတွင် မြင်မက်ခဲလေသည်၊ အကြောင်းမူ ထိုသူသည် အစာစားသောက်ပြီး၍ အရာအိပ်တွင် ကြေညက်ပြီးချိန် မဟုတ်သေးသောကြောင့် ခန္ဓာကိုယ်ရှိ အာရုံကြောစုတို့သည် အနားမရသေးဘဲ အလုပ်လုပ်လျက် ရှိနေသေးသောကြောင့် ဖြစ်လေသည်။

ထိုအချိန်တွင် သူ၏ ဦးနှောက်၏အခန်းများ၌ သိုမှီးထားသော အစွဲအလမ်းစိတ်များသည် လှုပ်ရှားနေသော အာရုံကြောများမှတစ်ဆင့် လှုပ်နှိုးနေသောကြောင့် ဖြစ်လေသည်၊ ဤအစွဲအလမ်းစိတ်တို့သည် ဖြိုပ်အားဖြင့် များစွာကြမ်းတမ်း၍ အားရှိသောကြောင့် အလွယ်တကူပင် အိပ်ပျော်နေသူအား အိပ်မက်ဟု မှတ်မိသိရှိစေနိုင်သည်၊ သို့ရာတွင် ဤစိတ်မျိုးနှင့် လုံးဝမသက်ဆိုင်သော ဝိညာဉ်သိစိတ်၏ဖြိုပ်သည် နုနယ် လွန်းလှရကား မာကျောထူထဲသော ဦးနှောက်ဆီသို့ ဝင်ရောက်ရာတွင် ညင်သာလွန်းလှပေသည်၊ ထို့ကြောင့် ထိုအခိုက်အတန့်တွင် မည်သည့် နည်းနှင့်မျှ အိပ်ပျော်သူသည် သိရှိနိုင်စွမ်းရှိမည် မဟုတ်ချေ၊ စူးရှသော အရသာများကိုသာ စားသောက်နေကျဖြစ်သည့် သိမ်မွေ့သောအရသာကို ခံစားစိတ်တွေ့၍ မရသကဲ့သို့ပင် ဖြစ်လေသည်။

ထို့ကြောင့် ညဦးပိုင်းတွင် အဓိပ္ပါယ်ရှိသော အိပ်မက် (ဝါ) တင်ကြိုအသိပေးနိုင်သော အိပ်မက်သည် မြင်မက်နိုင်စွမ်း မရှိချေ၊ ထို့အတူပင် ညစာကို အစားလွန်သော ညများ၌လည်း ညဥ့်နက်ပိုင်းပင် ဖြစ်လင့်ကစား မြင်မက်သော အိပ်မက်များမှာ ဦးနှောက်မှလာသော အသိစိတ်များသာဖြစ်လေရာ အဓိပ္ပါယ်ရှိနိုင်သည် မဟုတ်ချေ။

သာမန်အားဖြင့် ညစာစားသောက်၍ အိပ်ပျော်သွားသူသည် ပထမတွင် ညဦးပိုင်း၌ အစာအိမ်မှ မကြေညက်သေးသော အစာများကို ချေဖျက်ရင်း ညဥ့်နက်နှင့် နောက်ပိုင်းသို့ ရောက်ရှိသည့်တွင် သူ၏ ခန္ဓာကိုယ်ကြီး တစ်ခုလုံးသည် လုံးဝအနားရရှိနေပေပြီ၊ ထိုအချိန်တွင်

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်ငြိမ်သက်နေသော အာကာသလောကကြီးကို ဖြတ်သန်း၍ သူ၏နူးညံ့သော ဦးနှောက်တွင်းသို့ ဝိညာဉ်ဆိုင်ရာအိပ်မက်သည် ဝင်ရောက်လာလေတော့သည်၊ ထို့ကြောင့် အဓိပ္ပါယ်ရှိသော အိပ်မက်များမှာ ညဦးပိုင်းအချိန်တွင် မက်လေ့မရှိဘဲ ညဉ့်နက်ပိုင်းနှင့် မိုးလင်းပိုင်းလောက်ဆီတွင်သာ မြင်မက်လေ့ရှိကြောင်း သိထားရပေမည်။

**မြင်မက်သူ (ဝါ) ခံယူရရှိသူ**

အိပ်မက်မက်သည့် အချိန်သည် အဓိပ္ပါယ်ကောက်ယူရာတွင် အရေးကြီးသကဲ့သို့ မြင်မက်သူသည်လည်း များစွာအရေးကြီးလေသည်၊ မြင်မက်သူသည် အရက်သေစာကို လွန်ကျူးစွာ စွဲလမ်းသောက်စားခဲ့သူဖြစ်ခဲ့ခြင်း၊ ဆေးလိပ် စီးကရက်တို့နှင့် ယစ်မူးစေတတ်သော အရာများကို ကြာရှည်လေးမြင့်စွာ စွဲမြဲစွာ သောက်စားခဲ့ဖူးခြင်း စသည်တို့သည် အဓိပ္ပါယ်ရှိသော အိပ်မက်မျိုးကို ခံယူသိရှိနိုင်သော အခြေအနေ၌ မတည်ရှိတော့ချေ၊ သူတို့၏ ဦးနှောက်အာရုံခံအင်္ဂါ (Sense Oegen) တို့ ထုံထိုင်းတုံးထဲနေပြီဖြစ်သဖြင့် နူးညံ့သိမ်မွေ့သော ဝိညာဉ်အာရုံမှလာသည့် (ပုံသဏ္ဌာန်) အိပ်မက်များကို ဖမ်းယူသိရှိနိုင်ခြင်း မရှိသောကြောင့် ဖြစ်လေသည်။

အချို့သောသူများသည် အာသိဉာဏ် ပါးလုပ်သော အာရုံခံအင်္ဂါစုတို့ရှိသော်လည်း ဖော်ပြပါအချက်များကို ကျူးလွန်ခဲ့သဖြင့် သူတို့၏ ဦးနှောက်သည် ဤပညာရပ်ပိုင်းတွင် အသုံးချနိုင်ခြင်း မရှိကြတော့ချေ၊ အချို့မှုကား မွေးရာပါ အာရုံထုထဲမှုကြောင့် ထုံသော၊ နုံသောသူများပင် ဖြစ်သည်၊ သူတို့သည် ယေဘုယျအားဖြင့် ဝိညာဉ်အသိတွင် မခံယူနိုင်ကြချေ၊ ထို့ကြောင့် ၎င်းတို့သည်လည်း မြင်မက်သောအိပ်မက်များမှာ အဓိပ္ပါယ်ရှိသော အိပ်မက်များ မဖြစ်တတ်ကြချေ။

သို့ရာတွင် ထူးခြားချက်တစ်ရပ်မှာ အင်ဗ်စိုင်း (Innbecile)

www.burmeseclassic.com

www.burmeseclassic.com



အဲဒီယော့ (Idiot) ဟုခေါ်သည့် မွေးရာပါ စိတ်ချို့တဲ့သူများသည်ပင်လျှင် အခြားအင်္ဂါစုတို့ လွန်စွာညံ့ဖျင်းထုံထိုင်းသော်လည်း ဝိညာဉ်အာရုံသိမှုတွင် ထူးခြားစွာ ပါးလှပ်နေသည်ကို တွေ့ရှိရပေသေးသည်၊ သူတို့ထဲမှ အချို့သည် အိပ်ပျော်နေစဉ်တွင်သာမက နိုးနေသည့် အချိန်ကာလ၌ပင် ထူးဆန်းသော အသိပေးသည့် အိပ်မက်များကို မြင်မက်တတ်လေသည်။

နယ်ဘာဟုယူအားဖြင့်မူကား အိပ်မက်မြင်မက်သူသည် အထက်ဖော်ပြပါ အချက်အလက်များ ကင်းရှင်းပြီး သာမန်အာရုံခံနိုင်သော ပါးလှပ်မှုရှိလျှင် အနာဂတ်တွင်၊ ထင်မြင်သော အိပ်မက်များကို မြင်မက်နိုင်လေသည်၊ ယင်းအိပ်မက်တို့သည် များသောအားဖြင့် ထင်ထင်ရှားရှား ပြတ်ပြတ်သားသား မြင်မက်ခဲ့ပြီး ဝိုးတဝါး ရိပ်တိတ်တိတ်သာ မြင်မက်တတ်သည်မှာလည်း ထိုအခြေခံအကြောင်းပေါ်တွင် မှီနေပေသည်။

ပုံကိုတီးရာတွင် ပါးလှပ်သော သားရေဖြင့် ပြုလုပ်ထားသော ပုံသည် ခပ်သာသာလေး တီးခတ်ရုံမျှဖြင့် မြည်ပြီး တုံ့ပြန်နိုင်သော်လည်း ထူထဲမာကျော သားရေကြမ်းကြီးဖြင့် ပြုလုပ်ထားသော ပုံမှာမူ တော်ရုံတန်ရုံ တီးခတ်သော်လည်း အသံမြည် တုံ့ပြန်မည် မဟုတ်ချေ။

မိန်းမများသည် ယောက်ျားများထက်ပို၍ ဤအသိအာရုံကို ခံစားနိုင်သည်မှာ ၎င်းတို့သည် ယောက်ျားများလောက် ယှဉ်ပြိုင်မှုစေတတ်သော အရာများကို မှီခိုခြင်းမရှိသည့်အကြောင်းကြောင့် ဖြစ်လေသည်၊ ထို့ကြောင့် မိန်းမများသည် ယောက်ျားများအတွက် နိမိတ်ဖတ်နိုင်သော အိပ်မက်တို့ကို မြင်မက်နိုင်လေသည်။

၁၆ - ဂ်သုံးမျိုး

အနာဂတ်ကာလအတွက် ကြိုတင်နားလည် သိရှိနိုင်သော များအနက် အမျိုးအစားအားဖြင့် သုံးမျိုးသုံးစား မြင်တွေ့နိုင်လေ ၎င်းတို့မှာ (၁) အမြင်အမြင်၊ (၂) ဝိညာဉ်၊ (၃) သတိပေးချက်

www.burmeseclassic.com

www.burmeseclassic.com



စသည်တို့ဖြစ်၏။

အထင်အမြင်အိပ်မက်မှာ လေ့လာတွေ့ရှိချက်များအရ သတ်မှတ်ထားသော အမှတ်အသားဖြစ်၏၊ ဥပမာ လင်းနို့၊ မြွေ၊ ဓား စသည်တို့ဖြစ်လေသည်၊ ၎င်းတို့၏ အဓိပ္ပါယ်ရှာဖွေရာတွင် ကျွန်ုပ်၏လေ့လာစူးစမ်းမှု၊ သုတေသနမှုများအရ သတ်မှတ်ဖော်ပြထားပေသည်။

ဝိညာဉ်အိပ်မက်ကား ပိုမိုရှုပ်ထွေး၍ ထင်ရှားမှု သိပ်မရှိတတ်ချေ၊ ထို့ကြောင့် အိပ်မက်မြင်မက်သူသည် ဦးစွာ အိပ်ရာမှနိုးလာသော်လည်း ပြန်လည်စဉ်းစားကြည့်၍ မရရှိဘဲ ဖြစ်နေတတ်သည်၊ သို့ရာတွင် တစ်စုံတစ်ခုကို ဖြစ်တော့မှပင် အိပ်မက်ကို ပြေး၍စဉ်းစားနိုင်လေသည်၊ ဖြစ်ပျက်ပြီးမှ အိပ်မက်ကို သတိရတတ်လေသည်။

သတိပေးသော အိပ်မက်ကား ဘေးဥပဒ် တစ်စုံတစ်ရာ ကျရောက်မည်ကို ကြိုတင်၍မြင်မက်သော အထိတ်နိမိတ် ဖြစ်လေသည်၊ ယင်းနိမိတ်သည် သုံးကြိမ်သုံးခါမျှ အိပ်မက်ထဲတွင် မြင်မက်ခဲ့သည်ရှိလျှင် မုချအမှန်ပင် ဘေးဥပဒ်အန္တရာယ်နှင့် ရင်ဆိုင်ရမည်ကို ကြိုတင်၍ သိအပ်လေသည်။

ကျွန်ုပ်၏ အတွေ့အကြုံအရ အောက်ဖော်ပြပါ အိပ်မက်များကို ချင့်ချိန်နှိုင်းဆမှုပြုရန် တင်ပြလိုလေသည်။

**မိခင်၏အိပ်မက်**

ဂရစ်ဖစ်ဆိုသူသည် သူ၏မိဘများအား ၎င်းသည် နောက်နေ့တွင် ပင်လယ်နက်ပိုင်းသို့သွား၍ ငါးဖမ်းရမည်ဖြစ်ကြောင်း ပြောပြလေသည်၊ သူသွားရမည်မှာ လှေရှသားသေးဖြင့်ဖြစ်ပြီး ထိုသို့ ငါးဖမ်းခြင်းသည် အားကစားမှုတစ်ခုဖြစ်ရာ ဂရစ်ဖစ်သည် မကြာခဏဆိုသလို ပြုလုပ်လေ့ရှိသည်။

သူ့ကစားနည်းမှာ များစွာစွန့်စားရသော အလုပ်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



မြစ်သော်လည်း သူ့အဖို့ရာ ရိုး၍ပင်နေပြီဖြစ်သောကြောင့် မည်သူကမျှ ဤအကြောင်းကို ဂရုတစိုက်စဉ်းစားခြင်း မပြုကြတော့ပေ။

သို့ရာတွင် မနက်စောစော အရုဏ်တက်လောက်တွင် သူ၏ မိခင်ဖြစ်သူသည် အိပ်မက်တစ်ခုကို မြင်မက်လေ၏၊ သူမသည် ကြောက်လန့်တကြား အော်ဟစ်လျက် အိပ်ရာမှ လန့်နိုးလာလေသည်။

'ကယ်ကြပါဦး. . ကယ်ကြပါဦး၊ ငါ့သားလေးကို ကယ်ကြပါဦး. . လေ့နစ်နေပြီ. . လေ့နစ်နေပြီ'

သူမသည် ထိတ်လန့်တုန်လှုပ်နေသည်၊ သူမ၏ စိတ်ထဲ၌ အိပ်မက်မက်နေသည်ဟုပင် မထင်မှတ်၊ အကယ်ပင် ဖြစ်ပျက်နေသည်ဟု ထင်မြင်နေသေးသည်၊ သူမ၏ ခင်ပွန်းဖြစ်သူက အကြောင်းစုံကို မေးမြန်းပြီးသောအခါတွင် 'ဒို့. . ထမင်းလုံးတခွေ ခြောက်တာပါ. . ဒါဟာမှိုးရိမ်စရာမရှိပါဘူး'ဟု ပြောပြလေသည်၊ မကြာမီပင် သူမသည် ပြန်၍ အိပ်ပျော်သွားလေတော့သည်၊ သို့ရာတွင် အိပ်မက်သည် ထပ်မံ၍ မြင်မက်ပြန်လေသည်၊ သို့နှင့် သူမသည် အတိတ်နိမိတ်ဆိုးသော ထိုအိပ်မက်ကို တစ်ညတည်း သုံးကြိမ်တိုင်တိုင် ပြန်လည်မြင်မက်လေသည်။

နံနက်လင်းသောအခါ မိခင်သည် သားဖြစ်သူအား သူ့အပေါင်းအသင်းများနှင့် ပင်လယ်သို့ မသွားတော့ရန် ပြောလေသည်၊ ပထမတွင် ဂရစ်ဖစ်သည် ရယ်မော၍သာနေလေသည်၊ ထိုသို့ရယ်နေသော်လည်း သူ့မိခင်မှာ များစွာစိတ်မချမ်းမသာ ဖြစ်နေရခြင်းကို တွေ့မြင်ရသဖြင့် အလျှော့ပေးလိုက်ရလေသည်၊ နောင်သောအခါ ဂရစ်ဖစ်၏အသက်ကို ထိုအိပ်မက် ကယ်ဆယ်လိုက်ခြင်းဖြစ်ကြောင်း အံ့ဩထိတ်လန့်ခြင်းကို ခံစားရစေတော့၏၊ အကြောင်းမှာ သူ့အပေါင်းအသင်းတို့၏လှေသည် ပင်လယ်ထဲတွင်မှောက်ပြီး အားလုံးပျက်စီးကုန်သည်ကို သိလိုက်ရသော ကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ဤအဖြစ်အပျက်မှာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ယနေ့ အသက်ရှင်လျက် ရှိနေသူအချို့သည် မီခဲ့ကြသေးသည့်ပွဲ ဖြစ်၏၊ ဤအဖြစ်အပျက်တွင် ပါဝင်သူမှာ အင်္ဂလန်ဘာရာနယ်တစ်ခွင်၌ လူသိများသော မေရှာဂရစ် ကိုယ်တိုင်ပင် ဖြစ်လေသည်။

**ကိုးရက်မတိုင်မီ**

၁၉၈၀-ခုနှစ်က ဖြစ်လေသည်၊ ကင့်နယ်ဂီလင်ဂမ်မြို့တွင် နေထိုင်သော လူကုံထံတစ်ဦးသည် တစ်ညတွင် အိပ်မက်မြင်မက်လေသည်၊ ထိုအိပ်မက်ထဲမှာ သူ၏သမီးဖြစ်သူသည် သေဆုံးလျက်ရှိပြီး သူမသည် ခေါင်းထဲတွင် ရှိနေလေသည်၊ သူ၏သမီးဖြစ်သူသည် အမှန်စင်စစ် ဝိနိဝိနိပါးပါးနှင့် အလွန်ကျန်းမာရေးကောင်းလေသည်၊ သို့ရာတွင် သူ၏ အိပ်မက်မှာ တကယ်ပင် သူ၏သမီးလေး သေဆုံးနေသည်ဟု ထင်မှတ် ရလောက်အောင် ဖြစ်နေသည်၊ သမီးလေးသည် ခေါင်းသွင်းခံထားရပြီး ဖခင်ဖြစ်သူက သူမ၏ခေါင်းဘေးတွင် မတ်တတ်ရပ်လျက် ငုံ့ကြည့် နေလေသည်။

ဤအိပ်မက်ကို မြင်မက်ပြီးနောက် သူ၏အိမ်နီးချင်းတို့အား စိတ်မချမ်းမသာနှင့် ပြောပြလေသည်၊ ထိုအခါ သူတို့သည် ရယ်မောကြလျက် မည်သည့်အိပ်မက်မဆို ဆန့်ကျင်ဘက်အိပ်မက်ပင်ဖြစ်ကြောင်း ကလေးမှာမူ ကျန်းမာရေး ကောင်းမွန်သည့် အဓိပ္ပါယ်သာဖြစ်ကြောင်း ပြောကြလေသည်။

ဤသို့နှင့် အိပ်မက်မက်ပြီး ရှစ်ရက်မျှကြာခဲ့ပြီး ကိုးရက် မြောက်သောနေ့သို့ ရောက်သောအခါတွင် သမီးဖြစ်သူသည် ရုတ်တရက် အပြင်းဖျား၍ သေဆုံးသွားပါလေတော့သည်၊ ဤသို့သေဆုံးမှုနှင့် ပတ်သက်၍ ဖခင်၏အိပ်မက်အကြောင်းကို သိရှိထားကြသောသူသည် အံ့ဩခြင်း ဖြစ်ကြသော်လည်း တိုက်ဆိုင်မှု ဖြစ်ကောင်းဖြစ်နိုင်သည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ချိုနေလေသည်။

ထိုအချိန်မှစ၍ ၂-နှစ်မျှကြာမြင့်သောအခါတွင် ထိုဖခင်ထံသို့ပင် အလားတူ အိပ်မက်သည် မြင်မက်လာပြန်လေသည်၊ ထိုတစ်ကြိမ်တွင်မူ ၎င်း၏သားဖြစ်သူ ကျောင်းသား၏ခေါင်းဘေးတွင် သူသည် မတ်တတ်ရပ်လျက် ငုံ့ကြည့်နေသည်ဟု မြင်မက်လေသည်၊ ထိုအခါတွင် သူသည် များစွာတုန်လှုပ်ချောက်ချားခြင်း ဖြစ်ရလေတော့သည်၊ သူသည် ၎င်းအိပ်မက်နှင့် အလားတူအိပ်မက်မျိုး မြင်မက်ခဲ့ဖူး၍ သမီးဖြစ်သူ သေဆုံးခဲ့ပြီး ဖြစ်လေသည်၊ ယခုမူ သူ၏သားဖြစ်သူလည်း သေဆုံးရဦးတော့မည်ကိုတွေး၍ စိတ်နှလုံး မသာမယာကြီးစွာ ဖြစ်ရလေတော့သည်။

သူသည် အနီးအနားမှလူများကို ထပ်မံပြောပြပြန်သော်လည်း သူတို့သည်သူ့ကိုရယ်မောကြလေသည်၊ သူသည် ထိုနေ့မှစ၍ တစ်ရက်စီ စိတ်ဆင်းရဲခြင်းကြီးစွာဖြင့် ရေတွက်လာခဲ့သည်၊ ထိုအတွင်း သားဖြစ်သူကို လည်း အထူးကြပ်မက်၍ ဂရုစိုက်ခဲ့၏၊ ကိုးရက်မြောက်နေ့သို့ ရောက်လေပြီ၊ အခြေအနေမှာ မည်သို့မျှ ပြောင်းလဲခြင်းမရှိသည့်အပြင် ပို၍ကောင်းမွန်လျက်ပင် ရှိနေလေသည်၊ အကြောင်းမှာ သားဖြစ်သူမှာ ထူးထူးခြားခြား ကျန်းမာပျော်ရွှင်လျက် ရှိသောကြောင့်တည်း။

သို့ရာတွင် ကိုးရက်မြောက်သောနေ့မှာ ကုန်ဆုံး၍မသွား သေးသဖြင့် ဖခင်ဖြစ်သူကသားအား အိမ်မှ မည်သည့်အရပ်ကိုမျှ မသွားရန် တားမြစ်ထားခဲ့လေသည်၊ သားဖြစ်သူသည် ဖခင်ကို မြစ်တင်ရှောင်ပြောင်ပြီး အဓိပ္ပါယ်ကင်းမဲ့သော အိပ်မက်တစ်ခုကြောင့် အားလပ်သော စနေနေ့ကို အိမ်ထဲတွင် ကျဉ်းကျဉ်းကျုတ်ကျုတ်ဖြင့် ကုန်ဆုံးစေရမည်ဆိုခြင်းမှာ အဓိပ္ပါယ်မရှိကြောင်းပြောကာ သူ၏ ဓာတ်တော်ဆိုင်ကယ်ကိုယူ၍ မောင်းနှင်ထွက်သွားလေတော့သည်။

အိမ်နှင့် မလှမ်းမကမ်း ဝစ်တင်းဘွန်းအရှေ့သို့အရောက်တွင်

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တည့်တည့်မှ ပြင်းထန်စွာ မောင်းနှင်လာသော လော်ရီကားတစ်စီးနှင့် သူ၏ဆိုင်ကယ်သည် ဝင်တိုက်မိပြီး ကားအောက်သို့ လွင့်စင်ကျသွားလေသည်၊ ကားသည် သူ့ခန္ဓာကိုယ်ကြီးအား ကြိတ်မိပြီး ပြင်းထန်သော ဒဏ်ရာများဖြင့် နေရာတွင်ပင် ပွဲခြင်းပြီး သေဆုံးသွားလေတော့သည်။

ဤကြေကွဲဖွယ်ရာ အဖြစ်အပျက်ကို ၁၉၂၀-ခုနှစ် ဒီဇင်ဘာလ ၁၂-ရက်နေ့ထုတ် လန်ဒန်သတင်းစာများတွင် ဖော်ပြခဲ့လေသည်။

**ထူးဆန်းသော သတိပေးအိပ်မက်**

ရွာကို ရေများလွှမ်းမိုးခြင်းခံရပြီးနောက် မိန်းကလေးတစ်ယောက်သည်။ သူ၏မိခင်နှင့်အတူ အနီးအနား မြို့တစ်မြို့သို့ ထွက်ခွာလာခဲ့ကြလေသည်၊ သူတို့ကို သနားကြင်နာတတ်သော မိန်းမကြီးတစ်ယောက်က ပြုစုစောင့်ရှောက်ထားခဲ့လေသည်။

သူတို့အိပ်သည့် အိပ်ရာမှာ အောက်ဆုံးအထပ် ဖြစ်လေသည်၊ သူတို့နေရသည့်အခန်းမှာ သူတို့ဖို့ အလွန်ကောင်းသော ခိုကိုးရာနေရာပင် ဖြစ်လေသည်၊ သို့ရာတွင် ညဘက်၌ မိန်းကလေးသည် အိပ်ရာမှနိုးလာပြီး ပြင်းစွာငိုကြွေးလေသည်။

'ကျင်းကြီး . . ရေတွေနဲ့ကျင်းကြီး . .' ဟု ငိုရင်းပြောလေသည်။

ထိုအခါ သူမ၏မိခင်သည် မကြာမီက သူတို့ကြုံကြိုက်ခဲ့ရသော အဖြစ်အပျက်မှ အစွဲအလမ်းကြောင့် စိတ်ကယောင်ချောက်ချား ဖြစ်နေခြင်း ဖြစ်မည်ဟု ထင်မှတ်လေသည်၊ မိခင်ဖြစ်သူသည် သမီးအား ချော့မော့၍ အိပ်စေ၏။ သူတို့မှာ ယခုအခါ၌ အန္တရာယ်နှင့် ကင်းရှင်းပြီဖြစ်ပြီး ဘာကိုမျှ စိုးရိမ်စရာ မလိုတော့ကြောင်းဖြစ်၍ သမီးအား ဖျောင်းဖျလေသည်။

သို့သော်လည်း မိန်းကလေးမှာ သူ့အတွက် ဤနေရာတွင် သာယာခြင်း မရှိကြောင်းပြောပြီး ပြန်လည်အိပ်ရသောအခါတွင် အိပ်မပျော် တစ်ဝက် ပျော်တစ်ဝက်နှင့်သာ ပြီးခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နံနက်မိုးလင်းသောအခါတွင် မိခင်သည် သမီးဖြစ်သူအား ယခုရှိအခြေအနေအကြောင်းများကို စဉ်းစားစေ၍ သတိရလာစေရန် ကြိုးစားလေသည်။

'အခုနေရတဲ့ နေရာသစ်ဟာ ဖို့အတွက် အရင်နေရာမျိုးလို အန္တရာယ်မရှိဘူးဆိုတာ စင်းစဉ်းစားမိရဲ့လား။ ဒီနေရာဟာ ဘယ်လောက် သာယာသလဲ' ဟု ပြောသော်လည်း သမီးသည် အကြောက်ပြေသေးဟန် မပေါ်ဘဲ မိခင်ပြောသည်ကို သဘောမပေါက်နိုင်ချေ။

'ကျွန်မ ဒီနေရာမှာ ပြန်မအိပ်နိုင်ဘူး၊ မိန်ကလေးသည် တွေးပြီး စဉ်းစားနေ၏၊ နောက်ဆက်လက်၍ ဒီမြေကြီးအောက်မှာ ကျင်းအနက်ကြီး တစ်ခုရှိတယ်၊ ဒီကျင်းကြီးထဲမှာ ရေမည်းမည်းကြီးတွေလည်းရှိတယ်'

မိခင်ဖြစ်သူမှာ ကျေးဇူးမသိတတ်သော သမီးကြောင့် နေရာ ချိုလုံခွင့်ပေးသော မိန်းမကြီးကို များစွာအားနာခြင်းဖြစ်လျက် စိတ်ဆင်းရဲ ရလေတော့သည်၊ မိခင်သည် အိမ်ရှင်မိန်းမကြီးကို ကျေနပ်အောင် တောင်းပန်ပြောဆိုသော်လည်း မိန်းမကြီးသည် ဒေါသဖြစ်နေသည်ကို တွေ့ရလေသည်။

'ဒီလောက် မိုက်မဲတာမျိုး ငါတော့ တစ်ခါမှ မတွေ့ဖူးပါဘူး၊ ဘယ်ကနေပြီး ရေတွေပြည့်နေတဲ့ ကျင်းကြီးက ငါ့အိမ်အောက် ထိရောက်နေရမှာလဲ၊ ဒီမှာ ဒီအိမ်ဆောက်ထားတာ နှစ်ပေါင်းဘဲ တစ်ရာကျော်တော့မယ်၊ ဘယ်တုန်းကမှလည်း ဒီလို မရေရာတဲ့စကားမျိုး ကြားမိခဲ့ဖူးပါဘူး'

မည်သို့ပင် ဖြစ်စေကာမူ မိန်းကလေးကမူ ခေါင်းမာလျက်ရှိပြီး သူမ,ထင်သည့်အရာကို လျှော့မပေးချေ။

သူတို့သည် ထိုကောင်းမွန်သော နေရာကို စွန့်ခွာကြပြီး အခြားနေရာတွင် သွားရောက်နေထိုင်ကြရလေသည်၊ ရက်သတ္တ

www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်မျှ ကြာသောအခါတွင် မိန်းမကြီး၏ အိမ်အောက်ခြေမှ ကွန်ခရစ်များ ကျကျဲတော့မည့် အရိပ်အယောင်များ တွေ့ရှိလာတော့သည်၊ ထိုနေရာမှာလည်း မိန်းကလေးနှင့် သူ၏မိခင်တို့ နေခဲ့ကြသော အိပ်ရာနေရာ ဖြစ်သည်ကို တွေ့ရလေသည်။

မကြာမီ လက်သမားတစ်ဦးကို ခေါ်လေသည်၊ သူသည် အောက်ခြေများကိုခွာ၍ ရှေ့ပစ်လိုက်၏။

'ဘုရားရေ'

သူသည် ဤသို့သာပြောနိုင်ပြီး သူတွေ့ရသော အခြင်းအရာ အတွက် အံ့ဩထိတ်လန့်နေလေသည်၊ အောက်တွင်ကား မိုင်းတွင်းဟောင်း ကြီး၏ အဝနှင့်ကူသော အလွန်နက်သည့် ကျင်းကြီးတစ်ခုတွင် ရွံ့မည်း ရေများ လှုံလျက်ရှိသည်ကို တွေ့ရလေတော့သည်။

'တော်ပါသေးရဲ့ . . ဘုရားမလို့ ဒီခုတင်ကြီး ကျွံမကျတာဘဲဟေ့'

လက်သမားကြီးသည် အလွန်အံ့ဩလျက် ရှိတော့သည်၊ ဤအိမ်ကြီး၏အောက်၌ မိုင်းတွင်းအဟောင်းကြီးတစ်ခု တည်ရှိနေခဲ့ခြင်းကို မိန်းကလေး အိပ်မက်မမက်ခင်က မည်သူတစ်စုံတစ်ယောက်ကမျှ သိရှိခဲ့ကြခြင်း မရှိချေ။

**အဓိပ္ပါယ်မရှိသောအိပ်မက်**

အလယ်ပိုင်းနယ်မှ လူငယ်တစ်ယောက်သည် ကျွန်ုပ်ထံသို့ စာထုစ်တောင်းရေး၍ သူ၏အိပ်မက်အကြောင်းကို မေးမြန်းလေသည်၊ သူ၏ အိပ်မက်မှာ သူနှင့်မိန်းမပျိုတစ်ယောက်တို့ ဒူးလောက်ရောက်အောင် နက်သော ရွံ့နွံထဲတွင် လမ်းလျှောက်နေကြသည်၊ သူတို့သည် မော်မင်း မကာမ်းရှိ ဘုရားရှိခိုးကျောင်းသို့ သွားကြမည်ဖြစ်ပြီး မိန်းမပျိုသည် သတို့သမီးဝတ်စုံအဖြူကို ဝတ်ဆင်ထားလေသည်၊ သို့ရာတွင် ရွံ့များက သူတို့၏ လမ်းခရီးကို ကာဆီးဟန့်တားထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ ၎င်းအိပ်မက်နှင့် ပတ်သက်၍ ကျွန်ုပ်ကို မေးမြန်းလျှင် မေးမြန်းခြင်း အဖြေပေးရမည်ဆိုလျှင် မှားယွင်းမှုကြီးစွာ ဖြစ်နိုင်လေသည်၊ ရွှံ့သို့မဟုတ် ညစ်ညမ်းသောရေများကို မြင်မက်ခြင်း ၎င်းတို့၏အနှောင့်အယှက်ကို တွေ့ကြုံရခြင်း စသည့်အိပ်မက်သည် ကောင်းသောအိပ်မက်တစ်ခု မဟုတ်ဘဲ အဆိုးနှင့်သာ ရင်ဆိုင်ရမည် ဖြစ်လေသည်၊ သို့ရာတွင် ကျွန်ုပ်သည် သူ့အား လိုအပ်သောမေးခွန်းများကို မေးစမ်းကြည့်ပြီးသောအခါတွင် ထိုအိပ်မက်မှာ မည်သို့မှ အဓိပ္ပါယ် မဖောက်နိုင်သော အိပ်မက်တစ်ခုဖြစ်ကြောင်း ခန့်မှန်းမိလေတော့သည်။

သူသည် ၎င်းအိပ်မက်မမက်စဉ် ညနေပိုင်းက သူ၏သူငယ်ချင်း တစ်ဦးဆီသို့ သွားနေစဉ် ဘုရားရှိခိုးကျောင်းတစ်ကျောင်းကို ဖြတ်သွားရင်း ရွှံ့ဗွက်ကုလေးတစ်ခုကို ဖြတ်ရာ၌ သူ၏ဖိနပ်များကို ရွှံ့များပေကျံခဲ့လေ၏၊ ၎င်းအချက်သည် သူ့အား ကြီးစွာသော အနှောင့်အယှက်တစ်ခု ဖြစ်စေလေသည်၊ နောက်တစ်ချက်မှာ အနီးအနား၌ရှိသော ဆိုင်တစ်ဆိုင်၏ ထူးထူးခြားခြား စာပ်ဆင်ထားသော ပြတင်းပေါက်မှ ပိတ်ခန်းဆီးသည် သတို့သမီးဝတ်ထားသော ဝတ်စုံအဖြူကဲ့သို့ လှုပ်ယမ်းနေသည်ကို တွေ့ရ၏။

အထက်ပါအကြောင်းစုံကို သိရှိပြီးသောအခါတွင် သူ၏ အိပ်မက်သည် သာမန်လူတိုင်း မကြာခဏ မက်လေ့မက်ထရှိသော အစွဲစိတ်ကြောင့်ဖြစ်သည့် အိပ်မက်သာဖြစ်သည်ကို တွေ့ရလေတော့သည်၊ ၎င်းသည်ကို သေချာစွာ မှတ်သားထားပါက မိမိမြင်မက်သော အိပ်မက်ကို အမှန်တကယ် အဓိပ္ပါယ်ရှိသောအိပ်မက် ဟုတ်မဟုတ် စစ်ဆေးရာတွင် ဖြစ်ပျက်ခဲ့ပြီးအကြောင်းများ၊ စိတ်မှ အမှတ်မထင် ခံစားခဲ့ရသော အကြောင်းအချက်များကို ပြန်လည်မြင်မက်ခြင်း ဟုတ်မဟုတ် အလွယ်တကူ သိရှိနိုင်ပေသည်၊ အနာဂတ်ကာလအတွက် အဖြေပေးသော အိပ်မက် တို့သည် သာမန်အားဖြင့် မက်ရိုးမက်စဉ် အိပ်မက်များနှင့် ပုံစံချင်းလည်း

www.burmeseclassic.com

www.burmeseclassic.com



မတူညီတတ်အဲ မြင်မက်သူအဖို့ ထိုအိပ်မက်သည် ခံစားချက်တစ်မျိုးကို ဖြစ်စေလေသည်။ အချို့သော အိပ်မက်များမှာ ဓာတ်လမ်းရှည်ကြီး တစ်ခုကဲ့သို့ ရှည်ရှည်လျားလျား အဖြစ်အပျက်များကို တသီတတန်းကြီး မက်တတ်ကြလေသည်။ ထိုအိပ်မက်မျိုးသည် စိတ်မှအစွဲတို့ကြောင့် မြင်မက်ခြင်းသက်သက်ဖြစ်ကြောင်း အလွယ်တကူ သိသာနိုင်ပေသည်။

**အိပ်မက်ဆိုးတစ်ခု**

အထက်ပါအိပ်မက်နှင့် ဆန့်ကျင်သောအိပ်မက်ကို မြင်မက်သည့် အမျိုးသမီး တစ်ဦးသည် ကျွန်ုပ်နှင့် သာရောက်တိုင်ပင်ခြင်းအမှုကို ပြုလေသည်။ သူမ ပြောပြသော အိပ်မက်သည် သုံးညတိုင်တိုင်ဆက်တိုက် မြင်မက်ပြီး မြင်မက်တိုင်းလည်း စိတ်ချောက်ချားခဲ့ရသည်ဟု ဆိုလေသည်။ သူမ ပြောပြသော အိပ်မက်မှာ မည်သည့်အိပ်မက်မျိုး ဖြစ်သည်ကို ကျွန်ုပ် ပြောမပြလိုသော်လည်း ထိုအိပ်မက်ကြောင့် သေကြေပျက်စီးမည့် နိမိတ်ကိုမူ ကျွန်ုပ် ပြေး၍မြင်မိနေလေသည်။ ထိုအိပ်မက်သည် မည်သည့်အခါမျှ သေခြင်းတရားနှင့်ကင်း၍ မမြင်မက်ချေ။ ထိုအိပ်မက်သည် သေခြင်းတရားကို ရည်ညွှန်းလေသည်။

ကျွန်ုပ်သည် သူမအား အပြန်အလှန် မေးခွန်းထုတ်ခဲ့၏။ ဤမြင်မက်သော အိပ်မက်နှင့်တူသော အဖြစ်အပျက်မျိုး စိတ်တွင် ခံစားဖူးသလား။ ဤအိပ်မက်နှင့်တူသော အဖြစ်အပျက်မျိုး ကြားဖူးသလား။ ရုပ်ရှင်ဝတ္ထု စသည်တို့ ကြည့်သည့်အထဲတွင်ကော ပါခဲ့သလား။ သူမ၏ အပြောမှာ ၎င်းအချက်အလက်တို့ တစ်ခုမှ မဟုတ်ချေ။

ထို့ကြောင့် ကျွန်ုပ်သည် သူမ၏အိပ်မက်မှာ အရေးကြီးပြီး ကြောက်မက်ဖွယ်ကောင်းသော အိပ်မက်ဖြစ်ကြောင်း ရှင်းပြပြီးနောက် ယခုနေထိုင်သည့်အိမ်မှ ချက်ချင်းပင် အားလုံးရွှေ့ပြောင်းရန် အကြံ ပေးရလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအိပ်မက်သည် ဘေးဥ

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ် မှချကျရောက်တော့မည့် ဖြစ်သောကြောင့်တည်း။

မကြာမီပင် သူမသည် ထိုအိမ်တွင် နေထိုင်ကြသူအားလုံးကို ဖွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ရန် တိုက်တွန်းခဲ့သော်လည်း ကျန်လူများသည် မလိုက်နာခဲ့ချေ။ သို့ရာတွင် သူမ ရွှေ့ပြောင်းပြီး မကြာမီတွင်ပင် မီးကြီးစွာ လောင်လျက် လူအားလုံး သေဆုံးကြလေတော့သည်။

**ရွှန်စ်နှင့် ဘူလ်ဂေးရီးယန်းကျစ်(ပ)စီမကြီး**

ဘူလ်ဂေးရီးယားပြည် ဗီလီပေါ့ပို့လစ်မြို့၏ ပတ်လည်သည်ကား ကျောက်စိုင်ကျောက်တုံးကြီးများ ဟိုတစ်စု သည်တစ်စု စုသည်ဖြင့် ရှိနေကြသည်မှာ တစ်စုံတစ်ယောက်က ဖန်တီးထားသကဲ့သို့ပင် ထင်မှတ်ရလောက်ပေသည်၊ အကြောင်းမူ ဘူလ်ဂေးရီးယားပြည်၏ မြေမျက်နှာပြင်အများစုသည် စားပွဲကဲ့သို့ ညီညာပြန့်ပြူးလှပြီး ၎င်းမြေပြန့် ရှုခင်းမှအပ ကျန်သောနေရာတို့တွင် ကျောက်စိုင်ကျောက်တုံးကြီးတို့သည် ဘီလူးကြီးတစ်ကောင် လာရောက်စုပုံထားသကဲ့သို့ ဟိုတစ်စု သည်တစ်စု မြင်မောက်စွာ တည်ရှိနေကြလေသည်။

ကျွန်ုပ်သည် ထိုဒေသတွင်ရှိသော ထူးဆန်းသည့် ကျစ်(ပ)စီမကြီး တစ်ယောက်အကြောင်းကို ကြားဖူးထားသဖြင့် တစ်နေ့တွင် သူမ နေသော ကျောက်ဂူကြီးဆီသို့ ရှာဖွေရောက်ရှိခဲ့ပါသည်၊ သူမသည် အနာဂတ်ကို ကြိုတင်မြင်နိုင်စွမ်း ရှိသူတစ်ဦးဟု ဆိုပါသည်။

ကျွန်ုပ်သည် သူမ နေထိုင်ရာ ဂူအဝတွင် သူမအား သဲမြေပုံလေး အနီး၌ ထိုင်လျက်သား တွေ့ရလေသည်၊ သူမ ပြောပြ၍ သိရှိရသည်မှာ ထိုသဲများကို သူမ၏လက်ဖြင့် ကြဲချလိုက်၍ မြေပေါ်တွင် ဖြစ်ပေါ်လာသော ပုံသဏ္ဌာန်များကိုကြည့်လျက် အနာဂတ်ကို သိမြင်နိုင်သည် ဆိုသည်။

ကျွန်ုပ်သည် သူမအနီးသို့ ချဉ်းကပ်သွားသောအခါ သူမသည် ကျွန်ုပ်အား မည်းနက်စူးရှသော မျက်လုံးအစုံတို့ဖြင့် ကြည့်နေသည်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရလေသည်၊ ထိုသို့ကြည့်ပြီးနောက် ရုတ်ခြည်းပြောလိုက်သည့်ကား . .

'မင်း . . အိပ်မက်ဟာ . . သုံးလ မကျော်မချင်း မှန်မယ် မဟုတ်ဘူး'

ကျွန်ုပ်လည်း သူမ ပြောသည်ကို တွေးရှုစဉ်းစားနေမိပါသည်၊ သူမ ဘာကိုဆိုလိုမှန်း ကျွန်ုပ်နားမလည်နိုင်သေးချေ၊ ထို့ကြောင့် ကျွန်ုပ်က သူမအား 'ကျွန်တော် အိပ်မက်မှမက်ရပါလား' ဟု ပြန်၍ပြောမိလေသည်။

'မင်းမှားတယ်၊ လွန်ခဲ့တဲ့နှစ်ညက မင်း အိပ်မက်မက်ခဲ့တယ်၊ မင်းလမ်းလျှောက်နေတုန်း မင်းရဲ့ရှေ့မှာ တစ်စုံတစ်ခု ပြောင်လက်တောက်ပနေတာကို တွေ့ရလိမ့်မယ်၊ မင်းသွားမယ့်လမ်းမှာ တိုင်သုံးတိုင်ကခိုးကာနေတယ် မဟုတ်လား၊ တိုင်သုံးတိုင်ဆိုတာက သုံးလကြာမယ့်အဓိပ္ပါယ်ပဲ၊ သုံးလစောင့်ပါ၊ သုံးလကျော်ရင် အားလုံးအဆင်ပြေချောမောသွားပါလိမ့်မယ်'

သည်တော့မှပင် ကျွန်ုပ်သည် လွန်ခဲ့သောနှစ်ညက မြင်မက်ခဲ့ပြီး မေ့ပျောက်လုဖြစ်နေသော အိပ်မက်ကို ပြော၍သတိရတော့သည် မှန်ပါ၏၊ ကျွန်ုပ်မြင်မက်ခဲ့သော အိပ်မက်မှာ သူမ ပြောသည့်အတိုင်းပင် ဖြစ်ပါသည်၊ ကျွန်ုပ်ကိုယ်တိုင် မေ့လုလုဖြစ်နေသော အိပ်မက်ကိုပင် အတတ်ပြောနိုင်သော သူမ၏အတတ်ကို ကျွန်ုပ် မအံ့သြဘဲ မနေနိုင်တော့ချေ။

ကျွန်ုပ်သည် သူမထံမှ ရသမျှပညာရပ်များကို လေ့လာဆည်းပူးခဲ့လေသည်၊ ကျွန်ုပ်လေ့လာထားခဲ့သမျှအနက် အိပ်မက်နှင့်ပတ်သက်သော အကြောင်းအရာများသည် အရေးပါ အရာရောက်လှပေသည်၊ ကျွန်ုပ် ဖော်ပြလိုသည်မှာ အိပ်မက်ထဲတွင် မြင်တွေ့ရသော စိုက်ထူထားသည့် တိုင်များက သင့်လမ်းခရီးကို ဟန့်တားနေမည်ဆိုလျှင် တစ်တိုင်အစေ့ အတွက်သည် အချိန်ကာလကို ဖော်ပြခြင်းပင် ဖြစ်ပေသည်။

ထိုအချိန်ကာလကို လွန်မြောက်ပါမှ သင်မြင်မက်ရ

www.burmeseclassic.com



အဓိပ္ပါယ်သည် မှန်ကန်လာလိမ့်မည် ဖြစ်ပေသည်။

**အိပ်မက်သည် ဆန့်ကျင်သော အဓိပ္ပါယ်ကို ဆောင်သလော**

အချို့က အိပ်မက်ကို အဓိပ္ပါယ်ကောက်ယူရာတွင် အဖြေမှာ အိပ်မက်နှင့် ဆန့်ကျင်ဘက် ဖြစ်သည်ဟု အယူရှိလေသည်၊ ဥပမာ ဝမ်းသာခြင်းနှင့် ပတ်သက်၍ မြင်မက်လျှင် ဝမ်းနည်းစရာ ကြုံတွေ့မည်၊ သေခြင်းနှင့် ပတ်သက်၍ မြင်မက်လျှင် ကျန်းမာမည် စသည်တို့ဖြစ်၏၊ ယေဘုယျအားဖြင့် ထိုသို့မဟုတ်ချေ။ အိပ်မက်တိုင်းသည် တစ်မျိုးတစ်စား မဟုတ်ကြောင်း ကျွန်ုပ်တို့ သတိမူရမည် ဖြစ်လေသည်။

**တစ်ပိုင်းတစ်စ အိပ်မက်**

သင်သည် တစ်ခါတစ်ရံ အိပ်မက်တစ်ပိုင်းတစ်စတွင်ပင် အိပ်ရာမှ နိုးလာဖူးပါလိမ့်မည်၊ ထိုသို့ဖြစ်ခြင်း၏ အဓိပ္ပါယ်မှာ သင်၏အိပ်မက်နှင့် ပတ်သက်ဖော်ပြထားသော လိုအင်ဆန္ဒတို့သည် စိတ်ပျက်စရာ အခြေအနေ တို့ဖြင့်သာ ပြီးလိမ့်မည်ဖြစ်လေသည်၊ သို့ရာတွင် တစ်ခါတစ်ရံ ထိုသို့ အိပ်မက်တစ်ပိုင်းတစ်စနှင့် မြင်မက်ပြီး ပြန်အိပ်ပျော်သွားသောအခါ ထိုအိပ်မက်ကိုဆက်၍ မက်တတ်သည်လည်း ရှိလေသည်၊ ထိုသို့ဖြစ်မူ သင့်လိုအင်ဆန္ဒတို့သည် မုချမလွဲ ကောင်းခြင်း ဖြစ်စေလိမ့်မည့် သဘောပင် ဖြစ်လေသည်။

**အိပ်ရာအနေအထား**

အဓိပ္ပါယ် ကောက်ယူရာတွင် အမှန်ကန်ဆုံး တွေ့ရသည့် အိပ်မက်များကို မြင်မက်ရာတွင် မြင်မက်သူ၏ အိပ်ရာအနေအထားသည် ခေါင်းရင်းပိုင်းမှာ မြောက်အရပ်သို့ ဦးတည်နေလေ့ ရှိပေသည်၊ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်အတွင်း၌ရှိသော လျှပ်ရှားလှုပ်ပတ်နေသည့် သွေးများအတွင်း သံဓာတ်သည် ပါရှိနေပေသည်၊ ထို့အပြင် လူ၏ခန္ဓာကိုယ်မှ ဖြစ်ပေါ်သော လျှပ်စစ်ဓာတ်သည်လည်း ဦးနှောက်ရှိ အခန်းငယ်လေးများကို

www.burmeseclassic.com

www.burmeseclassic.com



လှုပ်နှိုးစေပေသည်။ သို့ဖြစ်လေရာ ကမ္ဘာ၏ ဝန်ရိုးစွန်းနှစ်ဘက်ရှိ သံလိုက်ဓာတ် ဆွဲငင်မှုသည် ကျွန်ုပ်တို့အိပ်ပျော်နေစဉ် ကျွန်ုပ်တို့ ဦးနှောက်ကလာပ်စည်းများကို အတန်ငယ် ငြိမ်သက်နားနေစေနိုင်မည် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အိပ်မက်နှင့် ၎င်း၏အဓိပ္ပါယ်များ

အောက်တွင်ဆက်လက်ဖော်ပြမည့် အိပ်မက်များမှာ မူရင်းစာအုပ်၌ပါရှိသော အိပ်မက်အချို့နှင့် သဘောတန်အားဖြင့် ကွဲပြားမှုရှိနေပေသည်၊ သို့ရာတွင် ထပ်တူထပ်မျှကဲ့သို့မင် အဓိပ္ပါယ်ရသော အကြောင်းအရာများပင် ဖြစ်လေသည်၊ ဤသို့ဖော်ပြခြင်းမှာ လေ့လာသူများ်အဖို့ အများဆုံး မြင်မက်လေ့ ရှိနိုင်သော အရာများနှင့် အရောက်နိုင်ငံမှ ဓလေ့ထုံးစံတို့သည် မတူညီသောကြောင့် ၎င်းတို့နှင့် ထပ်တူထပ်မျှနီးနီး အကြောင်းအရာများကို အစားထိုးဖော်ပြရခြင်း ဖြစ်ပါသည်။

အိပ်မက်များကို အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်ရန် အင်္ဂလိပ်အက္ခရာ အစီအစဉ်မှ မြန်မာအက္ခရာ အစီအစဉ်သို့ ပြောင်းလွဲဖော်ပြထားရာတွင် ဗျည်းစာလုံးအလိုက် အုပ်စုခွဲ၍ ဖော်ပြထားရာ ရှာဖွေရာတွင် အခက်အခဲမရှိနိုင်ဟု ယူဆမိပါသည်။

( က )

ကနေ့သည်။ ။ ကောင်းသောအိပ်မက်တစ်ခု ဖြစ်လေသည်။ တစ်ဦးတစ်ယောက်တည်း ကနေသည်ကို တွေ့ရပါက ရှေ့ကြုံကိစ္စတွင် အောင်မြင်လိမ့်မည်၊ သို့မဟုတ် အများ ကနေကြသည်ကို မြင်မက်ပါက အချစ်ကိစ္စနှင့် ပတ်သက်၍ အောင်မြင်မှု ရရှိမည် ဖြစ်လေသည်၊ မိမိကိုယ်တိုင် ကနေသည်ကို မြင်မက်လျှင် ရှာထူးဂုဏ်ထူး ပိုးတက်မည်ကို

www.burmeseclassic.com



ဖော်ပြခြင်း ဖြစ်လေသည်။

ကလေးသူငယ်။ ။ ကလေးငယ်တစ်ယောက်သည် ဖျားနာနေသည်ဟု အိပ်မက်တွင်တွေ့ရလျှင် သင့်အဖို့ ကျန်းမာရေးနှင့် ပြည့်စုံနေမည်ဖြစ်သည်၊ သို့မဟုတ် သင်ချစ်ခင်သော ကလေးငယ်တစ်ဦး၏ ကျန်းမာရေး ကောင်းမွန်စိတ်ချရပေသည်၊ မြင်မက်သူသည် အိမ်ထောင်ရှင်မဟုတ်ဘဲ ကလေးတစ်ဦးကို ပြုစုယုယနေရသည်ဆိုလျှင် ကံမကောင်းခြင်း၏ အမှတ်အသားဖြစ်သည်၊ ထိုအိပ်မက်ကို အိမ်ထောင်ရှင်တို့ မြင်မက်လျှင်မူ ကောင်းသော အထိမ်းအမှတ် ဖြစ်လေသည်၊ မိမိ မသိရှိဖူးသော ကလေးငယ်တစ်ဦးကို တွေ့ရသည်ဟု မြင်မက်လျှင် စိတ်ပျက်စရာကောင်းသော အဖြစ်အပျက် တစ်ခုခုနှင့် ရင်ဆိုင်ရလိမ့်မည်၊ ယောက်ျား ကလေးငယ်တစ်ဦးကို မြင်မက်လျှင် မိမိ၏အလုပ်အကိုင်တွင်သော်လည်းကောင်း၊ အိမ်တွင်း၌သော်လည်းကောင်း ပျော်ရွှင်မှုတို့ ရောက်လာပေလိမ့်မည်၊ ကလေးငယ်များနှင့် ပတ်သက်၍ မြင်မက်သော အိပ်မက်တို့သည် များသောအားဖြင့် ကံကောင်းသော အမှတ်အသားပင် ဖြစ်လေသည်၊ ကလေးငယ်တစ်ဦး သေဆုံးသွားသည်ဟု မြင်မက်သောအခါ သင်သည် ရုတ်တရက် ဝမ်းနည်းခြင်း ဖြစ်မိမည် ဖြစ်သော်လည်း အမှန်အားဖြင့် သင့်အတွက် ပျော်ရွှင်စရာကောင်းသော အဖြစ်အပျက်တို့ ရောက်ရှိလာပေလိမ့်မည်။

ကဏန်းကောင်။ ။ ကောင်းသောအိပ်မက်တစ်ခု မဟုတ်ပေ။ ချေးရေနှင့်ပတ်သက်၍ဖြစ်စေ၊ အခြားခရီးသွားရင်းလာရင်းဖြစ်စေ၊ ဘေးဥပဒ်တို့ ကျရောက်လာမည်ဖြစ်သော်လည်း အတိမ်အနက် ကြီးမားသောဒုက္ခကို မဖြစ်စေနိုင်ချေ။

www.burmeseclassic.com

www.burmeseclassic.com



**ကရားအိုး။** ။ သင်သည် ကရားအိုးတစ်ခုထဲမှ အရည်ကိုသောက်ရသည်ကို တွေ့ရလျှင် ခရီးသွားရမည်ဖြစ်သည်၊ ကရားသည် ကြီးမားသည်ဆိုလျှင် ခရီးရှည်လျားလိမ့်မည်၊ ကရားငယ်ဖြစ်လျှင် အနီးအပါးခရီးသို့ သွားရလိမ့်မည်ဖြစ်၏၊ သင်သောက်ရသော အရည်တို့သည် ကောင်းမွန်ခြင်း၊ မကောင်းမွန်ခြင်းတို့သည် ထိုခရီးသည် ကောင်းမည် ဆိုးမည်တို့ ဖော်ပြ၏။

**ကစားပွဲ။** ။ သင်သည် ကစားပွဲတစ်ခုတွင် ပါဝင်ကစားရသည်ဟု မြင်မက်သည်ဖြစ်စေ၊ သို့မဟုတ် အခြားသူများ ကစားကြသည်ကို ကြည့်နေရသည်ဖြစ်စေ အဓိပ္ပါယ်မှာ ၎င်းကစားပွဲပေါ်တွင် မူတည်နေ၏၊ အကယ်၍ အောင်မြင်သည်ဆိုလျှင် သို့မဟုတ် သင်အားပေးသူတို့ အောင်မြင်သည်ဆိုလျှင် ငွေကြေးနှင့် ပတ်သက်၍ ကံကောင်းခြင်းနှင့် သတင်းကောင်းတို့ ကြားရပေလိမ့်မည်၊ အလုပ်အကိုင်တို့ အဆင်ပြေလိမ့်မည်၊ သို့မဟုတ်ဘဲ ရှုံးနိမ့်လျှင် သတင်းဆိုးတို့ ကြားရမည်ဖြစ်သည်၊ ကစားပွဲသည် ဖဲချပ်များဖြစ်လျှင် မကောင်းချေ၊ ခိုက်ရန်ဖြစ်ပွားလိမ့်မည်။

**ကမ္ဘာလုံး။** ။ ကမ္ဘာလုံး၊ သို့မဟုတ် ဂြိုဟ်တစ်ခုခုကဲ့သို့ မြင်မက်သော အိပ်မက်သည် အလွန်ကောင်းပေသည်၊ အထူးသဖြင့် သင့်လုပ်ငန်းများသည် ခရီးသွားလာမှုနှင့် ပတ်သက်နေပါက ငွေကြေးများစွာ ဝင်ရောက်လိမ့်မည်။

**ကုလားအုတ်။** ။ ရဲရင့်ခြင်း အမှတ်အသားဖြစ်သည်၊ သင်သည် ကုလားအုတ်ကိုစီး၍ ခရီးသွားရသည်ဟု မြင်မက်လျှင် စွန့်စားစားဖြင့် အလုပ်တစ်ခုကို လုပ်ကိုင်ရမည်၊ ခရီးတွင် အနှောင့်အယှက်တို့ ဖြစ်နေပါက သင်စွန့်စားမှုကြောင့် အန္တရာယ်ကျရောက်လိမ့်မည်၊ ကုလားအုတ်အသေကို မြင်မက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ကံကောင်း၏။ လုပ်ငန်းအသစ်တွင် ထူးထူးခြားခြား အောင်မြင်လိမ့်မည်။

ကြွက်။ ။ ရန်သူတို့နှင့် တွေ့လိမ့်မည်၊ ကြွက်ကို တွေ့ရသည်ဖြစ်စေ၊ ကြွက်ငှသကို လွှင့်ပစ်ရသည်ဖြစ်စေ သင့်အား ရန်လိုသူတို့က တိုက်ခိုက်မှု ပြုမည်ဖြစ်၏။ ကြွက်က ကိုက်သည်ဟု မြင်မက်လျှင် မမျှော်လင့်ဘဲ ငွေကြေးကုန်ကျမှု ပေါ်လာလိမ့်မည်။

ကြယ်။ ။ ကြယ်တို့သည် ကောင်းကင်၌ တောက်ပနေလျှင် ငွေကြေးအတွက် ကံကောင်းသည်၊ အကြံအစည် အလုပ်အကိုင်တို့ အောင်မြင်မည်၊ ကြယ်တို့သည် မှေးမှိန်လျက်ရှိမှု သင့်အား လိမ်လည်လှည့်ဖြားမည့်သူတို့ ရှိနေသည်၊ ကြယ်တစ်ပွင့်သည် တဖြည်းဖြည်း လင်းလာဝါက ဆွေမျိုးသားချင်း ရင်းနှီးသူတို့ အထဲမှ တစ်ဦးဦးနှင့် ပတ်သက်သော ဝမ်းသာစရာသတင်းများ ကြားရလိမ့်မည်။

ကျား။ ။ ရန်သူနှင့်ပတ်သက်သည်၊ ကျားသည် အိပ်ပျော်နေခြင်း၊ သေနေခြင်း၊ လှောင်အိမ်ထဲတွင် ရှိနေခြင်း စသည်ကိုမြင်မှု သင်က ရန်သူကို အောင်နိုင်မည်၊ ကျား၏ အန္တရာယ်ပြုခြင်းကို သင်ခံရပါက သင်သည် ရန်သူကို ရှုံးနိမ့်လိမ့်မည်။

ကြိုး။ ။ ကြိုးနှင့်ပတ်သက်သော အိပ်မက်ဟူသမျှသည် မတော်တဆ ထိခိုက်မှုကို သတိပေးခြင်းဖြစ်သည်၊ ကြိုးထုံးကို ဖြေနေသည်ဟု မြင်မက်လျှင် နာမကျန်းဖြစ်မည်၊ ရောဂါတစ်ခုခုရရှိမည်။

ကြယ်ပုံ။ ။ ကြယ်ပုံ ဥပါဒ်များတို့ကို တွေ့မြင်ရလျှင် စိတ်နှင့်ပတ်သက်သော သတင်းကို ကြားရလိမ့်မည်။

ကြက်တူရွေး။ ။ စကားပြောသည့် ကြက်တူရွေးကို မြင်မက်လျှင် ကံကောင်းသည်၊ အသိမိတ်ဆွေများ၏ အကူအညီရှိင်းပင်း

www.burmeseclassic.com

www.burmeseclassic.com



မှုကြောင့် ငွေကြေးကိစ္စ၊ အလုပ်အကိုင်ကိစ္စတို့ အောင်မြင်မည်၊ လှောင်အိမ်ထဲမှ ကြက်တူရွေးကို တွေ့ရလျှင် မိတ်ဆွေအတု အယောင်တို့ကြောင့် စိတ်ဆင်းရဲခြင်း ဖြစ်ရမည်၊ မိတ်ဆွေများကို ကူညီမိသဖြင့် ဒုက္ခရောက်လိမ့်မည်။

**ကျီးကန်း။** ။ သတိပေးသော အိပ်မက်ဖြစ်သည်၊ တစ်စုံတစ်ခုသော ဒုက္ခချရောက်လိမ့်မည်၊ ငှင်းကျိုးကန်းသည် ပျံသန်းသွားလျှင် ဒုက္ခကြုံတွေ့ရသော်လည်း လွတ်မြောက်မည်၊ ပျံသန်းရာမှ ရောက်ရှိလာသည်ကို တွေ့ရှိလျှင်မူ အထူးသတိကြီးစွာ ထားရမည့် အိပ်မက်ဖြစ်သည်။

**ကျွေးသစ်။** ။ ခရီးရှည်သွားရခြင်း၊ ရပ်ဝေးမှမိတ်ဆွေများနှင့် တွေ့ရခြင်းကို ဖော်ပြ၏၊ သို့မဟုတ်က ရပ်ဝေးမှမိတ်ဆွေအသိအကျွမ်းများနှင့် ပတ်သက်သည့် သတင်းထူးကို ကြားရမည်ဖြစ်သည်။

**ကြာမှင့်။** ။ ကောင်းသော အမှတ်အသားဖြစ်၏၊ ကြာမှင့်သည် ကြီးမားခြင်း၊ လန်းဆန်းခြင်းတို့ တွေ့ရပါက ဝမ်းသာပျော်ရွှင်စရာ အဖြစ်အပျက်သည် မကြာမီရက်ပိုင်းတွင် တွေ့ကြုံရမည်၊ လက်ထဲတွင် ကြာမှင့်ကြီးများကို ကိုင်တွယ်ထားသည်ကို တွေ့ရပါက သင့်အား ချစ်သူတစ်ယောက်က ကူညီမှု ပေးလိမ့်မည်။

**ကြောင်။** ။ ရင်းနှီးသော မိတ်ဆွေတစ်ယောက်ကြောင့် စိတ်ဒုက္ခရောက်ရလိမ့်မည်၊ ကြောင်ကိုက်ခြင်း၊ ကုတ်ခြင်းခံရသည်ဟု မြင်မက်ပါက မိဘ အကြီးအကဲ စသည်နှင့် စိတ်သဘော ကွဲလွဲမှုကြောင့် စိတ်ဆင်းရဲခြင်း ဖြစ်လိမ့်မည်၊ ကြောင် အော်သည်ဆိုလျှင် သင့်မိတ်ဆွေတစ်ဦးအား ဒုက္ခကို ကူညီရလိမ့် မည်၊ ကြောင်သေကို တွေ့ရလျှင် ရန်သူတို့ ထိခိုက်ခြင်းကို

www.burmeseclassic.com

www.burmeseclassic.com



ခံရမည်၊ ငွေကြေးကုန်ကျမှုဖြစ်သည်။

ကျီးပေါက်စ။ ။ အသိုက်ထဲမှ ကျီးပေါက်စကလေးများကို မြင်မက်လျှင် မမျှော်လင့်ဘဲ ခိုက်ရန်ဖြစ်ပွားရတတ်သည်၊ အထူးသဖြင့် သင်၏ အိမ်နီးနားချင်းတို့နှင့် ခိုက်ရန်ဖြစ်ရလိမ့်မည်။ ကျီးပေါက်ကလေးများ အော်နေသည်ကိုမြင်လျှင် ချစ်ခင်သူနှင့် ကွေကွင်းရမည်၊ စိတ်သဘောထား ပြောင်းလဲသွားလိမ့်မည်။

ကြက်။ ။ ကြက်အမြောက်အများကို မြင်မက်လျှင် ကောင်းသောအိပ်မက်ပင်ဖြစ်၏၊ ကြက်တစ်ကောင်သည် မှိုင်လျက်နာနေသည့်ပုံမျိုးမြင်တွေ့ရလျှင် ငွေကြေးကြပ်တည်းမှုနှင့် ရင်ဆိုင်ရလိမ့်မည်၊ ကြက်နှစ်ကောင်ခွပ်နေသည်ကို တွေ့မြင်ရလျှင် လူအများ၏ ပြစ်တင်ကဲ့ရဲ့ခြင်းကို ခံရမည်၊ အရှက်ရလိမ့်မည်။

ကြက်မ။ ။ ကြက်မကို မြင်သည်ဖြစ်စေ၊ ၎င်းအော်နေသည်ကို မြင်မက်သည်ဖြစ်စေ၊ သို့မဟုတ် အစာကောက်နေသည်ကို တွေ့ရလျှင် ကံကောင်းသောအိပ်မက် ဖြစ်လေသည်၊ ကြက်မကျင်းထဲတွင် 'အု'နေသည်ကို တွေ့ရလျှင် မမျှော်လင့်သောနေရာမှ ငွေများရရှိလိမ့်မည်၊ ကြက်မသည် နာနေခြင်း၊ မှိုင်နေခြင်း၊ သို့မဟုတ် သေနေခြင်းကို မြင်မက်လျှင် မကောင်းချေ၊ ထိုအဓိပ္ပါယ်မှာ ကြီးစွာသော စိတ်ပျက်မှုနှင့် တွေ့ရမည် ဖြစ်လေသည်၊ ကြက်ငယ်ကလေးများနှင့် အစာရှာစားနေသည်ကို မြင်မက်လျှင် အောင်မြင်ခြင်း၊ ပျော်ရွှင်ခြင်း အဓိပ္ပါယ်ရှိလေသည်။ သို့ရာတွင် ထိုပျော်ရွှင်မှုမှာ ချက်ခြင်းမဟုတ်ဘဲ ကာလကြာမှ ခံစားရမည်ဖြစ်သည်။

ကစားသည်။ ။ ကလေးများ ကစားနေသည်ကိုလည်းကောင်း၊ သင်ကိုယ်တိုင် ကစားနေသည်ကိုလည်းကောင်း မြင်မက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်သော ပျော်ရွှင်မှုနှင့် တွေ့ရလိမ့်မည်။

ကုလားထိုင်။ ။ ကလေးမွေးဖွားခြင်းနှင့် ပတ်သက်သည့်သတင်းကို ကြားရလိမ့်မည်၊ ကုလားထိုင်ပေါ်တွင် ထိုင်နေရာမှ လဲကျသည် ဆိုလျှင် အချစ်ရေး အရှုပ်အရှင်း ဖြစ်လိမ့်မည်၊ မမျှော်လင့်သော ပြဿနာများကြောင့် ချစ်သူချင်း စကားများရလိမ့်မည်။

ကြက်ကလေးများ။ ။ ကြက်ကလေးများ အစာစားနေသည်ကို မြင်မက်လျှင် ပျော်ရွှင်မှု၊ အောင်မြင်မှုတို့ ရရှိလိမ့်မည်၊ ကြက်ကလေးများမှာ မှိုင်နေခြင်း၊ နာမကျန်းဖြစ်နေခြင်း၊ သေနေခြင်း စသည်တို့ကို မြင်မက်လျှင် မကောင်းချေ၊ စိတ်ပျက်ဖွယ်သတင်းမျိုး ကြားရခြင်း၊ ကိုယ်တိုင် ဒုက္ခ ရောက်ရခြင်းဖြစ်မည်။

ကျောက်တုံး။ ။ ကျောက်တုံးများ ပုံလျက်သားရှိသည်ကို မြင်မက်လျှင် သင့်ချစ်သူ၏ စိမ်းကားခြင်းကို ခံရလိမ့်မည်၊ သင့်ချစ်သူသည် သစ္စာမဲ့မှု တစ်ခုကို ပြုလိမ့်မည်၊ ကျောက်တုံးများသည် လွင့်စဉ်၍ ကျလာသည်ဟု မြင်မက်လျှင် မိတ်ဆွေသူငယ်ချင်းတို့ သစ္စာဖောက် အကောက်ကြံလိမ့်မည်၊ ကိုယ်စိတ်ပင်ပန်းမှု ဖြစ်လိမ့်မည်။

ကျောင်း။ ။ စာသင်ကျောင်းနှင့် ပတ်သက်၍ မြင်မက်ခြင်း၊ စာသင် ကျောင်းထဲတွင် ရောက်ရှိနေခြင်း စသည်တို့မြင်မက်လျှင် အမှုကိစ္စ တစ်စုံတစ်ရာ ဖြစ်လိမ့်မည်၊ ရုံး၊ ဂါတ် စသည်တို့နှင့် စကားပြောရတတ်သည်။

ကျောင်းသား။ ။ ကျောင်းသားများ သွားလာနေသည်ကို မြင်မက်လျှင် ဂု ကောင်းသည်၊ ချစ်သူအသစ်၊ မိတ်ဆွေအသစ်တို့ တွေ့ရှိမည်။

ကြိမ်လုံး။ ။ ကြိမ်လုံးဖြင့် သင့်ကို ရိုက်ခြင်းခံရသည်ဟု မြင်မက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



သော်လည်းကောင်း၊ သို့မဟုတ် အခြားသူအား ကြိမ်ဖြင့် ရိုက်နေသည်ကို တွေ့မြင်ရလျှင်သော်လည်းကောင်း။ မကောင်းသော အမှတ်အသားဖြစ်သည်၊ အလုပ်အကိုင်တို့တွင် ဆုံးပါး ပျက်စီးလိမ့်မည်၊ ဤအိပ်မက် မက်ပြီးနောက် တစ်ပတ်အတွင်း မည်သည့်လုပ်ငန်းကိုမှ စတင်မလုပ်ကိုင်သင့်၊ စွန့်စွန့်စားစား လုပ်ရမည့် လုပ်ငန်းများ လုပ်ကိုင်မိပြီး ဖြစ်လျှင်လည်း ဆက်လက်မလုပ်သင့်ပေ။

ကြေး။ ။ ကြေးအိုး၊ ကြေးခွက်၊ ကြေးလက်ဝတ်လက်စားများ မြင်မက်လျှင် ငွေကြေးရရှိတတ်သည်၊ ကြေးအရောင်များမှာ တောက်ပြောင်နေပါက မကြာမီပင် ငွေကြေးဝင်မည်ဖြစ်ပြီး မှုန်မှိုင်းနေပါက ကြန့်ကြာမည် ဖြစ်လေသည်။

ကြေးနန်း။ ။ ကြေးနန်းနှင့်ပတ်သက်သော ကိစ္စများ၊ တယ်လီဖုန်း စသည်များ မြင်မက်ခြင်းသည် သာမန်ရိုးရိုးအဓိပ္ပါယ်ပင်ဖြစ်သည်၊ ရပ်ဝေးမှ သတင်းနှင့်လူတို့ ရောက်ရှိလိမ့်မည်၊ ကြေးနန်း စကားသည် ကောင်းလျှင် သင့်အဖို့ ကောင်းသောအဓိပ္ပါယ် ဖြစ်ပြီး ဆိုးလျှင် ဆိုးသောအဓိပ္ပါယ်ပင် ရရှိလေသည်။

ကာယ်ဆယ်သည်။ ။ သင့်အား တစ်စုံတစ်ရာ အန္တရာယ်မှ ကယ်တင်ခြင်း ခံရသည်ဟု မြင်မက်ခြင်းသည် အချစ်ရေးနှင့်ပတ်သက်၍ ကံကောင်းခြင်း၊ ပျော်ရွှင်ရခြင်းကို ဆော်ပြသည်၊ သင်က တခြားသူ တစ်ဦးဦးကို ကယ်ဆယ်ရသည်ဟု မြင်မက်လျှင် မိမိချစ်သောသူနှင့် စကားများရခြင်း၊ အစွပ်စွဲခံရခြင်း ဖြစ်လိမ့်မည်။

ကျရှုံးသည်။ ။ အချစ်ကိစ္စတွင်ဖြစ်စေ၊ အလုပ်အကိုင်တွင်ဖြစ်စေ၊ စာမေးပွဲတွင်ဖြစ်စေ ကျရှုံးသည်ဟု မြင်မက်လျှင် အရာရာတိုင်း

www.burmeseclassic.com

www.burmeseclassic.com



တွင် ကံကောင်းနေပါလိမ့်မည်။

**တက်ကြေး။** ။ အိမ်ထောင်မဲ့သူများအဖို့ ကံကောင်းသောအိပ်မက်ပင် ဖြစ်သည်၊ သို့ရာတွင် အိမ်ထောင်ရှိသူတို့အဖို့ကား မကောင်းချေ၊ အချစ်ရေးတွင် အဆင်မပြေခြင်း၊ ချစ်ခင်သူ များခြင်းကို တွေ့ကြုံရလိမ့်မည်။

**ကျော်ဇော။** ။ အလွန်ထူးခြားကောင်းသည့် အိပ်မက်ဖြစ်သည်၊ ငွေကြေး၊ အချစ်ရေး အားလုံးတွင် ထူးထူးခြားခြား အောင်မြင်မည်ဖြစ်သည်၊ ကျော်ဇောပေါ်တွင် ထိုင်နေရသည်ဟု မြင်မက်လျှင် မမျှော်လင့်သော ငွေကြေး၊ အချစ်ရေးတို့ ဖန်တီးလာမည်။

**ကျီစားသည်။** ။ မျှော်လင့်ထားသမျှတို့သည် ဖြစ်မလာဘဲ စိတ်ပျက်ဖွယ်ရာ ကြုံတွေ့ရလိမ့်မည်၊ သင့်က ကျီစားသည်ဟု မြင်မက်လျှင် ကောင်းသည်။

**ကျွတ်အာကျို။** ။ ကုတ်အင်္ကျီသည် ကျုံ့နေသေးသပ်ခြင်း၊ အသစ်ဖြစ်ခြင်း သည့် သင့်ကို ချစ်ခင်နေသူက ဖွင့်ဟပြောလိမ့်မည်၊ ၎င်းမှာ စုတ်ပြဲနေခြင်း၊ ဟောင်းနွမ်းနေခြင်းကို မြင်မက်မှု ငွေကြေး ခက်ခဲမှုနှင့် ရင်ဆိုင်ရလိမ့်မည်၊ ကုတ်အင်္ကျီကို သင်ဝတ်ဆင်ရသည်ဟု မြင်မက်လျှင် မဖြေရှင်းနိုင်သော ပြဿနာအခက်အခဲ တစ်ခုနှင့် တွေ့ရလိမ့်မည်။

**ကျွရှင်ခုံ။** ။ ထိုင်ခုံသည် သေသပ်ပြီး ထိုင်၍ နူးညံ့ပျော့ပျောင်းသည်ကို တွေ့မှု အိမ်တွင်းရေး ပျော်ရွှင်မှုကို ရကြမည်ဖြစ်၏၊ အကယ်၍ ထိုင်ခုံသည် စုတ်ပြဲနေမှု အိမ်တွင်းရေးပြဿနာကို ဖြေရှင်းရမည်။

**ကျောက်ဆူး။** ။ ကျောက်ဆူးသည် ရေနက်ထဲတွင် ချထားသည်ကို မြင်မက်ပြီး ဆွဲတင်မရကြောင်း တွေ့ရလျှင် ပွယ်ကူသော တိစ္ဆများ ခက်ခဲလာလိမ့်မည်၊ အကယ်၍ ကျောက်ဆူးကြီး

www.burmeseclassic.com

www.burmeseclassic.com



တန်းလန်းနှင့် တွေ့ရလျှင် ပြုလုပ်ဆဲကိစ္စများ ရပ်ဆိုင်းလိုက်ရလိမ့်မည်၊ ချစ်သူတို့၏ဖိနပ် ကျောက်ဆူးကို မြင်မက်ခဲ့သော် တစ်ဦးနှင့်တစ်ဦး ချစ်ရာမှ မုန်းတီးစရာများ ဖြစ်လာမည်၊ အချစ်ရေးတွင် ရှုပ်ထွေးသော ပြဿနာများ ဝင်ရောက်လာလိမ့်မည်၊ အိမ်ထောင်ရှင်များအဖို့ရာတွင် သားသမီးနှင့် ပတ်သက်၍သော်လည်းကောင်း၊ အိမ်တွင်းရေးကိစ္စများနှင့် ပတ်သက်၍သော်လည်းကောင်း စိတ်ဆင်းရဲခြင်းဖြစ်မည်။

ကာတွန်ရား။ ။ ခိုက်ရန်ဒေါသဖြစ်ခြင်း၏ အထိမ်းအမှတ်ဖြစ်သည်၊ အထူးသဖြင့် ခင်မင်ရင်းနှီးသူများနှင့် ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံရခြင်းတို့ ပေါ်ပေါက်လာလိမ့်မည်။

ကော်ဖီမှုန့်။ ။ အိမ်ထောင်မရှိသူများ မြင်မက်လျှင် လက်ထပ်ရတတ်သည်၊ ကော်ဖီမှုန့်များကို ဖျော်နေသည်ဟု မြင်မက်လျှင် ကံကောင်း၏၊ ချမ်းသာကြွယ်ဝသော ချစ်သူနှင့်တွေ့ရမည်။

ကြည့်မှန်။ ။ မှန်၏ရှေ့တွင်ရပ်လျက် သင့်ကိုယ်သင် ပြန်ကြည့်နေသည်ဟု မြင်မက်လျှင် ရင်းနှီးသူတို့ အထင်အမြင်လွဲခြင်း ခံရတတ်သည်၊ ၎င်းမှန်သည် မှုန်၍နေလျှင် ငွေကြေးကိစ္စအတွက် အရှုပ်အရှင်းဖြစ်မည်။

ကြောက်ရွံ့သည်။ ။ မည်သည့်အတွက် ကြောက်ရွံ့မှန်း မသိဘဲလျက် အိပ်မက်ထဲတွင် ကြောက်ရွံ့နေပါက သင့်အတွက် စိုးရိမ်မကောင်းဖြစ်နေသော ကိစ္စများ ပြေပျောက်ရှင်းလင်းကုန်လိမ့်မည်။

ကောက်သည်။ ။ ဆံပင်များ ကောက်ကွေးကုန်ခြင်း၊ သို့မဟုတ် ဖြောင့်စင်းနေသောအရာများ ကောက်သွားခြင်းကို မြင်မက်ရပါက ရောဂါအန္တရာယ် တစ်ခုခုနှင့် တွေ့ရတတ်၏၊ ရုတ်တရက်နာမကျန်းဖြစ်မည်၊ ထို့ကြောင့် ငွေကြေးပြတ်တည်းမှုဖြစ်မည်၊

www.burmeseclassic.com



၇

သင်သည် ကောက်နေသောအရာကို ပြန်၍ဖြောင့်သွားအောင် ကြိုးစားသည်ဟု မြင်မက်ပါက ကျန်းမာရေးသည် ကောင်းမွန်လာမည်။

**ကပ်ရောဂါ။** ။ မည်သည့်ကပ်ရောဂါမျိုးကို မြင်မက်သည်ဖြစ်စေ၊ မတော်တဆ ဘေးဥပဒ်ကို စိုးရိမ်ရလေသည်၊ သတိရှိရန် လိုအပ်လှသည်။

**ကွာရှင်းသည်။** ။ အိမ်ထောင်ရှင်များအဖို့ လင်နှင့်မယား ကွာရှင်းရသည်ဟု မြင်မက်ခြင်းသည် ကောင်းသောအိပ်မက်တစ်ခုပင် ဖြစ်လေသည်၊ သင်၏ခင်ပွန်းသည် ဇနီးသည်သည် သစ္စာတည်ကြည်သူ တစ်ဦးဖြစ်သည့်ကို ဖော်ပြခြင်း ဖြစ်လေသည်။

**ကန့်ကွက်သည်။** ။ သင်သည် အကြောင်းတစ်စုံတစ်ရာကို မကျေနပ်သဖြင့် ကန့်ကွက်ပြောဆိုရသည်ဟု မြင်မက်ပါက လက်ရှိအခြေအနေ နိမ့်ကျခြင်း၊ ဂုဏ်သရေထိခိုက်ခြင်း ဖြစ်လေသည်။

**ကောင်းကင်။** ။ ကောင်းကင်သည် ကြည်လင်ရှင်းလင်းနေလျှင် ကောင်းမွန်သော အိပ်မက်တစ်ခုဖြစ်သည်၊ ခရီးသွားခြင်းဖြင့် ငွေကြေးဝင်မည်၊ အကယ်၍ မိုးသားတို့ဖြင့် ပြည့်နှက်နေလျှင် သော်လည်းကောင်း၊ မှောင်မည်းနေလျှင်သော်လည်းကောင်း မကောင်းချေ၊ ဒုက္ခတစ်ခုခုနှင့် ရင်ဆိုင်ရလိမ့်မည်။

**ကတ္တီပါ။** ။ ကတ္တီပါအဝတ်အထည်နှင့် ပတ်သက်၍ မြင်မက်သော အိပ်မက်သည် သင်၏ရည်ရွယ်ချက်များ အောင်မြင်မည်ကို ဖော်ပြခြင်းဖြစ်၏၊ အကယ်၍ ထိုကတ္တီပါအဝတ်သည် စုတ်ပြဲနေမည်ဆိုလျှင် သင့်မျှော်မှန်းချက်များ ပျက်စီးမည့် နိမိတ်ပင် ဖြစ်လေသည်။

**ကုန်းမြေ။** ။ ကုန်းမြေပေါ်တွင် တဲ၊ အိမ် စသည့်အဆောက်အအုံများ

www.burmeseclassic.com

www.burmeseclassic.com



မြင်ရလျှင်ကောင်း၏၊ ငွေကြေးကိစ္စများ အဆင်ပြေမည်၊ ရောင်းဝယ်မှုကြောင့် ငွေကြေးအမြတ်အစွန်းရှိမည်၊ မည်သည့် အခေါက်အအုံမှ မရှိဘဲ သစ်ပင်ချုံပုတ်များသာ ရှိသည်ကို တွေ့ရသည်ဆိုလျှင် မကောင်းချေ၊ ငွေကြေး ဆုံးရှုံးနစ်နာမည်။

ကွင်းကျယ်။ ။ သင်သည် ကွင်းအကျယ်ကြီးကို မြင်ရသည်ဆိုပါက လွတ်လပ်မှုကို ရရှိမည်၊ စိတ်လက်ပေါ့ပါးပြီး စိတ်ချမ်းသာမည်၊ ကွင်းကျယ်ကြီးကို ဖြတ်သန်းလျှောက်နေရသည်ဆိုလျှင် ရည်မှန်းချက်တို့သည် ခက်ခဲပင်ပန်းမှုနှင့် ရင်ဆိုင်တိုးနေသဖြင့် နှောင့်နှေးကြန့်ကြာလိမ့်မည်၊ ကွင်းကျယ်ကြီးသည် မြေပြောင်ဖြစ်လျက် သစ်ပင်မြက်ပင်တို့ မရှိပါက ဝင်ငွေနည်းပါးခြင်းများကို ကြာရှည်စွာ ဖြစ်နေလိမ့်မည်၊ စိမ်းလန်းသော မြက်ခင်းများ၊ သစ်ပင်များ ပြည့်နှက်နေပါက ချမ်းသာသုခကို မကြာမီပင် ရရှိလိမ့်မည်။

ကန်းသည်။ ။ သင်သည် မျက်စိကန်းလျက် ဘာကိုမှမမြင်ရဟု မြင်မက်လျှင် အလွန်ကောင်းသော အိပ်မက်ဖြစ်သည်၊ မကြာမီ မိမိလိုအင်ဆန္ဒများ ပြည့်စုံပြီးမြောက်လိမ့်မည်၊ အတယ်၍ ကန်းနေသူတစ်ဦးနှင့် ဆက်ဆံပြောဆိုရသည်ဟု မြင်မက်လျှင် အိမ်ထောင်ရေးတွင် စိတ်အနှောင့်အယှက်ဖြစ်စရာ၊ သက်သာမကောင်း ဖြစ်စရာများ ဖြစ်ပေါ်လိမ့်မည်။

ကြယ်သီး။ ။ အကျႌ၏ ကြယ်သီးကလေးများကို တပ်ဆင်နေရသည်ဟု မြင်မက်ပါက ကောင်းသည်၊ အလုပ်အကိုင်တို့ အဆင်ပြေချောမောမည်၊ ကြယ်သီးများကို ဖြုတ်နေသည်ဟု မြင်မက်ပါက မကောင်းချေ၊ အလုပ်အကိုင်တို့ လွဲချော်တတ်သည်၊ စိတ်ပျက်စရာ ပြဿနာများနှင့် ရင်ဆိုင်ရမည်၊ ကြယ်သီးများ ကျွံကြေကုန်သည်ကို မြင်မက်လျှင် ရန်သူနှင့်တွေ့တတ်၏။

www.burmeseclassic.com



ကောက်နှံ။ ။ ကောက်နှံများကို မြင်မက်လျှင် အလွန်ဝမ်းသာ ပျော်ရွှင်စရာကောင်းသော သတင်းစကား ကြားရမည်၊ သာယာ ကြည်နူးဖွယ် ခရီးရှည်များ သွားရမည်၊ ကောက်နှံများ ပျက်စီး နေသည်ကို တွေ့ရပါက မကောင်းချေ၊ ငွေကြေးတို့ ခိုးယူ ပျောက်ဆုံးတတ်သည်။

ကိတ်မုန့်။ ။ အလွန်ကောင်းသော အိပ်မက်ဖြစ်သည်၊ သင်သည် ကိတ်မုန့်ဖုတ်နေခြင်း သို့မဟုတ် ကိတ်မုန့်ဖုတ်ရန် ပြင်ဆင်နေခြင်း စသည်တို့ကို မြင်မက်လျှင် ကျန်းမာပျော်ရွှင်မှုအတွက် ကောင်းမွန်ပေသည်၊ ကိတ်မုန့်ကို ဝယ်ယူခြင်း၊ စားခြင်း စသည်ဖြင့် မြင်မက်လျှင်လည်း ကောင်းမွန်ပေသည်။

ကောက်ရိတ်သည်။ ။ ကောက်ရိတ်ခြင်းကို မြင်မက်၍ အိပ်မက်တွင် ပျော်ရွှင်နေရလျှင် ကြီးစွာသော အောင်မြင်မှုမျိုးအတွက် ကံကောင်းပေလိမ့်မည်၊ ပင်ပန်းခြင်း၊ စိတ်ညစ်ခြင်း ဖြစ်ရလျှင် အလုပ်အကိုင်တို့၌ ဆုံးရှုံးနစ်နာလိမ့်မည်။

ကန်စွန်းပင်။ ။ သန့်မာလန်းဆန်းသော ကန်စွန်းပင်များကို တွေ့မြင် ရသည်၊ ဝယ်ယူရသည်ဟု မြင်မက်လျှင် သင့်လိုအင်ဆန္ဒများ အားလုံးပြည့်စုံလာမည်၊ ညှိုးနွမ်းနေသည်ကို တွေ့မြင်ရလျှင်မူကား ငွေကြေး ဆုံးရှုံးနစ်နာမည်၊ ကန်စွန်းရွက်များ စားသောက်ရသည် ဟု မြင်မက်လျှင် ငွေကြေးအောင်မြင်မည်၊ သို့ရာတွင် နှောင့်နှေး ကြန့်ကြာမည်။

ကန်ကျောက်သည်။ ။ သင်သည် တစ်စုံတစ်ယောက်အား ကန်ကျောက် သည်ဟု မြင်မက်လျှင် ထိုင်းခြားသားတို့နှင့် အမှုအခင်းဖြစ်ရမည်၊ တိရစ္ဆာန်တစ်ကောင်ကောင်၊ ဥပမာ–ခွေး ကြောင် စသည်တို့ကို ကန်ကျောက်သည်ဟု မြင်မက်လျှင် အိမ်တွင်းရန်နှင့် တွေ့ရမည်၊

www.burmeseclassic.com

www.burmeseclassic.com



သင့်ကို ဘစ်စုံတစ်ယောက်က ကန်ကျောက်သည်ဟု မြင်မက်လျှင် ကောင်းပေသည်၊ မမျှော်လင့်သော ငွေကြေးတို့ ရရှိတတ်သည်၊ ပျောက်ဆုံးသော ပစ္စည်းများ ပြန်ရရှိမည်။

ကျောက်စရစ်ခဲ။ ။ ကျောက်စရစ်ခဲပုံကြီးများကို မြင်မက်လျှင်ဖြစ်စေ၊ သို့မဟုတ် ထိုကျောက်စရစ်ခဲပုံကြီးကို ကျော်ဖြတ်ရသည်ဟု မြင်မက်ရသည်ဖြစ်စေ ကံကောင်းအောင်မြင်သော ခရီးသို့ သွားရမည်၊ ထိုခရီးသွားခြင်းဖြင့် မိမိအဆင်ပြေသော အလုပ်အကိုင်များ ရရှိလုပ်ကိုင်ရမည်။

ကြေးနီ။ ။ ကြေးနီပစ္စည်းနှင့် ပတ်သက်သော အိပ်မက်တို့သည် မကောင်းချေ၊ ဆိုးရွားသော နိမိတ်တို့ပြခြင်းကိုဖြစ်၏၊ အခြေအနေ အရပ်ရပ်တို့ ပျက်စီးဆုံးရှုံးခြင်း ဖြစ်မည်ကိုပြ၏၊ သင်၏ ယုံကြည်စိတ်ချရသော သူတို့၏ နှောင့်ယှက်မှုကို အထူးသတိပြုအပ်၏၊ ထိုသူတို့ကြောင့် ဒုက္ခရောက်ရလိမ့်မည်ကို သတိပေးခြင်းဖြစ်သည်။

ကက်ဦးထုပ်။ ။ ကက်ဦးထုပ်ကို ဆောင်းရသည်ဟု မြင်မက်လျှင် အချစ်ရေးနှင့်ပတ်သက်၍ အထူးသတိထားရမည်၊ အချစ်ရေးကြောင့် အန္တရာယ်ကြီးစွာ ဖြစ်နိုင်သည်၊ ထိုဦးထုပ်ကို ချွတ်ပစ်လိုက်သည်ဟု မြင်မက်လျှင်သော်လည်းကောင်း၊ ခေါင်းမှအလိုလို ကျွတ်ကျသွားသည်ဟု မြင်မက်လျှင်သော်လည်းကောင်း သင်၏ အချစ်ရေး၊ အိမ်ထောင်ရေးနှင့် ပတ်သက်၍ လျှို့ဝှက်ထားအပ်သော ကိစ္စတစ်စုံတစ်ရာသည် ပေါ်ပေါက်သွားလိမ့်မည်။

ကွင်း။ ။ မည်သည့်ကွင်းမဆို လိမ့်ကစားသည်ဟု မြင်မက်လျှင် ပေါင်းသင်းဆက်ဆံရေးတွင် အဆင်ပြေစရာများ ပေါ်ပေါက်လာမည်။

www.burmeseclassic.com



ကုန်းစကား။ ။ သင်သည် တစ်ဘက်သားအား ကုန်းချောစကား ပြောသည်ဟု မြင်မက်လျှင် သင်၏အမှားအယွင်းကြောင့် တောင်းပန်မှုကို ပြုရမည်။

( ခ )

ခရာ။ ။ ခရာမှုတ်သည်ဟု မြင်မက်လျှင် ချစ်သူနှင့်ပတ်သက်သော ပျော်ရွှင်မှုများ ရရှိမည်၊ ပျော်ရွှင်ဖွယ်ကောင်းသော မိတ်ဆွေများနှင့် ပေါင်းသင်းသွားလာရမည်။

ခရု။ ။ ခရုများ တွေ့မြင်ရလျှင် အလွန်တရာ ကံကောင်းသည်၊ စိတ်ချမ်းသာစရာ သတင်းများ ကြားရမည်၊ ခရုကိုစားရသည်ဟု မြင်မက်ခြင်းကား မကောင်းချေ၊ ငွေကြေးကိစ္စကြောင့် ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရမည်။

ခုတင်။ ။ သင်သည် ခုတင်ပေါ်တွင် အိပ်နေသည်ဟုမက်လျှင် ကျန်းမာရေးအတွက် ကောင်းမွန်သည်ကို ပြဆို၏၊ သင်သည် ခုတင်ပေါ်တွင် ပင်ပန်းသဖြင့် ပက်လက်လှဲလျောင်းနေရလျှင် ကျန်းမာရေးချို့တဲ့လာမည်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ချစ်သူ ဖြစ်စေ ကျန်းမာရေးအခြေအနေ ကျဆင်းလာလိမ့်မည်။

[illegible] ။ ခွေးများနှင့်ပတ်သက် မြင့်မက်လျှင် ကံကောင်းသည်၊ ခွေးနှင့် ရင်းနှီးကစားရသည်ဟု မြင့်မက်လျှင် ပျော်ရွှင်မှုကြီးစွာ ဖြစ်ရမည်၊ မိတ်ဆွေအပေါင်းအသင်းတို့ကြောင့် အောင်မြင် ချမ်းသာမည်၊ ခွေးသည် သင့်ကိုဟောင်လျှင်ဖြစ်စေ သို့မဟုတ် ကိုက်ရန်လိုက်သည်ဖြစ်စေ မိတ်ဆွေအပေါင်းအသင်းတို့၏ သစ္စာဖောက်ခြင်း၊ ယုံကြည်စိတ်ချရသူ၏ တိုက်ခိုက်ခြင်းခံရမည်၊ ခွေးတစ်ကောင်က ရှေ့မှသွား၍ မိမိက နောက်မှလိုက်နေရသည်

www.burmeseclassic.com

www.burmeseclassic.com



ကို မြင်မက်လျှင် အထွေထွေ ကံကောင်းခြင်း၊ ပျော်ရွှင်သာယာမှုနှင့် တွေ့ရခြင်း ဖြစ်လေသည်၊ ခွေးကိုက်ခံရသည်ကို မြင်မက်ပါက တစ်စုံတစ်ရာ ရောဂါဥပဒ်တို့ မမျှော်လင့်ဘဲ ကျရောက်လာလိမ့်မည်။

ခွေးလေးယားသီး။ ။ ခွေးလေးယားသီးကို အခြားသူတို့ ကိုင်တွယ်နေသည်ကိုမြင်မက်လျှင် အစားအသောက်ကောင်းတို့ စားသောက်ရမည်၊ မရောက်ဖူး မလည်ပတ်ဖူးသော ဒေသများသို့ သွားရောက်ရလိမ့်မည်၊ ခွေးလေးယားသီး ဆူးမှုန့်များစူး၍ ယားယံနေရှိသည်ကို မြင်မက်လျှင် ငွေကြေးကိစ္စတို့ ကံကောင်းသော်လည်း ကြာရှည်မခံမည်မဟုတ်။

ခွေးဘီလူး။ ။ ခွေးဘီလူးကြီး သို့မဟုတ် ခွေးနက်ကြီးများကို မြင်မက်၍ သင်ကြောက်လန့်မိခြင်း ဖြစ်မိလျှင် သင့်အားအကောက်ကြံနေသူတို့ ရှိနေကြလေသည်၊ သင့်အားကိုက်မည်ပြုခြင်း၊ သင့်နောက်မှ လိုက်လာခြင်းသည် သင်သည် ရန်သူတို့ကို လက်လျှော့အရှုံးပေးရလိမ့်မည်၊ အရေးနိမ့်လိမ့်မည်၊ ၎င်းနှင့်ရင်းနှီးခင်မင်ရသည်ဟု မြင်မက်လျှင် မိတ်ဆွေတို့ ကူညီစောင့်ရှောက်ခြင်း ခံရမည်။

ခဲတံ။ ။ အချစ်ရေးနှင့် ပတ်သက်၍ ကောင်းသောသတင်းများရောက်ရှိလာမည်၊ ချစ်ခင်သူနှင့် အဆင်ပြေမည်။

ခိုးသည်။ ။ သင့်ဉစ္စာ ရွှေငွေပစ္စည်းတို့ ခိုးယူခြင်းခံရသည်ဟု မြင်မက်လျှင် မစ္စည်းအသစ်များ ဝင်ရောက်လာလိမ့်မည်၊ သင့်ကိုခိုးသည်ဟု စွပ်စွဲခြင်း ခံရပါက မိန်းမဖြစ်လျှင် ယောကျ်ားတစ်ဦးဦး၊ ယောကျ်ားဖြစ်လျှင် မိန်းကလေးတစ်ဦးဦး၏ လှည့်ဖြားခြင်းကို ခံရမည်၊ သင်သည် တစ်စုံတစ်ခုကို ခိုးဝှက်ယူသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



မြင်မက်လျှင် တစ်စုံတစ်ရာ မှားယွင်းသော အပြုအမူ အပြောအဆိုများ ပြုမိလိမ့်မည်။

ခို။ ။ ခိုငှက် ချိုးငှက် စသည်တို့ကို မြင်မက်ခြင်းသည် အချစ်ရေးတွင် အောင်မြင်ခြင်း၏ နိမိတ်ဖြစ်သည်၊ ခိုငှက်၊ ချိုးငှက်အသေကို မြင်မက်လျှင် မကောင်းချေ။

ခွဲသည်။ ။ မည်သည့်အရာဝတ္ထုကိုဖြစ်စေ၊ ခွဲပစ်သည်၊ ဆုတ်ဖြဲပစ်သည်ကို မြင်တွေ့ရခြင်းသည် မြင်မက်သူအတွက် ကံဆိုးခြင်း ဖြစ်လေသည်၊ ပန်းကန်အိုးခွက်များကို ခွဲသည်၊ ကွဲနေသည်ကို မြင်မက်လျှင် အချုပ်အနှောင်ခံရခြင်း ဖြစ်လိမ့်မည်၊ နေအိမ် ပရိဘောဂများကို ရိုက်ချိုးပစ်သည် မြင်မက်လျှင် ကြီးစွာသော နာမကျန်းမှုဖြစ်မည်၊ တံခါးအကျိုးအပျက်များကို ပြုပြင်ရသည်ဟု မြင်မက်လျှင် မီးနှင့်ပတ်သက်သော အန္တရာယ်ကို ဖော်ပြသည်၊ မျက်မှန်အကျိုးအကွဲကို မြင်မက်လျှင် အထွေထွေ ကံဆိုးခြင်းကို ပြလေသည်၊ မြေအိုးမြေခွက်များ ကွဲသည်ကို မြင်မက်လျှင် အသေးအဖွဲပစ္စည်းများ အခိုးခံရမည်၊ ပျောက်ဆုံးမည်။

ခေါ်သည်။ ။ သင်၏အမည်နာမကို တစ်စုံတစ်ယောက်က ခေါ်နေသည်ဟု မြင်မက်လျှင် သင့်ချစ်ခင်သူ တစ်စုံတစ်ယောက်တွင် အကူအညီလိုနေကြောင်း ဖော်ပြ၏၊ တစ်စုံတစ်ယောက်ကို သင်က ခေါ်နေသည်ဟု မြင်မက်လျှင် ကိစ္စကြီးငယ်များကို မိတ်ဆွေအသစ်များက ကူညီပေးလိမ့်မည်။

ခိုင်းစေသည်။ ။ တစ်စုံတစ်ခုကို ပြုလုပ်ရန် ခိုင်းစေခြင်းခံရသည်ဟု မြင်မက်လျှင် အိမ်ထောင်ရှင်များအဖို့ ဆုံးရှုံးပျက်စီးခြင်းဖြစ်မည်၊ သို့ရာတွင် အိမ်ထောင်မရှိသေးသော လူပျို အပျိုများအဖို့ ချစ်သူနှင့် တွေ့ရခြင်း၊ အချစ်ရေးကိစ္စတွင် အဆင်ပြေခြင်းတို့

www.burmeseclassic.com



ဖြစ်လိမ့်မည်။

ခူကောင်။ ။ ငွေကြေးပျောက်ဆုံးခြင်း၊ အလျော်အပေါက်စွန့်တွေ့ရခြင်း၊ မမျှော်လင့်သော အသေးအဖွဲ့ ကိစ္စလေးမှတစ်ဆင့် ကြီးမားသော ငွေကြေးထိပါးမှု ဖြစ်စေခြင်းကို သတိပေးသော အိပ်မက်ဖြစ်သည်။

ခရီးသွားသည်။ ။ ခရီးသွားလာသည်ဟု မြင်မက်လျှင် သင့်အိမ်အနီးအနားပတ်ဝန်းကျင်နှင့် စိတ်သဘောထား မတိုက်ဆိုင်မှု ဖြစ်လိမ့်မည်၊ သို့ရာတွင် လမ်းခရီးတွင် ကျေနပ်ပျော်ရွှင်ရသည်ဟု မြင်မက်လျှင် သင့်ကို မလိုမုန်းထားသူတို့က အလျော့ပေး၍ သင်နှင့် ပြေလည်မှုရလိမ့်မည်၊ သို့မဟုတ်ဘဲ ခရီးသွားရသဖြင့် စိတ်ဒုက္ခရောက်ရသည်ဟု မြင်မက်လျှင် သင်သည် အိမ်နီးနားချင်းတို့၏ နှိပ်စက်စော်ကားမှုကို ခံရလိမ့်မည်။

ခုန်သည်။ ။ တစ်နေရာတည်းတွင် ခုန်လျက်နေသည်၊ ခုန်ဆွခုန်ဆွ လုပ်နေသည်ကို မြင်မက်လျှင် မမျှော်လင့်သော ငွေကြေးတို့ ရရှိလိမ့်မည်။

ခုန်ကျော်သည်။ ။ သင်သည် ရှေ့မှ တားဆီးထားသော အခက်အခဲ တစ်ခုခုကို ခုန်ကျော်၍ သွားရသည်ဟု မြင်မက်လျှင် ကောင်းမွန်သည်၊ စိတ်ညစ်စရာတို့ ပြေပျောက်ပြီး သင့် အကြံအစည်များ အောင်မြင်လိမ့်မည်၊ တစ်စုံတစ်ယောက်သော သူသည် ခုန်ကျော်သွားနေသည်ကို မြင်မင်လျှင် ဆွေမျိုးသားသမီး စသည်တို့အတွက် စိတ်ညစ်စရာကြုံရမည်။

ခြသေ့်။ ။ ခြသေ့်ကိုမြင်မက်ပြီး ထိုခြသေ့်သည် သင့်အား တစ်စုံတစ်ရာ အနှောင့်အယှက်မပေးဘဲ သူ့ဘာသာသူ နေနေသည်ကို မြင်မက်လျှင် မိမိအလုပ်အကိုင်၊ ရာထူး၊ ငွေ စသည်တို့

www.burmeseclassic.com

www.burmeseclassic.com



တိုးတက်ရရှိမည်၊ အကယ်၍ ခြသေ့်သည် ဟိန်းဟောက်လျက် သင့်ကို ဒေါသတကြီး ကြည့်နေခြင်း၊ ရန်ပြုခြင်းသည် မကောင်းချေ၊ အိမ်တွင်းမှ ကိစ္စများကြောင့် ငွေအကုန်အကျ များမည်၊ အနာဥပဒ် ရတတ်သည်၊ ခြသေ့်သည် လှောင်ချိုင့်ထဲတွင် ရောက်ရှိနေသည်ကို မြင်မက်လျှင် သင့်အား ဘေးရန် အနှောင့်အယှက် ပေးမည့်သူတို့ကို သင်က အောင်နိုင်မည်၊ သင့်ကို မနာလိုဝန်တို ဖြစ်နေသူတို့ ဆုံးရှုံးပျက်စီးလိမ့်မည်။

ခေါင်းလောင်း။ ။ သာယာနာပျော်ဖွယ်ကောင်းသော ခေါင်းလောင်းသံကို ကြားရခြင်းသည် မိမိချစ်သောသူနှင့် လက်ထပ်ထိမ်းမြားခြင်း အတွက် ကောင်းသောအတိမ်းအမှတ်ဖြစ်သည်၊ ခေါင်းလောင်းကို တစ်ဦးဦးက တီးခတ်ခြင်း၊ ထိုးခြင်းပြုသည်ကို တွေ့ရလျှင် သင့်အကြံအစည်ဟူသရွေ့ အောင်မြင်ပြီးဆုံးမည်၊ သင်ကိုယ်တိုင် ခေါင်းလောင်းတီးခြင်း၊ ထိုးခြင်းများ ပြုရသည် မြင်မက်လျှင် ချစ်သူတို့ ပေါများမည်၊ ခေါင်းလောင်းသည် တီးခတ်သော်လည်း မမြည်ဘဲ အ,နေသည်ဟု မြင်မက်လျှင် အချစ်ရေးအတွက် ကြေကွဲဝမ်းနည်းစရာတို့ကို ကြုံရဖည်။

ခွဲခွာသည်။ ။ ခင်မင်ရင်းနှီးသူတို့နှင့် ခွဲခွာရသော ခရီးကို မြင်မက်လျှင် ကြုံတွေ့ရမည့် အဖြစ်အပျက်များသည် သင်၏အိပ်မက်ထဲမှ စိတ်အခြေအနေပေါ်တွင် မူတည်နေသည်၊ အကယ်၍ ထိုသို့ ခွဲခွာရခြင်းကို ကျေနပ်ပျော်ရွှင်နေခြင်းသည် ကံဆိုးခြင်း၊ ထိခိုက်နစ်နာခြင်းဟု အဓိပ္ပါယ် ရရှိလေသည်၊ အကယ်၍ သင်၏စိတ်မှာ ဝမ်းနည်းပူဆွေးခြင်း ဖြစ်ရသည်ဟု မြင်မက်လျှင် ကံကောင်းခြင်း၊ ချစ်သူခင်သူနှင့် တွေ့ရခြင်းကို ဖော်ပြလေသည်။

ခြေထောက်။ ။ သင်၏ခြေထောက်တွင် ရှုံ့များ၊ အညစ်အကြေးများ

www.burmeseclassic.com

www.burmeseclassic.com



ပေကျံနေသည်ကို မြင်မက်လျှင် သင့်ကို ကူညီပေးမည့် မိတ်ဆွေသစ် တစ်ဦးဦး ရောက်ရှိလာမည်၊ သင့်ခြေထောက်တွင် အနာတစ်စုံတစ်ရာ ပေါက်သည်ဟု မြင်မက်လျှင် သင့်ထက် ငယ်ရွယ်သော၊ နိမ့်ကျသောသူ၏ ချစ်ရေးဆိုခြင်းကို ခံရမည်၊ သင့်အား ချစ်ခင်နေသူသည် သင့်ထက်နိမ့်ကျသူ ဖြစ်လိမ့်မည်။

သင်၏ခြေထောက်ကို ရေထဲတွင်ဆေးကြောနေသည်ဟု မြင်မက်လျှင် လုပ်ငန်းအသစ်တစ်ခုသို့ ပြောင်းလဲလုပ်ကိုင်ရလိမ့်မည်။

ခွက်။ ။ တစ်စုံတစ်ခုသောခွက်ကို မြင်တွေ့ရသည်၊ ဝယ်ယူသည်ကို မြင်မက်လျှင် ရပ်ဝေးခရီးကို သွားရမည်။

ခွင့်လွှတ်သည်။ ။ သင်သည် တစ်စုံတစ်ယောက်အား ခွင့်လွှတ်ပါရန် တောင်းပန်နေသည်ဟု မြင်မက်လျှင် သင့်ထံမှ အကူအညီ တောင်းခံသူ ပေါ်လာမည်၊ အိပ်မက်ထဲတွင် သင့်ကို ခွင့်လွှတ်သည်၊ ကျေနပ်သည်ဟု မြင်မက်ပါက သင် ကူညီပေးရခြင်းဖြင့် ဒုက္ခကျရောက်လိမ့်မည်၊ အကယ်၍ သင့်အား ခွင့်လွှတ်ပါရန် ပြောဆိုခြင်း ခံရလျှင် စိတ်မချမ်းသာစရာနှင့် တွေ့ရလိမ့်မည်။

ချီးမွမ်းသည်။ ။ သင့်အား တစ်စုံတစ်ယောက်က ချီးမွမ်းခြင်းခံရသည်ဟု မြင်မက်လျှင် ရင်းနှီးခင်မင်သော မိတ်ဆွေတစ်ဦးနှင့် ခိုက်ရန်ဖြစ်ပွားလိမ့်မည်။

ခြံစည်းရိုး။ ။ ခြံစည်းရိုးအမြင့်ကြီးကို ခုန်ကျော်သည်ဟု မြင်မက်လျှင် ကောင်းသောအိပ်မက်ဖြစ်သည်၊ ဘဝတွင် အောင်မြင်မှု တိုးတက်မှုနှင့် တွေ့လိမ့်မည့် အမှတ်အသား ဖြစ်လေသည်။

ချောင်းဆိုးသည်။ ။ အိပ်မက်ထဲတွင် ချောင်းဆိုးနေသည်ဟု မြင်မက်

www.burmeseclassic.com



ခြင်းသည် သင်၏ကျန်းမာရေး အခြေအနေ ကောင်းမွန်ကြောင်း ဖော်ပြခြင်းဖြစ်သည်။

**ချိန်ခွင်။** ။ ချိန်ခွင်ကို မြင်မက်လျှင် ငွေကြေးဥစ္စာ အလိမ်အကောက် ခံရမည်၊ သင်ကိုယ်တိုင် ချိန်ခွင်ကို ချိန်တွယ်နေရသည်ဟု မြင်မက်လျှင် ကောင်း၏။ သင့်ဂုဏ်သတင်းသည် ကျော်စော ထင်ရှားမည်၊ လူတိုင်း၏ ချီးမွမ်းခြင်း၊ လေးစားခြင်းကို ခံရလိမ့်မည် ဖြစ်လေသည်။

**ခေါင်း။** ။ အသုဘအလောင်းထည့်သည့် ခေါင်းများ မြင်မက်ခြင်းသည် အလွန်ဆိုးရွားသော အဓိပ္ပါယ်ကိုဆောင်၏။ အိပ်မက်မြင်မက် သူအား ထူးထူးခြားခြား ပေးခြင်းဖြစ်၏၊ အန္တရာယ်၊ ဘေးဆိုး စသည်တို့သည် မြင်မက်သူနှင့် ပတ်သက်၍ ကျရောက် လာလိမ့်မည်ကို ကြိုတင်သတိပေးခြင်း ဖြစ်လေသည်။

ခေါင်းထဲတွင် သေဆုံးနေသူမှာ အမည်မသိသောသူ တစ်ဦးဦး ဖြစ်နေသည်ဟု မြင်မက်လျှင် အိပ်မက်မြင်မက်သူ၏ အနီးအနားမှလူတို့ ဘေးအန္တရာယ် ကျရောက်ပေလိမ့်မည်၊ အကယ်၍ ခေါင်းကို မြင်ရသည် တွေ့ရသည်ဟု မြင်မက်လျှင် ကျရောက်မည့် အန္တရာယ်သည် ဝေးငယ်ပြီး အတန်ကြာမှ ကျရောက်ခြင်း ဖြစ်လိမ့်မည်။

အိပ်မက်မြင်မက်သူကိုယ်တိုင် ခေါင်းထဲတွင် လျောင်းရှိ နေသည်ကို မြင်မက်လျှင် ကောင်းသည်၊ မမျှော်လင့်သော ငွေကြေးအမြောက်အမြားတို့ကို ရရှိမည်၊ လောင်းကစားမှုမျိုးဖြင့် အကျိုးဖြစ်ထွန်းမည်။

**ချည်နှောင်သည်။** ။ သင်သည် ချုပ်နှောင်မှု ခံရသည်ဟု မြင်မက်လျှင် သော်လည်းကောင်း၊ မိတ်ဆွေတစ်ဦးဦး ချုပ်နှောင်ခံရသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



မြင်မက်လျှင်သော်လည်းကောင်း၊ အိပ်မက်ထဲမှ ပုဂ္ဂိုလ်သည် ဖျားနာခြင်းဖြစ်လိမ့်မည်။

ချုံပုတ်။ ။ ထူထဲသော ချုံပုတ်များကို မြင်မက်လျှင် ပေါင်းသင်း ဆက်ဆံရေး အရှုပ်အရှင်းဖြစ်မည်၊ ငွေကြေးကိစ္စအတွက် စကားများရတတ်သည်၊ ချုံပုတ်များကို မီးရှို့ခြင်း၊ ရှင်းလင်းခြင်း စသည်တို့ မြင်မက်လျှင် ခင်မင်ရင်းနှီးသောသူ တစ်စုံတစ်ယောက် ဆုံးရှုံးနစ်နာရတတ်သည်။

ချောက်ကမ်းပါး။ ။ သင်သည် အလွန်တရာနက်ရှိုင်းသော ချောက် ကမ်းပါးကြီး၏ အစွန်းတွင် ရပ်နေသည်ဟု မြင်မက်လျှင် မကောင်းသော အပေါင်းအသင်းများကြောင့် ဒုက္ခကျရောက်မည် ဖြစ်သည်၊ ထိုချောက်ကမ်းပါးကြီးမှ အောက်သို့ကြည့်၍ ကြောက်ရွံ့နေသည်ဟု မြင်မက်လျှင် သင်၏ ကိုယ်တိုင်ဆုံးဖြတ် မှုလုပ်မှုများ မှားယွင်းသောကြောင့် ဒုက္ခဖြစ်လိမ့်မည်။

ချေးပိုးထိုး။ ။ သင့်မိတ်ဆွေများသည် သင့်အပေါ်တွင် အထင်အမြင် မှားနေလိမ့်မည်၊ သင့်ကို မယုံမကြည် ရှိလိမ့်မည်။

ချမ်းသာခြင်း။ ။ သင်သည် ချမ်းသာနေသည်ဟု မြင်မက်လျှင် မကောင်းချေ၊ ငွေကြေးဆုံးရှုံးနစ်နာမည်။

ချယ်ရီပင်။ ။ ချယ်ရီပင်ကို မြင်မက်ခြင်းသည် မကောင်းသော အမှတ်အသားဖြစ်သည်၊ အမျိုးမျိုးသော စိတ်ပျက်စရာများနှင့် ရင်ဆိုင်ရမည်ကို ဖော်ပြသည်၊ အထူးသဖြင့်ကား ချစ်သူအတွက် စိတ်ပျက်စရာများနှင့် တွေ့ကြုံရလိမ့်မည်၊ တစ်ခါတစ်ရံ ပိမိ ချစ်နေသူတွင် တစ်စုံတစ်ရာ ဒုက္ခကျရောက်လာတတ်ခြင်း အမိပ္ပါယ်ရရှိ၏။

ချက်ပြုတ်သည်။ ။ ထမင်းဟင်း အစားအစာကို ချက်ပြုတ်ရသည်ဟု

www.burmeseclassic.com



မြင်မက်လျှင် မကောင်းချေ၊ အရာရာတွင် ကံဆိုးခြင်း၊ အဆင်မပြေခြင်း ဖြစ်လိမ့်မည်။

( ဂ )

ဂဏာန်း။ ။ ဂဏာန်း အမှတ်အသားများကို မြင်တွေ့ရခြင်းနှင့် ပတ်သက်၍ အရေအတွက်အားဖြင့် (၃၈)အထက်ကျော်လွန်လျှင် ကံကောင်းခြင်း ဖြစ်စေ၏၊ သို့ရာတွင် အားလုံးသောဂဏာန်းများ အနက် (၂၇)ဂဏာန်းသည် အကောင်းဆုံး ဖြစ်လေသည်၊ ငွေကြေးဥစ္စာတို့ အမြောက်အမြား ရရှိလိမ့်မည်။

ဂူလိုဏ်။ ။ သင်သည် ဂူထဲတွင် ရောက်ရှိနေသည်ဟု မြင်မက်လျှင် ချစ်သူ၏ စွန့်ပစ်ခြင်းကို ခံရလိမ့်မည်။

ဂီတ။ ။ ဂီတနှင့်ပတ်သက်၍ မြင်မက်ခြင်း၊ တူရိယာပစ္စည်းများကို ထိုးမှုတ်ရခြင်း၊ တီးမှုတ်သည်ကို တွေ့ရခြင်းသည် ကောင်းမွန်သော အမှတ်အသား ဖြစ်လေသည်၊ အချစ်ရေးတွင် ကံကောင်း မြောင်မြင်လိမ့်မည်၊ ချစ်ခင်နေသူ၏ အရေးပေးခြင်းကို ခံရလိမ့်မည်။

ဂေါ်ဖီထုပ်။ ။ ဂေါ်ဖီထုပ်ကို လှီးဖြတ်နေသည်ဟု မြင်မက်လျှင် တစ်စုံတစ်ယောက်က သင့်အား ဝန်တိုစိတ် ရှိနေသည်၊ ဂေါ်ဖီထုပ်ကို စားရသည်ဟု မြင်မက်လျှင် သင်ချစ်ခင်သူတစ်ဦးဦး ဖျားနာမည်၊ သို့မဟုတ် သင့်ငွေကြေးဥစ္စာ ပစ္စည်းတစ်ခုခု ပျောက်ဆုံးမည်ဖြစ်သည်၊ ဂေါ်ဖီထုပ်များသည် သူ့အခင်းတွင် ပေါက်လျက်ရှိသည်ကို တွေ့မြင်ရလျှင် ငွေကြေးကိစ္စ အဆင်ပြေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



( င )

ငှက်ဖျား။ ။ ငှက်ဖျားတက်သည်ဟု မြင်မက်လျှင် မိမိအထက် အကြီးအကဲများ ကျန်းမာရေး ချို့တဲ့မည်။

ငါး။ ။ ရေထဲတွင် ငါးများ သွားလာကူးခပ်နေသည်ကို တွေ့ခြင်းသည် အလွန်ကောင်းသော အိပ်မက်ပင်ဖြစ်၏။ မိမိသည်အလုပ်ကိစ္စတွင်မဆို ချောမောပြေပြစ်မည်၊ ခက်ခဲသောကိစ္စဟူသမျှတို့ကို အောင်မြင်ပြီးဆုံးမည်၊ သင်သည် ငါးဟင်းလျာကို စားသောက်ရသည်ဟု မြင်မက်လျှင် အစိုးရနှင့် ပတ်သက်သော အမှုတာဝန်တို့ကို ထမ်းဆောင်ရလိမ့်မည်။

ငါးမျှားခြင်း။ ။ လူတို့ ငါးဖမ်း ငါးမျှားနေသည်ကို မြင်မက်လျှင် ငွေကြေးကိစ္စအတွက် ခိုက်ရန်ဒေါသ ဖြစ်ရလိမ့်မည်၊ မိမိ၏ ငွေကြေးများ လူလိမ်လူကောက်ခံရ၍ ဆုံးရှုံးနစ်နာမည်၊ သင်ကိုယ်တိုင် ငါးကို ဖမ်းရသည်ဟု မြင်မက်လျှင် ကံကောင်း၏ မမျှော်လင့်သောနေရာမှ ငွေများရရှိလိမ့်မည်၊ ဖမ်းထားသော ငါးသည် လွတ်ထွက်သွားသည်ဟု မြင်မက်လျှင် ငွေကြေး ပျောက်ဆုံးတတ်သည်၊ ငါးမျှားကြိုး တန်းလန်းဖြင့် ငါးတစ်ကောင် ဖမ်းမိသည်ဟု မြင်မက်လျှင် အလိုလောဘကြောင့် ဘေးဒုက္ခ ရောက်တတ်၏။

ငှက်။ ။ သစ်ပင်ပေါ်တွင် အော်လျက်ရှိသော အမျိုးအမည် မသိရသော ငှက်ကိုတွေ့ရလျှင် ခရီးသွားရင်း အချစ်ရေး ဖန်တီးလာမည်၊ ငှက်သည် ကောင်းကင်တွင် ပျံသန်းလျက်ရှိသည်ကို မြင်မက်လျှင် သင့်အဖို့ ရုတ်တရက် လုပ်ငန်းတိုးတက်မှုကို တွေ့ရမည်၊ ငှက်တစ်ကောင်သည် သင့်ဆီသို့ လာနားသည်ဟု မြင်မက်လျှင် ရင်းနှီးသူများထံမှ ထူးခြားသောသတင်းကောင်းကို ကြားရမည်၊

www.burmeseclassic.com



ငှက်ကို သင်သည် တစ်စုံတစ်ရာဖြင့် ဖမ်းသည်ဟု မြင်မက်လျှင် သင်သည် မတော်တဆ ထိခိုက်မှုဖြစ်မည်၊ လူတစ်ဦးဦးက ငှက်ကိုပစ်ခတ်၍ ငှက်သေသည်ဟု မြင်မက်လျှင် သင့် ကျန်းမာရေးသည် ချုချာလာတော့မည်ကို သတိပေးခြင်းဖြစ်၏။ ငှက်ငယ်လေးများကို အသိုက်ထဲတွင် မြင်တွေ့ရလျှင် ပျော်ရွှင်မှုကို ရလိမ့်မည်။

ငှက်ပျောသီး။ ။ ငှက်ပျောသီးကို မြင်မက်လျှင် မိန်းမယောက်ျားတို့ ရေးတွင် ရှက်ဖွယ်ကိစ္စတစ်ခု ဖြစ်လိမ့်မည်၊ ငှက်ပျောသီးကို စားရသည်ဟု မြင်မက်လျှင် အိမ်ထောင်ရေး အရှုပ်အရှင်းတွင် ပါဝင်နေလိမ့်မည်၊ အခြားသူကို ငှက်ပျောသီးကျွေးသည်၊ သို့မဟုတ် ထိုသူစားနေသည်ဟု မြင်မက်လျှင် တစ်ပါးသူ၏တာဝန်ကို ထမ်းဆောင်ရလိမ့်မည်၊ ငှက်ပျောသီး အခွံကြောင့် ချော်လဲသည်၊ အနှောင့်အယှက် ဖြစ်သည်ဟု မြင်မက်လျှင် အသေးအဖွဲကိစ္စမှ စတင်၍ ခိုက်ရန်ကြီးကျယ်စွာ ဖြစ်လိမ့်မည်။

လျှောင်။ ။ လျှောင်လှုပ်ခြင်းနှင့် ပတ်သက်၍ အိပ်မက်မြင်မက်လျှင် ချစ်ခင်ရင်းနှီးသူတို့တွင် အမှုအခင်း ကြီးကျယ်စွာ ဖြစ်လိမ့်မည်၊ လျှောင်လှုပ်၍ အဆောက်အအုံများ ပျက်စီးသည်ကို မြင်တွေ့ ရလျှင် ချစ်သူတွင် ဘေးဒုက္ခတစ်စုံတစ်ရာ ဖြစ်လိမ့်မည်။

ငါးရှဥ့်။ ။ ငါးရှဥ့်ကို မြင်မက်လျှင် အဝေးမှ မိတ်ဆွေများ ရောက်လာ လိမ့်မည်၊ ငါးရှဥ့်သည် ကျင်းထဲတွင် ရှိနေလျှင် မိတ်ဆွေ သူငယ်ချင်းများဆီ သို့ သွားရောက်လည်ပတ်ရမည်။

ငွေဒင်္ဂါး။ ။ ငွေဒင်္ဂါး (ဆံပြား)များကို မြင်မက်လျှင် ပျော်ရွှင်ခြင်းနှင့် အောင်မြင်ခြင်းကို ရရှိလိမ့်မည်၊ ငွေဒင်္ဂါးတို့သည် အ...လိုက် များပြားစွာ ရှိနေသည်ကို သင်သည် ကိုင်တွယ်ရေတွက်

www.burmeseclassic.com



နေသည်ဟု မြင်မက်ခြင်းသည် အလွန်ကံကောင်းခြင်း ဖြစ်ပေသည်၊ ငွေဒင်္ဂါးစေ့ တစ်စေ့သည် သင့်လက်မှ လွတ်ကျ၍ ပျောက်ဆုံးသည်ကို ရှာဖွေနေသည်ဟု မြင်မက်လျှင် အိမ်တွင်းရေး အဆင်မပြေမှု၊ ခိုက်ရန်ဖြစ်ပွားမှုနှင့် တွေ့မည်။

ငိုကြွေးခြင်း။ ။ ကြီးမားသော ပျော်ရွှင်မှုနှင့် တွေ့လိမ့်မည်။

ငိုက်မျဉ်းခြင်း။ ။ ငိုက်မျဉ်းနေသော ကလေးတစ်ယောက်ကို မြင်တွေ့ရလျှင် ဒုက္ခအသေးအဖွဲ ကလေးများ၊ စိုးရိမ်စရာများနှင့် တွေ့ကြုံရမည်၊ သင်ကိုယ်တိုင် ငိုက်မျဉ်းနေသည်ဟု မြင်မက်လျှင် အိမ်တွင်းရေး ပြဿနာများ တက်လာလိမ့်မည်၊ ဆွေမျိုးသားချင်းတို့နှင့် မသင့်မတင့် ဖြစ်ရလိမ့်မည်။

ငါးမန်း။ ။ ဝေးလံသောခရီးကို သင်မသွားချင်ပါဘဲလျက် ရောက်ရလိမ့်မည်၊ ရပ်ဝေးမှ အရေးကြီးသောသတင်းများ ကြားရလိမ့်မည်။

ငှားရမ်းသည်။ ။ သင်သည် တစ်စုံတစ်ရာသော ပစ္စည်းတို့ကို ငှားရမ်းရယူခြင်း ပြုသည်ဟု မြင်မက်လျှင် မကောင်းချေ၊ သင် မှီခိုရသောသူ တစ်ဦးဦး၏ ငြိုငြင်မှုကို ခံရလိမ့်မည်၊ သို့မဟုတ် သင်က တစ်စုံတစ်ယောက်အား ငှားရမ်းလိုက်သည်ဟု မြင်မက်မှု ချစ်ခင်သူတို့၏ ကျန်းမာရေး ထိခိုက်လိမ့်မည်။

ငြင်းခုံသည်။ ။ ရင်းနှီးသော မိတ်ဆွေတစ်ဦးနှင့် ငြင်းခုံရသည်ဟု မြင်မက်လျှင် သင့်အား တစ်စုံတစ်ယောက်က အကူအညီ ကောင်းခြင်းခံရလိမ့်မည်၊ သူစိမ်းတစ်ရံစာ တစ်ဦးဦးနှင့် ငြင်းခုံရခြင်းသည် မျိုးမတူသော (ကျား၊မ) တစ်ဦး၏ ချစ်ရေးဆိုခြင်း ခံရမည်။

ငြိမ်သက်ခြင်း။ ။ အိပ်မက်ထဲတွင် ပတ်ဝန်းကျင် အားလုံးသည် တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်ကို တွေ့ရလျှင် ကောင်းမွန်၏။

www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်ခြင်း၊ ကံကောင်းခြင်းတို့ဖြစ်မည်။

ငေးမောခြင်း။ ။ သင်သည် အဝေးတစ်နေရာသို့ ငေးမောကြည့်ရှုခြင်း၊ ငိုင်တွေနေခြင်းကို မြင်မက်လျှင် မကောင်းချေ။ ကျန်းမာရေးအတွက် သတိထားရမည်။

ငွေစုသည်။ ။ ငွေအကြေွများကို စုသောဘူးနှင့် ငွေစုနေခြင်းကို သင်၏ ကြီးစွာသော ဆုံးရှုံးမှုတစ်ခုကို ဖော်ပြခြင်းဖြစ်၏။

ငန်း။ ။ အဖြူရောင်ရှိသော ငန်းကြီးများ ရေတွင် ကူးခတ်သွားလာနေသည်ကို မြင်မက်လျှင် အဖိုးတန်သော ဥစ္စာပစ္စည်းတို့ ရရှိမည်ဖြစ်သည်၊ ငါးနက်ကြီးများ မြင်မက်လျှင် အချစ်ရေးတွင် ကံကောင်းမည်၊ ပျော်ရွှင်မှုသုခနှင့် ရင်ဆိုင်ရမည်။

ငှက်တောင်။ ။ ငှက်တောင်ဖြစ်စေ၊ ကြက်ဘဲအတောင်ဖြစ်စေ ကိုင်တွယ်ရသည်ဟု မြင်မက်လျှင် ဆိုးရွားသောအန္တရာယ်တစ်ခုနှင့် ကြုံတွေ့လိမ့်မည်၊ ငှက်တောင်များသည် လေတွင် လွင့်ပျံနေသည်ကို မြင်မက်လျှင် ထိုအန္တရာယ်မှ လက်တစ်လုံးခြား လွတ်ကင်းမည်၊ ငှက်တောင်ကို ဦးခေါင်းတွင် ထိုးစိုက်တပ်ဆင်ထားရသည်ဟု မြင်မက်လျှင် လိုအင်ဆန္ဒတို့အတွက် ကြိုးစားတိုက်ခိုက်ရလိမ့်မည်။

( စ )

စပါး။ ။ စပါးများကို အပင်တွင် တွေ့ရခြင်းသည် ငွေကြေးဥစ္စာ ရတနာတို့ ဝင်ရောက်မည့် အဓိပ္ပါယ်ကို ပြဆို၏၊ စပါးပုံကြီးများကို မြင်မက်လျှင် ငွေကြေးချမ်းသာသောသူတို့၏ ကူညီမ,စခြင်းကို ခံရလိမ့်မည်။

စပါးကျီ။ ။ စပါးကျီကို မြင်မက်လျှင် ကံကောင်းသည်၊ အချစ်ရေးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်၍ ပျော်ရွှင်မှု ဖန်တီးလာမည်။

စပျစ်သီး။ ။ စပျစ်သီးများကို မြင်တွေ့လျှင် အလွန်ကံကောင်း၏၊ ငွေကြေးနှင့် တန်ဖိုးရှိသောပစ္စည်းများ ဝင်ရောက်ခြင်း၊ အထူးကံကောင်းခြင်းကို တွေ့ရလိမ့်မည်၊ စပျစ်သီးကို သူတစ်ပါးတို့ စားသောက်နေကြသည်ကို မြင်မင်လျှင် သင်၏ချစ်သူသည် သင့်ကို ငွေကြေးကူညီလိမ့်မည်၊ သင်ကိုယ်တိုင် စားရသည်ဟု မြင်မက်လျှင် ငွေကြေးကိစ္စကြောင့် ခင်မင်ရင်းနှီးသူတို့နှင့် စကားများရမည်။

စပိတ်ဖဲ။ ။ စပိတ်တစ် ဖဲချပ်ကို အိပ်မက်တွင် မြင်ရလျှင် အလုပ်အကိုင် ရာထူးတို့ တိုးတက်လိမ့်မည်။

စစ်သား။ ။ စစ်သားများကို လက်နက်တို့ဖြင့် သွားလာနေသည်ဟု မြင်မက်လျှင် သင့်အား မလိုမုန်းထားသောသူတို့က အကောက်ကြံလိမ့်မည်၊ စစ်သားများ တန်းစီခြင်း ပြုနေသည်ကို မြင်မက်လျှင် သင့်အခွင့်တိုးတက်မှုကို ရုတ်တရက် တွေ့ရမည်။

စစ်ဘက်အရာရှိ။ ။ စစ်ဘက်အရာရှိ တစ်ဦးဦးနှင့် တွေ့ဆုံရသည်ဟု မြင်မက်လျှင် သင်သည် အစိုးရ၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရလိမ့်မည်၊ သင်ကိုယ်တိုင် စစ်ဘက်အရာရှိ တစ်ဦးဦးအဖြစ်ဖြင့် ယူနီဖောင်းဝတ်စုံကို ဝတ်ဆင်ထားသည်ဟု မြင်မက်လျှင် အစိုးရ၏ ချီးမြှင့်သော ဆုလာဘ်များကို ရရှိလိမ့်မည်။

စိန်။ ။ အလွန်တောက်ပသော စိန်များ၊ စိန်ရတနာလက်ဝတ် ပစ္စည်းများကို မြင်တွေ့ရလျှင် အခြေအနေတိုးတက်မည်၊ သို့ရာတွင် တစ်စုံတစ်ရာသော ဘေးဥပဒ်တို့ကြောင့် ကိုယ်ခန္ဓာတွင် ထိခိုက်မှုဖြစ်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**စကားထာ။** ။ သင်သည် တစ်စုံတစ်ယောက်ကို မေးခွန်းတစ်ခုမေး၍ ၎င်းက ဖြေဆိုခြင်း မပြုနိုင်သည်ကို မြင်မက်လျှင် သင်၏ ချစ်ခင်ရင်းနှီးသောသူများက သင့်ကို စွန့်ပယ်ခြင်းခံရတတ်သည်၊ သင့်ကို မေးမြန်းသဖြင့် ဖြေဆိုခြင်း မပြုနိုင်သည်ကို မြင်မက်လျှင် ကောင်းမွန်၏ သစ္စာရှိသော မိတ်ဆွေများနှင့် တွေ့ရမည်၊ သူတို့၏ ကူညီမ,စမှုကို ရရှိလိမ့်မည်။

**စာချုပ်။** ။ မည်သည့်ကိစ္စအတွက်မဆို စာချုပ် ချုပ်ဆိုရသည်ဟု မြင်မက်လျှင် မဖြေရှင်းနိုင်သော အကြပ်အတည်းတစ်ခုနှင့် ရင်ဆိုင်ရမည်ဖြစ်သည်၊ စာချုပ်တွင် လက်မှတ်ရေးထိုးရသည်ဟု မြင်မက်လျှင် ငွေကြေးအတွက် စိတ်ညစ်ရမည်။

**စာရင်းအင်း။** ။ သင်သည် စာရင်းအင်းယေားများ ပြုလုပ်ရေးသွင်းနေသည်ဟု မြင်မက်လျှင် သင်၏စွာစွာပစ္စည်းများကို သူခိုးတစ်ပါးတို့ မအောင်းမမှု ယူငင်ခြင်းခံရမည်၊ စာရင်းစာအုပ်ကို တွေ့မြင်ရလျှင် အစွပ်အစွဲ ခံရတတ်သည်။

**စာကလေး။** ။ စာကလေးများ သစ်ပင်ချုံပုတ်တို့တွင် အော်မြည် ကစားနေကြသည်ကို မြင်မက်လျှင် သာယာပျော်ရွှင်ခြင်း အထိမ်းအမှတ်ဖြစ်၏၊ စာကလေး အသေကို တွေ့ရလျှင်၊ စာကလေးကို ပစ်ခတ်ထိခိုက်သည်ကို မြင်မက်လျှင် ဝမ်းနည်း စရာအကြောင်းများ ဖြစ်ပေါ်လာမည်။

**စားကျက်။** ။ စိမ်းလန်းစိုပြည်သော စားကျက်တွင် ကျွဲ နွား စသည့်တိရစ္ဆာန်တို့ စားသောက်နေသည်ကို မြင်မက်က နေအိမ်အဆောက်အအုံတို့ ပြောင်းရွှေ့နေထိုင်ရမည်၊ မှတ်ပတ် ခရီးရှည်များ သွားရမည်။

**စက်ရုံ။** ။ အလုပ်လုပ်လျက်ရှိသော စက်ရုံကို မြင်မက်လျှင် အိမ်တွင်းရေး

www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်မှုရရှိမည်၊ သားမယားတို့နှင့် ပျော်ရွှင်စွာနေရမည်၊ တိတ်ဆိတ်ငြိမ်သက်နေသော စက်ရုံကိုမြင်မက်လျှင် အိမ်တွင်းရေး အဆင်မပြေမှုဖြစ်မည်၊ စိတ်ဆင်းရဲရလိမ့်မည်။

စွတ်စိုခြင်း။ ။ ရေဖြင့်စွတ်စိုလျက်ရှိသော အရာများကို မြင်မက်လျှင် မကောင်းချေ၊ မိမိကို လူအများက မြစ်တင်ရှုတ်ချခြင်းကြောင့် အရှက်တကွဲ အကျိုးနည်း ဖြစ်ရမည်၊ စွတ်စိုသော အဝတ်များ ဝတ်ဆင်ထားရသည်၊ အဝတ်အစားများ စွတ်စိုလျက်ရှိသည်ဟု မြင်မက်လျှင် ကျန်းမာရေးထိခိုက်မည်၊ ရောဂါတခင် ဖျားနာမှု ဖြစ်မည်၊ မိမိနေထိုင်ရာ အိမ်အခန်းတွင် ရေများဖြင့်ပြည့်လျက် စွတ်စိုနေသည်ဟု မြင်မက်လျှင် ခင်မင်ရင်းနှီးသော သူတို့တွင် ဘေးဥပဒ်များ ကျရောက်လိမ့်မည်။

စက်ချုပ်သည်။ ။ သင်သည် အဝတ်အထည်များကို ချုပ်စက်ဖြင့် ချုပ်လုပ်လျက် ရှိသည်ဟု မြင်မက်ပါက အပေါင်းအသင်းများ၏ ငွေကြေးတူညီမှုမ,စခြင်းကို ခံရမည်၊ အလုပ်အကိုင် ပြောင်းလဲ လုပ်ကိုင်ရတတ်သည်။

စွပ်စွဲခြင်း။ ။ သင့်ကို သူတစ်ပါးတို့က စွပ်စွဲပြောဆိုခြင်း ခံရသည်ဟု မြင်မက်လျှင် အလုပ်အကိုင် တိုးတက်လုပ်ကိုင်ရမည်၊ ပင်ပန်း ဆင်းရဲသော်လည်း ဝင်ငွေကောင်းလိမ့်မည်၊ သင်က သူတစ်ပါး ကို စွပ်စွဲပြောဆိုခြင်း ပြုသည်ဟု မြင်မက်ပါက သစ္စာရှိသော မိတ်ဆွေသစ်များနှင့် တွေ့ကြုံရမည်။

စိတ်ညှိုးငယ်ခြင်း။ ။ သင်သည် တစ်စုံတစ်ရာ အဖြစ်အပျက် တစ်ခုခုကြောင့် စိတ်ညှိုးငယ်လျက် မရွှင်မပျ ဖြစ်နေသည်ဟု မြင်မက်လျှင် ပြောင်းပြန်ယူဆရပေမည်၊ ပျော်ရွှင်ခြင်း၊ သာယာခြင်းသည် သင့်ရှေ့ လာက်တန့်ကမ်းတွင် ရှိနေပေသည်၊

www.burmeseclassic.com

www.burmeseclassic.com



စိတ်ညှိုးငယ်လျက် မရွှင်မပျဖြစ်နေသူ တစ်ဦးကို တွေ့မြင်ရခြင်း၊ နှစ်သိမ့်ရခြင်းကို မြင်မက်လျှင် သင်သည် အခက်အခဲပြဿနာ တစ်ခုခုနှင့် မကြာမီ ရင်ဆိုင်ရလိမ့်မည်။

စိမ်းသောအရောင်။ ။ အစိမ်းရောင်နှင့် အစိမ်းရောင်ရှိသော အဝတ်အစားများ၊ အရာဝတ္ထုများကို မြင်မက်လျှင် ခိုက်ရန်ဒေါသ ဖြစ်ပွားရမည်၊ စိတ်မချမ်းမသာဖြစ်မည်။

စေ့စပ်ကြောင်းလမ်းခြင်း။ ။ စေ့စပ်ကြောင်းလမ်းမှုနှင့် ပတ်သက်သော သတင်းများကို ကြားရသည်ဟု မြင်မက်လျှင် မကြာမီ သင်၏ အကြံအစည်နှင့် လိုအင်ဆန္ဒများ ပြည့်စုံတော့မည်၊ သင်ကိုယ်တိုင် စေ့စပ်ကြောင်းလမ်းရာတွင် ပါဝင်နေသည်ဟု မြင်မက်လျှင် အချစ်ရေးတွင် ပျော်ရွှင်မှုကို ရရှိလိမ့်မည်၊ သစ္စာရှိသော မိတ်ဆွေများနှင့် ပေါင်းသင်းဆက်ဆံရမည်။

စိတ်ပျက်ခြင်း။ ။ တစ်စုံတစ်ရာ အကြောင်းကိစ္စ တစ်ခုကြောင့် သင်သည် စိတ်ပျက်လက်ပျက် ဖြစ်သွားရသည်ဟု မြင်မက်လျှင် သူစိမ်းများနှင့် ခိုက်ရန်ဖြစ်ခြင်း စကားများခြင်းတို့ ဖြစ်ရလိမ့်မည်။

စစ်ဘုရင်။ ။ စစ်ဘုရင် ကစားနေကြသည်ကို ကြည့်ရှုရသည်ဟု မြင်မက်လျှင် မိမိနေအိမ်မှ လူများနှင့် မသင့်မတင့်ရှိမည်၊ သင်သည် စစ်ဘုရင် ကစားနေရသည်ဟု မြင်မက်လျှင် လိုအင်ဆန္ဒတို့ မကြာမီပြည့်စုံလာလိမ့်မည်၊ သင့်ဆောင်ရွက်မှုများ အောင်မြင်လိမ့်မည်။

စခန်း။ ။ တောထဲတွင် စခန်းငယ်တစ်ခုပြုလုပ်၍ နေကြသည်ကို မြင်မက်လျှင် ကံကောင်းသော ခရီးသွားရမည်။

စာရွက်။ ။ မည်သည့်စာရွက်စာတမ်းများမဆို မြင်မက်လျှင် အချစ်ကိစ္စနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်သော အရုပ်အရှင်း စိတ်ဆင်းရဲစရာများကို တွေ့လိမ့်မည်၊ စာရွက်များကို မီးရှို့ဖျက်ဆီးပစ်သည်ဟု မြင်မက်လျှင် ချစ်သူတို့ အထင်မှားခြင်း ခံရမည်၊ စိတ်ရှိသောသားချင်း မတိုက်မဆိုင်ရှိမည်။

စားသောက်ပွဲ။ ။ ကျွေးမွေးပြုစုသော စားသောက်ပွဲတစ်ခုသို့ သွားရောက်ရသည်ဟု မြင်မက်လျှင် မိတ်ဆွေသူငယ်ချင်းတို့နှင့် ခိုက်ရန်ဖြစ်မည်၊ သင်က စားသောက်ပွဲပြုလုပ်၍ လူအများကို ဖိတ်ခေါ် ကျွေးမွေးရသည်ဟု မြင်မက်လျှင်ကောင်း၏၊ ငွေကြေးတို့ ဝင်ရောက်မည်။

စုန်း။ ။ စုန်းအတတ်တတ်သော မိန်းမကြီးတစ်ယောက်က သင့်ကို တစ်စုံတစ်ရာ ထူးဆန်းသော အတတ်များကို ပြသသည်ကို မြင်ရလျှင်သော်လည်းကောင်း၊ သင့်အား ခြောက်လှန့်ခြင်း၊ ကြိမ်းမောင်းခြင်း ပြုသည်ကို မြင်မက်လျှင်သော်လည်းကောင်း ရုတ်တရက် ဗေဒိုက်ဒဏ်ရှာရမှုကို သတိပေးခြင်းဖြစ်၏၊ သင်ကိုယ်တိုင် စုန်းအတတ်ကို တတ်ကျွမ်းသည်ဟု မြင်မက်လျှင် မိန်းမ သို့မဟုတ် ယောက်ျားတို့၏ ချစ်ကြိုက်ခြင်းကို ခံရလိမ့်မည်။ စုန်းအတတ်ကြောင့် သင်သည် မေ့မြောသွားသည်၊ သေဆုံးသွားရသည်ဟု မြင်မက်လျှင် ကြွယ်ဝချမ်းသာသော သူများ၏ ရက်ရောစွာ ကူညီမှုကို ရရှိလိမ့်မည်။

စာရေးသည်။ ။ စာရေးနေသူ တစ်ဦးကို မြင်ရခြင်း၊ သို့မဟုတ် သင်ကိုယ်တိုင် စာရေးနေခြင်းကို မြင်မက်လျှင် အောင်မြင်မှု ကြံစည်လုပ်ကိုင်မှုတို့ ပြည့်စုံအောင်မြင်ခြင်းသို့ရောက်မည်။

စာအိတ်။ ။ စာတိုက်မှ စာအိတ်တစ်အိတ် ရောက်ရှိလာသည်ဟု မြင်မက်လျှင် ကောင်းသတင်း ကြားရမည်၊ စာအိတ်ပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



သင်သည် လိုပ်စာရေးနေသည်ဟု မြင်မက်ပါက ခရီးရှည်သွားရမည်။

စွန်ပလွန်သီး။ ။ စွန်ပလွန်သီးများကို မြင်မက်လျှင် ချစ်သူနှင့် ရှိန်းချက်များ ဖျက်လိုက်ရမည်၊ အချစ်ရေးတွင် ကြားလူနှောင့်ယှက်မည်၊ စွန်ပလွန်သီးများကို စားရသည်ဟု မြင်မက်လျှင် အချစ်ရေးအတွက် စိတ်ချရမည်၊ သစ္စာရှိသော ရိုးသားသော ချစ်သူနှင့် မကြာမီ တွေ့ကြုံရလိမ့်မည်။

စည်ပိုင်း။ ။ စည်ပိုင်းကြီးကို တွေ့မြင်ရသည်ဟု မြင်မက်လျှင် မမျှော်လင့်သော ငွေကြေးရရှိတတ်သည်။

စီးကရက်။ ။ စီးကရက်များ မြင်မက်လျှင် စိတ်ပျော်ရွှင်ကျေနပ်မှု ရရှိမည်၊ စီးကရက်ကို သောက်ရသည်ဟု မြင်မက်လျှင် ချစ်သူအသစ်နှင့် တွေ့လိမ့်မည်။

စားသည်။ ။ သင်သည် မည်သည့်အမျိုးအမည်မသိသော အရာဝတ္ထုများကို စားနေသည် မြင်မက်လျှင် ချစ်ကြင်းသင်းဆက်ဆံရေး ပိုမိုကျယ်ပြန့်လာလိမ့်မည်၊ မိတ်သစ်ဆွေသစ်တို့နှင့် တွေ့ကြုံရလိမ့်မည်။

စွန့်ပစ်သည်။ ။ သင်သည် တစ်စုံတစ်ခုကို စွန့်ပစ်လိုက်သည်ဟု မြင်မက်လျှင် အဖိုးတန်သော ဥစ္စာပစ္စည်းများ ဝင်ရောက်ရရှိလိမ့်မည်။

စာအုပ်။ ။ စာအုပ်ကို မြင်မက်ခြင်းသည် အကြံအစည်အောင်မြင်မည်ကို ဖော်ပြခြင်းဖြစ်၏၊ ခက်ခဲသော အကြောင်းကိစ္စ ပြဿနာများ လွယ်ကူချောမောစွာ ပြီးစီးလိမ့်မည်၊ စာအုပ်ကို ဖတ်နေသည်ဟု မြင်မက်လျှင် အထူး လူချစ်လူခင်များမည်ဖြစ်၏၊ အိမ်ထောင် မရှိသေးသူများသည် လက်ထပ်ရတတ်သည်၊ သို့မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



အချစ်ရေး အထူးအောင်မြင်မည်။

စာအုပ်မှ စာမျက်နှာများ ဆုတ်ဖြဲပစ်သည်ဟု မြင်မက်လျှင် ငွေကြေးဆုံးရှုံးနစ်နာမှု ဖြစ်လိမ့်မည်၊ လူလိမ်လူကောက် လူညာတို့နှင့် ကြုံတွေ့ရမည်။

စောင်။ ။ စောင်ကိုမြင်မက်လျှင် (စိတ်၏စွဲလမ်းခြင်းကြောင့် မဟုတ်ပါက) အပေါင်းအသင်းများနှင့် အပျော်ခရီး သွားရမည်၊ စောင်ကို မီးလောင်သည်၊ ဆုတ်ဖြဲပစ်သည်ဟူ၍ မြင်မက်လျှင် မကောင်းချေ၊ မိမိနေအိမ် အမှုအခင်း အရှုပ်အရှင်းများ ပေါ်ပေါက်လာလိမ့်မည်။

စက်။ ။ စက်နှင့်ပတ်သက်သောပစ္စည်းများ၊ စက်များလည်ပတ်အလုပ်လုပ်နေသည်ကို မြင်မက်လျှင် မကောင်းချေ၊ စိုးရိမ်ကြောင့်ကြစရာ၊ ပူပင်သောကဖြစ်စရာ၊ ဝမ်းနည်းကြေကွဲစရာများနှင့် တွေ့ရလိမ့်မည်။

ပျက်နေသောစက်ကို ပြင်ရသည်ဟု မြင်မက်လျှင် အိုးအိမ်ပြောင်းရွှေ့မှုဖြစ်မည်၊ တစ်မြို့တစ်ရွာသို့ ရောက်လရှည်ကြာ ပြောင်းရွှေ့နေထိုင်ရလိမ့်မည်။

စိတ်နှလုံးလှည့်လည်ခြင်း။ ။ လူအများ စိတ်နှလုံးလှည့်လည်ကြသည်ကို မြင်မက်လျှင် ပေါင်းသင်းဆက်ဆံရေးတွင် စိတ်ပျက်စရာကိစ္စများနှင့် တွေ့လိမ့်မည်၊ မိတ်ဆွေသစ်၊ မိတ်ဆွေဟောင်းများနှင့် စိတ်ဝမ်းကွဲလွဲသဖြင့် အလုပ်အကိုင်တို့ ထိခိုက်နစ်နာမည်။

စောင့်ဆိုင်း။ ။ သင်သည် အကြောင်းကိစ္စတစ်ရပ်တွင် စိတ်မရှည်နိုင်အောင် စောင့်ဆိုင်းနေရသည်ဟု မြင်မက်လျှင် သင့်ရည်မှန်းကိစ္စတို့သည် မကြာမီ ပြီးစီးအောင်မြင်မည် ဖြစ်လေသည်။

စိုက်ပျိုးခြင်း။ ။ သင်သည် သစ်ပင်ပန်းမန် စသည်တို့ကို စိုက်ပျိုး

www.burmeseclassic.com

www.burmeseclassic.com



နေသည်၊ သို့မဟုတ် ရှင်းတို့ကို လန်းဆန်းလာအောင် ရေလောင်းပေးသည်ဟု မြင်မက်လျှင် အလွန်ကောင်းမွန်သည်၊ အလုပ်အကိုင် ကြံစည်ထားသမျှတို့ လွယ်ကူစွာ အောင်မြင်ခြင်း၊ သာယာပျော်ရွှင်ခြင်း စသည်တို့နှင့် ကြုံရလိမ့်မည်။

( ဆ )

ဆင်။ ။ ဆင်ကိုမြင်မက်လျှင် ဝင်ငွေကောင်းမည်၊ အလုပ်တို့ အောင်မြင်မည်၊ ဆင်ပေါ်တွင် စီးနင်းလိုက်ပါသည်ဟု မြင်မက်လျှင် ရာထူးဂုဏ်ထူးတို့ တိုးတက်မည်၊ အခြေအနေအရပ်ရပ် မြင့်မားလာမည်၊ အစိုးရချီးမြှင့်သော ရာထူးဂုဏ်ထူးများ ရရှိမည်။

ဆင်၏ တိုက်ခိုက်ခြင်းခံရသည်၊ ရန်မူခြင်းခံရသည်ဟု မြင်မက်လျှင် အလုပ်အကိုင် ရာထူးဂုဏ်ထူးတို့မှ နိမ့်ကျမည်၊ အရှက်တကွဲ အကျိုးနည်းကိစ္စများ ဖြစ်လိမ့်မည်၊ ဆင်သေကို မြင်မက်လျှင် မိမိထက် ရာထူးဂုဏ်ထူးကြီးမြင့်သော လူကြီးတို့၏ ချီးမြှောက်ခြင်းကို ခံရမည်၊ လူချစ်လူခင် ပေါများမည်၊ ဆင်အသေကောင်ကို မြင်မက်ခြင်းသည် နိမိတ်ကောင်းခြင်းဟု ယူဆရလေသည်။

ဆိတ်။ ။ ဆိတ်များကို မြင်မက်လျှင် မိမိနှင့် ရင်းနှီးချစ်ခင်သော သူ့တို့တွင် ဖျားနာရောဂါ စွဲကပ်လိမ့်မည်၊ ဆိတ်များ အစာ စားသည်ကို မြင်မက်လျှင် ငွေကြေးဝင်မည်၊ သင်က ဆိတ်ကို အစာကျွေးမွေးသည်ဟု မြင်မက်လျှင် ချစ်သူတို့ပေးသော လက်ဆောင်ပစ္စည်းတစ်ခုခု ရရှိလိမ့်မည်၊ ဆိတ်အသေကို မြင်မက်ခြင်းသည် ရုတ်တရက် အခြေအနေ တိုးတက်အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



မည်ဖြစ်သည်။

ဆိပ်ကမ်း။ ။ သင်္ဘောတစ်စင်းဖြင့် ဆိပ်ကမ်းသို့ ချဉ်းကပ်လာသည်ကို မြင်မက်လျှင် ပင်ပန်းသော အလုပ်များမှ အနားယူရလိမ့်မည်၊ အနားယူခရီးများ သွားလာရမည်၊ ဆိပ်ကမ်းသည် အေးဆေးငြိမ်သက်နေသည်ကို မြင်တွေ့ရလျှင် သာယာပျော်ရွှင်ဖွယ်ကောင်းသောခရီးကို သွားရမည်၊ ဆူညံရှုပ်ထွေးသောဆိပ်ကမ်းကို မြင်မက်လျှင် ခရီးသွားရခြင်းဖြင့် စိတ်မချမ်းသာမှုနှင့်တိုးလိမ့်မည်။

ဆရာဝန်။ ။ ဆရာဝန်တစ်ဦးထံ သွားရောက်စမ်းသပ်သည်၊ ဆရာဝန်က စမ်းသပ်စစ်ဆေးသည်ကို မြင်မက်လျှင် ကျန်းမာရေး အထူးကောင်းမွန်မည်၊ ဆရာဝန်ပေးသောဆေးကို သောက်ရစားရသည်ဟု မြင်မက်လျှင် မကောင်းချေ၊ ရုတ်တရက် ကျန်းမာရေး ထိခိုက်လိမ့်မည်။

ဆံပင်။ ။ ဆံပင်နှင့် ပတ်သက်၍ မြင်မက်သော အိပ်မက်သည် မကောင်းချေ၊ ဆံပင်များ ကျွတ်ထွက်သည်ဟု မြင်မက်လျှင် စီးပွားရေး ပျက်စီးလိမ့်မည်၊ ငွေကြေးကြပ်တည်းဆုံးရှုံးမှုနှင့် တွေ့ရမည်၊ ပစ္စည်းဥစ္စာတို့ ပျောက်ဆုံးခြင်း ဖြစ်လိမ့်မည်။

ဆံပင်များ ရှုပ်ထွေးကုန်သည်ဟု မြင်မက်လျှင် အမှုအခင်း ပြဿနာတို့ကြောင့် စိတ်ညစ်ရမည်၊ ဆံပင်ညှပ်ခံသည်၊ ဆံပင်ရိတ်ဖြတ်သည် စသည်တို့မြင်မက်လျှင် မိမိ၏ အမှားကြောင့် ငွေကြေးများ နစ်နာဆုံးရှုံးလိမ့်မည်။

ဆေးလိပ်။ ။ ဆေးပြင်းလိပ်များ မြင်မက်ခြင်းသည် အချစ်ရေး အဆင်ပြေလိမ့်မည်၊ ဆေးလိပ်သောက်ရသည်၊ ဆေးလိပ် သောက်ပြီးမှုသည်ဟု မြင်မက်လျှင် အချစ်ရေးကြောင့် စိတ်ညစ် လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံ။ ။ ဆေးရုံနှင့် ပတ်သက်သမျှ မြင်မက်သမျှသော အကြောင်း အရာရှိသည် ကံကောင်းခြင်း၊ သာယာပျော်ရွှင်ခြင်း စသည်တို့ကို ဖော်ပြပေသည်၊ ဆေးရုံတက်ရသည်၊ ဆေးရုံမှဆင်းခဲ့ရသည်ဟု မြင်မက်လျှင် အိမ်ထောင်စုအားလုံး သာယာပျော်ရွှင်စွာ ရှိလိမ့်မည်။

ဆဲဆိုသည်။ ။ သင်သည် တစ်ဦးတစ်ယောက်ကို ဆဲဆိုသည်ဟု မြင်မက်ခြင်းသည် မဖျော်လင့်သော နေရာဒေသမှ မိမိအတွက် မကောင်းသော သတင်းများ ရောက်လာလိမ့်မည်၊ သင့်ကို တစ်စုံတစ်ယောက်က ဆဲဆိုခြင်းခံရသည်ဟု မြင်မက်လျှင် မတော်တဆ ထိခိုက်ဒဏ်ရာရမှု ဖြစ်လိမ့်မည်။

ဆာလောင်သည်။ ။ ပြင်းပြစွာ ဆာလောင်ခြင်း ဖြစ်သည်ဟု မြင်မက်လျှင် အချစ်ရေးကြောင့် အရှက်တကွဲ အကျိုးနည်း ဖြစ်မည်၊ ဆာလောင်သဖြင့် ထမင်းဟင်းများကို အငမ်းမရ စားသောက်ရသည်ဟု မြင်မက်လျှင် အချစ်ကိစ္စအတွက်နှင့် ခိုက်ရန်ဒေါသဖြစ်ပြီး အနာတရဖြစ်မည်။

ဆပ်ကပ်ပွဲ။ ။ ဆပ်ကပ်ပွဲတစ်ခုတွင် ကြည့်ရှုနေကြသည်ဟု မြင်မက်ပါက ငွေကြေး၊ အလုပ်အကိုင်တို့ ကောင်းမွန်စွာ ဝင်ရောက်လာမည်။

ဆီးနှင်း။ ။ ဆီးနှင်းများ ကျနေသည့် ရှုခင်းကို မြင်မက်လျှင် သာယာပျော်ရွှင်ရလိမ့်မည်၊ မိမိအား လူချစ်လူခင် ပေါ်များမည်၊ ဆီးနှင်းမြူများသည် သင်နေထိုင်ရာပေါ်သို့ဖြစ်စေ၊ သင့်ခေါင်း ပေါ်သို့ဖြစ်စေ ကျနေသည်ကို မြင်မက်လျှင် မိမိထက် ရာထူး မြင့်မားသောသူ၏ ချစ်ခင်မှုကို ရရှိလိမ့်မည်၊ အချစ်ရေးကြောင့် ဘဝအောင်မြင်မှုကို ရလိမ့်မည်။

ဆင်စွယ်။ ။ ဆင်စွယ်ကို မြင်မက်ခြင်းသည် ကျန်းမာရေး

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမွန်ခြင်း၊ အိမ်တွင်းရေး သာယာနှာပျော်ရွှင်ခြင်း အမှတ်အသားပင် ဖြစ်လေသည်၊ ဆင်စွယ်ဖြင့် ပြုလုပ်ထားသော ပစ္စည်းများကို မြင်မက်လျှင် ငွေကြေးကိစ္စ အလုပ်ကိစ္စတို့ အောင်မြင်လိမ့်မည်။

ဆေးဝါး။ ။ ဆေးဝါးသောက်သုံးရသည်ဟု မြင်မက်လျှင် မကောင်းချေ၊ ကျန်းမာရေးအတွက် သတိပေးခြင်း ဖြစ်လေသည်။

ဆား။ ။ ဆားကိုမြင်မက်လျှင် ကောင်းသည်၊ ပင်လယ်ရပ်ခြားခရီးသို့ သွားရခြင်း၊ ပင်လယ်ရပ်ခြားမှ မိတ်ဆွေများ ရောက်ရှိခြင်း၊ လက်ဆောင်ပစ္စည်းများ ရရှိခြင်းဖြစ်မည်၊ ဆားကို စားသုံးရသည်ဟု မြင်မက်လျှင် ကျန်းမာရေးအခြေအနေ အထူးကောင်းမွန်မည်၊ ပျော်ရွှင်သာယာသော ခရီးသွားရမည်။

ဆိုင်။ ။ ပစ္စည်းများရောင်းသောဆိုင်သို့ သွားရောက်သည်ဟု မြင်မက်လျှင် ငွေကြေးများ ရရှိလိမ့်မည်၊ မမျှော်လင့်သော မိတ်ဆွေအချို့နှင့် တွေ့ကြုံရမည်။

ဆေးသုတ်။ ။ အိမ်ကို ဆေးရောင်များဖြင့် မွမ်းမံသည်၊ ဆေးသုတ်သည်ဟု မြင်မက်လျှင် ကံကောင်း၏၊ သင့်အကြံအစည်တို့ အောင်မြင်ပြီးမြောက်လိမ့်မည်။

ဆင်းရဲခြင်း။ ။ သင်သည် ဆင်းရဲသော အခြေအနေသို့ ရောက်ရှိသွားသည်ဟု မြင်မက်လျှင် မိမိလုပ်ကိုင်သော လုပ်ငန်းများ မှားယွင်းမှု ဖြစ်လိမ့်မည်၊ ဆင်းရဲသောသူများနှင့် ပတ်သက်၍ မြင်မက်လျှင် အလုပ်အကိုင် ပြောင်းရွှေ့လုပ်ကိုင်ရလိမ့်မည်။

ဆိုးဆေး။ ။ သင်သည် သင့်အကျီ အဝတ်အစားများကို ဆိုးရောင် ပြောင်းသွားရန် ဆေးဆိုးသည်ဟု မြင်မက်လျှင် အလုပ်အကိုင် အကြံအစည်အသစ်တို့ ပြုလုပ်ရလိမ့်မည်၊ လုပ်ရိုးလုပ်စဉ်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ထက် ပိုမိုကောင်းမွန်သောအလုပ်ကို ပြောင်းလဲလုပ်ကိုင်ရမည်။

ဆေးတံ။ ။ ဆေးတံကို မြင်မက်ခြင်းသည် ကံကောင်းခြင်းဖြစ်၏။ ဆေးတံသောက်ရသည်ဟု မြင်မက်လျှင် ထင်ပေါ်ကျော်ကြားသူများ၏ ကူညီမ,စမှုကို ခံရမည်၊ ဆေးတံအကျိုးကို မြင်မက်လျှင် ရရှိရန်ရှိသော ငွေကြေးတို့ နစ်နာဆုံးရှုံးခြင်း ဖြစ်လိမ့်မည်။

ဆီ။ ။ မည်သည့်ဆီဖြစ်စေ၊ ပျစ်ချွဲသော အရည်တို့ကိုဖြစ်စေ မြင်မက်လျှင် ရင်းနှီးသောသူတို့နှင့် စကားများခြင်း၊ စိတ်ဝမ်းကွဲခြင်းဖြစ်လိမ့်မည်၊ ရင်းဆီများ ပေကျံသည်ဟု မြင်မက်လျှင် အလုပ်အကိုင်တွင် အကြီးအကဲတို့၏ အနိုင်ယူမှု၊ မတရားမှုကို ခံရမည်။

ဆုတောင်းသည်။ ။ မိမိဖြစ်စေလိုသော အကြောင်းအရာများအတွက် ဆုတောင်းခြင်းအမှုကို ပြုသည်ဟု မြင်မက်လျှင် အိမ်ထောင်ရေးတွင် တစ်ဦးနှင့်တစ်ဦး အငြင်းအခုံဖြစ်မည်၊ ချစ်သူများအဖို့ ခွဲခွာနေရလိမ့်မည်။

ဆုလာဘ်။ ။ သင်သည် ဆုလာဘ်တစ်စုံတစ်ရာကို ရရှိသည်ဟု မြင်မက်လျှင် လုပ်ငန်းစပ်တူလုပ်ကိုင်ခြင်း ပြုရလိမ့်မည်။

ဆူးစူးခြင်း။ ။ သင်သည် ခြေထောက်များတွင် ဆူးများနင်းမိ၍ စူးသည်ဟု မြင်မက်ပါက လက်အောက်ငယ်သား မိမိထက် နိမ့်ကျသူတို့၏ စော်ကားခြင်း၊ ဒုက္ခပေးခြင်းကို ခံရမည်၊ လက်တို့တွင် ဆူးများစူးသည်ဟု မြင်မက်မိပါက မိမိထက် ရာထူးဂုဏ်ထူး မြင့်မားသောသူ၏ ပြစ်တင်ကြိမ်းမောင်းခြင်း၊ ညှဉ်းပန်းခြင်းကို ခံရမည်။

ဆယ်လှူခြင်း။ ။ သင်သည် ရေတွင်မျောနေသော တစ်စုံတစ်ရာကို

www.burmeseclassic.com

www.burmeseclassic.com



ဆယ်ယူမိသည်ဟု မြင်မက်လျှင် ကောင်းမွန်၏။ ထင်ပေါ် ကျော်ကြားသောသူတို့နှင့် ချစ်ကျွမ်းဝင်ရလိမ့်မည်။ အချစ်ရေး ကြောင့် အောင်မြင်မှုကို ဖန်တီးလိမ့်မည်။

ဆင်းသည်။ ။ မြင့်ရာအရပ်မှ နိမ့်ရာအရပ်သို့ ဆင်းသည်ဟုမြင်မက်လျှင် မလိုမုန်းထားသူတို့၏ တိုက်ခိုက်မှုကြောင့် ဆင်းရဲရတတ်သည်၊ စီးပွားရေးတွင် ထိခိုက်ပျက်စီးတတ်သည်။

ဆက်သည်။ ။ သင်သည် ကျိုးနေသော အရာဝတ္ထု၊ ကွဲနေသော အရာဝတ္ထုတို့ကို ဆက်နေသည်ဟု မြင်မက်လျှင် ကွဲကွာနေသော ချစ်ခင်ရင်းနှီးသူတို့နှင့် ပြန်လည်တွေ့ဆုံရလိမ့်မည်။

ဆီးဖြူသီး။ ။ ဆီးဖြူသီးများ အပင်တွင် ပြွတ်သိပ်စွာ သီးနေသည်ကို မြင်မက်လျှင် ရုပ်ချောမှုချစ်သူနှင့် တွေ့လိမ့်မည်၊ ဆီးဖြူသီးတို့ စားရသည်ဟု မြင်မက်လျှင် ချစ်သူ၏ နိုင်ထက်စီးနင်း ပြုမှုခြင်းကို ခံရမည်။

ဆီးသီး။ ။ ဆီးပင်တွင် ဆီးသီးများ ပြွတ်သိပ်လျက် သီးနေကြသည်ကို မြင်မက်လျှင် မိမိထက် နိမ့်ကျသော၊ သို့မဟုတ် ငယ်ရွယ်သော ချစ်သူနှင့် တွေ့လိမ့်မည်၊ ဆီးသီးကို စားရသည်ဟု မြင်မက်လျှင် အချစ်ရေးတွင် ကံမကောင်းချေ၊ ပူဆွေးဝမ်းနည်းမှုနှင့် ရင်ဆိုင်ရလိမ့်မည်။

( ဇ )

ဇလုံ။ ။ ဇလုံကို မြင်မက်လျှင် ငွေကြေးကြပ်တည်းလိမ့်မည်၊ ဇလုံထဲမှ အရာဝတ္ထုများ စွန့်ပစ်သည်ဟု မြင်မက်လျှင် တစ်စုံ တစ်ယောက်ထံမှ ငွေကြေးအကူအညီ ရလိမ့်မည်၊ ဇလုံထဲသို့ စားစရာ အရာဝတ္ထုပစ္စည်းများ ထည့်သည်ဟု မြင်မက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးသူတို့ကို ပေးရန်ရှိသော အကြွေးဓိွေများကြောင့် ငွေကြေးကြပ်တည်းမှုဖြစ်၍ စိတ်ဆင်းရဲရလိမ့်မည်။

ဇာ။ ။ဇာပဝါ၊ ဇာပိတ်စ စသည်တို့ကို မြင်မက်လျှင် ဆွေမျိုးသားချင်းတို့၏ ကူညီမှုကို ခံရလိမ့်မည်။

ဇီးကွက်။ ။ ဇီးကွက်ကို တွေ့မြင်ရသည်ဟု မြင်မက်လျှင်ကောင်း၏။ လို့ဂုဏ်စွာဖြင့် ငွေများ၊ ပစ္စည်းများ ဝင်ရောက်လာလိမ့်မည်၊ ဇီးကွက်အော်သံကို မြင်မက်လျှင် ငွေကြေးဥစ္စာပစ္စည်းတို့ကို ခိုးယူခြင်း ခံရမည်။

## ( ဈ )

ဈေး။ ။ ဈေးထဲ၌ လှည့်လည်ကြည့်ရှုရသည်ဟု မြင်မက်လျှင် မမျှော်လင့်သော သတင်းကောင်း တစ်ခုကို ကြားရမည်၊ ဈေးထဲတွင် ပစ္စည်းများ ဝယ်ယူသည်ဟု မြင်မက်လျှင် ငွေကြေးတို့ မမျှော်လင့်ဘဲ ရရှိလိမ့်မည်။

ဈေးသည်။ ။ မည်သည့်ဈေးရောင်းသူကိုမဆို မြင်မက်လျှင် ကံကောင်းခြင်း၊ ပျော်ရွှင်ချမ်းသာခြင်း အမှတ်အသား ဖြစ်လေသည်။

## ( ည )

ည။ ။ ညဘက်တွင် လမ်းလျှောက်ခြင်း၊ ညဘက်တွင် တစ်စုံတစ်ရာ ပြုလုပ်ခြင်းကို မြင်မက်လျှင် လျို့ဝှက်သော အကြံအစည်များ ပြုလုပ်ရလိမ့်မည်။

ညနေ။ ။ ညနေဘက် နေဝင်ခါနီးတွင် သာယာသော ရှုခင်းများကို ကြည့်မြင်ရသည်ဟု မြင်မက်လျှင် အလှူအတန်း ပြုရခြင်း၊ တစ်ပါးသူတို့ကို ကူညီရခြင်း ပြုရလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ညစာ။ ။ ညစာ စားသောက်ရသည်ဟု မြင်မက်လျှင် သင်၏အိမ်တွင် တစ်စုံတစ်ရာ ဒုက္ခကျရောက်လိမ့်မည်၊ ညစာအတွက် တစ်စုံတစ်ရာ ဝယ်ယူရသည်ဟု မြင်မက်လျှင် သေးဖွဲသော ဒုက္ခများ ကြုံတွေ့ရလိမ့်မည်။

ညှဥ်းဆဲသည်။ ။ တစ်စုံတစ်ယောက်သူသည် လူတစ်ယောက်အား ညှဥ်းပန်းနှိပ်စက်နေသည်ကို တွေ့မြင်လျှင် သူသည် စိတ်ဓာတ်ကျဆင်းခြင်း ဖြစ်လိမ့်မည်၊ စိတ်အားငယ်ခြင်း ဖြစ်လိမ့်မည်၊ တစ်စုံတစ်ယောက်သောသူက သင့်အား နှိပ်စက်ညှဥ်းပန်းသည်ကို ခံရသည်ဟု မြင်မက်လျှင် ပင်ပန်းသောအလုပ်များကို လုပ်ကိုင်ရလိမ့်မည်၊ သင်က တစ်စုံတစ်ယောက်အား နှိပ်စက်ညှဥ်းဆဲသည်ဟု မြင်မက်လျှင် အိမ်နီးနားချင်း မိတ်ဆွေများကြောင့် ဒုက္ခရောက်လိမ့်မည်။

ညိုးနွမ်းသည်။ ။ သစ်ပင် ပန်းပင်များ ညိုးနွမ်းနေကြသည်ကို တွေ့မြင်ရလျှင် မကောင်းချေ၊ သင်သည် မျှော်လင့်ချက်အားလုံးကို လက်လျှော့လိုက်ရပေလိမ့်မည်။

( တ )

တက်သည်။ ။ အထက်အမြင့်သို့ တက်သွားရသည်ဟု မြင်မက်လျှင် ရုတ်တရက် အခြေအနေတို့ ပြောင်းလဲတိုးတက်လိမ့်မည်၊ တက်ရာတွင် အခက်အခဲများမရှိဘဲ ချောမောစွာရောက်ရှိသည်ဟု မြင်မက်လျှင် အရာရာတိုင်းတွင် အဆင်ပြေနေပါလိမ့်မည်၊ အလုပ်အကိုင် အကြံအစည်တို့ လွယ်ကူစွာပင် အောင်မြင်လိမ့်မည်။

လမ်းခရီးတွင် အဟန့်အတားများ၊ အခက်အခဲများနှင့်

www.burmeseclassic.com

www.burmeseclassic.com



ရင်ခွဲခိုင်ရမည်ဟု မြင်မက်လျှင် အောင်မြင်မှုသည် နှောင့်နှေး ကြန့်ကြာနေလိမ့်မည်။

**တံတား။** ။ တံတားကို မြင်မက်လျှင် သစ္စာရှိသော မိတ်ဆွေအပေါင်း အသင်းများနှင့်တွေ့မည်၊ သင်သည် တံတားပေါ်မှ ဖြုတ်ကျော် သွားရသည်ဟု မြင်မက်လျှင် မိတ်ဆွေအပေါင်းအသင်းတို့၏ ကူညီမှုကြောင့် အခြေအနေ တိုးတက်အောင်မြင်လိမ့်မည်။

တံတားသည် မြင့်မားသော တံတားဖြစ်လျှင် သင်၏ အခြေအနေမှာ မမျှော်လင့်သော မြင့်မားမှုမျိုးကို ရရှိလိမ့်မည်၊ ကျိုးနေသောတံတား၊ လှုပ်ရှားယိမ်းယိုင်နေသော တံတားတစ်ခု ဖြစ်နေလျှင် သင်သည် ခက်ခဲပင်ပန်းစွာ ကြိုးစားပြီးမှ ဘဝအောင်မြင်မှုကို ရရှိလိမ့်မည်။

**တံအိမ်။** ။ တံအိမ်ကို မြင်မက်ခြင်းသည် ကောင်း၏၊ ကံကောင်းခြင်း အမှတ်အသားပင်ဖြစ်သည်၊ သာယာပျော်ရွှင်မှုကို ရရှိလိမ့်မည်။

**တံမြက်စည်း။** ။ တံမြက်စည်းကို မြင်မက်လျှင် မတော်တဆ ထိခိုက်မှုကြောင့် အနာတရ အသေးအဖွဲများ ရရှိတတ်သည်၊ သို့ရာတွင် တံမြက်စည်းလှည်းခြင်း၊ တံမြက်စည်းဖြင့် သန့်ရှင်း စေခြင်းများကို မြင်မက်လျှင် ကံကောင်းခြင်း၊ အောင်မြင်ခြင်းကို ဖြစ်စေမည်။

**တူးမြောင်း။** ။ တူးမြောင်းကို မြင်မက်လျှင် အလုပ်အကိုင်များတွင် ခက်ခဲမှု တွေ့ကြုံမည်၊ အလုပ်ကိစ္စများ ရပ်ဆိုင်းခြင်းရှိမည်၊ တူးမြောင်းထဲမှ ဖြတ်သန်း၍ ခရီးသွားရသည်ဟု မြင်မက်လျှင် အခက်အခဲကြားမှ အောင်မြင်မှု ရရှိမည်။

**ထိမ်တိုက်။** ။ ကြည်လင်သော ကောင်းကင်တွင် ထိမ်တိုက်များ ရွေ့လျားသွားလာနေသည်ကို မြင်မက်လျှင် ကံကောင်းမည်၊

www.burmeseclassic.com

www.burmeseclassic.com



သာယာပျော်ရွှင်ဖွယ်ကောင်းသော အခြေအနေကို ဖန်တီးမည်။

တိုက်ပွဲ။ ။ တိုက်ပွဲကို မြင်မက်လျှင် လူအများနှင့် ခိုက်ရန်ဖြစ်တတ်သည်၊ တိုက်ပွဲပြီးဆုံးသွားခြင်းကို မြင်မက်လျှင် မိမိရန်သူတို့နှင့် ပြန်လည်သင့်မြတ်မည်။

တွင်းတူးသည်။ ။ မြေကြီးတွင် တွင်းတူးရသည်ဟု မြင်မက်ခြင်းသည် မကောင်းချေ၊ ယုံကြည်စိတ်ချမိသူသည် ရန်သူဖြစ်နေလိမ့်မည်၊ တူးသောတွင်းမှာ လွန်စွာနက်လျှင် အန္တရာယ်ရှိသည်၊ သင်သည် တွင်းကို လွယ်ကူချောမောစွာ တူးနိုင်သည်ဟု မြင်မက်လျှင် မိတ်ဆွေရင်းချာထဲမှ လိမ်လည်လှည့်ဖြားခြင်း ခံရမည်၊ သို့မဟုတ်ဘဲ တွင်းတူးရာတွင် ခဲယဉ်းမှုရှိပါက သင်နှင့် ခင်မင်ရင်းနှီးသူတို့ ငွေကြေးကိစ္စကြောင့်သော်လည်းကောင်း၊ အလုပ်အကိုင်ကြောင့်သော်လည်းကောင်း စကားများရမည်။

တွားသွားသည်။ ။ သင်သည် တစ်နေရာမှ တစ်နေရာသို့ တွားရှဲ့သွားရသည်ဟု မြင်မက်လျှင် မိမိထက်ငယ်ရွယ်သော အိမ်သားများ ဖျားနာဥပဒ် ရတတ်သည်၊ တွားသွားနေသော ကလေးသူငယ်ကို မြင်တွေ့ရလျှင် ပျော်ရွှင်ခြင်း၊ ချမ်းသာသုခနှင့် ပြည့်စုံခြင်းဖြစ်မည်။

တံခါး။ ။ တံခါးဖွင့်သည်ဟု မြင်မက်လျှင် မိမိအား အကျိုးပြုမည့် မိတ်ဆွေများ ရောက်လာတတ်၏၊ တံခါးကို ပိတ်သည်ဟု မြင်မက်လျှင် ကံမကောင်းချေ၊ စိတ်ဆင်းရဲခြင်း၊ ဝမ်းနည်း ပူဆွေးခြင်း စသည်တို့ ဖြစ်လိမ့်မည်။

တက်။ ။ လှေလှော်သော တက်ကို မြင်မက်လျှင် အချစ်ရေးတွင် သာယာပျော်ရွှင်ခြင်းဖြစ်မည်။

တံတွေး။ ။ တံတွေးများကို ရွံရှာဖွယ်မြင်မက်လျှင် ဝင်ငွေကောင်းခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းခြင်း ဖြစ်လိမ့်မည်၊ တံတွေးထွေးသည်ကို မြင်မက်လျှင် ကျန်းမာရေး ထိခိုက်မည်၊ ဖျားနာတတ်သည်၊ တံတွေးများ သင့်အဝတ်အစား ကိုယ်ခန္ဓာတွင် ပေကျံနေသည်ဟု မြင်မက်လျှင် ငွေကြေးလွယ်ကူစွာ ရလိမ့်မည်။

တိုသွားသည်။ ။ သင်၏အရပ်အမောင်းသည် နဂိုအနေမှ တိုရှုံ၍ သွားသည်ဟု မြင်မက်လျှင် အိမ်တွင်းရေး သာယာပျော်ရွှင်မည်၊ သတင်းကောင်းကို ကြားရမည်။

တူ။ ။ တူကိုမြင်မက်လျှင် အချစ်ရေးတွင် စိတ်ဆင်းရဲရလိမ့်မည်၊ တစ်စုံတစ်ယောက် ဝင်ရောက်နှောင့်ယှက်ခြင်း ခံရမည်၊ သင်သည် တူဖြင့် တစ်စုံတစ်ရာကို ထုနေသည်ဟု မြင်မက်လျှင် အချစ်ရေးကြောင့် စီးပွားရေး ပျက်စီးမည်ဖြစ်သည်၊ တူထုသံကို ကြားရသည်ဟု မြင်မက်လျှင် အိမ်ထောင်ရှင်များအဖို့ သားသမီး ရတနာ ထွန်းကားမည်၊ လူပျို အပျိုများအဖို့ အချစ်ရေး အဆင်ပြေမည်၊ ပျော်ရွှင်ကျေနပ်မှုဖြစ်မည်။

တောင်ကုန်း။ ။ တောင်ကုန်းကို မြင်မက်လျှင် မိတ်ဆွေတို့၏ ကုန်းစကားကြောင့် အထင်လွဲခြင်း ခံရမည်။ တောင်ကုန်းပေါ်သို့ တက်ရသည်ဟု မြင်မက်လျှင် ကံကောင်းလေသည်၊ အလုပ်အကိုင်၊ အခြေအနေတို့ ပြောင်းလဲတိုးတက်မည်။

တောတောင်။ ။ သစ်ပင်များ ပိန်းပိတ်ပြည့်နှက်လျက်ရှိသော တောကြီး တောင်ကြီးများကို မြင်မက်လျှင် မသိကျွမ်းသေးသောသူ တစ်ယောက်ထံမှ ငွေကြေးရရှိမည်၊ တောထဲသို့ လျှောက်သွား နေသည်ဟု မြင်မက်လျှင် မိတ်ဆွေသစ်တို့နှင့် ရင်းနှီးစွာ ပေါင်းသင်းခြင်းဖြင့် ထင်ငွေကောင်းလိမ့်မည်။

တရားသူကြီး။ ။ တရားသူကြီး၏ရှေ့တွင် သင်ရောက်နေသည်ဟု

www.burmeseclassic.com



မြင့်မက်ပါက မကောင်းချေ။ ဒုက္ခတစ်ရပ်ရပ်နှင့် ရင်ဆိုင်ရလိမ့်မည်။

တောင်။ ။ မြင့်မားသော တောင်ကြီးများကို မြင်မက်လျှင် အလုပ်အကိုင်သစ်များကို စွန့်စားလုပ်ကိုင်ရတတ်သည်၊ ထိုတောင်ပေါ်သို့ ရောက်ရှိနေသည်ကို မြင်မက်လျှင် ငွေကြေးကြပ်တည်းမှု အခက်အခဲ တစ်စုံတစ်ခုနှင့် တွေ့ကြုံရမည်။

တွက်ချက်သည်။ ။ သင်သည် သင်္ချာအတွက်အချက်များ၊ ပုစ္ဆာများကို တွက်ချက်ရသည်ဟု မြင်မက်လျှင် အိမ်တွင်းပြဿနာတစ်ရပ်ရပ် ဖြစ်မည်။

တွန်းသည်။ ။ သင်က တစ်စုံတစ်ယောက်အား တွန်းလိုက်သည်ဟု မြင်မက်ခြင်းသည် အချစ်ရေး၊ အိမ်ထောင်ရေးတွင် ငွေကြေးကိစ္စတို့ကြောင့် စိတ်ညစ်ရမည်။

သင့်ကို တစ်စုံတစ်ယောက်က တွန်းလိုက်ခြင်းကို ခံရသည်ဟု မြင်မက်လျှင် အိမ်ထောင်ရေးကိစ္စတွင် တစ်ဦးကို တစ်ဦး သံသယစိတ်ဝင်ကြလိမ့်မည်။

တွန့်သည်။ ။ သင်၏မျက်နှာသည် တွန့်၍နေသည်ဟု မြင်မက်လျှင် ကျန်းမာရေးနှင့် အထူးပြည့်စုံမည်၊ လက်များတွန့်နေသည်ဟု မြင်မက်လျှင် သူတစ်ပါးတို့အား အကူအညီပေးရလိမ့်မည်။

တီးတိုးပြောသည်။ ။ တစ်စုံတစ်ယောက်က သင့်ကို တီးတိုးကပ်၍ ပြောသည်ဟု မြင်မက်လျှင် သင်၏အကြောင်း မကောင်း ပြောဆိုမည့်သူကို သတိထားရမည်၊ သင်က တီးတိုးပြောခြင်းကို မြင်မက်လျှင် လို့ဟုက်သော သတင်းစကားများ ကြားရလိမ့်မည်။

တံလျှပ်။ ။ တံလျှပ်ဖြစ်ပေါ်နေသည်ကို မြင်မက်ပါက ငွေကြေးကိစ္စတို့နှင့် ပတ်သက်၍ ကတိစာချုပ်များ မပြုလုပ်သင့်ချေ၊ အမှုအခင်း

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာများ ဖြစ်ပေါ်ပြီး အချုပ်အနှောင် ခံရလိမ့်မည်။

တိုင်။ ။ 'တိုင်များကို မြင်မက်ခြင်းသည်' သင်၏ကိစ္စအဝဝတို့ကို ကြန့်ကြာစေမည့် အမှတ်အသား ဖြစ်လေသည်၊ တိုင်တစ်တိုင်သည် အချိန်ကာလအားဖြင့် တစ်လဟု အဓိပ္ပါယ်ရလေသည်။

တောက်တဲ့။ ။ တောက်တဲ့ အော်မြည်နေသည်ကို အိပ်မက်မက်လျှင် မိဘဆွေမျိုးများကြောင့် ချစ်သူနှင့် ကွဲကွာရလိမ့်မည်၊ တောက်တဲ့ အသေကို မြင်မက်လျှင် အချစ်ရေးကြောင့် တရားဥပဒေနှင့် ရင်ဆိုင်ရလိမ့်မည်။

တားမြစ်သည်။ ။ လမ်းခရီးတွင် တစ်စုံတစ်ယောက်က သင့်ကို တားမြစ်ပိတ်ပင်သည်ဟု မြင်မက်လျှင် သင့်ရည်မှန်းချက်များသည် ပျက်စီးခြင်း ဖြစ်လိမ့်မည်။

တံငါ။ ။ တံငါသည်တို့ ငါးဖမ်းနေကြသည်ကို မြင်မက်လျှင် ကောင်းမွန်ပေသည်၊ အခြေအနေ အရပ်ရပ်တို့သည် ပြေပြစ်ချောမော လာလိမ့်မည်။

တုတ်။ ။ လက်ကိုင်တုတ်ဖြစ်စေ၊ သစ်ကိုင်း ဝါးကိုင်း တုတ်စသည်တို့ဖြစ်စေ တွေ့မြင်ခြင်း၊ ကိုင်တွယ်ခြင်းကို မြင်မက်လျှင် ချစ်သူနှင့်တွေ့မည်၊ သို့ရာတွင် ပျော်ရွှင်ခြင်းကို ရရှိမည့်ချစ်သူ မဟုတ်ချေ။

( ထ )

ထွက်ခွာသည်။ ။ မိမိနေထိုင်ရာအရပ်မှ တစ်နေရာရာသို့ ထွက်ခွာသွားရသည်ဟု မြင်မက်လျှင် မကောင်းချေ၊ မှားယွင်းစွာ လုပ်ကိုင်မိသော အမှုကိစ္စတစ်ခုကြောင့် ကြီးကျယ်စွာ ထိခိုက်နစ်နာမှုတို့ ဖြစ်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်းရှူးပင်။ ။ ထင်းရှူးပင် မြင်မက်လျှင် အချစ်ရေးတွင် စိတ်မျက်ဖွယ် ကောင်းသော ချစ်သူနှင့် တွေ့ရလိမ့်မည်၊ လဲနေသော ထင်းရှူးပင်ကို တွေ့ရလျှင် အချစ်ရေးကိစ္စကြောင့် ခိုက်ရန် ဖြစ်ပွားရခြင်း၊ တစ်စုံတစ်ရာ ဥပဒ်ရရှိခြင်းများ ကြုံလိမ့်မည်။

ထောင်သား။ ။ ထောင်သား၊ ထောင်... စသည်တို့ကို မြင်မက်လျှင် ရင်းနှီးသော မိတ်ဆွေများ၏ လှည့်ဖြားမှုကို ခံရလိမ့်မည်၊ သင်ကိုယ်တိုင် ထောင်သားတစ်ဦး ဖြစ်နေသည်ဟု မြင်မက်လျှင် သင့်မိတ်ဆွေများသည် သင့်ကို ငွေကြေးဖြင့် အနိုင်ယူ ဆက်ဆံကြလိမ့်မည်။

ထီ။ ။ ထီနှင့် ပတ်သက်၍လည်းကောင်း၊ ကံစမ်းခြင်းနှင့် ပတ်သက်၍ လည်းကောင်း မြင်မက်သမျှ အိပ်မက်တို့မှာ ကောင်းမွန် လေသည်၊ သင်သည် ထူးခြားသော ကံတရား၏အကျိုးပေးခြင်း ကို ခံရလိမ့်မည်၊ ငွေကြေးကိစ္စ လုပ်ငန်းကိစ္စဟူသမျှတွင် အဆင်ပြေ အောင်မြင်နေမည်။

ထီး။ ။ အန္တရာယ်ရှိသည်၊ မမျှော်လင့်သောသူ တစ်ဦးဦးက ရန်မူလိမ့်မည်၊ ထီးကျိုးကို မြင်မက်လျှင် ကိုယ်ခန္ဓာတွင် အနာရောဂါတို့ ကပ်ငြိတတ်သည်၊ သင်သည် ထီးကိုဆောင်းလျက် ခရီးသွား ရသည်ဟု မြင်မက်လျှင် ဆွေမျိုးရင်းချာများနှင့် ခိုက်ရန် ဖြစ်လိမ့်မည်။

ထောပတ်။ ။ ထောပတ်ကို မြင်မက်ခြင်း၊ ထောပတ်စားရသည်ဟု မြင်မက်ခြင်းသည် ကောင်းသောအမှတ်အသား ဖြစ်၏၊ ငွေကြေးများ ရရှိလိမ့်မည်၊ အထူးသဖြင့် ရောင်းဝယ်မှုကြောင့် ငွေကြေးအမြတ်အစွန်း ကောင်းစွာရရှိလိမ့်မည်။

ထုပ်ပိုးသည်။ ။ ပစ္စည်းများကို အဝတ်ဖြင့်ဖြစ်စေ၊ အခြားအရာတို့ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ ထုပ်ပိုးရသည်ဟု မြင်မက်လျှင် မကောင်းချေ၊ အခြေအနေ နိမ့်ကျသွားလိမ့်မည်၊ မည်သည့်အလုပ်အကိုင်မှ ဖြောင့်ဖြူးခြင်း ရှိမည်မဟုတ်။

ထုထောင်းသည်။ ။ တစ်စုံတစ်ရာကို ထုခြင်း၊ ထောင်းခြင်း၊ ကြေမွသွားစေခြင်းအမှုကို ပြုလုပ်သည်ဟု မြင်မက်လျှင် အိမ်ထောင်ရှင်များအဖို့ အိမ်ထောင်ရေး ကွာရှင်းမှုနှင့် တွေ့ရလိမ့်မည်၊ အိမ်ထောင်မရှိသူများသည် ဆွေမျိုးသားချင်း ချစ်သူ ရည်းစားတို့နှင့် ကွဲကွာလိမ့်မည်။

ထမ်းပိုးသည်။ ။ လူကို ထမ်းပိုးရသည်ဟု မြင်မက်ခြင်းသည် အထူးသတိပေးချက်ဖြစ်သည်၊ မကြာမီအချိန်ပိုင်းအတွင်း ဥပဒ်အန္တရာယ်တစ်ခု ကျရောက်လိမ့်မည်၊ သင့်ကို တစ်စုံ တစ်ယောက်က ထမ်းပိုးခေါ်ဆောင်သည်ဟု မြင်မက်လျှင် ခရီးသွားလာရင်း အန္တရာယ်နှင့် ရင်ဆိုင်ရတော့မည်၊ လေးလံသော ပစ္စည်းပစ္စယများကို သင်သည် ထမ်းပိုးရသည်ဟု မြင်မက်ပါက အလုပ်အကိုင် ရာထူးအဆင့်အတန်း မြင့်မား တိုးတက်မည်၊ သို့မဟုတ် လူအများသည် ဝန်ကို ထမ်းပိုးသယ်ယူ နေကြသည်ဟု မြင်မက်ပါက သင်၏ဂုဏ်သတင်းသည် မကြာမီ တိုးတက်လိမ့်မည်။

ထန်းပင်။ ။ ထန်းပင်ကို မြင်မက်ခြင်းသည် ကံတရား၏ ကူညီ ထောက်ပံ့မှုကို ရရှိမည်ဖြစ်သည်၊ ထန်းပင်ပေါ်မှ ထန်းသီးများကို မြင်မက်လျှင် လိုအင်ဆန္ဒများ ပြည့်စုံလိမ့်မည်။

ထူးဆန်းသောအိပ်မက်။ ။ သင်၏အိပ်မက်သည် သဘာဝတရားအတိုင်း ဖြစ်ပျက်ခြင်းကို မမြင်မက်ဘဲ ထူးထူးဆန်းဆန်း ဖြစ်ပျက်ခြင်း များကို မြင်မက်လျှင် သင်၏ စိတ်ကူးစိတ်သန်း အကြံအစည်

www.burmeseclassic.com

www.burmeseclassic.com



များသည့် တီထွင်လိုသောစိတ် ဆန်းသစ်သော လုပ်ငန်းများ လုပ်ကိုင်လိုသော စိတ်တို့ကြောင့် မြင်မက်ခြင်းသည် ဖြစ်နိုင်ပေရာ ဖော်ပြထားသည့် အိပ်မက်များ၏ အဓိပ္ပါယ်အတိုင်း ထူးထူး ခြားခြား ဖြစ်ချင်မှ ဖြစ်ပေလိမ့်မည်၊ ထို့ကြောင့် သာမန် ရုပ်ဝတ္ထုများကို မြင်မက်သည့် အိပ်မက်မျိုး မဟုတ်ဘဲ အဖြစ်အပျက်တို့ကို မြင်မက်ရာတွင် သဘာဝအတိုင်းထက် လွန်ကဲဖောက်ပြန်၍ မြင်မက်ခြင်းဖြစ်ပါက မိမိ၏ အခြေခံ စိတ်နေစိတ်ထားကို ဦးစွာလေ့လာပြီးမှ ဖော်ပြအပ်သည့် အဓိပ္ပါယ်များကို ကြည့်ရှုအဖြေထုတ်နိုင်ပေလိမ့်မည်။

( ဒ )

ဒေါသ။ ။ သင်သည် တစ်စုံတစ်ခုသော အကြောင်းကြောင့် ပြင်းစွာ ဒေါသထွက်သည်ဟု အိပ်မက်မြင်မက်လျှင် မကောင်းသော အဓိပ္ပါယ်ဆောင်၏။ သင်၏ကိုယ်တွင်း ကျန်းမာရေးအခြေအနေ ပျက်စီးယိုယွင်းပြီး ရောဂါဥပဒ်များ ဝင်ရောက်လာမည် ဖြစ်လေသည်၊ အကယ်၍ တစ်စုံတစ်ယောက်သောသူက သင့်အား ဒေါသကြီးစွာ ဖြစ်နေသည်ကို တွေ့မြင်ရလျှင် သင့်ကို လူချစ်လူခင် ပေါလိမ့်မည်၊ မိတ်ဆွေများ၏ ကူညီရိုင်းပင်းမှုကြောင့် ငွေကြေးကိစ္စများ ပြေလည်အောင်မြင်မည်။

ဒက်ရာ။ ။ သင့်တွင် ဒဏ်ရာအနာတရ တစ်ခုခုရရှိသည်ဟု မြင်မက်လျှင် မကောင်းချေ၊ ဆွေမျိုးသားချင်းတို့၏ စော်ကား နှိပ်စက်ခြင်းကို ခံရမည်ဖြစ်သည်၊ လူတစ်ယောက်ယောက်တွင် ဒဏ်ရာကြီးစွာ ရရှိနေသည်ကို မြင်မက်လျှင် သင်၏ကျန်းမာရေး နိမ့်ကျမည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေလီယာပန်း။ ။ ငွေကြေး၊ အချစ်ရေးအတွက် အလွန်ကောင်းသော အိပ်မက်ဖြစ်သည်။

ဒိန်ခဲ။ ။ နို့ခဲ၊ ဒိန်ခဲ စသည်တို့ကို မြင်မက်လျှင် သာယာပျော်ရွှင်ခြင်းကို ရရှိမည်၊ ၎င်းတို့ကို စားသောက်ရသည်ဟု မြင်မက်လျှင် စိတ်ကူးဉာဏ် အကြံအစည်ကောင်းများ ပေါ်ထွက်လာမည်။

( ဓ )

ဓားမြှောင်။ ။ ဓားမြှောင်ကို မြင်မက်လျှင် ရိုက်ရန်ဖြစ်ပွားမည့် အမှတ်အသားဖြစ်သည်၊ သင်သည် ဓားမြှောင်ကိုင်တွယ် နေသည်ဟု မြင်မက်လျှင် အိမ်နီးနားချင်းတို့နှင့် ခိုက်ရန် ဖြစ်ရလိမ့်မည်၊ သူတစ်ပါးက ဓားမြှောင်ကို ကိုင်တွယ် ထားသည်ဟု မြင်မက်လျှင် ငွေကြေးကိစ္စကြောင့်လည်းကောင်း၊ လုပ်ငန်းကိစ္စ တစ်ခုခုကြောင့်လည်းကောင်း ခိုက်ရန်ဖြစ်ပွား လိမ့်မည်။

ဓားမြှောင်ဖြင့် သင့်ကို တစ်ဦးဦးက လိုက်၍ထိုးခြင်း၊ တိုက်ခိုက်ခြင်း ခံရလျှင် သင့်အား မလိုမုန်းထားသူများ ဥပဒ်အန္တရာယ် ရရှိမည်၊ သို့မဟုတ် သင်က ဓားမြှောင်ဖြင့် တစ်စုံတစ်ဦးအား လိုက်လံထိုးခြင်း၊ တိုက်ခိုက်ခြင်းပြုသည်ကို မြင်မက်လျှင် မကောင်းချေ၊ သင့်အပေါ် မလိုမုန်းထားသူတို့ အောင်မြင်မှု ရရှိကြလိမ့်မည်။

ဓားရှည်။ ။ ဓားရှည်၊ ဓားလွတ် ကိုင်တွယ်ရသည်ဟု မြင်မက်လျှင် ဆုလာဘ်ဂုဏ်ထူး၊ ငွေကြေးဥစ္စာတို့ ရရှိမည်၊ ဓားလွတ်ဖြင့် သင်က ရန်သူအား တိုက်ခိုက်သည်ဟု မြင်မက်လျှင် သင့်ငွေကြေး၊ ရာထူး၊ ဂုဏ်ထူးများ စသည်တို့ သိုက်နစ်နာမည်၊

www.burmeseclassic.com

www.burmeseclassic.com



သင့်ကို တစ်စုံတစ်ယောက်သောရန်သူက လိုက်လံတိုက်ခိုက်ခြင်း ခံရသည်ဟု မြင်မက်လျှင် မိမိထက် အခြေအနေ မြင့်မားသူတို့၏ ကူညီမ,စမှုကို ရရှိလိမ့်မည်။

ဓားပြ။ ။ ဓားပြလူဆိုးများ၏ လုယက်တိုက်ခိုက်ခြင်း ခံရသည်ဟု မြင်မက်လျှင် အစိုးရနှင့် ပတ်သက်သော တာဝန်ဝတ္တရားများကို ဆောင်ရွက်ရလိမ့်မည်။

( န )

နေ။ ။ နေကိုမြင်မက်လျှင် ကြီးစွာသော အောင်မြင်ပျော်ရွှင်မှုနှင့် တွေ့ရမည်။

နေကြာပ်ခြင်း။ ။ နေကြာပ်သည်ကို မြင်မက်လျှင် ဆင်းရဲတတ်သည်၊ ကျန်းမာရေး အထူးညံ့လိမ့်မည်။

နန်းတော်။ ။ ကြီးမားခန့်ညားသော နန်းတော်အဆောက်အအုံများကို မြင်မက်လျှင် ရာထူးဂုဏ်ထူး တိုးတက်မည်၊ အစစအရာရာ အောင်မြင်ခြင်း၊ ကံကောင်းခြင်း၏ အမှတ်အသားဖြစ်လေသည်။

နတ်သမီး။ ။ နတ်သမီးနှင့် တွေ့ရသည်ဟု မြင်မက်ခြင်းသည် အချစ်ရေး၊ အိမ်ထောင်ရေးအတွက် အလွန်ကောင်းမွန်သော အိပ်မက်ဖြစ်သည်၊ သာယာခြင်း၊ ပျော်ရွှင်ခြင်းတည်းဟူသော အကျိုးပေါ်ရလေသည်။

နှောင့်ယှက်သည်။ ။ သင့်အား တစ်စုံတစ်ယောက်သောသူက နှောင့်ယှက်သဖြင့် မိမိအလိုဆန္ဒတို့ မပြည့်ခြင်းကို မြင်မက်လျှင် ရင်းနှီးသော မိတ်ဆွေများ၏ မနာလိုဝန်တိုမှုကို ခံရမည်၊ ထိုသူတို့၏ အတင်းစကားကို ကြားရမည်။

နံနက်စာ။ ။ နံနက်စာ စားရသည်ဟူသော အိပ်မက်သည် အိမ်ထောင်

www.burmeseclassic.com

www.burmeseclassic.com



ရှင်များအတွက် အလွန်ကောင်းသော အိပ်မက်ဖြစ်သော်လည်း အိမ်ထောင်မရှိသူများအတွက်မူကား မကောင်းချေ။ အိမ်ထောင်ရှင်များအဖို့ အိမ်တွင်း အိမ်ပြင် သာယာပျော်ရွှင်ခြင်း၊ ကျန်းမာခြင်းဟူသော အဓိပ္ပါယ်ရလေသည်၊ သို့ရာတွင် အိမ်ထောင်ရှင် မဟုတ်သူများအဖို့ အရှက်တကွဲ ဖြစ်စေ၍ စွပ်စွဲပြောဆိုခံရခြင်း၊ ဂုဏ်သတင်းညှိုးနွမ်းခြင်းတို့ ဖြစ်စေလိမ့်မည်။

နာနာဘာဝ။ ။ မကောင်းဆိုးဝါး တစ္ဆေသရဲ စသည်များကို မြင်တွေ့ရသည်ဟုမက်လျှင် သင်က ရန်သူဟု ထင်မှတ်နေသူများသည် တကယ့်မိတ်ဆွေများ ဖြစ်လိမ့်မည်၊ သို့မဟုတ် တကယ့်မိတ်ဆွေများအပေါ် အထင်အမြင်မှားယွင်းမှု ဖြစ်ပေါ်လိမ့်မည်။

၉၆ နွားရိုင်း။ ။ နွားရိုင်းဖြစ်စေ၊ ကျွဲရိုင်းဖြစ်စေ သင့်အားဝှေ့သည်၊ တိုက်ခိုက်သည်ဟု မြင်မက်လျှင် သင့်ကို တစ်စုံတစ်ယောက်က မဟုတ်မတရား စွပ်စွဲပြောဆိုလိမ့်မည်၊ သင့်တွင် နွားရိုင်း၊ ကျွဲရိုင်းတို့၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသည်ဟု မြင်မက်လျှင် သင့်ထက် ငွေကြေး၊ ရာထူးအခြေအနေ ပြည့်စုံသူတို့က သင့်အား သားမယ်သောလွှင့်ပြောဆိုခြင်း ပြုလိမ့်မည်၊ ၎င်းကျွဲရိုင်း၊ နွားရိုင်းတို့သည် သင့်အား ဖြတ်ကျော်၍သွားသည်၊ ငြိမ်သက်နေသည်၊ သင့်ကိုရန်ပြုခြင်း မရှိသည်ကို တွေ့မြင်ရလျှင် အလုပ်အကိုင်တို့တွင် ကံကောင်းခြင်း၊ အောင်မြင်ခြင်းတို့နှင့် တွေ့ကြုံရမည်၊ သင်သည် ထိုတိရစ္ဆာန်ရိုင်းတို့ကြောင့် ပြင်းထန်စွာ ကြောက်ရွံ့တုန်လှုပ်လျက် ရှိသည်ဟု မြင်မက်လျှင် အခက်အခဲ ဒုက္ခအမျိုးမျိုးနှင့် ရဲရင့်စွာ ရင်ဆိုင်ရလိမ့်မည်။

နာရီ။ ။ နာရီကို မြင်မက်ခြင်းသည် အချစ်ရေးအတွက် အကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုးသော အမှတ်အသား ဖြစ်လေသည်၊ နာရီမှစက်သံ၊ သို့မဟုတ် နာရီထိုးသံတို့ကို ကြားရသည်ဟု မြင်မက်လျှင် သင်သည် အလျှင်စလို လက်ထပ်ရခြင်းနှင့် ရင်ဆိုင်ရလိမ့်မည်၊ နာရီသည် ရပ်လျက်ရှိနေသည်ကို မြင်မက်လျှင် ဆိုးရွားသော သတင်းစကားများ ကြားရလိမ့်မည်။

နွားမ။ ။ နွားမတစ်ကောင်ကို လမ်းပေါ်တွင် သွားနေသည်ဟု မြင်မက်လျှင် ကံကောင်း၏၊ နွားမကို နို့ညှစ်နေသည်ဟု မြင်မက်လျှင် ငွေကြေးဥစ္စာပစ္စည်း ပေါများပြည့်စုံမည့် အထိမ်းအမှတ်ဖြစ်၏၊ နွားမသည် စိတ်ဆိုးလျက်ရှိခြင်းကို လည်းကောင်း၊ သင့်ထံမှ ထွက်ခွာသွားခြင်းကိုလည်းကောင်း မြင်မက်လျှင် သင့်မျှော်လင့်သမျှသည် ပျက်စီးသွားလိမ့်မည်။

နွားခြံ။ ။ နွားများထားသည့် နွားခြံကိုမြင်မက်လျှင်သော်လည်းကောင်း၊ သင်သည် နွားခြံတွင် အလုပ်လုပ်လျက်ရှိသည်ဟု မြင်မက်လျှင် သော်လည်းကောင်း ၊ အလုပ်အကိုင်များ၊ အကြံအစည်များ အောင်မြင်လိမ့်မည်။

နေ။ ။ နေပူ၍ သာယာကြည်လင်သော နေ့ခင်းကို မြင်မက်လျှင် ပျော်ရွှင်ရလိမ့်မည်၊ အကယ်၍ မှောင်မည်းနေလျှင် စိတ်ပျက်စရာနှင့် တွေ့ရလိမ့်မည်။

နဂါး။ ။ နဂါးနှင့်တူသော သတ္တဝါများကို အိပ်မက်တွင် မြင်မက်သော် ၎င်း၏အဓိပ္ပါယ်မှာ ထွေပြားလျက်ရှိ၏၊ သင့်အခြေအနေ အရပ်ရပ်တို့သည် လုံးဝပြောင်းလဲမည် မှန်သော် လည်း အကောင်းအဆိုးကိုကား ဖြောနိုင်ခြင်း မရှိချေ။

နစ်မြုပ်သည်။ ။ သင်သည် ရေတွင်သော်လည်းကောင်း၊ တစ်စုံတစ်ခုတွင်လည်းကောင်း နစ်မြုပ်သွားသည်ဟု မြင်မက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



အချစ်ရေးတွင် အခက်အခဲနှင့် ရင်ဆိုင်ရမည် ဖြစ်သေသည်။ အကယ်၍ အိပ်မက်ထဲတွင် သင်သည် နစ်မြုပ်ခြင်းမှ လွတ်မြောက်သွားသည်ဟု မြင်မက်လျှင် မိတ်ဆွေ ပ်ချင်း တစ်ဦးဦး၏ ကူညီမှုကြောင့် သင်တို့အချစ်ရေးသည် ဘွဲ့ရှင် ရစေလိမ့်မည်။

နားရွက်။ ။ သင်၏နားရွက်သည် ရုတ်တရက် ကြီးလာသည်ဟု မြင်မက်လျှင် အရာရာ၌ အောင်မြင်လိမ့်မည်၊ နားပင်းသည်၊ နားထိုင်းသည်ဟု မြင်မက်ပါက သတင်းဆိုးများကို ကြားရလိမ့်မည်၊ နားရွက်ကို ထိခိုက်နာကျင်စေသည်ဟု မြင်မက်လျှင် သင့်မိတ်ဆွေထဲမှ သစ္စာဖောက်ခြင်းကို အထူးသတိပြုရလိမ့်မည်၊ သင့်နားရွက်မှာ ပြတ်ထွက်သွားသည်ဟု မြင်မက်လျှင် မိတ်ဆွေများ ဆုံးရှုံးလိမ့်မည်။

နှင်ထုတ်သည်။ ။ သင်သည် ကလေးငယ်များ၊ မိမိထက် နိမ့်ကျသူများကို နှင်ထုတ်နေသည်၊ မာန်မဲနေသည်ဟု မြင်မက်လျှင် သင့်တွင် အတွင်းရန် အပြင်ရန်အတွက် သတိထားရမည်၊ သင့်ကို တစ်စုံတစ်ယောက်က နှင်ထုတ်ခြင်း ခံရသည်ဟု မြင်မက်လျှင် ရုတ်တရက် နာမကျန်း ဖြစ်လိမ့်မည်။

ားကပ်။ ။ နားတွင်တပ်ဆင်သည့် နားကပ်၊ နားကွင်း စသည်တို့နှင့် ပတ်သက်၍ မြင်မက်လျှင် ကံကောင်းလေသည်၊ အခြေအနေ တိုးတက်ကောင်းမွန်လာမည်။

ကျင်သည်။ ။ တစ်စုံတစ်ရာ နာကျင်နေသဖြင့် အော်ဟစ်ညည်းညူနေသူ တစ်ယောက်ယောက်ကို မြင်မက်လျှင် သင်၏အလုပ်အကိုင်ကို နှောင့်ယှက်ဖျက်ဆီးသူများ ပေါ်လာလိမ့်မည်၊ သင်သည် နာကျင်မှု တစ်ခုခုကြောင့် အော်ဟစ်ညည်းညူ

www.burmeseclassic.com

www.burmeseclassic.com



နေသည်ဟု မြင်မက်လျှင် ရပ်ဝေးမှ ဒုက္ခရောက်လာသူတို့ သင့်အိမ်သို့ ရောက်လာလိမ့်မည်။

နှာခေါင်း။ ။ နှာခေါင်းသည် ကြီးမားလာသည်ဟု မြင်မက်လျှင် ငွေကြေးဥစ္စာ ပြည့်စုံကုံလုံမည်၊ နှာခေါင်းပိတ်ဆို့လျက်ရှိသည်ဟု မြင်မက်ပါက ရစရာ ဝင်စရာရှိသော ဝင်ငွေများ နှောင့်နှေး ကြန့်ကြာနေလိမ့်မည်။

နို့။ ။ နွားနို့ဖြစ်စေ၊ မည်သည့်နို့မဆို မြင်မက်ခြင်းသည် ကံကောင်းခြင်း ဖြစ်၏၊ နို့ကိုသောက်ရသည်ဟု မြင်မက်လျှင် ကျန်းမာခြင်း။ သာယာပျော်ရွှင်ခြင်းများ ဖြစ်စေလိမ့်မည်၊ နို့များဖိတ်စင်သည်ဟု မြင်မက်လျှင် မိမိအလုပ်အကိုင်တို့တွင် အခက်အခဲများနှင့် ရင်ဆိုင်ရမည် ဖြစ်သော်လည်း ကြိုးစားမှုကြောင့် အောင်မြင်မည် ဖြစ်လေသည်။

နာနတ်သီး။ ။ နာနတ်သီးကို အပင်တွင် သီးနေသည်ကို မြင်မက်ပါက ချစ်သူ၏ ကူညီမှုကို ရရှိမည်၊ နာနတ်သီး စားရသည်ဟု မြင်မက်လျှင် ငွေကြေးဂုဏ်ဒြပ်တို့ကြောင့် ချစ်သူချင်း ခွဲခွာရမည်။

နန်း။ ။ ရွှေနန်း၊ သဲနန်းများကို မြင်မက်လျှင် မကောင်းချေ။ အခြေအနေ ကျဆင်းမည်၊ ငွေကြေးကြပ်တည်းမှုနှင့်တွေ့မည်၊ သင်သည် နန်းထဲတွင် နစ်မြုပ်သည်ဟု မြင်မက်လျှင် လုပ်ငန်း ကိစ္စများ၌ ကြီးမားသော အနှောင့်အယှက်နှင့် တွေ့ရမည်။

နှင်းဆီ။ ။ နှင်းဆီပွင့်သည် မည်သည့်အရောင်အဆင်း ရှိသည်ပင်ဖြစ်စေ အချစ်ရေးတွင် ကံကောင်းခြင်း၊ သစ္စာရှိခြင်းတို့အတွက် ဖြစ်ပေမည်၊ နှင်းဆီပွင့်သည် ဥယျာဉ်ထဲ၌ဖြစ်စေ အိုးပုတ် ပန်းအိုးတွင်ဖြစ်စေ တွေ့မြင်ခြင်းသည် အချစ်ရေး ကံကောင်း ခြင်းပင် ဖြစ်လေသည်၊ သင်၏အိပ်မက်ထဲတွင် သင်ချစ်သောသူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးက နှင်းဆီပွင့်ကို သင့်အားပေးသည်ဟု မြင်မက်လျှင် ထိုချစ်သူနှင့် လက်ထပ်ရန်မှာ အလှမ်းမဝေးတော့ချေ၊ မကြာမီပင် သာယာပျော်ရွှင်သော ဘဝကို ရရှိပေလိမ့်မည်၊ နှင်းဆီပွင့်သည် နွမ်းကြေလျက် ရှိသည်ဟု မြင်မက်ပါမူ အချစ်ရေးတွင် စိတ်ညစ်စရာ စိတ်ပျက်စရာတို့နှင့် ရင်ဆိုင်ရလိမ့်မည်။

နွားကျောင်းသား။ ။ နွားများကို ထိန်းကျောင်းနေသော နွားကျောင်းသား တစ်ဦးဦးကို တွေ့မြင်ရလျှင် သစ်စာပတ်ဝန်းကျင်မှ သင့်အား ချစ်ခင်လေးစားလိမ့်မည်၊ သင်ကိုယ်တိုင် နွားကျောင်းသား တစ်ဦးဖြစ်နေသည်ဟု မြင်မက်လျှင် အလုပ်ခွင်တွင် ပျော်ရွှင်ကျေနပ်မှုနှင့် တွေ့ရလိမ့်မည်။

နှာချေဆတ်သည်။ ။ နှာချေဆတ်သူ တစ်ဦးကို မြင်မက်လျှင် သင့်ဝင်ငွေ ယုတ်လျော့လိမ့်မည်၊ ဝင်ငွေထက် ထွက်ငွေက များပြားလိမ့်မည်၊ သင်သည် နှာချေဆတ်ရသည်ဟု မြင်မက်လျှင် အလုပ်အကိုင် နေရာဌာနတို့ ပြောင်းရွှေ့လုပ်ကိုင်ရလိမ့်မည်။

နံရံ။ ။ ကြီးမားသော နံရံကြီးကို မြင်တွေ့ရလျှင် နေရာတိုင်းတွင် အခက်အခဲများကို ရင်ဆိုင်ရလိမ့်မည်၊ သို့ရာတွင် သင်သည် ထိုနံရံကြီးတို့ကို အခက်အခဲမရှိ ကျော်လွှားသွားနိုင်သည်ဟု မြင်မက်လျှင် ထိုအခက်အခဲများသည် အလိုအလျောက် ပျောက်ကွယ်သွားလိမ့်မည်၊ အုတ်နံရံကြီး ပြိုကျသည်ဟု မြင်မက်ပါက သင်၏အကြံအစည်တို့သည် လွယ်လင့်တကူ ပြစ်မြောက်အောင်မြင်လိမ့်မည်။

နှင်တံ။ ။ နှင်တံကို မြင်မက်လျှင် အိမ်နီးနားချင်းတို့နှင့် ခိုက်ရန် ဖြစ်လိမ့်မည်။

၀

www.burmeseclassic.com

www.burmeseclassic.com



နံစော်ခြင်း။ ။ အိပ်မက်ထဲတွင် တိရစ္ဆာန်အသေများမှ ပုပ်သိုးသည့်အနံ့ကို နံသည်ဟု မြင်မက်လျှင် ကံကောင်း၏၊ ငွေကြေးအတွက် အဆင်ပြေမည်၊ အလုပ်သစ် အကိုင်သစ်များ လုပ်ကိုင်အောင်မြင်မည်။

နှုတ်ခမ်း။ ။ သင်၏နှုတ်ခမ်းတွင် အနာများပေါက်လျက် ရှိသည်ဟု မြင်မက်ပါက မကောင်းချေ၊ အလုပ်ကိစ္စအဝဝတွင် အပြောအဆိုများသဖြင့် ထိခိုက်နစ်နာခြင်း ဖြစ်ပေါ်လိမ့်မည်။

နီသောအရောင်။ ။ နီသောအရောင်အဆင်းကို မြင်မက်လျှင် ခိုက်ရန်ဖြစ်ပွားတတ်လေသည်။

နူနာရောဂါ။ ။ ရွံရှာဖွယ်ကောင်းသော နူနာရောဂါသည်ကို တွေ့မြင်ရလျှင် လောင်းကစားမှု သဘောမျိုးဖြင့် ငွေကြေးတို့ ဝင်ရောက်လာမည်၊ သင်၏ခြေထောက်လက် စသည့်တို့၌ ထိုရောဂါဖြစ်ပေါ်နေသည်ဟု မြင်မက်လျှင် ငွေကြေးကုန်ကျစရာများပေါ်ပေါက်လာမည်၊ အိမ်တွင်း၌ မကျန်းမာသူတို့ ရှိနေလိမ့်မည်။

နွံသည်။ ။ သွားများ ယိုင်နွံသွားသည်ဟု မြင်မက်ပါက အလုပ်အကိုင်တွင် မနာလိုသူတို့က ကုန်းစကားဆိုလာမည်။

နင်သည်။ ။ အစာစားသောက်ရာတွင် အစာနင်သည်ဟု မြင်မက်လျှင် အချစ်ရေးတွင် မိဘဆွေမျိုးများ၏ နှောင့်ယှက်ခြင်းကို ခံရလိမ့်မည်။

( ပ )

ပန်း။ ။ ပန်းများကို မြင်မက်ခြင်းသည် ကောင်းသောအိပ်မက်ဖြစ်၏၊ ပန်းများ လန်းဆန်းစိုပြည်နေသည်ကို မြင်မက်လျှင် ပျော်ရွှင်ချမ်းမြေ့ခြင်း၊ ချမ်းသာကြွယ်ဝခြင်း၊ ငွေကြေးဝင်ရောက်ခြင်းဟူ၍

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပါယ်ရရှိ၏။ ပန်းများ ညှိုးနွမ်းသည်၊ ကြွေကျသည်ကို မြင်မက်လျှင် အထက်ပါ အဓိပ္ပါယ်နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ တစ်စုံတစ်ယောက်သောသူက သင့်ကို ပန်းများပေးသည်ဟု မြင်မက်ခြင်းသည် စစ်မှန်သော မိတ်ဆွေများနှင့် ပေါင်းသင်း ဆက်ဆံရခြင်း၊ မိတ်ဆွေတို့၏ အကူအညီကို ရရှိခြင်းဟူသော အဓိပ္ပါယ်ရရှိလေသည်။

ပဲပင်။ ။ ပဲပင်၊ ပဲစေ့များကို မြင်တွေ့ရသည်ဟု မြင်မက်လျှင် ငွေကြေးကြပ်တည်းမှုနှင့် တွေ့ရလိမ့်မည်၊ ပဲနှင့်ပတ်သက်သော အစားအစာများကို စားရသည်ဟု မြင်မက်လျှင် ဖျားနာခြင်း ဖြစ်လိမ့်မည်၊ ပဲပင်မှ ပဲများကို နုတ်သည် ခူးသည်ဟု မြင်မက်လျှင် ငွေကြေးပျောက်ဆုံးမည်။

ပန်းသီး။ ။ ပျော်ရွှင်ဖွယ်ရာကောင်းသော အိပ်မက်ပင်ဖြစ်သည်၊ ရုတ်တရက် ဓမ်းမြောက်စရာနှင့် တွေ့ရလိမ့်မည်။

ပြာ။ ။ ပြာများလွင့်နေသည်၊ ပြန့်ကျဲနေသည်ကို မြင်မက်လျှင် ဝမ်းနည်းခြင်းနှင့် တွေ့ရလိမ့်မည်၊ သင့်ကို ပြာများ ပေကျံစေသည်ဟု မြင်မက်လျှင် စိတ်ပျက်စရာ အဖြစ်အပျက်နှင့် တွေ့ရမည်။

ပျား။ ။ ပျားများ ပျံဝဲနေသည်ကို မြင်မက်ခြင်းသည် အလုပ်အကိုင် အတွက် များစွာကောင်းသော အိပ်မက်ဖြစ်၏၊ သင်၏ ကြိုးစားမှုသည် မုချအကောင်အထည် ပေါ်လိမ့်မည်၊ ပျား အတုတ်ခံရသည်ကို မြင်မက်လျှင် အလုပ်အကိုင် ထိခိုက်ခြင်း ကျဆုံးပျက်စီးခြင်းနှင့် ရင်ဆိုင်ရလိမ့်မည်၊ လူပင်နှင်းကြားတွင် သင့်အား နှောင့်ယှက်ဒုက္ခပေးလိုသူတို့ကြောင့် သင့်အဖို့ စိတ်ပျက်ဖွယ် တွေ့လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီ။ ။ ပန်းချီရေးဆွဲထားသော ပန်းချီကားကို ကြည့်မြင်ရသည်ဟု မြင်မက်လျှင် သင်၏ရင်းနှီးသူတစ်ဦးသည် ကျော်စောထင်ရှားပေလိမ့်မည်၊ အထူးသဖြင့် သင့်ကိုယ်တိုင် ပန်းချီရေးဆွဲနေသည်ကို မြင်မက်ပါက အထူးကံကောင်း၍ ကြံစည်ဆောင်ရွက်သမျှကိစ္စတို့ အားလုံးပင် အောင်မြင်လိမ့်မည်ဖြစ်လေသည်၊ ပန်းချီဆရာတစ်ဦးက ပန်းချီကားတစ်ကားကို ရေးဆွဲနေသည်ကို မြင်မက်လျှင် သင်၏လုပ်ငန်းတွင် ငွေကြေးဖြင့် ကူညီသူများနှင့် တွေ့ရမည်၊ မည်သို့ဖြစ်စေ ပန်းချီရေးဆွဲခြင်းနှင့် ပတ်သက်သမျှသော အိပ်မက်တို့သည် ကောင်းသောအိပ်မက်များပင် ဖြစ်လေသည်။

ပုရွက်ဆိတ်။ ။ အလွန်တရာကောင်းသော အိပ်မက်တစ်ခုဖြစ်သည်၊ သင်သည် အောင်မြင်ကျော်ကြားမည့် နေရာဒေသတစ်ခုသို့ ပြောင်းရွှေ့ရလိမ့်မည်၊ သို့ရာတွင် သင်၏လုပ်အားကြောင့်သာ အောင်မြင်မည် ဖြစ်လေသည်၊ ပုရွက်ဆိတ်သည် အလုပ်၏ သင်္ကေတ အမှတ်အသား ဖြစ်လေသည်။

ပေါများခြင်း။ ။ ပြောင်းပြန်ဆန့်ကျင်ဘက် အဓိပ္ပါယ်ရှိသော အိပ်မက်ဖြစ်လေသည်၊ သင်၏အိပ်မက်ထဲတွင် ပေါများစွာ မြင်တွေ့ရသော အရာဟူသရွေ့သည် အမှန်တကယ်တွင် ရှားပါးခြင်း၊ မပြည့်စုံခြင်း ဖြစ်လိမ့်မည်၊ အထူးသဖြင့် ငွေကြေးနှင့် ပတ်သက်၍ အထက်ပါအတိုင်း အဓိပ္ပါယ်ရှိလေသည်။

ပေးကမ်းသည်။ ။ တစ်စုံတစ်ခုကို သင်က လူတစ်ယောက်အား ပေးကမ်းရာတွင် လက်မခံဘဲ ငြင်းပယ်သည်ဟု မြင်မက်လျှင် စိတ်ပျက်စရာကောင်းသော အခြေအနေမှ သင်၏မိတ်ဆွေ တစ်ဦး၏ ကူညီမှုကြောင့် ပြန်လည်ကောင်းမွန်လာသည်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်ရလိမ့်မည်၊ အကယ်၍ သင်ပေးသည်ကို လက်ခံသည်ဟု မြင်မက်လျှင် သင့်အတွက် သာယာသော ကံကြမ္မာ၏ ပြောင်းလဲမှုကို မျှော်လင့်ရပေသည်။

ပုလင်း။ ။ ပုလင်းများ စုပုံလျက်ရှိသည်ကို မြင်မက်လျှင် ကောင်းသော အဓိပ္ပါယ်ရရှိ၏။ ပုလင်းထဲ၌ တစ်စုံတစ်ခု ပြည့်နေသည်ကို တွေ့မြင်ရလျှင် ချမ်းသာခြင်းကို ရရှိလိမ့်မည်၊ အကယ်၍ အခွံလွတ်ပုလင်းကို မြင်မက်လျှင် ရန်သူတစ်ဦးတစ်ယောက်သည် သင့်အား နိုင်ကွက်ကို ရရှိသွားပေလိမ့်မည်၊ ရန်သူက သင့်ကို ဒုက္ခပေးလိမ့်မည်။

ပေါင်မုန့်။ ။ ပေါင်မုန့်ကို မြင်မက်ခြင်းသည် ချမ်းသာကြွယ်ဝမည့် အဓိပ္ပါယ်ရရှိလေသည်၊ အကယ်၍ သင်သည် အိပ်မက်ထဲတွင် ပေါင်မုန့်ကို လှီးဖြတ်နေသည်ဟု မြင်မက်လျှင် သင်၏စွမ်းဆောင်မှုကြောင့် ငွေကြေးတို့ကို ရရှိလိမ့်မည်၊ သင်သည် ပေါင်မုန့်ကို စားနေသည်ဟု မြင်မက်လျှင် မထင်မှတ်သော ကံအကျိုးပေး ကောင်းမှုကို ရရှိမည်၊ သင်သည် ပေါင်မုန့်ကို အဝေးသို့ လွှင့်ပစ်သည်ဟု မြင်မက်လျှင် သင်ချစ်သောသူနှင့် ကွဲကွာရမည် ဖြစ်၏၊ သို့ရာတွင် ထိုသို့ကွဲကွာခြင်းကြောင့် ပိုမိုကောင်းမွန်သည်ကို သင်ကိုယ်တိုင် တွေ့မြင်ရလိမ့်မည်၊ မီးကျွမ်းသော ပေါင်မုန့်ကို မြင်မက်လျှင် သေဆုံးမှုသတင်းတစ်ရပ်ကို ကြားရလိမ့်မည်၊ သို့မဟုတ်ကလည်း သင်သည် အမွေရရှိကောင်း ရရှိမည့် အထိမ်းအမှတ်ပင် ဖြစ်လေသည်။

ပင့်ကူ။ ။ ဤအိပ်မက်သည် ကောင်းသောအမှတ်အသားပင်ဖြစ်၏။ ပင့်ကူကိုသတ်ခြင်း၊ ပင့်ကူအသေကိုတွေ့ခြင်း စသည်တို့သည် မကောင်းချေ။ ရုတ်တရက်ကျရောက်မည့် ပျက်စီးမှုပေါ်စေသော

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်အတွက် ကြိုတင်သတိပေးခြင်း ဖြစ်လေသည်၊ ပင့်ကူကို အနှောင့်အယှက်ဖြစ်စေခြင်း မပြုဘဲ သင့်ထံသို့ ပင့်ကူက နီးကပ်နေသည်ကို မြင်ရလျှင် သင်ပျောက်ဆုံးနေသော ငွေကြေး ဥစ္စာများကို တစ်ဦးတစ်ယောက်က ပြန်လည်ပေးအပ်လိမ့်မည်၊ ပင့်ကူသည် သူ၏အိမ်ကို ရက်လုပ်နေသည်ဟု မြင်မက်လျှင် သင့်ထံသို့ ငွေကြေးမြောက်မြားစွာ ဝင်ရောက်လိမ့်မည်ဖြစ်သည်။

ပင့်ကူအိမ်။ ။ သင့်ဘဝအတွက် လုံးဝပြောင်းလဲမှုနှင့် တွေ့ရမည်၊ အိမ်သစ် အလုပ်သစ်များ ပြောင်းလဲလုပ်ကိုင် နေထိုင်ရလိမ့်မည်၊ ပင့်ကူအိမ်ကို ဖျက်ဆီးသည်ဟု မြင်မက်ပါက သင်၏နေအိမ်တွင် တစ်စုံတစ်ရာ ဥပဒ်အန္တရာယ် ကျရောက်လာလိမ့်မည်။

ပိုးပန်းသည်။ ။ အိပ်မက်ထဲတွင် တစ်စုံတစ်ယောက်အား ချစ်ကြိုက်၍ ပိုးပန်းခြင်းပြုသည်ဟု မြင်မက်လျှင် ချစ်သူအသစ် တွေ့ရလိမ့်မည်။

ပုခက်။ ။ ကြိုးပြတ်နေသော ပုခက်ကို မြင်မက်လျှင် ကလေးများ၌ ရောဂါဥပဒ် ရရှိတတ်သည်၊ ပုခက်ကို လွှဲမည့်သူ မရှိဘဲ သူ့ဘာသာ လွှဲယမ်းနေသည်ကို မြင်မက်လျှင် သင်၏အိမ်သို့ ဒုက္ခတစ်ခုခု ကျရောက်လိမ့်မည်၊ ထိုဒုက္ခမှာ ကလေးများနှင့် လုံးဝသက်ဆိုင်ခြင်း မရှိချေ၊ သင်သည် ပုခက်ကို စီးနေရသည်၊ ပုခက်ထဲတွင် ရှိနေသည်ဟု မြင်မက်လျှင် ထိုအိမ်တွင်ဖြစ်စေ၊ အနီးအနားတွင်ဖြစ်စေ ကလေးမွေးဖွားခြင်းကို တွေ့ရလိမ့်မည်။

ပဝါ။ ။ ပဝါကိုခြုံခြင်း၊ ခေါင်းတွင်စည်းခြင်း ပြုရသည်ဟု မြင်မက်လျှင် မကြာမီကာလအတွင်း လက်ထပ်ခြင်း ပြုလုပ်ရလိမ့်မည်၊ သို့မဟုတ် ရင်းနှီးသူတို့၏ မင်္ဂလာသတင်းကို ကြားရလိမ့်မည်။

ပန်းထိုးသည်။ ။ သင်ယုံကြည်စိတ်ချသူ တစ်ယောက်၏ လိမ်လည်

www.burmeseclassic.com



လှည့်ဖြားမှုကို ခံရလိမ့်မည်။

ပျော်ပွဲရွှင်ပွဲ။ ။ သင်သည် ပျော်ရွှင်ပွဲတစ်ခုခုသို့ ရောက်ရှိနေသည်ဟု မြင်မက်မှု ပျော်ရွှင်သော အချိန်များ ရောက်လာလိမ့်မည် ဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်၏။

ပွေ့ဖက်သည်။ ။ သင့်ကို ဆွေမျိုးသားချင်းနှင့် တစ်ယောက်ယောက်က ပွေ့ဖက်သည်ဟု မြင်မက်လျှင် ယုံကြည်သူ၏ သစ္စာဖောက်ခြင်း ခံရလိမ့်မည်၊ ခင်မင်ရင်းနှီးသော မိတ်ဆွေသူငယ်ချင်းများက သင့်အားပွေ့ဖက်သည်ဆိုမူ စိတ်ပျက်စရာနှင့် ကြုံရမည်၊ သူစိမ်းက ပွေ့ဖက်ခြင်းဖြစ်လျှင် ခရီးသွားရလိမ့်မည်၊ သင်မသိသော မိန်းကလေးတစ်ယောက်ယောက်ကို ပွေ့ဖက်ခြင်းကို မြင်မက်လျှင် ကံကောင်းခြင်း ဖြစ်ပေသည်။

ပေါက်ကွဲသည်။ ။ သာမန်ပစ္စည်းတို့ဖြစ်စေ၊ ယမ်းဗုံးတို့ဖြစ်စေ ရုတ်တရက် ပေါက်ကွဲသည်ကို တွေ့မြင်ရလျှင် သင်နှင့် ချစ်ခင်နေသူမှာ သံသယရှိသူတစ်ဦး မဟုတ်ချေ၊ မကြာမီ တစ်ဦးနှင့်တစ်ဦး ပြတ်စဲကင်းကွာသွားလိမ့်မည်။

ပင်ပန်းသည်။ ။ သင်သည် အလုပ်ကိစ္စများကို ပြင်းထန်စွာ လုပ်ကိုင်ရသဖြင့် ပင်ပန်းသည်ဟု မြင်မက်လျှင်သော်လည်းကောင်း၊ တစ်စုံတစ်ယောက်ကို မြင်မက်လျှင်သော်လည်းကောင်း သင်သည် အောင်မြင်ခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်းနှင့် ရုတ်တရက် တွေ့ရမည်၊ ပင်ပန်းနေသူတစ်ဦးအား ကူညီရိုင်းပင်းပေးသည်ဟု မြင်မက်လျှင် သင့်ကံကြမ္မာသည် အထူးကောင်းမွန်နေလိမ့်မည်။

ပြေးလွှားသည်။ ။ သင်သည် ပြေးလွှားနေရသည်ဟု မြင်မက်လျှင် အောင်မြင်မှုကို ရရှိလိမ့်မည်၊ သို့ရာတွင် ပြေးရင်းလဲကျသည်ကို

www.burmeseclassic.com

www.burmeseclassic.com



မြင်မက်လျှင် သင့်အောင်မြင်မှုသည် နှောင့်နှေးကြန့်ကြာလိမ့်မည်။

ပေါ်လောပေါ်သည်။ ။ သင်သည် ရေတွင်ပေါ်လောပေါ်နေသည်ဟု မြင်မက်လျှင် အလွန်တရာ ကံကောင်းသည်၊ ပေါ်ရာမှ မြုပ်သွားသည်ကို မြင်မက်လျှင် အောင်မြင်နေသောအလုပ်များ ချက်ချင်းရပ်ဆိုင်းသွားလိမ့်မည်။

ပလွေ။ ။ အိမ်တွင်းရေးနှင့် ပတ်သက်နေပေသည်၊ ခိုက်ရန်ဖြစ်ခြင်းဖြင့် ဆုံးရှုံးနစ်နာမှုကို ဖြစ်စေလိမ့်မည်။

ပျံသန်းသည်။ ။ သင်သည် မိုးပေါ်သို့ ပျံတက်ရသည်ဟု မြင်မက်လျှင် သော်လည်းကောင်း၊ သို့တည်းမဟုတ် တစ်စုံတစ်ခုသော အရာဝတ္ထုတို့ကို စီးနင်း၍ပျံတက်ရသည်ဟူ၍ မြင်မက်လျှင် အ[illegible]ရေးတွင် အောင်မြင်မှုကြောင့် သင့်ဘဝသည် ဆိုးတက်လိမ့်မည်၊ ပို၍မြင့်မြင့်ပျံနိုင်ခြင်း သို့မဟုတ် လိုရာအရပ်သို့ ပျံနိုင်ခြင်းဖြစ်လျှင် အကောင်းဆုံးဖြစ်သည်၊ သင်သည် ကြိုးစားပျံသန်းသော်လည်း တဖြည်းဖြည်း မြေကြီးဆီသို့ နိမ့်ဆင်းကျရောက်လာသည်ဟု မြင်မက်လျှင် အောင်မြင်မှုများ နှောင့်နှေးကြန့်ကြာလိမ့်မည်။

ပုန်းအောင်းသည်။ ။ သင်သည် တစ်နေရာ၌ ပုန်းအောင်းနေသည်ဟု မြင်မက်လျှင် သင်၏လျှို့ဝှက်ချက်များသည် မကြာမီ ပေါ်ပေါက်လာလိမ့်မည်။

ပျားရည်။ ။ အလွန်ကောင်းသော အိပ်မက်ဖြစ်သည်၊ ပျားရည်ကို စားသောက်ရသည်ဟု မြင်မက်လျှင် ချစ်သူနှင့် မကြာမီ လက်ထပ်ရလိမ့်မည်။

ပျင်းရိသည်။ ။ သင်သည် ပျင်းရိသည်ဟု အိပ်မက်မြင်မက်ပါက မကြာမီ ငွေအချို့ ရရှိလိမ့်မည်ဖြစ်သည်။

www.burmeseclassic.com



ပြက္ခဒိန်။ ။ ပြက္ခဒိန်တစ်ခုကို ကြည့်သည်ဟု မြင်မက်လျှင် လွန်ခဲ့ပြီးသော အကြောင်းကိစ္စမှ ငွေများသည် ယခုရရှိလိမ့်မည်၊ နေ့တစ်နေ့ကို ရှာဖွေကြည့်နေသည်ဟု မြင်မက်လျှင် အမွေအနှစ်အတွက် ငွေကြေးရရှိမည်။

ပြက်ရယ်ပြုသည်။ ။ တစ်စုံတစ်ယောက်က သင့်အား ပြက်ရယ်ပြုသည်ဟု မြင်မက်လျှင် မိတ်ဆွေသစ်များ ရရှိလိမ့်မည်။

ပန်းအိုး။ ။ ပန်းပွင့်များနှင့် ပန်းအိုးကို မြင်မက်လျှင် အချစ်ရေးအတွက် အလွန်ကောင်းသော အိပ်မက်ဖြစ်လေသည်။

ပုစွန်ထုပ်။ ။ ပုစွန်ထုပ် အရှင်များကို မြင်မက်လျှင် ငွေကြေး ရရှိလိမ့်မည်၊ အသေကို မြင်မက်လျှင် မိတ်ဆွေများထံမှ လက်ဆောင်တို့ ရရှိမည်၊ ပုစွန်ဟင်းလျာကို စားရသည်ဟု မြင်မက်လျှင် မိဘများထံမှ လက်ထပ်ခြင်းနှင့် ပတ်သက်သော သတင်းစကားများ ကြားရလိမ့်မည်။

ပိုက်ဆံ။ ။ ပိုက်ဆံကို ပေးသည်ဟု မြင်မက်ခြင်းသည် သင့်အလုပ်အကိုင်တွင် များစွာတိုးတက်မှု ရှိလိမ့်မည်၊ ပိုက်ဆံကိုရသည်ဟု မြင်မက်လျှင်လည်း တူညီသော အဓိပ္ပါယ်ပင် ရရှိလေသည်ဟု မြင်မက်လျှင် သင်သည် တန်ဖိုးထားသောအရာ တစ်ခုခု ပျောက်ဆုံးခြင်းဖြစ်လိမ့်မည်၊ ပိုက်ဆံပျောက်သည်ဟု မြင်မက်လျှင် သင်တန်ဖိုးထားသော အကြံအစည်တစ်ခု ပျက်စီးလိမ့်မည်။

ပိုးဖလံ။ ။ မီးထဲသို့ ဝိုးဝင်နေသော ပိုးဖလံကောင်များကို မြင်မက်လျှင် သင့်ကို မလိုမုန်းထားသူတို့က သင့်မိတ်ဆွေများနှင့် ကွဲကွာစေရန် ကြိုးစားအောင်မြင်လိမ့်မည်။

ပိုက်။ ။ ငါးဖမ်းသောပိုက်ကို မြင်မက်လျှင် ငွေကြေးအချောင်ရရှိမည်။

ပင်လယ်။ ။ ငြိမ်သက်လျက်ရှိသော ပင်လယ်ပြင်ကို မြင်မက်ခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမွန်သော နိမိတ်ပင် ဖြစ်လေသည်၊ ပင်လယ်တွင် မုန်တိုင်းကျပြန်သဖြင့် လှိုင်းများထကြွနေလျှင် ဒုက္ခနှင့် ရင်ဆိုင်တွေ့ရပေလိမ့်မည်၊ အကယ်၍ သင်သည် လှေဖြင့် အခက်အခဲမရှိဘဲ ဖြတ်သန်းနေသည်ဟု မြင်မက်လျှင် သင်၏ လိုအင်ဆန္ဒများ အလျှင်အမြန် ပြည့်စုံလာလိမ့်မည်။

အကယ်၍ လှေသည် ခဲခဲယဉ်းယဉ်းဖြင့် လှော်ခတ်ရသည်ဟု မြင်မက်လျှင် နှောင့်နှေးကြန့်ကြာမှု ဖြစ်မည် မှန်သော်လည်း နောက်ဆုံးတွင်ကား အောင်မြင်မှုကို ရရှိလိမ့်မည် သာဖြစ်သည်။

ပန်းခြံ။ ။ သာယာသော ပန်းခြံထဲတွင် လျှောက်လည်ပတ်ရသည်ဟု မြင်မက်လျှင် အလွန်ကောင်းပေသည်၊ ကျန်းမာခြင်း၊ ပျော်ရွှင်ခြင်းကို ရရှိပေလိမ့်မည်။

ပင်အပ်။ ။ ပင်အပ်တစ်ချောင်းကို မြင်မက်လျှင် လက်ဆောင်ပဏ္ဏာများ ရရှိလိမ့်မည်၊ ပင်အပ်များစွာကို မြင်မက်လျှင် အသေးအဖွဲ ဒုက္ခများကို ရင်ဆိုင်ရမည်။

ပိုက်ဆံအိတ်။ ။ ပိုက်ဆံအိတ်လွတ်ကို မြင်မက်လျှင် စိတ်ပျက်စရာနှင့် ရင်ဆိုင်ရလိမ့်မည်၊ ပိုက်ဆံများ ပါရှိသောအိတ်ကို မြင်မက်လျှင် ကံကောင်းမည်။ ပိုက်ဆံအိတ် ကျပျောက်သည်ဟု မြင်မက်လျှင် ဖျားနာမှု ဖြစ်လိမ့်မည်၊ ပိုက်ဆံအိတ်တစ်ခု ကောက်ရသည်ဟု မြင်မက်လျှင် သင်ခံစားနေရသော ဒုက္ခဟူသရွေ့ လျင်မြန်စွာ ပျောက်သွားလိမ့်မည်။

ပက်ကျိ။ ။ ရန်အတွက် သတိပေးသော အိပ်မက်ဖြစ်သည်။

ပတ္တမြား။ ။ ခင်မင်ဖွယ် ချစ်ဖွယ်ကောင်းသော မိတ်ဆွေတစ်ယောက်နှင့် တွေ့လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ပစ်သည်။ ။ သင်ပစ်သော အရာဝတ္ထုကိုထိလျှင် ကံကောင်း၏၊ လွဲလျှင် ကံမကောင်းချေ။

ပိုးထည်။ ။ ပိုးထည်ရှတ်စုံကို ဝတ်ဆင်ရသည်ဖြစ်စေ၊ ကိုင်တွယ်ရသည် ဖြစ်စေ မြင်မက်လျှင် ကူးသန်းရောင်းဝယ်ရေးတွင် အောင်မြင် မည်ဖြစ်သည်။

စုတ်ပြဲသော ပေါက်လျက်ရှိသော ပိုးထည်များကို မြင်မက်လျှင် စိတ်ပျက်ဖွယ် ကိစ္စများနှင့် ကြုံရလိမ့်မည်။

ပျံလွှား။ ။ ပျံလွှားငှက်ကို မြင်မက်ခြင်းသည် အလွန်ကံကောင်းမည့် အထိမ်းအမှတ်ဖြစ်၏။ မည်သည့်ကိစ္စတွင်မဆို အောင်မြင်ခြင်း ပြည့်စုံခြင်းကို ဖော်ပြ၏။

ပြောင်းရွှေ့သည်။ ။ သင်၏နေအိမ်မှ အခြားတစ်နေရာသို့ ပြောင်းရွှေ့ နေကြသည်ကို မြင်မက်လျှင် သင်၏အကြံအစည်များကိုရန် သူတို့က ဖျက်ဆီးကြလိမ့်မည်။

ပြဒါး။ ။ အစဉ်သဖြင့် သစ္စာရှိမည့် ပျော်ရွှင်ဖွယ်ကောင်းသော မိတ်ဆွေနှင့် တွေ့ရမည်။

ပန်းပု။ ။ ပန်းပုရုပ်ကို မြင်တွေ့ရသည်ဟု မြင်မက်လျှင် သာယာ ပျော်ရွှင်သော လုပ်ငန်းတစ်ခုကို လုပ်ကိုင်ရလိမ့်မည်။

ပြုတ်ထွက်။ ။ သင်၏ ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းတို့သည် ရုတ်ခြည်း ပြုတ်ထွက်ကုန်ကြသည်ဟု မြင်မက်လျှင် သင့်တွင် သော်လည်းကောင်း၊ သင်နှင့်ပတ်သက်သူတွင်သော်လည်းကောင်း မမျှော်လင့်သည် ထိခိုက်ဒဏ်ရာရမှုနှင့် တွေ့ရလိမ့်မည်။

ပျော်ပွဲစားထွက်။ ။ သင်သည် ပျော်ပွဲစား ထွက်ရသည်ဟု မြင်မက်လျှင် ကြီးကြီးပျောက်ဆုံးခြင်း၊ ကိုယ်ပိုင်ပစ္စည်းများ ပျက်စီးဆုတ်ယုတ် ခြင်းများ ဖြစ်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ပုံတူ။ ။ သင်သည် သင်၏ပုံတူပန်းချီကားတစ်ချပ်ကို တွေ့မြင်ရသည်ဟု မြင်ရလျှင် ချစ်သူက ဆက်ဆံရန်တောင်းဆိုလိမ့်မည်၊ ပုံတူမှာ သင်၏ပုံတူမဟုတ်ဘဲ အခြားလူတစ်ဦးဦး၏ပုံ ဖြစ်နေလျှင် သင်၏ချစ်သူသည် သင့်အပေါ်တွင် သစ္စာမရှိချေ။

ပြတင်းပေါက်။ ။ ပိတ်နေသော ပြတင်းပေါက်ကို မြင်မက်လျှင် ငွေကြေးအဝင်များမည်။

ပုပ်ပွသည်။ ။ တိရစ္ဆာန် အသေကောင်များသည် ပုပ်ပွလျက် ရှိရာဖွယ်ရာ တွေ့မြင်ရလျှင် ငွေကြေးအတွက် ကံကောင်းခြင်း ဖြစ်သည်။

ပွက်သည်။ ။ ရေကန်ထဲတွင် ငါးများပွက်သည်ဟု မြင်မက်ခြင်းသည် ချမ်းသာသော ချစ်သူနှင့် တွေ့ရမည် ဖြစ်သေသည်။

ပူဖောင်း။ ။ ရောင်စုံပူဖောင်းများ၊ ဘောလုံးများကို မြင်မက်လျှင် ခရီးသွားရလိမ့်မည်၊ ၎င်းပူဖောင်း၊ ဘောလုံးတို့ကို [illegible] သွားသည်ဟု မြင်မက်လျှင် ခရီးသွားရင်း ဘေးအန္တရာယ်နှင့် တွေ့လိမ့်မည်၊ သွားရသောခရီးသည် မသွားချင်ဘဲ သွားရသော ခရီးမျိုးဖြစ်မည်၊ ပူဖောင်းကို သင်သည် လေမှုတ်သွင်းရသည်ဟု မြင်မက်လျှင် ရုပ်ချောမှချစ်သူနှင့် တွေ့ရမည်။

( ဖ )

ဖယောင်းတိုင်။ ။ မီးထွန်းထားသော ဖယောင်းတိုင်ကို မြင်မက်လျှင် ကံကောင်းခြင်း ဖြစ်လေသည်၊ ဖယောင်းတိုင်မီး ငြိမ်းသွားသည်ဟု မြင်မက်ပါက သင်၏မိတ်ဆွေတစ်ယောက် ဖျားနေသည့်သတင်းကို ကြားရလိမ့်မည်၊ သင်သည် ဖယောင်းတိုင်ကို ထွန်းညှိသည်ဟု မြင်မက်လျှင် အချစ်ရေးတွင်ဖြစ်စေ၊ အလုပ်အကိုင်တွင်ဖြစ်စေ

www.burmeseclassic.com



အောင်မြင်မည်ဖြစ်သည်၊ လူတစ်ယောက် ဖယောင်းတိုင်ကို မီးငြှိမ်းညှိသည်ကို မြင်မက်လျှင် အောင်မြင်မှုသည် သင်၏ မှတ်ဆွေများအတွက် ဖြစ်လေသည်။

ဖဲ။ ။ သင်သည် ငွေကြေးနှင့် ဖဲကစားနေသည်ဟု မြင်မက်လျှင် သင်တန်ဖိုးထားသော အရာဝတ္ထုတစ်ခုခု ပျောက်ဆုံးမည့် သတိပေးချက် ဖြစ်လေသည်၊ သင့်ဖဲချပ်တွင် (ဒိုင်းမွန်း)ဖဲချပ်ကို မြင်တွေ့လျှင် စိတ်ထားညံ့ဖျင်းသော ချစ်သူနှင့် တွေ့ရလိမ့်မည်၊ (ဟတ်)ဖဲချပ်ကို မြင်မက်လျှင် အချစ်ရေး ကံကောင်းမည်၊ (ညှင်း)ဖဲကို မြင်မက်လျှင် အလုပ်အကိုင်တွင် အောင်မြင်မည်၊ (စပိတ်)ဖဲကို မြင်မက်လျှင် အလုပ်အကိုင်တွင် မကောင်းသော မိန်းမတစ်ယောက်ကြောင့် ဒုက္ခရောက်မည်။

ဖျံ။ ။ ရေတွင် မြူးတူးပျော်ပါးနေသော ဖျံကို မြင်မက်လျှင်ကောင်း၏။ သင်နှင့် သင်၏ချစ်သူတွင် အခြေအနေ တိုးတက်အောင်မြင်ခြင်း ဖြစ်လိမ့်မည်၊ အစာစားသောက်နေသော ဖျံကို မြင်မက်ပါက ချစ်သူအတွက် ဝန်တိုစိတ် ဖြစ်လိမ့်မည်။

ဖုန်။ ။ ဖုန်များပျံ့လွင့်ပြီး သင့်မျက်စိထဲသို့ ဝင်ရောက်သည်ဟု မြင်မက်လျှင် အလုပ်အကိုင်တွင် ကျဆုံးလိမ့်မည်။

ဖား။ ။ ဖားများစွာကို တွေ့ရသည်ဟု မြင်မက်လျှင် သင်နှင့် ပတ်သက်သည့် သတင်းဆိုးများ ပျံ့လွင့်လိမ့်မည်၊ သင့်လက်ထဲတွင်ရှိသောဖားကို မြင်မက်လျှင် ကံကောင်းမည်၊ သင်သည် ဖားတစ်ကောင်ကို အနာတရ ဖြစ်စေသည်၊ သို့မဟုတ် သတ်ပစ်သည်ဟု မြင်မက်လျှင် စိတ်ပျက်စရာကောင်းသည့် ဖွယ်များနှင့် ကြုံတွေ့ရလိမ့်မည်။

ဖားပြုပ်။ ။ ရန်သူနှင့် တွေ့ရလိမ့်မည်၊ သင့်ကို မနာလိုဝန်တိုသူတို့

www.burmeseclassic.com

www.burmeseclassic.com



ပေါ်များလိမ့်မည်၊ ဖားပြုပ်သေကို တွေ့မြင်ရလျှင် သင့်ကို ရန်လိုသူများတွင် ထိခိုက်နစ်နာမှု ဖြစ်ကြလိမ့်မည်။

ဖျာ။ ။ ဖျာကိုမြင်မက်ခြင်းသည် ငွေကြေးပျောက်ဆုံးမည့် အဓိပ္ပါယ် ဖြစ်လေသည်။

ဖရဲသီး။ ။ ဖရဲသီးများ မြင်မက်ခြင်းသည် ကျန်းမာရေးတွင် အထူး ကောင်းမွန်လိမ့်မည်၊ ဖရဲသီး စားသည်ဟု မြင်မက်လျှင် သင်မမျှော်လင့်သော ငွေကြေးများ ရရှိလာလိမ့်မည်။

ဖောင်။ ။ မငြိမ်မသက်ဖြစ်နေသည့် ရေပေါ်တွင် ဖောင်ကိုစီးနေရသည်ဟု မြင်မက်လျှင် အောင်မြင်မှုနှင့် တွေ့ရလိမ့်မည်၊ သင့်အောက်မှ ဖောင်သည် တဖြည်းဖြည်း နစ်မြုပ်သွားသည်ဟု မြင်မက်လျှင် စိတ်ပျက်စရာများနှင့် ကြုံရလိမ့်မည်။

ဖာထေးသည်။ ။ အဝတ်အစုတ်အပြဲများကို ဖာထေးချုပ်လုပ်နေသည်ဟု မြင်မက်လျှင်ကောင်း၏၊ သင်၏အခြေအနေ အရပ်ရပ်တို့ တိုးတက်လိမ့်မည်။

ဖြူကောင်။ ။ ပျောက်ဆုံးနေသော မိတ်ဆွေနှင့် ပြန်လည်တွေ့ရလိမ့်မည်။

ဖြုန်းတီးသည်။ ။ သင်ကိုယ်တိုင် သို့မဟုတ် အခြားသူများ၏ ဖြုန်းတီးခြင်းကို မြင်မက်လျှင် မကောင်းချေ၊ ငွေကြေး ကြပ်တည်းမှုနှင့် ရင်ဆိုင်ရမည်။

ဖျားနာသည်။ ။ သင်ကိုယ်တိုင် ဖျားနာနေသည်၊ သို့မဟုတ် တစ်စုံ တစ်ယောက် ဖျားနာနေသည်ကို မြင်မက်လျှင် လိမ်လည် လှည့်ဖြားမှု ခံရလိမ့်မည်။

ဖျက်ဆီးသည်။ ။ ဖျက်ဆီးခြင်းနှင့် ပတ်သက်၍ မြင်မက်သော အိပ်မက်တို့သည် ခိုက်ရန်ဖြစ်ပွားမှုအတွက် သတိပေးခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖတ်သည်။ ။ စာဖတ်သည်ကို မြင်မက်လျှင် သင်မျှော်လင့်ထားသော အကြံအစည်တို့ မကြာမီ အကောင်အထည် ပေါ်လာလိမ့်မည်။

ဖိနပ်။ ။ သင်၏အိပ်မက်တွင် ဖိနပ်ကို မြင်တွေ့ရပါက မကြာမီ ခရီးသွားရလိမ့်မည်၊ ဖိနပ်အသစ်ကို စီးရသည်ဟု မြင်မက်လျှင် မကောင်းချေ။ မိမိထက် နိမ့်ကျသူများက ရန်ပြုခြင်းကို ခံရလိမ့်မည်၊ ဖိနပ်စီး၍ ဖိနပ်ပေါက်သည်ဟု မြင်မက်လျှင် ပြင်းထန်သော ဝေဒနာတစ်ခုခု ကြုံတွေ့လိမ့်မည်၊ ဖိနပ်မပါဘဲ ခြေထောက်ချည်း လမ်းလျှောက်နေရသည်ဟု မြင်မက်လျှင် သင်ထင်မြင်သည့်အတိုင်း အလုပ်အကိုင်တွင် ထူးထူးခြားခြား အောင်မြင်လိမ့်မည်။

ဖိတ်ကြားသည်။ ။ တစ်စုံတစ်ယောက်သောသူက သင့်အား ဖိတ်ကြားခြင်း ပြုသည်ဟု မြင်မက်လျှင် မမျှော်လင့်သော အန္တရာယ်နှင့် တွေ့ရလိမ့်မည်။

( ဗ )

ဗာဒံသီး။ ။ သင်သည် ဗာဒံသီးများ စားနေသည်ဟု မြင်မက်လျှင် အနည်းငယ် စိတ်ပျက်စရာ အကြောင်းရပ်များနှင့် တွေ့ရလိမ့်မည်၊ ဗာဒံပင်ကို မြင်မက်လျှင် ဥစ္စာပစ္စည်းတို့ ပျောက်ဆုံးလိမ့်မည်၊ လူလိမ်လူညာများနှင့် တွေ့လိမ့်မည်။

( ဘ )

ဘုရင်။ ။ ဘုရင်တစ်ပါးအဖြစ် မြင်မက်ခြင်းသည် စိတ်ပျက်စရာ အဖြစ်များနှင့် ကြုံရမည်ကို ဖော်ပြခြင်းဖြစ်၏။ ဘုရင်တစ်ပါးကို တွေ့ရသည်ဟု မြင်မက်လျှင် လိုအင်ဆန္ဒများ ပျက်စီးလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မ။ ။ ဘုရင်မကို တွေ့ရသည်ဟု မြင်မက်လျှင် အောင်မြင်လိမ့်မည်၊ သင်နှင့် စကားပြောဆိုရသည်ဟု မြင်မက်လျှင် သင်၏ကြိုးစားမှုကြောင့် အရာရာတိုင်းတွင် အောင်မြင်မည် ဖြစ်လေသည်။

ဘီလူး။ ။ အလွန်တရာ ကြီးမားသောလူကြီး၊ ခက်ထန်ကြမ်းကြုတ်သော ဘီလူးကဲ့သို့ လူကြီးများကို တွေ့မြင်ရလျှင် သင်၏နောက်ကွယ်မှ သင့်အား မကောင်းကြံစည်နေသူတို့ရှိကြောင်း သတိပေးခြင်း ဖြစ်၏၊ ထိုဘီလူးကြီးတို့က သင့်ကို တစ်စုံတစ်ရာ အန္တရာယ် ပြုလုပ်သည်ဟု မြင်မက်ပါက သင်၏အလုပ်အကိုင်များကို ရန်သူတို့ ဖျက်ဆီးကြလိမ့်မည်။ သင့်ကို ကူညီသည်ဟု မြင်မက်လျှင် သင်၏အခြေအနေများ ရုတ်တရက် မမျှော်လင့်ဘဲ ပြောင်းလဲတိုးတက်မည်။

ဘဲ။ ။ ဘဲများကို မြင်မက်လျှင် တစ်စုံတစ်ယောက်သောသူ၏ ကူညီ ရိုင်းပင်းမှုကြောင့် ဝင်ငွေများ ရရှိလိမ့်မည်၊ ဘဲများ ရေထဲတွင် ရေကူးနေခြင်း၊ အစာစားနေခြင်းကို မြင်မက်လျှင် ငွေကြေး ချမ်းသာသူတို့၏ ပေးကမ်းကူညီမှုကို ရရှိလိမ့်မည်။

ဘုန်းကြီးကျောင်း။ ။ ဘုန်းကြီးကျောင်းကို မြင်မက်ခြင်း၊ ဘုန်းကြီး ကျောင်းသို့ သွားရောက်သည်ဟု မြင်မက်ခြင်းတို့သည် ကောင်းမွန်၏၊ သာယာပျော်ရွှင်သော ဘဝကို ရရှိမည်၊ အပေါင်းအသင်း မိတ်ဆွေသင်္ဂဟတို့ ချစ်ခင်လေးစားခြင်း ခံရမည်ဖြစ်၏။

ဘားကျွမ်း။ ။ ဘားကျွမ်းကစားသူ တစ်ဦးဦးအား မြင်မက်လျှင် မိမိ၏အခြေအနေ တိုးတက်အောင်မြင်မည်ဖြစ်၏၊ သင်ကိုယ်တိုင် ဘားကျွမ်းကစားနေသည်ကို မြင်မက်လျှင် လုပ်ငန်းခွင်၌

www.burmeseclassic.com

www.burmeseclassic.com



[illegible]ရှည်သူများကို တွေ့ရမည်၊ အလုပ်အကိုင်တွင် ပျော်ရွှင်မှု ဖြစ်လိမ့်မည်။

ဘင်ခရာ။ ။ ဘင်ခရာ တီးဝိုင်းတစ်ခုမှ သာယာသော တီးမှုတ်သံများကို ကြားရသည်ဟု မြင်မက်လျှင် ချမ်းသာခြင်း၊ ပျော်ရွှင်ခြင်း အပေါင်းတို့ ရရှိလိမ့်မည်၊ တီးမှုတ်သံများသည် ဆူညံလျက် နားငြီးဖွယ်ရာ ဖြစ်နေသည်ဆိုလျှင် စိတ်ပျက်စရာအကြောင်း များနှင့် ရင်ဆိုင်ရလိမ့်မည်၊ ချစ်တီးဝိုင်းသံနှင့်အတူ ပျော်ရွှင်စွာ ကခုန်ရသည်ဟု မြင်မက်လျှင် သာယာသော အိမ်ထောင်ရေးကို ဖန်တီးလိမ့်မည်ဖြစ်သည်။

ဘုရားရှိခိုးကျောင်း။ ။ အင်္ဂလိပ်ဘုရားရှိခိုးကျောင်းကို အဝေးမှလှမ်း၍ မြင်ရသည်ဟု မြင်မက်လျှင် သင်၏ချစ်သူသည် သင့်အား အချိန်လက်ထပ်ခိုင်းလိမ့်မည်၊ ဘုရားရှိခိုးကျောင်းသို့ သွားသည်ဟု မြင်မက်လျှင် မကြာမီ ချစ်သောသူနှင့် လက်ထပ်ရလိမ့်မည်။

( မ )

မီး။ ။မီးဖိုတွင် တောက်ပစွာ လင်းလက်လျက်ရှိသောမီးကို မြင့်မက်လျှင် လက်ထပ်ရလိမ့်မည်၊ မတောက်တစ်ချက် တောက်တစ်ချက် ရှိသောမီးကို မြင်မက်လျှင် စိတ်ညစ်စရာ ပြဿနာများနှင့် တွေ့ရလိမ့်မည်၊ မီးသည် အဖိုးတန်သော ပစ္စည်းများ လောင်လျက်ရှိသည်ဟု မြင်မက်ပါက ငွေကြေးများ ပျောက်ဆုံး ခြင်း၊ နစ်နာခြင်း၊ ဥစ္စာပစ္စည်းများ ပျက်စီးဆုံးရှုံးခြင်း စသည်တို့ ဖြစ်လိမ့်မည်။

မီးဖို။ ။မီးလုံးဝမရှိသော မီးဖိုကို မြင်မက်ခြင်းသည် သာယာပျော်ရွှင်ခြင်း ကင်းမဲ့လိမ့်မည်၊ ဝမ်းနည်းကြေကွဲမှု ဖြစ်ရလိမ့်မည်ကိုပြသော

www.burmeseclassic.com

www.burmeseclassic.com



အမှတ်အသား ဖြစ်လေသည်။

မီးခိုး။ ။ မီးခိုးများကြောင့် သင့်မျက်စိသည် ကျိန်းစပ်လျက်ရှိသည်ဟု မြင်မက်လျှင် ချစ်သူနှင့် စကားများ ရန်ဖြစ်ရလိမ့်မည်၊ မီးခိုးများသည် အိပ်ခန်းထဲတွင် ပြည့်နှက်လျက် ဟိုသည် လွင့်ပျံလျက်ရှိသည်ဟု မြင်မက်လျှင် အချစ်ရေးကြောင့် အလုပ်အကိုင်တို့ ကျရောက်ထိခိုက်လိမ့်မည်၊ မီးခိုးခေါင်းတိုင်မှ မီးခိုးထွက်ကာ ကောင်းကင်တွင် ပျံ့ဝဲနေသည်ကို မြင်မက်မူ သာယာပျော်ရွှင်သော အချစ်ရေးကို ဖန်တီးလိမ့်မည်၊ အချစ်ရေးကြောင့် ဘဝအောင်မြင်မှု ရရှိမည်။

မီးကျည်ပန်း။ ။ တောက်ပသော မီးကျည်ပန်းများ ကောင်းကင်တွင် တွေ့မြင်ရပါက ငွေကြေးနှင့် အလုပ်အကိုင်တို့တွင် အလွန် ကံကောင်းလိမ့်မည်၊ ငွေကြေး အလွယ်တကူ ရရှိမည်၊ အလုပ်အကိုင်တို့ အဆင်ပြေခြင်း၊ တိုးတက်ခြင်းတို့ ဖြစ်လိမ့်မည်။

မီးသွေး။ ။ မီးသွေးခဲများ မြင်မက်လျှင် အေးချမ်းသာယာသောဘဝကို ရရှိမည်၊ မီးသွေးခဲများဖြင့် နံရံ စသည်တို့တွင် ရေးခြစ်သည်ဟု မြင်မက်လျှင် အလုပ်ခွင်စွင် အကြီးအကဲတို့၏ ပြစ်တင် ကြိမ်းမောင်းခြင်းကို ခံရလိမ့်မည်၊ မီးများ စွဲလျက်ရှိသော မီးသွေးခဲများကို မြင်မက်လျှင် ဝမ်းနည်းစရာ သတင်းစကားများ ကြားရလိမ့်မည်၊ မီးခဲကို နင်းမိသဖြင့် ခြေထောက်ပူလောင်ခြင်း ဖြစ်ရသည်ဟု မြင်မက်လျှင် မိမိထက်နိမ့်ကျသော အောက်လူ များက စော်ကားခြင်းအမှုကို ပြုလုပ်လိမ့်မည်။

မီးတောင်။ ။ မီးတောင်ကို မြင်မက်လျှင် အလွန်ကံကောင်းပေသည်၊ မမျှော်လင့်သော နေရာမှ ငွေကြေးဥစ္စာပစ္စည်းများ ဝင်ရောက် လာမည်၊ ငွေကြေးကိစ္စတွင် အထူးကံကောင်းပေလိမ့်မည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မီးခွက်။ ။ ထွန်းလင်းတောက်ပလျှက်ရှိသော မီးခွက်ကို မြင်မက်လျှင် အချစ်ရေး ကံကောင်းမည်၊ ချမ်းသာကြွယ်ဝသောသူတို့နှင့် ချစ်ကြိုက်ရလိမ့်မည်၊ မီးခွက်မှမီးသည် လေတိုက်၍ဖြစ်စေ၊ အလိုအလျောက်ဖြစ်စေ ငြိမ်းသွားသည်ကို မြင်မက်လျှင် အချစ်ရေးတွင် ကံဆိုးလိမ့်မည်၊ ချစ်သူအတွက် ကြေကွဲဝမ်းနည်းဖွယ် သတင်းများ ကြားရမည်၊ သင်သည် မီးခွက်ကို ထွန်းညှိသည်ဟု မြင်မက်လျှင် အချစ်ရေး အသစ်ဖန်တီးလိမ့်မည်၊ ရင်းနှီးခင်မင်သောသူဘဝမှ ချစ်သူအဖြစ် ရောက်ရှိလိမ့်မည်၊ သင်က မီးခွက်မှမီးကို ငြိမ်းသတ်လိုက်သည်ဟု မြင်မက်လျှင် ချစ်သူတွင် ထိခိုက်အန္တရာယ် ရရှိလိမ့်မည်၊ မလိုမုန်းထားသူတို့၏ စော်ကားခြင်းကို ခံရတတ်သည်။

မီးလုံး။ ။ လင်းနေသော မီးလုံး၊ ဖန်သီးကို မြင်မက်လျှင် ငွေကြေးအတွက် ကံကောင်း၏၊ ငွေကြေး အထူးဝင်မည်၊ မီးလုံးအကွဲများကို မြင်မက်လျှင် မကောင်းချေ၊ မိမိ၏ အခြေအနေတို့ နိမ့်ကျသွားလိမ့်မည်၊ လုပ်ငန်းကိစ္စ ပျက်စီးဆုံးရှုံးလိမ့်မည်။

မီးတုတ်။ ။ သင်သည် မီးတုတ်ကို မီးထွန်းညှိသည်ဟု မြင်မက်လျှင် ကံကောင်းသည်၊ အန္တရာယ်တို့ ကင်းရှင်းသဖြင့် ပျော်ရွှင်အေးချမ်းစွာ နေရမည်၊ မီးတုတ်ဖြင့် မှောင်သောလမ်းများတွင် ခရီးသွားရသည်ဟု မြင်မက်လျှင် ရပ်ဝေးမှ ငွေကြေးတို့ကို ရရှိလိမ့်မည်၊ ခရီးကောင်း သွားရလိမ့်မည်၊ သင့်အား အလင်းရောင်ပေးသော မီးတုတ်မှမီးသည် ငြိမ်းသွားသဖြင့် မှောင်မည်း၍ သင်သည် ခရီးဆက်မသွားနိုင်ဟု မြင်မက်လျှင် မိမိထံမှ ငွေကြေးတို့ ထွက်လိမ့်မည်၊ ခရီးသွားရင်း ဒုက္ခ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတတ်သည်။

မွေးဖွားသည်။ ။ ကလေးမွေးဖွားခြင်းကို မြင်မက်လျှင် အလွန်နိမိတ်ကောင်းသော အိပ်မက်ဖြစ်လေသည်၊ ကောင်းသောကံတရားကြောင့် ငွေများစွာ ရရှိလိမ့်မည်၊ မွေးဖွားခြင်းနှင့် ပတ်သက်သည့် သတင်းစကားများကို ကြားရသည်ဟု မြင်မက်လျှင် အလုပ်အကိုင် ရာထူးတိုးတက်မည်၊ ကြံစည်ချက် ရည်ရွယ်ချက်တို့ ပြည့်စုံအောင်မြင်မည်။

တိရစ္ဆာန်တို့ သားမွေးဖွားသည်ကို မြင်မက်လျှင် အောင်မြင်မှုနှင့် တွေ့ရမည် ဖြစ်သော်လည်း ခက်ခဲပင်ပန်းပြီးမှ အောင်မြင်ရလိမ့်မည်။

မွေးနေ့။ ။ မမျှော်လင့်သော အောင်မြင်မှုနှင့် တွေ့ရမည်၊ မိတ်ဆွေတစ်ဦးဦး၏ မွေးနေ့သို့ သွားရောက်သည်ကို မြင်မက်လျှင် မိတ်ဆွေကောင်းများ၏ ကူညီမှုကြောင့် အခက်အခဲများ အောင်မြင်ပြီးဆုံးမည်။

မီးလောင်သည်။ ။ ရုပ်ရှင်ရုံ၊ နေအိမ်၊ အဆောက်အအုံတို့ကို မီးလောင်သည်ဟု မြင်မက်ခြင်းသည် ရုတ်တရက် သင့်အိမ်တွင် ကျရောက်မည့်အန္တရာယ်ကို ကြိုတင်သတိပေးခြင်း ဖြစ်လေသည်။

သစ်ပင်ချုံပုတ်တို့ကို မီးလောင်သည်ဟု မြင်မက်လျှင် သင်၏ရင်းနှီးခင်မင်သူတို့ကို ဘေးအန္တရာယ် တစ်စုံတစ်ရာ ကျရောက်လိမ့်မည်။

မိတ်ဆွေ။ ။ မိတ်ဆွေသူငယ်ချင်းတို့နှင့် ခိုက်ရန်ဖြစ်သည်ဟု မြင်မက်လျှင် ထိုမိတ်ဆွေသူငယ်ချင်းတို့သည် သစ္စာရှိသော မိတ်ဆွေစစ်များ ဖြစ်သည်၊ ပိုမို၍ ခင်မင်ရင်းနှီးရလိမ့်မည်။

မီးပြတိုက်။ ။ ပင်လယ်တွင် မီးပြတိုက်ကို မြင်ရသည်ဟု အိပ်မက်

www.burmeseclassic.com

www.burmeseclassic.com



မြင်မက်လျှင် သင်၏ချစ်သူနှင့် မကြာမီ လက်ထပ်ရမည်၊ မီးပြတိုက်ပေါ်သို့ တက်ရသည်၊ မီးပြတိုက်သို့ ရောက်ရှိနေသည်ဟု မြင်မက်လျှင် ချစ်သူထောက်ပံ့မှု ကူညီမှုကို ရရှိလိမ့်မည်။

မတော်တဆ။ ။ သင်သည် မတော်တဆ ထိခိုက်မှု တစ်မျိုးမျိုးကြောင့် အင်္ဂါခြေလက် ကိုယ်ခန္ဓာတို့တွင် အနာတရ ဖြစ်နေသည်ဟု မြင်မက်လျှင် သင့်ပတ်ဝန်းကျင်နှင့် ခိုက်ရန်ဖြစ်ရလိမ့်မည်။

မေ့မြောသည်။ ။ သင်သည် မူးဝေလျက် မေ့မြောသွားသည်ဟု မြင်မက်လျှင် ရပ်ဝေးခရီးသို့ သွားရလိမ့်မည်၊ သို့မဟုတ် တစ်စုံတစ်ယောက်သည် မေ့မြောသွားသည်ကို မြင်မက်ပါက ငွေကြေးပျောက်ဆုံးမည်၊ နစ်နာမည်။

မေ့လျော့သည်။ ။ အရေးကြီးသော အကြောင်းကိစ္စတစ်ခုကို သင်သည် မေ့လျော့ခြင်းကို သတိရသည်ဟု မြင်မက်လျှင် မိတ်ဆွေများနှင့် ပတ်သက်၍ ထူးဆန်းသောသတင်းများ ကြားရလိမ့်မည်။

မဲနယ်။ ။ မဲနယ်မှုန့်များ၊ မဲနယ်ရည်များနှင့် ပတ်သက်၍ မြင်မက်လျှင် အိမ်တွင်းရေး သာယာမှုရှိလိမ့်မည်။

မင်။ ။ ဆေးရည်၊ မင်ရည်များ ဖိတ်ကျသည်ဟု မြင်မက်လျှင် မိတ်ဆွေသူငယ်ချင်းတို့၏ စွပ်စွဲပြောဆိုခြင်း၊ အထင်အမြင် လွဲမှားခြင်းကို ခံရလိမ့်မည်၊ မင်များသည် သင့်အဝတ်အစား များကို စွန်းထင်းကုန်သည်ဟု မြင်မက်လျှင် ခိုက်ရန်ဖြစ်ပွားခြင်း အတွက် သတိပေးခြင်းဖြစ်သည်။

ဖောင်တိန်၊ ကလောင်တို့တွင် မင်များပြည့်သည်ဟု မြင်မက်လျှင်ကောင်း၏၊ ချစ်သူအတွက် ဝမ်းသာစရာသတင်းများ ကြားရမည်၊ သာယာပျော်ရွှင်မှု ဖြစ်ရလိမ့်မည်။

မုန့်။ ။ စားစရာမုန့်များကို မြင်မက်လျှင် အချစ်ရေးအတွက်

www.burmeseclassic.com

www.burmeseclassic.com



စိတ်အနှောင့်အယှက်ဖြစ်မည်၊ အချစ်ရေးတွင် နှောင့်ယှက်သူများ ဝင်ရောက်လာမည်၊ မုန့်ဆိုင်မုန့်ရောင်းသူ စသည်မြင်မက်လျှင် ချစ်သူတွေ့လိမ့်မည်၊ မုန့်များဝယ်ယူသည်ဟု မြင်မက်လျှင် ကံကောင်းသည်၊ သာယာပျော်ရွှင်ဖွယ်ကောင်းသော အချစ်ရေး ဖြစ်လိမ့်မည်။

မုန့်များကို စားသောက်ရသည်ဟု မြင်မက်ခြင်းသည် မကောင်းချေ၊ ချစ်သူတို့အဖို့သော်လည်းကောင်း၊ အိမ်ထောင်ရှင်များအဖို့သော်လည်းကောင်း တစ်ဦးနှင့်တစ်ဦး ကင်းဝေးကြရလိမ့်မည် ဖြစ်လေသည်။

မလိုင်။ ။ နို့မလိုင်များကို မြင်မက်လျှင် ငွေကြေး၊ အဝတ်အစား၊ ရတနာရွှေငွေတို့ ဝင်ရောက်မည်၊ စားသောက်ရသည်ဟု မြင်မက်လျှင် မိတ်ဆွေစစ်များနှင့် တွေ့ကြုံရလိမ့်မည်။

မုန်လာဥ။ ။ မုန်လာဥပင်များ၊ မုန်လာဥများကို မြင်မက်လျှင် ကံကောင်းသည်၊ အခက်အခဲများကြားမှ ကံတရား၏အကျိုးပေးကြောင့် သင့်အလုပ်အကိုင် အကြံအစည်များ ထမြောက်အောင်မြင်လိမ့်မည်။

မုန်လာပင်များ စိုက်ပျိုးရသည်ဟု မြင်မက်လျှင် သင့်လုပ်ငန်းများသည် နောင်ရေးအတွက် များစွာကောင်းမွန်ခြင်းကို ဖော်ပြ၏၊ သင့်လုပ်ငန်းများမှာ လေ့လာဆယ်ထက် နောင်တွင် တဖြည်းဖြည်း အောင်မြင်မှုကို ပေးလိမ့်မည် ဖြစ်သည်။

မုန်လာဥများ စားသောက်ရသည်ဟု မြင်မက်လျှင် လုပ်ငန်းတွင် အခက်အခဲတစ်ခုနှင့် ရင်ဆိုင်ရလိမ့်မည်၊ ငွေကြေးကြပ်တည်းမှုကြောင့် လုပ်ငန်းရပ်ဆိုင်းရခြင်း၊ ငွေကြေးကိစ္စတွင်

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ခြင်း ဖြစ်လိမ့်မည်။

မင်းသား။ ။ ကပြဖျော်ဖြေသောမင်းသား စသည့်သူများနှင့် ပြောဆိုဆက်ဆံရသည်ဟု မြင်မက်လျှင် သင့်တွင် နောက်ကွယ်၌ ရန်သူရှိသည်၊ သင်မမျှော်လင့်သောသူသည် သင့်အား ကောင်းစွာဒုက္ခပေးလိမ့်မည်။

မင်းသားသည် ကပြဖျော်ဖြေနေခြင်း၊ သီဆိုနေခြင်း စသည်တို့ကို မြင်မက်ပါက သင်၏အကြံအစည်များကို အခြားသူများဦး၍ လုပ်ကိုင်ကြလိမ့်မည်၊ လုပ်ငန်းတွင် အနှောင့်အယှက်ရှိ ဖြစ်လိမ့်မည်။

မင်းသမီး။ ။ ကပြဖျော်ဖြေသောမင်းသမီး စသည့်သူများနှင့် ပြောဆိုဆက်ဆံရသည်ဟု မြင်မက်လျှင် ကံကောင်း၏၊ သစ္စာရှိသော ချစ်သူနှင့်တွေ့ရမည်၊ ချစ်သူခင်သူတို့ ပေါ်များမည်၊ လုပ်ငန်းကိစ္စတို့၌ အဆင်ပြေချောမောမည်။

မင်းသမီးသည် ကပြဖျော်ဖြေခြင်း၊ သီဆိုခြင်း စသည်တို့ကို မြင်မက်လျှင် သင်၏လုပ်ငန်းခွင်တွင် ပျော်ရွှင်မှုများနှင့် တွေ့ရမည်၊ သင်ကြံစည်စိတ်ကူးသည်တို့သည် ချောမောစွာ ဖြစ်မြောက်အောင်မြင်လိမ့်မည်။

မော်တော်ကား။ ။ မော်တော်ကားကို မြင်မက်လျှင် အကြံဉာဏ်ကောင်းတို့ ရရှိလိမ့်မည်၊ မော်တော်ကား မောင်းရသည်ဟု မြင်မက်လျှင် သင်၏အကြံဉာဏ်ကြောင့် ငွေကြေးအောင်မြင်မည်၊ လုပ်ငန်းအသစ်တို့ လုပ်ကိုင်ခြင်းဖြင့် အခြေအနေတို့ တိုးတက်အောင်မြင်လိမ့်မည်။

မော်တော်ကားမောင်း၍ တစ်စုံတစ်ရာ တိုက်မှုမျိုးဖြစ်သည်ကို မြင်မက်လျှင် မကောင်းချေ၊ သင်၏လုပ်ငန်းကို

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဝန်းမျက်ဆီးသူများကြောင့် ဒုက္ခရောက်ရလိမ့်မည်၊ မော်တော်ကားမောင်းသည့်မှာ သာယာမှုရှိသည်ဟု သင်ခံစားရလျှင် သင်မျှော်လင့်သည့်အတိုင်း ဖြစ်မြောက်အောင်မြင်မည်ဖြစ်သည်။

ခမြဖြူ။ ။ မြေဖြူခဲများနှင့် ပတ်သက်၍ မြင်မက်ခြင်းသည် ကောင်းမွန်၏ သာယာပျော်ရွှင်ခြင်းနှင့် ပြည့်စုံလိမ့်မည်။

မြင်းရထား။ ။ မြင်းရထားကိုစီး၍ ပျော်ရွှင်နေသည်ဟု မြင်မက်လျှင် သင့်အဖို့ အစစအရာရာ ကံကောင်းခြင်း ဖြစ်နေလိမ့်မည်၊ မြင်းရထားသည် ကြမ်းတမ်းသောလမ်းတွင် မောင်းနှင်နေသည်ကို မြင်မက်လျှင် လုပ်ငန်းခွင်၌ စိတ်ပျက်စရာ အခြေအနေများနှင့် ရင်ဆိုင်ရလိမ့်မည်။

မြင်းရထားဆွဲထားသောမြင်းသည် လိုးဝမသွားဘဲ ရပ်တန့်နေသည်ဟု မြင်မက်ပါက သင်၏လုပ်ငန်းတွင် ရန်သူတို့ ရှိနေလိမ့်မည်၊ အနှောင့်အယှက်အမျိုးမျိုးကြောင့် ရပ်ဆိုင်းရလိမ့်မည်။

မြင်း။ ။ မြင်းနှင့်ပတ်သက်၍ မြင့်မက်သော အိပ်မက်တို့သည် သင့်အတွက် ကောင်းမွန်ပေသည်၊ သင်သည် မြင်းကို စီးနင်းရသည်ဟု မြင်မက်လျှင် ပျော်ရွှင်မှု လွတ်လပ်မှုနှင့် အစစ အရာရာတွင် အဆင်ပြေမှုတို့ ဖြစ်လိမ့်မည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ အခြားသူတစ်ဦးဦးဖြစ်စေ မြင်းကိုဆွဲ၍ ခေါ်သွားသည်ဟု မြင်မက်လျှင် သင်၏လုပ်ငန်း၌ သော်လည်းကောင်း အဆင်မပြေမှု အနည်းငယ် ရှိနေလိမ့်မည်။

မြင်းပေါ်မှ လိမ့်ကျသည်၊ သို့မဟုတ် မြင်းကန်ချက်ခြင်းကို ခံရသည်ဟု မြင်မက်လျှင် သင့်၏ရန်သူတို့က အောင်မြင်ပျော်ရွှင်နေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းကို အစာကျွေးရသည်ဟု မြင်မက်လျှင် ချစ်သူနှင့် တွေ့လိမ့်မည်၊ အချစ်ရေး ဖန်တီးမည်၊ မြင်းအသေကို တွေ့မြင်ရသည်၊ မြင်းသည် ရုတ်တရက် သေဆုံးသွားသည်ကို မြင်မက်မူ မိမိချစ်ခင်သောသူ တစ်ဦးဦးနှင့် ပတ်သက်သော သတင်းဆိုးတို့ ကြားရလိမ့်မည်။

မြေပုံ။ ။ မြေပုံကို မြင်မက်ခြင်း၊ မြေပုံဆွဲရသည်ဟု မြင်မက်ခြင်းသည် သင်၏ခရီးသွားလိုသော ဆန္ဒကို ဖော်ပြခြင်းဖြစ်သည်။

မျက်နှာဖုံး။ ။ မျက်နှာဖုံး စွပ်ထားသောသူ တစ်ဦးဦးကို မြင်မက်လျှင် သင့်အဖို့ သစ္စာရှိသော မိတ်ဆွေတို့ကို ရရှိလိမ့်မည်၊ သင်သည် မျက်နှာဖုံးကို စွပ်ထားသည်ဟု မြင်မက်လျှင် ရုတ်တရက် သင်၏အခြေအနေတို့သည် ပြောင်းလဲသွားလိမ့်မည်။

မြက်ခင်း။ ။ စိမ်းလန်းသော မြက်ခင်းများကို မြင်မက်လျှင် ကောင်းမွန်၏၊ မြက်ခင်းများသည် ခြောက်သွေ့နေသည်ကို တွေ့မြင်ရလျှင် မကောင်းချေ၊ သင့်အဖို့ စိတ်ညစ်စရာများ ဖြစ်ပွားလိမ့်မည်။

မြေတွင်း။ ။ မြေကြီးတွင် တွင်း၊ ကလိုင်ကြီးများ ဖြစ်ပေါ်လျက် ရှိသည်ဟု မြင်မက်လျှင် သင်၏အိမ်တွင်းလူများ ရောဂါဥပဒ် ဖြစ်လိမ့်မည်၊ ထိုမြေတွင်းများကို ဖို့နေသည်ဟု မြင်မက်လျှင် အိမ်တွင်းရေး သာယာမည်၊ အဆင်ပြေမည်။

မြူမှုန်။ ။ ပတ်ဝန်းကျင်တွင် မြူမှုန်များဆိုင်းလျက် မှုန်ဝါးဝါး မြင်ရသည်ကို အိပ်မက်မြင်မက်လျှင် သင်၏လုပ်ငန်းအခြေအနေ များသည် တဖြည်းဖြည်း ညံ့ဖျင်းလာလိမ့်မည်၊ မြူမှုန်များ တဖြည်းဖြည်း ရှင်းလင်းကွယ်ပျောက်ပြီး ကြည်လင်သော ရှုခင်းများကို တွေ့မြင်ရလျှင် သင်၏လုပ်ငန်းများသည် ပြန်လည် အဆင်ပြေလာမည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်စိ။ ။ မျက်စိနှင့် ပတ်သက်၍ မြင်မက်သော အိပ်မက်သည် ကောင်းမွန်ပေသည်၊ သင်၏မျက်စိကို မျက်စဥ်းခတ်ရသည်ဟု မြင်မက်လျှင် သင်၏ဘ၀သည် သာသာယာယာ ရှိလိမ့်မည်၊ မျက်မှန်တပ်ဆင်ရသည်ဟု မြင်မက်လျှင် ငွေကြေးကိစ္စတွင် အထူးကံကောင်းမည်၊ မျက်စိထဲသို့ တစ်စုံတစ်ရာအမှိုက် စသည်များ ၀င်ရောက်လာသည်ဟု မြင်မက်လျှင် ချစ်သူနှင့် ခိုက်ရန်ဖြစ်ရတတ်သည်၊ အချစ်ရေး အိမ်ထောင်ရေးတွင် အဆင်မပြေမှု ဖြစ်လိမ့်မည်။

မြား။ ။ မြားကိုမြင်မက်လျှင် အချစ်ရေးတွင် ကံကောင်းခြင်း ဖြစ်လိမ့်မည်၊ သင်သည် မြားဖြင့် ပစ်ခတ်ခြင်း ခံရသည်ဟု မြင်မက်ပါက အလုပ်အကိုင်တို့တွင် ကျဆင်းလိမ့်မည်၊ သင် ယုံကြည်စိတ်ချမိသောသူများက နှောင့်ယှက်ဖျက်ဆီးလိမ့်မည်၊ ကျိုးနေသောမြားကို တွေ့မြင်ရခြင်းသည် အချစ်ရေး၊ အိမ်ထောင် ရေးတို့တွင် စိတ်မချမ်းမြေ့စရာ ပြဿနာများ ဖြစ်ပေါ်လိမ့်မည်၊ အထူးသဖြင့် ငွေကြေးရေးကိစ္စမာနတို့ကြောင့် ချစ်သူချင်း ကွဲကွာရလိမ့်မည်။

မြွေခွေး။ ။ မြွေခွေးကို တွေ့မြင်ရသည် မြင်မက်လျှင် ကံကောင်း၏။ ငွေကြေးကိစ္စ၊ အလုပ်အကိုင်ကိစ္စဟူသရွေ့တွင် အဆင်ပြေ ကံကောင်းနေလိမ့်မည်၊ မြွေခွေးသည် သင်နှင့် နီးနီးကပ်ကပ်တွင် ရှိပါက သင့်ကို ချစ်ခင်သူများလိမ့်မည်၊ အလုပ်အကိုင်တို့တွင် ငွေကြေးဖြင့် ကူညီမ,စလိမ့်မည်၊ မြွေခွေးသည် သင့်အား ရန်မူသည်ကို မြင်မက်လျှင် အလုပ်အကိုင်တွင်သော် လည်းကောင်း၊ ငွေကြေးကိစ္စတွင်သော်လည်းကောင်း အခက်အခဲ အနှောင့်အယှက် အမျိုးမျိုးဖြစ်မည်၊ မဖြောင့်လင့်သော ပြဿနာတို့

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်လာပြီး လုပ်ငန်းတွင် ထိခိုက်နစ်နာစေလိမ့်မည်၊ သေနေသော မြွေခွေးကို မြင်မက်လျှင် မကြာမီ ထူးထူးခြားခြား အောင်မြင်မှု ရလိမ့်မည်၊ အိမ်ထောင်ရေးတွင် ပျော်ရွှင်ချမ်းသာမှုကို ရလိမ့်မည်၊ ထောင်ချောက်၊ လှောင်အိမ် စသည်တို့ အတွင်းတွင် ရှိနေသော မြွေခွေးကို မြင်မက်ပါက မကောင်းချေ၊ သင့်တွင် မမျှော်လင့်သော ရောဂါဝေဒနာများ၊ အမှုအခင်းများ ကျရောက်လာလိမ့်မည်၊ ငွေကြေးပျောက်ဆုံးခြင်း၊ ငွေကြေး ကြွပ်တည်းခြင်းနှင့် ရင်ဆိုင်ရလိမ့်မည်။

မြွေ။ ။ မြွေကိုမြင်မက်ခြင်းသည် မကောင်းသော နိမိတ်ပင်ဖြစ်သည်၊ လက်ရှိအခြေအနေမှ ထိခိုက်ကျဆင်းခြင်း၊ ဘေးရန်များပြားခြင်း၊ စိတ်မချမ်းသာခြင်း စသည့်အဓိပ္ပါယ်ပင် ဖြစ်လေသည်၊ မြွေက သင့်အား အန္တရာယ်ပြုသည်ဟု မြင်မက်လျှင် သင်၏ ပတ်ဝန်းကျင်မှလူများ၏ သင့်ကို မလိုမုန်းထားခြင်းရှိမည်၊ သင့်ကို အမြင်းအထန် တိုက်ခိုက်လိမ့်မည်၊ မြွေက ကိုက်ခြင်းကို ခံရသည်ဟု မြင်မက်ပါက ရုတ်တရက် နာမကျန်းဖြစ်မည်၊ မြွေကိုက်ခံရသူ တစ်ဦးအား မြင်မက်ပါက သင်၏မိတ်ဆွေ တစ်စုံတစ်ယောက်တွင် ထိခိုက်မှုအန္တရာယ် ရရှိလိမ့်မည်၊ သင်ချစ်ခင်သူတို့ ဖျားနာခြင်း ဖြစ်လိမ့်မည်၊ မြွေကို ကိုင်တွယ်သည်ဟု မြင်မက်ပါက သင်၏မိတ်ဆွေစစ်ဟု ထင်မှတ်သောသူက သင့်ကို ဒုက္ခပေးလိမ့်မည်၊ သင့်အား နှောင့်ယှက်လိမ့်မည်၊ ကျင်းထဲသို့ဝင်သွားသောမြွေကို မြင်မက် ပါက သင်၏လုပ်ငန်းကို နှောင့်ယှက်မည့်သူများ များပြားစွာ ရှိသော်လည်း သင်သည် ၎င်းတို့ကို အောင်မြင်လိမ့်မည်၊ မြွေအသေကို မြင်မက်ပါက သင်မနှစ်မြို့သူတွင် ထိခိုက်

www.burmeseclassic.com



ကျခံရမှုဖြစ်မည်၊ သင်၏ပြိုင်ဖက်များက သင့်ကို အောက်ကျို့ ကြလိမ့်မည်၊ သင့်လုပ်ငန်းတွင် အနှောင့်အယှက်ဖြစ်ပြီး ချောမွေ့စွာ ရှိလိမ့်မည်၊ မြွေကို တုတ်ဖြင့်ရိုက်သည်၊ ခဲဖြင့် ပစ်သည်ဟု မြင်မက်ပါက မကောင်းချေ၊ ရန်သူများသည် ခိုက်ရန်ဖြစ်ပွားမှု မကြာခဏ ဖြစ်ရလိမ့်မည်။

မြည်း။ ။ မြည်းကိုမြင်မက်ခြင်းသည် သင့်၌ အခက်အခဲများ ဝိုင်းရံလျက် ရှိသည်ကို ဖော်ပြခြင်းဖြစ်၏၊ စိုးရိမ်ပူပန် ကြောင့်ကြမှုများစွာ ဖြစ်ရလိမ့်မည်၊ မြည်းကိုစီးရသည်၊ မြည်းစီး၍ ခရီးသွားရသည်ဟု မြင်မက်လျှင် ခက်ခဲပင်ပန်းသော အလုပ် များကို လုပ်ကိုင်ရလိမ့်မည်၊ မြည်းကို အစာကျွေးမွေးရသည်ဟု မြင်မက်လျှင် ကံကောင်းသည်၊ အလုပ်အကိုင်တွင် အခွင့် ပြေမည်၊ ကူညီသူများနှင့် တွေ့ရမည်၊ ငွေကြေးအခြေအနေ ကောင်းမွန်လာမည်၊ မြည်းသေကို မြင်မက်လျှင် ကံမကောင်းချေ၊ လုပ်ငန်းတစ်ပိုင်းတစ်စနှင့် ရပ်ဆိုင်းလိုက်ရတတ်သည်၊ စီးပွားရေး လုပ်ငန်းဟူသရွေ့တွင် အခက်အခဲများတွေ့ပြီး ဆုံးရှုံးနစ်နာမှုများ ဖြစ်ရလိမ့်မည်။

မြေအောက်ခန်း။ ။ မြေအောက်ခန်းထဲသို့ ဝင်ရောက်သွားသည်ဟု မြင်မက်လျှင် မကောင်းချေ၊ အိမ်တွင်းရေး အဆင်မပြေမှုကြောင့် စီးပွားရေး ပျက်စီးလိမ့်မည်၊ မြေအောက်ခန်းတွင် မှောင်မိုက်လျက် ဘာကိုမျှ မမြင်ရလျှင် အိမ်သားတစ်ဦးတစ်ယောက်တွင် ဖျားနာ မှုကိုသော်လည်းကောင်း ခံစားရလိမ့်မည်။

မှုးယစ်သည်။ ။ အရက်သေစာ သောက်စားပြီး မူးယစ်သည်ဟု မြင်မက်လျှင် မကောင်းချေ၊ မိတ်ဆွေအချင်းချင်း စကားများ ရန်ဖြစ်မည်၊ အိမ်ထောင်ရေးဆင်းရဲမှုနှင့် ရင်ဆိုင်ရလိမ့်မည်၊

www.burmeseclassic.com

www.burmeseclassic.com



အရက်သေစာမူးယစ်ပြီး ခိုက်ရန်ဖြစ်ပွားသည်ဟု မြင်မက်လျှင် ငွေကြေးကုန်ကျမှုများသဖြင့် အကြပ်အတည်းနှင့် ရင်ဆိုင်ရလိမ့်မည်၊ ဝင်ငွေထက် ထွက်ငွေက များပြားလိမ့်မည်။

မြစိမ်း။ ။ မြစိမ်းရတနာဖြစ်စေ၊ မြစိမ်းရောင်ဖြစ်စေ မြင်မက်ပါက ကံကောင်းလာပေသည်၊ အထူးသဖြင့် ငွေကြေးအလုပ်အကိုင် ကောင်းမွန်ပေလိမ့်မည်၊ မြစိမ်းရတနာ လက်ဝတ်တန်ဆာများကို ဝတ်ဆင်ရသည်ဟု မြင်မက်လျှင် ချစ်သူများနှင့် တွေ့ရမည်၊ ပျော်ရွှင်ချမ်းမြေ့မှုတို့ဖြင့် ပြည့်စုံလိမ့်မည်။

မျက်ခုံး။ ။ သင်၏မျက်ခုံးမွေး ကျွတ်ကုန်သည်၊ ပျောက်ကုန်သည် မြင်မက်လျှင် ရင်းနှီးသူများနှင့် ငွေကြေးကိစ္စကြောင့် စကားများရန်ဖြစ်ရတတ်သည်။

မျက်နှာ။ ။ မျက်နှာတွင် အနာတရာဖြစ်သည်ဟု မြင်မက်လျှင် မကောင်းချေ၊ အထက်လူကြီးများနှင့် ခိုက်ရန်ဖြစ်ပွားရလိမ့်မည်၊ ရာထူးအလုပ်ကိစ္စများတွင် အနှောင့်အယှက် ကြုံတွေ့ရမည်။

မျက်နှာတွင် တစ်စုံတစ်ရာ စွန်းထင်းပေကျံကုန်သည်ဟု မြင်မက်လျှင် ချစ်ခင်ရင်းနှီးသူများ၏ ကူညီထောက်ပံ့မှုကို ရရှိလိမ့်မည်၊ ရောင်းဝယ်မှုဖြင့် ငွေကြေးများစွာ ရရှိလိမ့်မည်။

မိသားစု။ ။ သင်၏မိသားစုတို့ ပျော်ရွှင်စွာ နေထိုင်ရသည်ဟု မြင်မက်လျှင် ၎ကံကောင်း၏၊ အိမ်ထောင်ရေး၊ သားသမီးရေး သာယာပျော်ရွှင်ခြင်းကို ရရှိလိမ့်မည်။

မြှောက်ပင့်သည်။ ။ သင့်အား တစ်စုံတစ်ယောက်က မြှောက်ပင့်ပြောဆိုသည်ကို မြင်မက်လျှင် အန္တရာယ်ရှိလေသည်၊ ထင်မှတ်သော ထိခိုက်မှုအန္တရာယ်နှင့် ရင်ဆိုင်ရလိမ့်မည်၊ ကိုယ်လက်အင်္ဂါတို့တွင် အနာတရ ဖြစ်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သင်က ခုံတစ်ယောက်အား မြှောက်ပင့်ပြောဆိုသည်ဟု မြင်မက်လျှင် သင့်အား မလိုမုန်းထားစိတ်/ရှိသူများက အကောက်ကြံလိမ့်မည်၊ သင့်ကို ဖြားယောင်းလှည့်စား၍ ဒုက္ခရောက်ရန် ကြံစည်လိမ့်မည်။

မှောင်မိုက်သည်။ ။ သင်သည် မှောင်မိုက်သောလမ်းများ၊ အခန်းများထဲတွင် စမ်းတဝါးဝါးဖြင့် သွားလာနေရသည်ဟု မြင်မက်ပါက သင်၏ဆုံးဖြတ်ချက်၊ ပြုလုပ်ချက်တို့သည် မှားယွင်းနေလိမ့်မည်၊ ထိုအမှားကြောင့် သင်၏အခြေအနေ ဆုံးရှုံးနစ်နာခြင်း ဖြစ်ရလိမ့်မည်။

မှောင်မိုက်သောလမ်းများ အခန်းများထဲတွင် အနှောင့်အယှက်မရှိ လွယ်ကူချောမောစွာ သွားလာနိုင်သည်ဟု မြင့်မက်ပါက သင်၏ အရဲစွန့်ဆုံးဖြတ်ချက်များသည် မှန်ကန်ကောင်းမွန်နေပေလိမ့်မည်၊ ထိုဆုံးဖြတ်ချက် ပြုလုပ်ချက်တို့ကြောင့် အောင်မြင်မှုကို ရရှိလိမ့်မည်။

မျက်စိမှုန်သည်။ ။ သင်၏မျက်စိများသည် အရာဝတ္ထုများကို သဲကွဲစွာ မမြင်ရဘဲ မှုန်မွှားမွှား ဖြစ်နေမည်၊ ကြည့်၍အားမရခြင်း ဖြစ်နေမည်ကို မြင်မက်လျှင် အလုပ်အကိုင် အကြံအစည်တို့ နှောင့်နှေးကြန့်ကြာနေလိမ့်မည်။

မျက်မှန်။ ။ မျက်မှန်ကို မြင်မက်လျှင် ကောင်းမွန်၏၊ ငွေကြေး အဆင်ပြေမည်၊ အလုပ်ကိစ္စတို့ အထူးအောင်မြင်မည်၊ မျက်မှန်ကွဲသည်၊ မျက်မှန်အကွဲကို တွေ့ရသည်ဟု မြင်မက်လျှင် သာယာပျော်ရွှင်နေသော ဘဝအခြေအနေတို့သည် မမျှော်လင့်ဘဲ စမ်းနည်းစရာ အကြောင်းများကြောင့် ပျက်စီးသွားလိမ့်မည်။

မြက်ပင်။ ။ မြက်ပင်များသည် သင့်အိမ်တွင်း၌ ပေါက်နေသည်ကို

www.burmeseclassic.com

www.burmeseclassic.com



မြင်မက်ပါက အေးချမ်းသာယာသည်၊ စိတ်ချမ်းသာစရာ အဖြစ်အပျက်များ တွေ့ကြုံရလိမ့်မည်။

မြေကြီး။ ။ မြေကြီးများ၊ မြေကြီးခဲများကို မြင်မက်ခြင်းသည် ကံကောင်း၏၊ ဝင်ငွေကောင်းလိမ့်မည်၊ လုပ်ငန်းတို့ အဆင်ပြေလိမ့်မည်၊ မြေကြီးများ ပြိုကျခြင်းကို တွေ့မြင်ရလျှင် အလုပ်အကိုင်တို့တွင် ထိခိုက်နစ်နာမည်၊ မသမာသူတို့၏ လုပ်ကြံမှုကြောင့် စီးပွားရေးကျဆုံးမည်။

မိုးသီး။ ။ သာယာသောကောင်းကင်မှ မိုးသီးများ ကြွေကျလာသည်ကို သင်ထိတွေ့ခံစားလိုက်ရသည်ဟု မြင်မက်လျှင် ချစ်သူနှင့် လက်ထပ်ရလိမ့်မည်၊ အချစ်ရေးတွင် ကံကောင်းခြင်း၊ အဆင်ပြေခြင်း ဖြစ်လိမ့်မည်။

မုန်းတီးသည်။ ။ တစ်စုံတစ်ယောက်အား ပြင်းထန်စွာ မုန်းတီးခြင်း ဖြစ်မိသည်ဟု မြင်မက်ပါက မကောင်းချေ၊ ဝမ်းနည်းစရာ ကောင်းသော သတင်းများ ကြားရလိမ့်မည်၊ ဆွေမျိုးသားချင်းတို့တွင် ထိခိုက်ဆုံးရှုံးခြင်း ဖြစ်လိမ့်မည်။

သင်သည် ချစ်ခင်သူတစ်ယောက်အား မုန်းတီးသည်ဟု မြင်မက်ခြင်းသည် ပြောင်းပြန်ဆန့်ကျင်ဘက် အဓိပ္ပါယ် ဖြစ်လေသည်၊ ထိုသူနှင့် ပိုမို၍ချစ်ခင်ရင်းနှီးကြလိမ့်မည် ဖြစ်လေသည်။

သင့်အား တစ်စုံတစ်ယောက်က မုန်းတီးကြောင်း ပြောဆိုသည်ဖြစ်စေ၊ ကြားသိရသည်ဖြစ်စေ မြင်မက်ပါက မိတ်ဆွေသူငယ်ချင်းတို့ထံမှ လက်ဆောင်များ အကူအညီများစွာကို ရရှိလိမ့်မည်။

မြောက်ရိတ်သည်။ ။ ကျွဲနွားစသည်ကျွေးရန် မြက်ရိတ်သည်ဟု

www.burmeseclassic.com

www.burmeseclassic.com



မြင်မက်လျှင် အိမ်တွင်းရေး သာယာပျော်ရွှင်မှု ရလိမ့်မည်၊ အိမ်နီးနားချင်းတို့၏ ရိုင်းပင်းကူညီမှုကို ရရှိပြီး ၎င်းတို့နှင့် သာယာပျော်ရွှင်စွာ နေထိုင်ရလိမ့်မည်။

မြင်းခွာ။ ။ မြင်းခွာကို မြင်မက်လျှင် ကံကောင်းသည်၊ ငွေကြေး အလုပ်အကိုင် အဆင်ပြေမည်။

သင်သည် မြင်းကို မြင်းခွာရိုက်သည်ဟု မြင်မက်လျှင် အချစ်ရေး အဆင်ပြေမည်၊ ချစ်သူတို့ဘဝတွင် သာယာ ကြည်နူးမှုကို ရရှိကြလိမ့်မည်၊ ချစ်သူနှင့် ပတ်သက်သော သတင်းကောင်းများကို ကြားရလိမ့်မည်။

မုန်တိုင်း။ ။ မုန်တိုင်းကျရောက်နေသည်ကို မြင်မက်လျှင် သင်၏ ဘဝသည် မမျှော်လင့်ဘဲ တိုးတက်အောင်မြင်သည်ကို တွေ့ရ လိမ့်မည်၊ အကြံအစည် စိတ်ကူးစိတ်သန်း အသစ်များဖြင့် ရုတ်တရက် အောင်မြင်သော အခြေအနေသို့ ရောက်ရလိမ့်မည်။

မုန်တိုင်းကျသဖြင့် သင့်နေထိုင်သောနေရာ အိုးအိမ် အဆောက်အအုံများ ဆုံးပါးပျက်စီးသည်ကို မြင်မက်ပါက သင်၏လုပ်ငန်းသစ်တို့သည် ပထမတွင် အခက်အခဲ အပျက်အစီး များနှင့် ရင်ဆိုင်ရမည် ဖြစ်သော်လည်း နောက်ဆုံးတွင်မူ အောင်မြင်ခြင်းကို ရောက်လိမ့်မည်။

မုန်တိုင်းကျရောက်ပြီးနောက် ငြိမ်သက်အေးချမ်းစွာ ရှိနေသည်ကို မြင်မက်လျှင် သင်၏လုပ်ငန်းတို့သည် အစမှ အဆုံးထိ အဘက်ဘက်မှ တိုးတက်အောင်မြင်သွားလိမ့်မည်။

မတရားခြင်း။ ။ မတရားမှုနှင့် ပတ်သက်သော အကြောင်းအရာများကို မြင်မက်ခြင်းသည် သင်၏လက်အောက်ငယ်သားများနှင့် မသင့် မတင့်ဖြစ်မည်ကို ဖော်ပြနေ၏။ မတရားမှုကို သင်ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



မတရားမှုန်းသိလျက် ပြုမူလုပ်ကိုင်သည်ဟု မြင်မက်ပါက မကောင်းချေ၊ သင်၏စီးပွားရေး ကျဆင်းမည်ဖြစ်ပြီး လူတို့နှင့် အဆင်မပြေမှုများ ကြုံတွေ့ရလိမ့်မည်။

မျက်လှည့်။ ။ မျက်လှည့်ပွဲကို ကြည့်ရှုရခြင်း၊ မျက်လှည့်အတတ်ပညာကို တွေ့မြင်အံ့ဩရခြင်း စသည့်အိပ်မက်တို့ မြင်မက်ပါက သင်၏ ချစ်သူသည် သင့်အား လှည့်စားနေလိမ့်မည်၊ အချစ်ရေးတွင် အလိမ်အညာ ခံရဖွယ်ရှိသည်။

သင်ကိုယ်တိုင် မျက်လှည့်ပြသည်၊ မျက်လှည့်အတတ်မျိုးကို တစ်စုံတစ်ယောက်အား ပြသသည်ဟု မြင်မက်ပါက သင်၏အချစ်ရေးတွင် ရုတ်တရက်ပြောင်းလဲမှုကို တွေ့ရလိမ့်မည်။

မှန်ချပ်။ ။ မှန်ချပ်များကို မြင်မက်ပါက သင်၏စိတ်သည် လှုပ်ရှားနေလိမ့်မည်၊ သင်သည် ဆုံးဖြတ်ချက်တစ်ခုခုကို ရုတ်တရက် မချနိုင်ဘဲ ချီတုံချတုံ ဖြစ်နေမည်။

မှန်ချပ်များ ကွဲသည်ကို မြင်မက်ရပါက သင်၏ ဆုံးဖြတ်ချက် တစ်စုံတစ်ရာသည် မှားယွင်းမှုကြောင့် သင့် စီးပွားရေး အခြေအနေတို့ ကျဆင်းပျက်စီးရလိမ့်မည်၊ ကွဲနေသော မှန်ချပ်များကို မြင်မက်ပါက ဆုံးရှုံးပျက်စီးမှုတို့သည် ကြီးကျယ်ခြင်းမရှိဘဲ အနည်းငယ်သာ ဖြစ်လိမ့်မည်။

မှန်ရှိုင်းလျက်ရှိသော မှန်ချပ်များကို ဆေးကြောခြင်း၊ ပွတ်တိုက်ကြည်လင်စေခြင်း စသည်တို့ကို မြင်မက်ပါက သင်၏ ဘဝသည် သာယာကောင်းမွန်လာလိမ့်မည်၊ မျှော်လင့်ရည်မှန်းထားသည့်အတိုင်း အောင်မြင်မှုကို ရရှိလိမ့်မည်။

မိုးစွေငှက်။ ။ မိုးစွေငှက်ကို မြင်မက်လျှင် ကံကောင်း၏၊ မိုးစွေငှက်သည် ကောင်းကင်ထက်သို့ ပျံသန်းရင်း ဖြတ်သန်းသွားသည်ဟု မြင်မက်

www.burmeseclassic.com



လျှင် အဘာက်ဘက်မှ ကံအကျိုးပေး ကောင်းမွန်မည်ဖြစ်၏၊ အချစ်ရေးတွင် ပျော်ရွှင်ကြည်နူးမှုကို ရရှိမည်ဖြစ်၏၊ မိုးခွေငှက်သည် မြေကြီးတစ်လျှောက် ပြေးလွှားပျံသန်းသွားသည်ကို မြင်မက်ပါက သင်၏အောင်မြင်မှု ပျော်ရွှင်မှုတို့သည် နှောင့်နှေးကြန့်ကြာလိမ့်မည်၊ မိုးခွေငှက် အခံသဖြစ်စေ၊ လှောင်အိမ်ထဲတွင် ရှိသည်ဖြစ်စေ မြင်မက်ပါက စိတ်ပျက်ဖွယ်ဝမ်းနည်းစရာများနှင့် တွေ့ကြုံရလိမ့်မည်။

မုသား။ ။ မုသားပြောဆိုသည်ကို မြင်မက်လျှင် မကောင်းချေ၊ လုပ်ငန်းဆောင်တာတို့၌ အနှောင့်အယှက် အခက်အခဲများနှင့် ရင်ဆိုင်ရမည်၊ သင်သည် တစ်စုံတစ်ယောက်အား မုသားစကားပြောဆိုသည်ဟု မြင်မက်ပါက အောင်မြင်မည့် အခြေတွင်ရှိသောလုပ်ငန်းကိစ္စများ ပျက်စီးသွားလိမ့်မည်၊ ငွေကြေးများ ဆုံးရှုံးပျက်စီးလိမ့်မည်။

မစ္ဆေရစိတ်။ ။ သင်သည် တစ်စုံတစ်ယောက်သောသူအပေါ်တွင် မကောင်းသော မစ္ဆေရစိတ်ဖြင့် ကြောဆိုပြုမူသည်ဟု မြင်မက်ပါက သင်၏အလုပ်တွင် မနာလိုဝန်တိုသူများ ရှိနေသည်ကို တွေ့မြင်ရလိမ့်မည်။

မုန်ညင်းပင်။ ။ မုန်ညင်းပင် စိုက်ပျိုးခြင်းကို မြင်မက်ပါက သင့်၏အခြေအနေသည် သာယာပျော်ရွှင်ရလိမ့်မည်၊ မုန်ညင်းဝင်များကို နုတ်ယူသည်ဟု မြင်မက်ပါက ဝမ်းနည်းစရာသတင်းများ ကြားရလိမ့်မည်၊ မုန်ညင်းပင်များ သေကြေညှိုးနွမ်း ပျက်စီးသည်ကို မြင်မက်ပါက ဖျားနာခြင်း၊ အနာရောဂါတို့ဖြစ်ခြင်းနှင့် သင်၏ချစ်သူတွင် တစ်စုံတစ်ရာဒုက္ခတို့ ကျရောက်လိမ့်မည်။

မြေပဲ။ ။ မြေပဲပင်များကို မြင်မက်လျှင် ကောင်းမွန်၏၊ အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးထွားသော မြေပဲစေ့များကို မြင်မက်လျှင် ငွေကြေး ကြွယ်ဝချမ်းသာမည့် အဓိပ္ပါယ်ဖြစ်လေသည်၊ မြေပဲပင်များ သေကြေပျက်စီးသည်ကို မြင်မက်လျှင် ငွေကြေးကြပ်တည်းမှု အခက်အခဲနှင့် ရင်ဆိုင်ရမည်၊ အလုပ်အကိုင်တို့ ထိခိုက်နစ်နာမှုများဖြစ်မည်၊ မြေပဲကို စားရသည်ဟု မြင်မက်လျှင် မမျှော်လင့်သော ရောဂါဥပဒ်များ မိမိနေအိမ်တွင် ကျရောက်လာတတ်သည်၊ မိမိနှင့် ရင်းနှီးသူတို့တွင် ဖျားနာခြင်းများ ဖြစ်လိမ့်မည်။

မိုးရွာသည်။ ။ မိုးသည်းထန်စွာ ရွာသည်ကို မြင်မက်လျှင် မကောင်းချေ၊ ဒုက္ခနှင့်ရင်ဆိုင်ရန် မဝေးတော့ချေ၊ မိုးရွာထဲတွင် လမ်းလျှောက်ရသည်၊ ပျော်ရွှင်မြူးတူးရသည်ဟု မြင်မက်ပါက မိုက်မဲသော သူငယ်ချင်းမိတ်ဆွေများကြောင့် ဒုက္ခရောက်လိမ့်မည်၊ အမှုအခင်းများ၊ အရှုပ်အရှင်းများတွင် ပါဝင်နေလိမ့်မည်၊ ခရီးသွားရင်း မိုးမိသဖြင့် သင့်အဝတ်အစားများ စိုရွှဲကုန်သည်၊ စိတ်ပျက်ရသည်ဟု မြင်မက်ပါက မမျှော်လင့်သော အကြောင်းတစ်ရပ်ကြောင့် သင်၏စိတ်ဓာတ်မှာ ကျဆင်းသွားလိမ့်မည်၊ စိတ်ပျက်ဖမ်းနည်းစရာတို့နှင့် ရင်ဆိုင်နေရလိမ့်မည်။

မြစ်။ ။ မြစ်ချောင်းများတွင် ရေများညင်သာစွာ စီးဆင်းနေသည်ကို မြင်မက်လျှင် ကောင်းမွန်၏၊ လှိုင်းများပုတ်ခတ်လျက် ကြမ်းတမ်းသော မြစ်ရေများကို မြင်မက်ခြင်းသည် မကောင်းချေ၊ မမျှော်လင့်သော စိတ်ပျက်စရာ အကြောင်းအရာများနှင့် ရင်ဆိုင်ရလိမ့်မည်၊ ထိုမြစ်ရေစီးတွင် သင်သည် ခက်ခဲပင်ပန်းစွာ ကူးနေရသည်ဟု မြင်မက်လျှင် အလွန်ဆိုးပေသည်၊ သင်၏ မျှော်လင့်ချက် ရည်မှန်းချက်တို့သည် ရုတ်တရက် ပျက်စီးခြင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်ရမည့် နိမိတ်ပင်ဖြစ်၏။ သာယာပျော်ရွှင်သောဘဝမှ ရုတ်တရက် စိတ်မချမ်းသာစရာကောင်းသောဘဝသို့ ရောက်ရှိလိမ့်မည်၊ အထူးသဖြင့် အချစ်ရေးတွင် ကံဆိုးတတ်သော အိပ်မက်ဖြစ်လေသည်။

မြင်းဇောင်း။ ။ မြင်းဇောင်းကို မြင်မက်လျှင် ကောင်းသောအိပ်မက် ဖြစ်လေသည်၊ မြင်းတစ်ကောင်သည် မြင်းဇောင်းထဲတွင် ရှိနေသည်ကို မြင်မက်ပါမူ ပိုမို၍ကောင်း၏။ အထွေထွေ ကံကောင်းခြင်း ဖြစ်လေသည်။

မှန်ပြောင်း။ ။ သင်သည် အဝေးကြည့်မှန်ပြောင်းကို ကြည့်သည်ဟု မြင်မက်လျှင် သင့်စိတ်ကူးစိတ်သန်းများလည်း မှားယွင်းနေလိမ့်မည်၊ မျှော်လင့်သလိုလည်း ဖြစ်လာလိမ့်မည်မဟုတ်ချေ။

မှန်ဘီလူး။ ။ မှန်ဘီလူးဖြင့် သေးကွေးသော အရာဝတ္ထုများကို ကြည့်ရှု၍ ကြီးမားစွာ မြင်ရသည်ဟု မြင်မက်မူ စိတ်အပြောင်းအလွဲဖြစ်မည်၊ မူသေလုပ်ကိုင်ဆောင်ရွက်ထားသော ဆုံးဖြတ်ချက်များလည်း ပြုပြင်ပြောင်းလဲသွားလိမ့်မည်၊ မှန်ဘီလူးဖြင့် ကြည့်၍ ကြည်လင်ပြတ်သားစွာ မမြင်ရဘဲ ဝိုးတဝါးသာ မြင်ရသည်ဟု မြင်မက်လျှင် သင့်မျှော်လင့်ချက်တို့သည် ပျက်စီးခြင်းဖြင့် အဆုံးသတ်ရလိမ့်မည်။

မျှော်စင်။ ။ သင်သည် မျှော်စင်ကို မြင်တွေ့ရခြင်း၊ မျှော်စင့်ကို မော်ကြည့်ရခြင်း၊ မျှော်စင်အနားတွင် ရောက်ရှိနေခြင်းကို မြင်မက်လျှင် သင့်ရည်မှန်းချက် ရည်ရွယ်ချက်တို့သည် အလှမ်းဝေးနေဦးမည်၊ သည်းခံ၍ ဆက်လက်ကြိုးစားပါမူ အောင်မြင်မှုကို ရရှိလိမ့်မည်၊ သင်သည် မျှော်စင်ပေါ်မှ ပတ်ဝန်းကျင်ကို ကြည့်ရှုရသည်ဟု မြင်မက်လျှင် မကြာမီအခေါ်သာအခွင့်

www.burmeseclassic.com



ရွှေအောင်မြင်မှုသည် ရောက်ရှိလာလိမ့်မည်၊ သင်မျှော်လင့်ခဲ့သည့် အတိုင်းပင် အရာရာ အဆင်ပြေလာလိမ့်မည်။

မုတ်ဆိတ်။ ။ သင့်တွင် မုတ်ဆိတ်များ ရှည်လျားစွာပေါက်နေသည်ကို မြင်မက်လျှင် ချစ်သူနှင့် တွေ့ရလိမ့်မည်၊ ချစ်သူ၏ အခွင့်အရေး ပေးခြင်းကို ခံရလိမ့်မည်၊ မုတ်ဆိတ်ကို ရိတ်ဖြတ်ရသည်ဟု မြင်မက်လျှင် မကောင်းချေ၊ ကြာမီ သင်ချစ်သောသူနှင့် အဆင်မပြေ ဖြစ်လိမ့်မည်၊ ချစ်သူချင်း အကြောင်းအမျိုးမျိုး ကြောင့် ခွဲခွာရလိမ့်မည်။

မြင်းကျား။ ။ မြင်းကျားကို မြင်မက်လျှင် အိမ်တွင်းရေး ပြဿနာများ ပေါ်ပေါက်မည် ဖြစ်သော်လည်း ပြင်းထန်ဆိုးရွားခြင်းတော့ မရှိချေ။ မြင်းကျားကို စီးရသည်ဟု မြင်မက်ပါက၊ အစာ ကျွေးမွေးသည်ဟု မြင်မက်ပါကကောင်း၏၊ ချစ်သူ၏အခွင့်အရေး ပေးခြင်းကို ခံရမည်၊ အချစ်ရေးနှင့် အိမ်ထောင်ရေးကိစ္စများ အောင်မြင်မည်။

မိကျောင်း။ ။ မိကျောင်းကို မြင်မက်လျှင် လျှို့ဝှက်သောရန်သူကို သတိပြုရလိမ့်မည်၊ သင့်အား မကောင်းကြံစည်နေသူသည် သင်၏အောင်မြင်သော အခြေအနေများကို တိတ်တဆိတ် ဖျက်ဆီးပစ်လိမ့်မည်၊ သင်၏မိတ်ဆွေများနှင့် သင်၏အကြားတွင် ဝင်ရောက်၍ နှောင့်ယှက်လိမ့်မည်၊ မိမိ၏မိတ်ဆွေများ အထင် အမြင်မှားရန် ကြိုးစားလိမ့်မည်။

မစင်။ ။ မစင်အညစ်အကြေးများကို မြင်မက်လျှင် ကံကောင်း၍ ငွေကြေးအလုပ်အကိုင်တို့တွင် အဆင်ပြေခြင်း၊ အောင်မြင်ခြင်းကို တွေ့ရလိမ့်မည်၊ မစင်အညစ်အကြေးများ သင်၏ကိုယ်ခန္ဓာတွင် ပေကျံသည်ဟု မြင်မက်ပါက မမျှော်လင့်သောကြွယ်ဝမှုရောက်၏

www.burmeseclassic.com



ကူညီမှုဖြင့် ငွေကြေးများ ရရှိလိမ့်မည်။

မက်မန်းသီး။ ။ မက်မန်းသီးများကို မြင်တွေ့ရသည်ဟု မြင်မက်လျှင် ကောင်း၏။ အလုပ်အကိုင်တို့တွင် မမျှော်လင့်ဘဲ အောင်မြင်မှုနှင့် တွေ့ရလိမ့်မည်၊ ငွေကြေးကိစ္စတွင် ကံကောင်းသောအမှတ်အသား ဖြစ်လေသည်။

မက်မန်းသီးကို စားရသည်ဟု မြင်မက်ပါက မကောင်းချေ၊ ရုတ်တရက် နာမကျန်း ဖြစ်တတ်သည်၊ သင်နှင့်ရင်းနှီးသောသူများတွင် ရောဂါအန္တရာယ် တစ်ခုခု ကျရောက်မည်၊ သင်၏ အိမ်တွင်းမှလူများ စိတ်မချမ်းသာစရာ အဖြစ်အပျက်များနှင့် ရင်ဆိုင်ရလိမ့်မည်။

မီးရထား။ ။ မီးရထားကို မြင်မက်ပါက သင်၏မိတ်ဆွေများသည် သင့်ထံသို့ ကောင်းသတင်းများ ယူဆောင်လာကြလိမ့်မည်၊ မီးရထားဖြင့် ခရီးသွားရသည်ဟု မြင်မက်ပါကကောင်း၏၊ သစ္စာရှိသော မိတ်ဆွေများနှင့် တွေ့ရမည်၊ ၎င်းတို့၏ ကူညီမှုကြောင့် အောင်မြင်မှုကို ရရှိလိမ့်မည်။

မီးမောင်း။ ။ မီးမောင်းများထိုးသည်ကို တွေ့မြင်ရသည်ဟု မြင်မက်ပါက ငွေကြေးအတွက် စိတ်ဆင်းရဲရလိမ့်မည်၊ ငွေကြေးအဆင်မပြေမှုကြောင့် အခက်အခဲများနှင့် ရင်ဆိုင်ရလိမ့်မည်။

မိန့်ခွန်းပြောသည်။ ။ သင်သည် လူအများအား မိန့်ခွန်းပြောကြားရသည်ကို မြင်မက်ပါက ကံကောင်း၏၊ လုပ်ငန်းတို့တွင် ကြီးပွားတိုးတက်မည်၊ သင့်ကို ကူညီမစမည့်သူများပေါ်များသည်။

မြည်းစမ်းသည်။ ။ အရသာ တစ်စုံတစ်ရာ မြည်းစမ်းကြည့်ရသည်ဟု မြင်မက်ပါက ချစ်သူ၏ အထင်မှားခြင်းကို ခံရမည်၊ အချစ်ရေးတွင် ကြားလူတို့ နှောင့်ယှက်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



မျောက်။ ။ မျောက်သတ္တဝါကို မြင်မက်ခြင်းသည် ကံကောင်း၏။ နေရာတိုင်းတွင် အဆင်ပြေခြင်း၊ အောင်မြင်ခြင်း၊ လွယ်ကူခြင်း ဖြစ်လိမ့်မည်၊ မည်သည့်နည်းနှင့်မဆို ကံကောင်းသောနိမိတ်ပင် ဖြစ်လေသည်။

( ယ )

ယဖ်ပလ္လင်။ ။ ယဖ်ပလ္လင်နှင့် ပတ်သက်၍ မြင်မက်သောအိပ်မက် ဟူသရွေ့သည် ဒုက္ခနှင့် ခက်ခဲခြင်း၊ ပင်ပန်းခြင်းကို ရဲရင့်မှုဖြင့် လွန်မြောက်မည်ဖြစ်ကြောင်း ပြဆိုလေသည်။

ယာဉ်။ ။ သွားလာနေသော ယာဉ်ရထားများကို မြင်မက်လျှင် ကောင်းမွန်ပေသည်၊ အခြေအနေအားလုံး ကံကောင်း ထောက်မခြင်း ဖြစ်လိမ့်မည်။

ယိုမုန့်။ ။ ယိုမုန့်စားသောက်ရသည်ဟု မြင်မက်လျှင် ကံကောင်း၏။ မိမိမမျှော်လင့်သော ငွေကြေးများ ရရှိလိမ့်မည်။

ယပ်တောင်။ ။ ယပ်တောင်နှင့် ပတ်သက်၍ မြင်မက်သော အိပ်မက်တွင် အဓိပ္ပါယ်နှစ်မျိုးနှစ်စား ထွက်ရှိလေသည်၊ တစ်မျိုးမှာ သင်၏ အချစ်ရေးတွင် ပေါ်ပေါက်လာမည့် ပြိုင်ဖက်ဖြစ်ပြီး၊ နောက် တစ်မျိုးမှာ သင်၏ပျော်ရွှင်မှု လွန်ကဲခြင်းနှင့် သင်၏ချစ်သူအပေါ် ပေါ့ပေါ့တန်တန် သဘောထားမှုတို့ ဖြစ်လေသည်။

ယုန်။ ။ ယုန်များကို မြင်မက်ခြင်းသည် အောင်မြင်ခြင်း၏ အမှတ် အသား ဖြစ်လေသည်၊ ယုန်များမှာ အဖြူရောင်ဖြစ်လျှင် သင်၏လုပ်ငန်းဟူသရွေ့သည် လွယ်ကူချောမောစွာ အောင်မြင်၍ သင်၏ဂုဏ်သတင်းသည် ထင်ရှားကျော်စောလိမ့်မည်။

ယုန်များကို အစာကျွေးရသည်ဟု မြင်မက်ပါက

www.burmeseclassic.com

www.burmeseclassic.com



သင့်ချစ်သူသည် သင့်အား အကူအညီ တစ်စုံတစ်ရာ တောင်းဆိုလိမ့်မည်၊ သို့မဟုတ် သင့်ချစ်သူတွင် မမျှော်လင့်သော အခက်အခဲ တစ်ခုခုနှင့် ရင်ဆိုင်နေရလိမ့်မည်။

ယုန်သေကို မြင်မက်ခြင်း၊ ဖျားနာမှိုင်တွေနေသော ယုန်တို့ကို မြင်မက်ခြင်းသည် မကောင်းချေ။ သင့်အား ရစ်ပြုလိုသူတို့ကြောင့် အရှက်တကွဲ အကျိုးနည်း ဖြစ်ရတတ်သည်၊ အမှုအခင်း၊ အရှုပ်အရှင်း အမျိုးမျိုး ဖြစ်လိမ့်မည်။

ယင်ကောင်။ ။ ယင်ကောင်များသည် သင့်အား အနှောင့်အယှက် ဖြစ်စေသည်ဟု မြင်မက်လျှင် သင့်အား သစ္စာဖောက်မည့် မိတ်ဆွေများ ရှိနေကြောင်း ဖော်ပြလေသည်။

ယိမ်း။ ။ ယိမ်းကကြသည်ကိုလည်းကောင်း၊ လူအများတစ်ပြိုင်တည်း ကနေကြသည်ကိုလည်းကောင်း မြင်မက်လျှင် သင်၏အခြေ အနေများ ရုတ်တရက် တိုးတက်လိမ့်မည်။

( ရ )

ရေ။ ။ ရေများကို မြင်မက်ခြင်းသည် ကံကောင်း၏။ ငြိမ်သက်၍ ကြည်လင်သော ရေများဖြစ်လျှင် လုပ်ငန်းကိစ္စတို့သည် လည်းကောင်း၊ သင့်မျှော်လင့်ချက်တို့သည်လည်းကောင်း အဆင်ပြေချောမောလိမ့်မည်။

ထိုသို့မဟုတ်ဘဲ ရေတို့သည် နောက်ကျိနေခြင်း၊ လှုပ်ရှားနေခြင်း စသည်တို့ကို မြင်မက်လျှင် အကြံအစည် မျှော်မှန်းချက် အလုပ်အကိုင်ဟူသမျှသည် ပျက်စီးခြင်းနှင့် ရင်ဆိုင်ရလိမ့်မည်။

ရေကာန်။ ။ ရေကာန်ကို မြင်မက်ခြင်းသည် ကောင်းမွန်၏၊ ငွေကြေး

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတို့ အဆင်ပြေမည်၊ အေးချမ်းပျော်ရွှင်စွာ နေရမည်၊ သင်သည် ရေကန်တွင် ပျော်ရွှင်စွာ ရေကူးနေသည်ဟု မြင်မက်ပါက ချစ်သူနှင့်တွေ့ လိမ့်မည်၊ ချစ်သူရှိလျှင် မကြာမီ လက်ထပ်ရလိမ့်မည်၊ ရေကန်တွင် လှေလှော်သည်ဟု မြင်မက်ပါက သင်၏ရှေ့ရေးသည် သာယာပျော်ရွှင်ဖွယ်ရာများဖြင့် ပြည့်နှက်နေပေသည်။

ရက်ကန်း။ ။ ရက်ကန်းစင်နှင့် ပတ်သက်၍ မြင်မက်သောအိပ်မက်သည် သင်၏ကြိုးစားမှုကြောင့် အောင်မြင်မှုကိုရရှိမည့် အထိမ်းအမှတ်ဖြစ်သည်။

ရေကူးခြင်း။ ။ ရေကူးခြင်းနှင့် ပတ်သက်၍ မြင်မက်သောအိပ်မက်တွင် ရေကူးနေရာမှ မောပန်း၍ လက်ပန်းကျခြင်း၊ ရေမွန်းခြင်း၊ ရေမကူးတတ်ဘဲ ရေကူးရခြင်း စသည့်တို့ကို မြင်မက်လျှင် အလွန်ဆိုးသော အဓိပ္ပါယ်ဖြစ်လေသည်၊ သင်၏အနာဂတ် ရှေ့ရေးတွင် မကြာမီအတောအတွင်း မမျှော်လင့်သော စိတ်မချမ်းမြေ့စရာ အဖြစ်အပျက်ဆိုးများ ဝင်ရောက်လာလိမ့်မည် ဖြစ်လေသည်၊ အထူးသဖြင့် သာယာပျော်ရွှင်နေသော သင်၏ဘဝတစ်ခုလုံးကို ဖမ်းနည်းကြေကွဲစရာကောင်းအောင် ဖန်တီးလိမ့်မည် ဖြစ်ပေသည်။

ရေခဲ။ ။ ရေခဲတုံးများကို မြင်မက်လျှင် ချစ်သူနှင့်အတူ ခရီးထွက်ရလိမ့်မည်၊ ရေခဲကို သောက်ရသည်ဟု မြင်မက်လျှင် ချစ်သူနှင့် အခိုက်အတန့် စကားများရတတ်သည်၊ ချစ်သူနှင့် ပတ်သက်၍ ဝန်တိုစိတ်များ ဖြစ်လိမ့်မည်။

ရေခဲပြင်ကို မြင်မက်လျှင် ငွေကြေးတွက်နှင့် ခရီးသွားရလိမ့်မည်၊ ရေခဲများသည် အရည်ပျော်ကျနေသည်ဟု

www.burmeseclassic.com

www.burmeseclassic.com

မြင်မက်လျှင် သင်သွားရမည့်ခရီးသည် အောင်မြင်အဆင်ပြေသော ခရီးတစ်ခုမဟုတ်ချေ၊ စိတ်ပျက်ဖွယ်ရာများနှင့်သာ ရင်ဆိုင်ရလိမ့်မည်။

ရေမြောင်း။ ။ ရေမြောင်းကို သန့်ရှင်းရသည်ဟု မြင်မက်လျှင် လာဘ်ကောင်းများ ရရှိမည်၊ အဘက်ဘက်မှ ငွေကြေးများ ဝင်ရောက်ရရှိလိမ့်မည်၊ ရေမြောင်းသည် မရလုံးဝမရှိဘဲ ခြောက်ခန်းနေသည်ကို မြင်မက်ပါက သင်၏စိတ်များသည် သာယာမှု ကင်းမဲ့လျက်ရှိမည်၊ လေလွင့်လျက်ရှိမည်။

ရေနွေးအိုး။ ။ မီးဖိုတွင် ရေနွေးအိုး တည်ထားသည်ကို မြင်မက်ပါက သင်၏သည် ဒေါသဖြစ်စရာများ၊ စိတ်တိုစရာများနှင့် တွေ့လိမ့်မည်၊ ရေနွေးအိုးမှရေများ လျှံကျသည်ဟု မြင်မက်ပါက ခိုက်ရန်ဖြစ်ပွားလိမ့်မည်၊ သင်နှင့် သင်၏အောက်လူများ မသင့်မတင့်ရှိလိမ့်မည်။

ရေနွေးအိုးအလွတ်ကို မြင်မက်ပါက သင်၏ ငွေကြေးများ၊ ပစ္စည်းများ ပျောက်ဆုံးလိမ့်မည်၊ သို့မဟုတ် ဆုံးရှုံးနစ်နာခြင်း ဖြစ်လိမ့်မည်။

ရေချိုးသည်။ ။ ရေချိုးခြင်း၊ သန့်စင်စေခြင်းနှင့် ပတ်သက်၍ မြင်မက်သော အိပ်မက်တို့သည်ကောင်း၏။ မိမိ၏ ကြံစည်လုပ်ကိုင်အပ်သော လုပ်ငန်းများကို ဂုဏ်သရေရှိသူများ၊ ငွေကြေးချမ်းသာသူများက ဝိုင်းဝန်းကူညီခြင်း ပြုလိမ့်မည်။

ပေါင်းသင်းဆက်ဆံရေး၊ စီးပွားရေးလုပ်ငန်းဟူသရွေ့တွင် အလွန်ကောင်းမွန်မည့် အဓိပ္ပါယ်ပင် ဖြစ်လေသည်၊ သင့်အိပ်မက်တွင် ချိုးသောရေများမှာ နောက်ကျိခြင်း၊ နံစော်ခြင်း ရှိသည်ဟု မြင်မက်ပါက သင်၏လုပ်ငန်းသည် ကြာရှည်မှ

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မည် ဖြစ်လေသည်။

ရေငုပ်သည်။ ။ သင်သည် ရေထဲတွင် ပျော်ရွှင်စွာ ကစားရင်း ရေငုပ်သည်ဟု မြင်မက်ပါက သင်မမျှော်လင့်သောနေရာမှ ရန်သူတို့၏တိုက်ခိုက်ခြင်း၊ အကောက်ကြံခြင်းကို ခံရလိမ့်မည်၊ ရေငုပ်ရာတွင် မြေကြီးသို့တိုင်အောင် ငုပ်နိုင်ကြောင်း တွေ့ရလျှင် သင်သည် ရန်သူများ၊ မလိုမုန်းထားသူများကို အောင်မြင်လျက် ထင်ပေါ်ကျော်ကြားမည်၊ ကြီးပွားတိုးတက်မည် ဖြစ်လေသည်။

ရေလှောင်ကန်။ ။ လူအများ သောက်သုံးသည့် ရေလှောင်ကန်ကြီးကို မြင်မက်လျှင် ငွေကြေးနှင့် ပတ်သက်၍ ကံကောင်း၏၊ မမျှော်လင့်ဘဲ ငွေကြေးများ ရရှိလိမ့်မည်၊ အထူးသဖြင့် လောင်းကစားသကဲ့သို့ဖြစ်စေ၊ ရောင်းဝယ်ဖောက်ကားခြင်းဖြင့် ဖြစ်စေ ငွေကြေးတို့ ရရှိလိမ့်မည် ဖြစ်လေသည်။

ရေလှောင်ကန်သည် ညစ်ပတ်ခြင်း၊ နောက်ကျိခြင်းများ ရှိသည်ကို မြင်မက်လျှင် သင်သည် ငွေကြေးတို့ ဆုံးရှုံးမည်၊ မမျှော်လင့်သည့် အကြောင်းကိစ္စများကြောင့် ငွေကြေးများ မိမိထံမှ ထွက်လိမ့်မည်၊ လောင်းကစားမှုကဲ့သို့ ပြုခြင်းကြောင့် စီးပွားရေးကျဆုံးခြင်း ဖြစ်လိမ့်မည်။

ရေဝတ်သည်။ ။ သင်သည် ရေဝတ်လျက်ရှိသည်ဟု မြင်မက်ပါက ဖျားနာခြင်း ဖြစ်လိမ့်မည်၊ ရောဂါတစ်စုံတစ်ရာ ကျရောက်လိမ့်မည်၊ သင်သည် ရေဝတ်သဖြင့် ရေများကိုသောက်ရာ ရေများမှာ နံစော်ညစ်ပတ်နေခြင်း၊ ရှုံ့များဖြစ်နေသည်ကို တွေ့ရလျှင် သင်သည် နာတာရှည်ရောဂါတစ်ခုခုကို ခံစားရပြီး စီးပွားရေး၊ အချစ်ရေးများတွင် ဆုံးရှုံးပျက်စီးလိမ့်မည်။

ရေဝတ်နေစဉ် အေးမြသောရေကို သောက်ရသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



မြင်မက်ပါက သင်၏လိုအင်ဆန္ဒများ ပြည့်စုံကုံလုံလိမ့်မည်၊ အလုပ်အကိုင်နှင့် ပတ်သက်သော မျှော်လင့်ချက်တို့ကို မကြာမီ အတွင်း ရရှိပေလိမ့်မည်၊ သို့ရာတွင် သင်၏အောင်မြင်မှုမှာ ခက်ခဲပင်ပန်းမှု၊ ကြိုးစားမှုတို့ကို အခြေခံပြီးမှ ရရှိခြင်း ဖြစ်လိမ့်မည်။

ရေသူမ။ ။ ရေထဲတွင် ပျော်မြူးနေသော ရေသူမနှင့် တွေ့ရလျှင် သင်သည် မကြာမီ ကြွယ်ဝချမ်းသာသော ချစ်သူနှင့် တွေ့ရလိမ့်မည်၊ ရေသူမသည် သင့်ကို ကြောက်လန့်၍ ရေတွင် ငုပ်လျှိုးသွားသည်၊ ပျောက်ကွယ်သွားသည်ကို၊ မြင်မက်လျှင် သင်၏အချစ်ရေးသည် အခက်အခဲ အတားအဆီး အမျိုးမျိုးနှင့် ရင်ဆိုင်နေရလိမ့်မည်၊ သင့်ချစ်သူသည် သင့်ကို ယုံကြည်ခြင်း မရှိချေ။

ရေစုပ်ပိုက်။ ။ ရေစုပ်ပိုက်ဖြင့် ရေကန်ထဲမှရေများ စုပ်ယူသည်ကို မြင်မက်လျှင် ငွေတို့ ဝင်ရောက်မည်ဖြစ်သော်လည်း သင်၏ ဝင်ငွေများသည် တရားဝင်သော ဝင်ငွေများ မဟုတ်ဘဲ မကြာမီ ပြန်လည်၍ ထွက်လိမ့်မည် ဖြစ်ပေသည်။

ရေပန်း။ ။ ရေပန်းများနှင့် ပတ်သက်၍ မြင်မက်သော အိပ်မက်သည် ချစ်သူနှင့် သာယာပျော်ရွှင်စွာ နေထိုင်ရခြင်း၊ ပတ်ဝန်းကျင်နှင့် ချစ်ခင်ရင်းနှီးမှု ရှိခြင်းတို့ကို ဖော်ပြပေသည်။

ရာဇဝတ်မှု။ ။ သင်သည် ရာဇဝတ်မှု တစ်ခုခုကို ကျူးလွန်ခဲ့မိသဖြင့် ထိန်းသိမ်းတုန်လှုပ်လျက်ရှိသည်ဟု မြင်မက်ပါက သင်၏ လုပ်ငန်းတွင် ဝင်ရောက်စွက်ဖက်မည့်သူများကို သတိပြုရမည်၊ သင်၏ငွေကြေး အခြေအနေတို့ ကျဆင်းဖွယ်ရှိသည်။

သင်သည် ရာဇဝတ်မှု ကျူးလွန်မှုနှင့် ပတ်သက်သော

www.burmeseclassic.com

www.burmeseclassic.com



သတင်းတစ်ခုခုကို ကြားရသည်ဟု မြင်မက်လျှင် မမျှော်လင့်ဘဲ အိမ်ထောင်ရေး အရှုပ်အရှင်း တစ်ခုခုတွင် ပါဝင်နေလိမ့်မည်၊ သစ္စာမဲ့သော အပြောင်းအသင်းများနှင့် ပတ်သက်၍လည်း ငွေကြေးအရှုပ်အရှင်း ဖြစ်ရတတ်သည်။

ရင်ကျပ်ခြင်း။ ။ ရင်ကျပ်ရောဂါကို ခံစားနေရသည်ဟု မြင်မက်လျှင် ငွေကြေးကြပ်တည်းမှုနှင့် ရင်ဆိုင်ရလိမ့်မည်၊ ရင်ကျပ်ရောဂါကို ခံစားနေရသူတစ်ဦးကို ပြုစုစောင့်ရှောက်ရသည်ဟု မြင်မက်လျှင် ငွေကြေးအတွက် ကံကောင်းသည်၊ မကြာမီ လုပ်ငန်းအသစ်များ လုပ်ကိုင်ရလိမ့်မည်။

ရင်ထိုး။ ။ တံဆိပ်ရင်ထိုးတို့ကို သင်၏ရင်ဘတ်တွင် တပ်ဆင်ရသည်ဟု မြင်မက်လျှင် အထူးကံကောင်း၏၊ အားလုံးသော ကိစ္စတို့အတွက် ကံကောင်းခြင်း ဖြစ်လိမ့်မည်၊ ပေါင်းသင်းဆက်ဆံရေးကြောင့် လည်းကောင်း၊ အချစ်ရေးကြောင့်လည်းကောင်း ငွေကြေးဥစ္စာ ပစ္စည်းတို့ များစွာဝင်ရောက်လိမ့်မည်။

ငွေရင်ထိုးကို အခြားသူတစ်ဦးက တပ်ဆင်ထားသည် ကို တွေ့မြင်ရမှု သင်၏လုပ်ငန်းများသည် လူအများ၏ ကူညီ အားပေးမှုကိုမှီ၍ အောင်မြင်မှုနှင့် တွေ့ရမည် ဖြစ်လေသည်၊ အကယ်၍ ရင်ထိုးတံဆိပ်တစ်ခုကို လူတစ်ယောက်က သင့်အား တပ်ဆင်ပေးနေခြင်းကို ခံရသည်ဟု မြင်မက်လျှင် သူငယ်ချင်း မိတ်ဆွေတစ်ဦး၏ ထောက်ပံ့မှုကို ရရှိအောင်မြင်လိမ့်မည်။

ရိုက်နှက်သည်။ ။ ရိုက်နှက်နေခြင်းကို တွေ့မြင်ခြင်းသည် နိမိတ် မကောင်းချေ၊ သင်၏အိမ်တွင်းရေး၌ ပြင်းထန်သော ပြဿနာ များ၊ ဒုက္ခများ ရောက်ရှိမည် ဖြစ်လေသည်၊ အိမ်ထောင်ရှင် များအဖို့ အိမ်ထောင်ရေး ပျက်စီးမည့် အခြေအနေသို့

www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ရောက်လိမ့်မည်၊ ချစ်သူတို့အဖို့ရာကား တစ်ဦးနှင့်တစ်ဦး ပြင်းထန်စွာ မုန်းတီးခြင်း ဖြစ်ရလိမ့်မည်၊ အထူးသဖြင့် မိမိတို့၏ အချစ်ရေးအိမ်ထောင်ရေးကြားတွင် မလိုမုန်းထားသောသူများက ကြားဝင်၍ ဖျက်ဆီးခြင်း နှောင့်ယှက်ခြင်းကို ခံရလိမ့်မည်။

ရထားလမ်း။ ။ ရထားလမ်းကို မြင်မက်ခြင်းသည် သင်၏ပေါင်းသင်းဆက်ဆံရေးတွင် အထူးကောင်းမွန်မည် ဖြစ်လေသည်၊ ပျက်စီးကျိုးပျက်လျက်ရှိသော ရထားလမ်းကို မြင်မက်လျှင် ပေါင်းသင်းဆက်ဆံရေးနှင့် ပတ်သက်သော စိတ်ပျက်စရာ၊ စိတ်မချမ်းမြေ့စရာများနှင့် ရင်ဆိုင်ရလိမ့်မည်။

ရေးသည်။ ။ သင်သည် စာရေးသည်၊ တစ်စုံတစ်ရာကို ရေးသားသည်ဟု မြင်မက်လျှင် ချစ်သူနှင့်တွေ့မည်၊ သင်ချစ်သောသူ၏ အရေးပေးခြင်း၊ ကြင်နာယုယခြင်းကို ခံရမည်၊ တစ်စုံတစ်ယောက်သည် စာရေးနေသည်ကို မြင်မက်လျှင် သင်၏ ချစ်သူတွင် အချစ်ရေးနှင့် ပတ်သက်၍ တိကျသော ဆုံးဖြတ်ချက်မျိုး မရှိသေးချေ၊ သင်၏ချစ်သူ၌ စဉ်းစားရန် အခြားသူများလည်း ရှိနေခြင်းကို ပြဆိုပေသည်။

ရယ်မောသည်။ ။ ရယ်မောခြင်းနှင့် ပတ်သက်၍ သင်ကိုယ်တိုင် မြင်မက်ခြင်းသည် ကောင်းသောအဓိပ္ပါယ် မဟုတ်ချေ၊ သင်သည် တစ်စုံတစ်ရာအတွက် ကြီးမားသော သောကနှင့် ရင်ဆိုင်ရမည်၊ ပူဆွေးဝမ်းနည်းမှုနှင့် ကြုံတွေ့ရမည်ဖြစ်သည်။

အကယ်၍ အခြားသူ တစ်ဦးဦးက ရယ်မောနေခြင်းကို မြင်မက်လျှင် ကောင်းမွန်ပေသည်၊ သင်သည် အိပ်မက်ထဲမှ ထိုသူရယ်မောသကဲ့သို့ ပျော်ရွှင်ကြည်နူးခြင်းနှင့် တွေ့ရလိမ့်မည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှုးသွပ်ခြင်း။ ။ ရှုးသွပ်နေသူ တစ်ဦးဦးကို တွေ့မြင်ရခြင်းသည် မကောင်းချေ။ သင်နှင့်ပတ်သက်သော ကိစ္စအဝဝတို့သည် အဆင်မပြေခြင်း၊ အခက်အခဲများနှင့် ရင်ဆိုင်ရခြင်း စသည်တို့ ရှိရမည်၊ ကံကြမ္မာလွဲချော်မှုဖြစ်မည်။

ရှုးသွပ်သူ တစ်ဦးဦးက သင့်အား တစ်စုံတစ်ရာ အန္တရာယ်ပြုသည်ဟု မြင်မက်လျှင် သင်၏စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ လုပ်ကြံဖျက်ဆီးမည့် ရန်သူရှိလိမ့်မည်၊ သင့်အား မနာလိုဝန်တိုသူတို့သည် သင်ဖျက်စီးရာပျက်စီးကြောင်းများကို ပြုလုပ်လိမ့်မည်။

ရွှံ့။ ။ ရွှံ့များ၊ ရွှံ့ရေများကို မြင်မက်ခြင်းသည် မကောင်းချေ၊ အခြေအနေအားလုံးသည် အဖြစ်ထက် အပျက်သို့ ဦးတည် နေပေလိမ့်မည်၊ သင့်အား ရွှံ့များပေကျံသည်၊ ရွှံ့များ ကပ်ငြိနေသည်ဟု မြင်မက်လျှင် သင်၏စီးပွားရေး၊ ပေါင်းသင်း ဆက်ဆံရေး၊ အချစ်ရေးတို့တွင် အပျက်အစီးနှင့် သာ ကြုံလိမ့်မည်၊ မည်သည့်နည်းဖြင့်ဖြစ်စေ ရွှံ့ကိုမြင်မက်သည်မှာ ကံမကောင်းခြင်း၏ အမှတ်အသားပင် ဖြစ်လေသည်။

ရေမွှေး။ ။ ရေမွှေးကို အသုံးပြုသည်ဟု မြင်မက်လျှင် ကံကောင်း၏၊ အချစ်ရေးတွင် ထူးထူးခြားခြား အောင်မြင်မည်။

ရဲသား။ ။ ရဲသားနှင့် ပတ်သက်သမျှသော အိပ်မက်တို့သည် ကံကောင်းခြင်းကို ပြဆို၏၊ ကြီးမားသော အောင်မြင်မှုသည် သင်၏လက်တစ်ကမ်းတွင် ရှိနေပေသည်။

ရွက်လွှင့်။ ။ ပင်လယ်ရေပြင်တွင် လှေကို ရွက်လွှင့်လျက် ခရီးသွားရသည်ဟု မြင်မက်လျှင်ကောင်း၏၊ လေသည် သင်သွားလိုရာအရပ်သို့ တိုက်ခတ်ပေးခြင်း။ ပင်လယ်ပြင်မှာ

www.burmeseclassic.com

www.burmeseclassic.com



သာယာလျက် ရှိခြင်းတို့ကို တွေ့မြင်ရလျှင် အကောင်းဆုံးပင် ဖြစ်တော့၏၊ အကယ်၍ အခက်အခဲနှင့် ရင်ဆိုင်နေရသည် ဆိုသော် အကြံအစည် လွဲချော်မှုတို့ ဖြစ်လိမ့်မည်။ လှေကြီးကြီးကို ရွက်လွှင့်၍ သွားရသည်ဟု မြင်မက်ခြင်းနှင့် လှေငယ်ကို ရွက်လွှင့်သွားရသည်ဟု မြင်မက်ခြင်းသည် အောင်မြင်မှု၏ အတိုင်းအတာကို ဖော်ပြသည့် သဘောပင်ဖြစ်သည်။

ရှပ်အင်္ကျီ။ ။ ရှပ်အင်္ကျီ သို့မဟုတ် ကိုယ်ကျပ်အင်္ကျီ စသည်တို့နှင့် ပတ်သက်၍ မြင်မက်သောအိပ်မက်တွင် အင်္ကျီမှာ စုတ်ပြဲနေခြင်းကို တွေ့မြင်ရလျှင် မကောင်းချေ။ သစ္စာဖောက်ခြင်း၊ လိမ်လည်ဖျည်းဖြားခံရခြင်း စသည်တို့အတွက် သတိပေးခြင်း ဖြစ်၏။

သင်၏အိပ်မက်တွင် သင်၏အင်္ကျီကို စုတ်ဖြဲပစ်သည်ဟု မြင်မက်လျှင် သင်၏မိုက်မှားမှုကြောင့် ဒုက္ခရောက်လိမ့်မည်၊ အင်္ကျီသည် သေသပ်ကောင်းမွန်ပြီး သန့်ရှင်းဖြူစင်နေသည် ဆိုလျှင် အောင်မြင်မှုသည် မကြာမီ ရောက်လာလိမ့်မည် ဖြစ်သည်။

ရှဉ့်။ ။ သင်သည် ရှဉ့်တစ်ကောင် သစ်ပင်ပေါ်သို့ မြူးတူးခုန်ပေါက်၍ တက်နေသည်ကို မြင်မက်လျှင် အလွန်ကောင်းသော နိမိတ် လက္ခဏာပင် ဖြစ်လေသည်၊ အကယ်၍ ရှဉ့်အများကို တွေ့မြင် ရလျှင် သင်၏အောင်မြင်မှုသည် ကြန့်ကြာလိမ့်မည်၊ ၎င်းကို လှောင်အိမ်ထဲတွင် တွေ့မြင်ရသည်ဟု မြင်မက်လျှင် အချိန် ရေးနှင့် ပတ်သက်၍ အောင်မြင်ကံကောင်းလိမ့်မည် မဟုတ်ပေချေ။

ရွက်လှေ။ ။ ရွက်လှေတစ်စင်းကို သာယာသော ပင်လယ်ပြင်တွင် သွားလာနေလျက်ရှိသည်ကို မြင်မက်လျှင် နှင့်ကြောင်းကိစ္စအားလုံး

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပေသည်၊ ကြမ်းတမ်းသော လှိုင်းလေးများကြားတွင် သွားလာနေသည်ကို တွေ့မြင်ရလျှင် သင့်ချစ်ခင်သူနှင့် ခိုက်ရန် ဖြစ်လိမ့်မည်။

အကယ်၍ ထိုရွက်လှေပေါ်တွင် သင်ပါရှိနေခြင်း မဟုတ်ဘဲ လှမ်း၍မြင်လိုက်ရသည်ဟုဆိုလျှင် အခြေအနေမှာ သိပ်မဆိုးချေ။ သို့မဟုတ်မူဘဲ သင်ကိုယ်တိုင် ထိုရွက်လှေနှင့်အတူ ပါရှိနေသည်ဆိုပါက အခြေအနေမှာ ပို၍ဆိုးရွားလေသည်။

ရှဟာတ်။ ။ လေတိုက်သဖြင့် လည်ပတ်နေသော ရဟာတ်ကို မြင်တွေ့ရသည်ဆိုလျှင် ကောင်းမွန်၏။ သင့်ကြောင့်ကြမှုများ ပပျောက်သွားလိမ့်မည်။

ရွှေနေ။ ။ သင်သည် ရွှေနေတစ်ယောက်နှင့် တွေ့ဆုံရသည်ဟု မြင်မက်လျှင် သတင်းဆိုးတစ်ခုကို ကြားရလိမ့်မည်၊ သင်သည် ရွှေနေတစ်ယောက်နှင့် တိုင်ပင်နေသည်ဟု မြင်မက်လျှင် ဥစ္စာပစ္စည်းများ ဆုံးရှုံးခြင်းနှင့် ကံမကောင်းခြင်း ဖြစ်ပေသည်။

ရွှေ။ ။ အလွန်ကောင်းသော အိပ်မက်ဖြစ်၏။ သင်သည် ရွှေဒင်္ဂါးပြားကို မြင်မက်လျှင် သင့်အား အဘက်ဘက်မှ အကူအညီ များစွာ ပေးမည့် မိတ်ဆွေသစ်တစ်ယောက်နှင့် တွေ့ရလိမ့်မည် ရွှေဖြင့် ပြုလုပ်ထားသော ပစ္စည်းများ ရရှိသည်ဟု မြင်မက်လျှင် ထူးခြားသော ကံတရား၏ အကျိုးပေးကြောင့် အောင်မြင်မှုများနှင့် တွေ့ရလိမ့်မည်၊ သင်က ရွှေထည်ပစ္စည်းများကို အခြားသူအား ပေးသည်ဟု မြင်မက်ခြင်းသည်လည်း ကောင်းလှ၏။ မိတ်ဆွေပေါများခြင်း၊ ချစ်သူနှင့်တွေ့ခြင်း၊ အောင်မြင်ခြင်းတို့ ဖြစ်လိမ့်မည်၊ ရွှေဖြင့်ပြုလုပ်မှုသော လက်ဝတ်ရတနာများကို ဝတ်ဆင်ရသည်ဟု မြင်မက်လျှင် သင်၏ချစ်သူသည် သင့်အပေါ်

www.burmeseclassic.com

www.burmeseclassic.com



သစ္စာစောင့်သိသူဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်၏။

ရန်ပွဲ။ ။ ရန်ပွဲကို တွေ့မြင်ရသည်ဟု မြင်မက်လျှင် သင်၏အိမ်တွင်း ရေးတွင် မကျေနပ်မှု တစ်ခုခုနှင့် တွေ့လိမ့်မည်။

ရန်သူ။ ။ သင် ရန်သူတစ်ဦးနှင့် တွေ့ရသည်ဟု မြင်မက်လျှင်သော် လည်းကောင်း၊ သင့်တွင် ရန်သူရှိသည်ဟု မြင်မက်လျှင်သော် လည်းကောင်း ထိုအိပ်မက်၏ အဓိပ္ပါယ်မှာ ပြောင်းပြန် ဆန့်ကျင်ဘက် ဖြစ်လေသည်၊ သင်သည် ကံကောင်းနေပြီး မိတ်ဆွေများ၏ ချစ်ခင်ရင်းနှီးမှုကို ရရှိလိမ့်မည် ဖြစ်ပေသည်။

ရောဂါ။ ။ သင်သည် ရောဂါတစ်စုံတစ်ခု ဖြစ်နေသည်ဟု မြင်မက်လျှင် မနှစ်မြို့ဖွယ် အခပေါင်းအသင်းများနှင့် အတိုက်အခံ ဖြစ်ရ လိမ့်မည်၊ ရောဂါတစ်စုံတစ်ရာ ဖြစ်လျက်ရှိသူ တစ်ဦးအား မြင်မက်လျှင် သင်သည် ငွေကြေးကုန်ကျမှု များလိမ့်မည်။

ရွှေငါး။ ။ အရောင်တောက်ပလျက်ရှိသော ရွှေငါးများကို မြင်မက် ရသည်ဆိုလျှင် အလွန်တရာ ကောင်းပေသည်၊ သင့်အား ပျော်ရွှင်မှုကြီးစွာ ပေးမည့်သူ တစ်ဦးဦးဆီကို ခရီးသွားရောက် လည်ပတ်ရလိမ့်မည်။

ရေသည်၊ နောက်လျက်ရှိပြီး ငါးမှာလည်း သေနေ သည်ကို မြင်တွေ့ရသော် ခရီးသွားရင်းနှင့် ပတ်သက်သည့် စိတ်ဆင်းရဲစရာကိစ္စများ ဖြစ်ပေါ်လိမ့်မည်။

ရှည်သွားခြင်း။ ။ သင်၏အရပ်သည် နဂိုထက် ပို၍ရှည်လာသည်ဟု မြင်မက်လျှင် မကောင်းချေ၊ သင်မှားယွင်းစွာပြုပြီးမှ နောင်တ ရခြင်း ဖြစ်လိမ့်မည်။

ရောင်ရမ်းသည်။ ။ ရောဂါဝေဒနာ တစ်ခုခုကြောင့် သင်၏ခြေလက် တို့တွင် ရောင်ရမ်းကြီးမားလာသည်ဟု မြင်မက်လျှင် များနာဥပဒ်

www.burmeseclassic.com

www.burmeseclassic.com



ရရှိလိမ့်မည်။

ရေဖြင့်ပက်သည်။ ။ သင်က တစ်စုံတစ်ယောက်အား ရေဖြင့်ပက်လိုက်သည်ကိုလည်းကောင်း၊ သင့်ကို တစ်စုံတစ်ယောက်က ရေဖြင့်ပက်လိုက်မိသဖြင့် စိုကုန်သည်ဟု မြင်မက်လျှင် လှို့ဝှက်သောရန်သူတို့က လုပ်ကြံပြောဆိုခြင်း ခံရလိမ့်မည်။

( လ )

လိပ်ပြာ။ ။ ရောင်စုံလိပ်ပြာများကို မြင်မက်ပါက ပျော်ရွှင်မှုကို ရရှိလိမ့်မည်၊ လိပ်ပြာများ ပျံ့နှံ့နေသည်ကို မြင်မက်လျှင် ချစ်သူနှင့်အတူ သာယာပျော်ရွှင်ဖွယ်ကောင်းသော ခရီးသို့ သွားရလိမ့်မည်၊ အချစ်ရေးတွင် ကံကောင်းသော အမှတ်အသား ဖြစ်၏။

လိပ်ပြာအသေကို မြင်မက်လျှင် မကောင်းချေ၊ ချစ်သူတို့ကြားတွင် မမျှော်လင့်သော ကြမ္မာဆိုးများ ဝင်လာပြီး တစ်ဦးနှင့်တစ်ဦး ကွဲကွာနေရလိမ့်မည်၊ အချစ်ရေး၊ အိမ်ထောင်ရေးအတွက် နိမိတ်မကောင်းသော အိပ်မက်ဖြစ်လေသည်။

လှည်း။ ။ လှည်းဖြင့် ခရီးသွားရသည်ဟု မြင်မက်ပါက အချစ်ရေးနှင့် ပတ်သက်၍ မရေရာ မသေချာမှုနှင့် ကြုံတွေ့ရလိမ့်မည်၊ ချစ်သူအပေါ် သံသယစိတ်များ ဝင်လာစရာအကြောင်းများ ဖြစ်ပေါ်လာလိမ့်မည်၊ သင်၏လှည်းသည် မြင်းလှည်းဖြစ်ပါက ကောင်းပါ၏၊ သို့မဟုတ်ဘဲ ကျွဲနွား စသည့်လှည်းဖြစ်လျှင် မကောင်းသောအဓိပ္ပါယ်သော ထွက်ရှိလေသည်။

လေယာဉ်ပျံ။ ။ ကောင်းသော အိပ်မက်ပင်ဖြစ်၏၊ လေယာဉ်ပျံသည် ကောင်းကင်တွင် ကောင်းစွာနှင့်ချောမောစွာ ပျံသန်းနေသည်ကို

www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့ရလျှင် သင်၏ လက်တာလော အခက်အခဲများသည် ပျောက်ကွယ်သွားလိမ့်မည်၊ လေယာဉ်ပျံမှာ မြေကြီးပေါ်တွင် ရှိသည့်ဟု မြင်မက်လျှင် သင်၏အောင်မြင်မှုသည် ချက်ချင်း ဖြစ်မလာဘဲ ဆိုင်းငံ့နေလိမ့်မည်။

လေယာဉ်ပျံသည် ကောင်းကင်တွင် ပျံသန်းနေရင်း ပျက်ကျသည်၊ တစ်စုံတစ်ရာ ဘေးအန္တရာယ် ဖြစ်နေသည် မြင်မက်လျှင် စိတ်ညစ်ညူးစရာများနှင့် တွေ့ရမည် ဖြစ်သော်လည်း မကြာမီ ပြေပျောက်သွားလိမ့်မည်။

လင်းယုန်။ ။ လင်းယုန်သည် ကောင်းကင်မြင့်ဆီသို့ ထိုးတက်ပျံသန်းသွားသည်ကို မြင်မက်လျှင် သင့်စိတ်ဆန္ဒများ အောင်မြင်ပြည့်စုံလာလိမ့်မည်၊ ဤကဲ့သို့ မြင်မက်ခြင်းသည် အချစ်ရေးတွင်လည်း ပျော်ရွှင်သာယာမှုအတွက် သင်္ကေတပေးချက်ပင် ဖြစ်လေသည်၊ ကျန်းမာရေး၊ ငွေကြေးနှင့် ရာထူးဂုဏ်ထူးတို့တွင်လည်း အလွန်ကောင်းမွန်သော အထိမ်းအမှတ် ဖြစ်လေသည်။

လင်းယုန်သည် အဆောက်အအုံ၊ ပြာသာဒ် စသော နေရာများတွင် နားနေသည်ကို မြင်မက်လျှင် သင်၏ကံကောင်းမှု အောင်မြင်မှုတို့မှာ တစ်ရပ်တစ်ကျေးတွင် ဖြစ်လေသည်၊ လက်ရှိ မိမိနေသောအရပ်တွင် မဟုတ်ချေ။

မှိုင်နေသော၊ နားနေသော လင်းယုန်ငှက်တို့ သစ်ပင် အဆောက်အအုံ စသည်တို့တွင် နားနေစဉ် တွေ့မြင်ရသည်ဟု မြင်မက်လျှင် သင်၏အောင်မြင်မှုများသည် ကြန့်ကြာနေဦးမည်၊ လင်းယုန်ငှက်သည် သားကောင်တို့ကို သုတ်ယူသွားခြင်းကို မြင်မက်လျှင် သင်သည် ရန်သူတို့ကို တိုက်ခိုက်

www.burmeseclassic.com



အောင်မြင်ရလိမ့်မည်၊ ရှောင်အိမ်ထဲ၌သော်လည်းကောင်း၊ ကြိုးဖြင့်ချည်နှောင်ထားသော လင်းယုန်ကိုသော်လည်းကောင်း မြင်မက်လျှင် စိတ်ပျက်စရာ၊ စိတ်မချမ်းသာစရာများနှင့် ရင်ဆိုင်ရလိမ့်မည်။

လိမ့်ကျသည်။ ။ သင်သည် သစ်ပင်တစ်ပင်ပေါ်မှသော်လည်းကောင်း၊ အိမ်ပေါ်မှသော်လည်းကောင်း လိမ့်ကျသည်ဟု မြင်မက်လျှင် ဥစ္စာပစ္စည်းများ ဆုံးရှုံးပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း ဖြစ်လိမ့်မည်။

လေယာဉ်ကွင်း။ ။ အလုပ်အကိုင် ကိစ္စများအတွက် အောင်မြင်မှုရနိုင် ရှိမည့် အိပ်မက်ကောင်း တစ်ခုဖြစ်၏။ မိတ်ဆွေအပေါင်းအသင်း များကြောင့် နှိမ့်မိစီးပွားရေး အောင်မြင်လိမ့်မည်။

လှူဒါန်းသည်။ ။ လှူဒါန်းခြင်းနှင့် ပတ်သက်၍ မြင်မက်သော အိပ်မက်များမှာ အလွန်ကောင်းသည်။ ငွေသည်ကိစ္စတွင်မဆို အောင်မြင်ခြင်း၊ ပျော်ရွှင်ခြင်းများကို ရရှိမည် ဖြစ်လေသည်။

လှေ့ဝံ။ ။ လှေ့ဝံ၊ မျောက်ဝံကြီးများကို မြင်မက်လျှင် သင့်အား တစ်စုံတစ်ယောက်က ဆိုးရွားသော ဘေးဥပဒ်ပေးလိမ့်မည်၊ သင့်အတွက် ပေါင်းသင်းဆက်ဆံရေးတွင် စိတ်ချရရန် ခဲယဉ်း ပေသည်၊ သင်၏အပေါင်းအသင်းထဲမှ သင့်အားပျက်စီးရာ ပျက်စီးကြောင်း ကြံစည်မှု ပြုလိမ့်မည်။

အကယ်၍ ထိုလှေ့ဝံကြီးသည် သင့်အား ဒုက္ခမပေးခြင်း သင်နှင့် သင့်မြတ်ခြင်းကို တွေ့ရလျှင် သင့်ကို ဒုက္ခပေးမည့်သူမှာ သင်စိတ်ချလိုကြည့်သူတစ်ဦး ဖြစ်နေလိမ့်မည်၊ လှောင်ချိုင့်ထဲမှ လှေ့ဝံကို မြင်မက်လျှင် သင့်အား ဒုက္ခပေးသူတို့မှာ ကိုယ်တိုင် ရွေးထင်ထားသော သူများပင် ဖြစ်လိမ့်မည်။ ကပေနေသော လှေ့ဝံကို မြင်မက်လျှင် ဘေးရန်ဥပဒ်တို့ ကင်းရှင်းသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်ဝမ်းသာရလိမ့်မည်။

လင်းနို့။ ။ လင်းနို့ကို မြင်မက်လျှင် ခရီးသွားရလိမ့်မည်၊ အကယ်၍ လင်းနို့ကို မှောင်ထဲတွင် ပျံသန်းနေသည်ကို တွေ့မြင်မက်လျှင် သင်သွားရသော ခရီးတွင် ဘေးဒုက္ခ ရောက်လိမ့်မည်၊ စိတ်ပျက်စရာ အဖြစ်အပျက်များနှင့် ရင်ဆိုင်ရလိမ့်မည်။

လင်းနို့တစ်ကောင်သည် နေ့ခင်းအလင်းရောင်ထဲ၌ ပျံသန်းနေသည်ကို မြင်မက်လျှင် ကောင်းမွန်ပေသည်၊ သင်၏ လုပ်ငန်းများ ပိုမိုလွယ်ကူ အဆင်ပြေလာမည်၊ ပိုမိုအောင်မြင်လာမည်၊ အကယ်၍ လင်းနို့အသေတစ်ကောင်ကို တွေ့မြင်ရသည်ဆိုလျှင် သင်၏အလုပ်အကိုင်များတွင် မမျှော်လင့်သော အပျက်အစီးများနှင့် တွေ့လိမ့်မည်။

လုံချည်။ ။ မြိုချည်ဖြင့် သို့မဟုတ် ဘောင်းဘီစသည့် အောက်ပိုင်းအဝတ်အစားခြင်းကို မြင်မက်ခြင်းသည် မကောင်းချေ၊ အိမ်ထောင်ရေးအတွက်မှုစိတ်ဆင်းရဲစရာများနှင့် တွေ့ရလိမ့်မည်။

လေး,မြှား။ ။ သင်သည် မြှားနှင့်လေးကို ပစ်ခတ်ရာတွင် လိုရာကို ထိမှန်သည်ဟု မြင်မက်လျှင် သင်၏အကြံအစည် အလုပ်အကိုင်များသည် အောင်မြင်မည်၊ လွဲချော်သည်ကို တွေ့မြင်ရလျှင် သင်၏အလုပ်အကိုင်တို့မှာ ထင်သကဲ့သို့ ဖြစ်မလာဘဲ ပျက်စီးတတ်လေသည်။

လည်ဆွဲကြိုး။ ။ သင်သည် လည်ဆွဲကြိုးတစ်ကုံးကို ဝတ်ဆင်ထားသည်ဟု မြင်မက်လျှင် ချမ်းသာကြွယ်ဝသော ချစ်သူနှင့် တွေ့ရလိမ့်မည်၊ ငွေကြေးလုပ်ငန်းကိစ္စများတွင် အောင်မြင်မည်၊ လည်ဆွဲကြိုး ပြတ်သွားခြင်း၊ ပျောက်ဆုံးခြင်းများကို မြင်မက်လျှင် စိတ်ညစ်စရာ ပြဿနာများနှင့် ရင်ဆိုင်ရလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



လည်ဆွဲကြိုးကို မြင်တွေ့ရသည်ဟု မြင်မက်လျှင် အလွန်ကံကောင်း၏။ အခြားသူများ လည်ဆွဲကြိုးကို ဝတ်ဆင်ခြင်းကို မြင်မက်လျှင် သင်အဖို့ အလွန်ကောင်းသော သတင်းစကားများ ကြားရလိမ့်မည်။

လောင်းကစား။ ။ လောင်းကစားခြင်းနှင့် ပတ်သက်သော အိပ်မက်များတွင် အဓိပ္ပါယ်တို့ များစွာရှိကြသည်၊ အိပ်မက်တွင် သင်သည် အနိုင်ရလျက်ရှိသည်ဟု မြင်မက်လျှင် စိတ်ပျက်စရာကိစ္စများ ပေါ်ပေါက်လာလိမ့်မည်၊ အကယ်၍ သင်သည် ရှုံးနိမ့်လျက်ရှိသည်ဟု မြင်မက်မူ အောင်မြင်မှုကိုရရှိဖို့ မျှော်လင့်နိုင်လေသည်။

လာဘ်။ ။ သင်သည် လာဘ်ပေးခြင်းကို ရယူသည်ဟု မြင်မက်သော်လည်းကောင်း၊ သင်က ပေးရသည်ဟူ၍သော်လည်းကောင်း မြင်မက်ခြင်းသည် တိကျရေရာသောအဓိပ္ပါယ် မရှိလှသော်လည်း သင်၏ရိုးသားသော စိတ်နေစိတ်ထားကြောင့် မြင်မက်သည့် အိပ်မက်သာလျှင် ဖြစ်လေသည်။

လုပ်ငန်းကိစ္စ။ ။ မည်သည့်ပုံစံနှင့်ဖြစ်စေ လုပ်ငန်းနှင့်ပတ်သက်၍ မြင်မက်သော အိပ်မက်များသည် များသောအားဖြင့် ထွေထူးသောအဓိပ္ပါယ်ကို ဖော်ပြခြင်းမရှိဘဲ သင်၏အလုပ်အကိုင်တို့အပေါ်တွင် စိုးရိမ်ပူပန်သောစိတ်ကြောင့် မြင်မက်ခြင်းသာဖြစ်တတ်လေသည်၊ အကယ်၍ ဆိုစိတ်နှင့် မပတ်သက်ဘဲ မြင်မက်လျှင်လည်း ယေဘုယျအားဖြင့် ကောင်းသောနိမိတ်သာလျှင် ဖြစ်လေသည်။

လျှောင်အိမ်။ ။ လျှောင်အိမ်ကို မြင်မက်ရာ၌ ၎င်းချည်းသက်သက် မည်သည့်ကျေးငှက်တိရစ္ဆာန်မှ မပါရှိခဲ့သော်ကောင်း၊ သင်သည် လွတ်လပ်ပျော်ရွှင်သော အခြေအနေသို့လည်းကောင်း၊ စိတ်ကူး

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထိခန်း အကြိုဥတ်သစ်များကိုသော်လည်းကောင်း လွတ်လွတ်လပ်လပ် လုပ်ကိုင်ပေဖေါ်မည်။

ဈေးဆိုင်အခွင်း၌ တိရစ္ဆာန်ကြွေးငှက် စသည်တို့ရောင်းဆိုးနေသည်ကို မြင်မက်လျှင် သင်၏မိတ်ဆွေ သို့မဟုတ် ချစ်ခင်သူတစ်ယောက်သည် သင့်ကိုအကူအညီပေးမည့် နိမိတ်ပင်ဖြစ်၏၊ ဈေးဆိုင်ထဲမှ ကျေးငှက်တိရစ္ဆာန်တို့ လွတ်မြောက်ထွက်ပြေးသည်ဟု မြင်မက်လျှင် ချစ်သူနှင့် ပတ်သက်သော သင်၏ စိုးရိမ်စိတ်များ မကြာမီ ပျောက်ကင်းပြီး ပျော်ရွှင်ကြည်နူး[illegible]မည်။

လှမြက်။ ။ သင့်တွင် ရန်သူရှိနေခြင်းကိုဖော်ပြသည့် အိပ်မက်ဖြစ်သည်။

လိုးဖြတ်သည်။ ။ သင်သည် ဓားနှင့် တစ်စုံတစ်ခုကို လိုးဖြတ်သည်ဟု မြင်မက်လျှင် သင်မျှော်မှန်းထားသော ဝင်ငွေများ လက်လွတ်ဆုံးပါးလိမ့်မည်၊ သင်သည် အရာဝတ္ထုတို့ကို ကြိုးစားလိုးဖြတ်သော်လည်းကောင်း ပြတ်သွားခြင်း မရှိပါက သင်၏ကြိုးစားမှု၊ စိတ်ရှည်မှုတို့ကြောင့် ဝင်ငွေတို့ ရရှိလိမ့်မည်။

လက်ဖက်ရည်။ ။ သင်သည် လက်ဖက်ရည် သောက်လျက်ရှိသည်ဟု မြင်မက်ပါက ကောင်းသောအိပ်မက်ပင်ဖြစ်၏။ အရာရာတိုင်းတွင် အဆင်ပြေကံကောင်းခြင်း ဖြစ်နေပါလိမ့်မည်၊ အကယ်၍ သင်သည် တစ်စုံတစ်ယောက်သောသူအတွက် လက်ဖက်ရည် ဖျော်လျက်ရှိသည်ဟု မြင်မက်ပါက သင်သည် မိတ်ဆွေတစ်ဦးဦး၏ ကူညီမှုကြောင့် ငွေကြေးလုပ်ငန်းကိစ္စများတွင် အောင်မြင်ပေလိမ့်မည်။

လက်ဝါးကပ်တိုင်။ ။ လက်ဝါးကပ်တိုင်ကို မြင်မက်ခြင်းသည် သင်မျှော်လင့်ထားသောအရာများသည် ပျက်စီးဆုံးရှုံးမည်ဖြစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် အချစ်ရေးတွင် သင့်အဖို့ ဝမ်းနည်းမှုနှင့်သာ ရင်ဆိုင်ရလိမ့်မည် ဖြစ်လေသည်။

လိမ်လည်သည်။ ။ သင်သည် တစ်စုံတစ်ယောက်၏ လိမ်လည်မှုကို ခံရသည်ဟု မြင်မက်ပါက ငွေကြေးဥစ္စာပစ္စည်းတို့ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းများ ဖြစ်လိမ့်မည်၊ အကယ်၍ သင်သည် အခြားသူများအား လိမ်လည်သည်ဟု မြင်မက်ပါက သင်နှင့် ခင်မင်ရင်းနှီးသူတို့ ခိုက်ရန်ဖြစ်ခြင်း၊ စကားများခြင်းတို့ ဖြစ်လိမ့်မည်။

လွှတ်မြောက်သည်။ ။ သင်၏အိပ်မက်ထဲတွင် သင်သည် ရန်သူလက်မှ ဖြစ်စေ၊ တစ်စုံတစ်ရာဘေးဥပဒ်အန္တရာယ်တို့မှဖြစ်စေ ခဲယဉ်းစွာ လွှတ်မြောက်ခဲ့သည်ဟု မြင်မက်ပါက ကောင်းပေသည်၊ သင့်အတွက် အရာရာတိုင်းကို စိတ်ချလက်ချဆုံးဖြတ်၍ လုပ်ကိုင်နိုင်ပေသည်၊ သင့်အား ကံကြမ္မာသည် အမြဲထောက်ကူလျက် ရှိပေသည်။

လိပ်။ ။ သင်၏အောင်မြင်မှုများသည် နှေးကွေးကြန့်ကြာမည် ဖြစ်သော်လည်း ကြီးမားပေလိမ့်မည်၊ လိပ်အသေကို မြင်မက်လျှင် သင်၏လုပ်ငန်းများသည် လျင်လျင်မြန်မြန် အဆင်ပြေ ကောင်းမွန်လာလိမ့်မည်။

လင်းတ။ ။ ကောင်းသောအိပ်မက်တစ်ခု မဟုတ်ပေ။ သင်၏စိတ်ကူးများ ဆုံးဖြတ်ချက်များသည် မှားယွင်းချွတ်ချော်လျက် ရှိနေပေသည်၊ သင့်ဆုံးဖြတ်ချက်များအတိုင်း ဆက်၍လုပ်ကိုင်ပါက ဆုံးရှုံး ပျက်စီးခြင်း၊ ကြီးစွာဆင်းရဲရခြင်းတို့နှင့် ရင်ဆိုင်ရပေလိမ့်မည်။

လေပွေ။ ။ လေပွေတိုက်ခတ်ခြင်းကို မြင်မက်လျှင် တစ်စုံတစ်ရာ ဒုက္ခနှင့်တွေ့ရန် နီးကပ်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်သည်။ ။ သင်သည် ရွှံ့ထဲတွင် လမ်းလျှောက်နေသည်ဟု မြင်မက်လျှင် ဖျားနာခြင်း၊ ရောဂါဥပဒ် ရရှိခြင်းတို့ဖြစ်သည်၊ ရေထဲတွင် လမ်းလျှောက်နေသည်ဟု မြင်မက်လျှင် ဒုက္ခ အသင့်အတင့်နှင့် တွေ့ကြုံရလိမ့်မည်၊ မှောင်မိုက်သော ညဘက်တွင်ဖြစ်လျှင် ဆုံးရှုံးခြင်းနှင့် ဒုက္ခရောက်ခြင်းဖြစ်မည်၊ သင်သည် သာယာသောအချိန်တွင် လမ်းလျှောက်ရသည်ကို ကျေနပ်နှစ်သက်ခြင်း၊ သက်သောင့်သက်သာရှိခြင်း စသည်ဖြင့် မြင်မက်မှု အခြေအနေတို့သည် ကောင်းမွန်နေမည်ဖြစ်၏။

လှေကားထစ်။ ။ သင်သည် လှေကားထစ်များမှ အထက်သို့ တက်သွားရသည်ဟု မြင်မက်လျှင် အချစ်ရေးနှင့် အလုပ်အကိုင် တို့တွင် အောင်မြင်မှု ရလိမ့်မည်၊ လှေကားထစ်တစ်လျှောက် အထက်မှအောက်သို့ ဆင်းလာရသည်ဟု မြင်မက်လျှင် မကောင်းချေ၊ စိတ်ပျက်စရာများနှင့် တွေ့ကြုံရလိမ့်မည်။

လျှပ်စစ်။ ။ ကောင်းကင်တွင် လျှပ်စစ်များ လက်လျက်ရှိသည်ကို မြင်မက်လျှင် အလွန်ကောင်း၏၊ သင်၏တိုးတက်အောင်မြင်ရေး အတွက် များစွာကောင်းသော အိပ်မက်ဖြစ်လေသည်။

လေလံ။ ။ သင်သည် လေလံတင်ပွဲတစ်ခုသို့ သွားရောက်သည်ဟု မြင်မက်လျှင် မကောင်းချေ၊ လေလံပွဲမှ ပစ္စည်းများကို ခွဲယူခြင်း ပြုသည်ဟု မြင်မက်လျှင် သင်သည် မည်သည့်အရေးအခင်းတွင် မဆို ရှုံးနိမ့်လိမ့်မည်၊ သင်သည် လေလံကို ခွဲနိုင်ခြင်းမရှိဟု မြင်မက်လျှင် ကံကောင်း၏၊ အောင်မြင်မှုကို ရရှိမည် ဖြစ်လေသည်။

လိမ္မော်သီး။ ။ သင်သည် လိမ္မော်သီးများကို အပင်ထက်မှ သီးနေ သည်ကို မြင်မက်လျှင်ကောင်းသည်၊ သင်၏အချစ်ရေးမှာ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာစရာများနှင့်သာ ပြည့်နှက်၍ နေလိမ့်မည်၊ လိမ္မော်သီးကို စားရသည်ဟု မြင်မက်လျှင် မကောင်းချေ၊ အချစ်ရေးနှင့်ပတ်သက်၍ စိတ်ပျက်စရာ အနည်းငယ်နှင့် တွေ့ရလိမ့်မည်။

လက်ဝါး။ ။ လက်ဝါးကို မြင်မက်လျှင် ခရီးရှည် သွားရမည်၊ ရပ်ဝေးမှ သတင်းများ ကြားရမည်၊ ဤအိပ်မက်သည် သီးခြားမက်ခဲလှသော်လည်း ကောင်းသောအဓိပ္ပါယ်များကိုသာ ဆောင်ယူလျက် ရှိသည်ကို တွေ့ရပေသည်။

လှေကား။ ။ ယာယီအသုံးပြုနေသော လှေကားကိုမြင်မက်လျှင် ကောင်း၏၊ ထိုလှေကားဖြင့် အထက်မိမိယိုရာသို့ တက်ရသည်ဟု မြင်မက်ခြင်းသည် အလွန်ကောင်းပေသည်၊ မိမိမျှော်မှန်းသည့် လုပ်ငန်းများ အဆင်ပြေအောင်မြင်မှုများ ရရှိလိမ့်မည်၊ လှေကား ထိပ်ဖျားတွင် ရောက်ရှိနေပြီး မြေကြီးနှင့် အလွန်ကွာဝေးနေပြီး အမြင့်ကြီး ဖြစ်နေလျှင် သင့်လုပ်ငန်းကိစ္စများတွင် လောဘတကြီး လုပ်ကိုင်မှုကြောင့် အမှားအယွင်းနှင့် တွေ့ရတတ်သည်၊ ထိုလှေကားထိပ်မှ ကြောက်ရွံ့လျက် အောက်သို့မဆင်းဝံ့ ဖြစ်နေသည်ဟု မြင်မက်လျှင် သင်၏လုပ်ငန်းတို့သည် ကျေနပ် လောက်အောင် အောင်မြင်မှုရပြီးကာမှ ရုတ်တရက်ဆုံးရှုံးမှုနှင့် တွေ့ရလိမ့်မည်။

လက်သည်း။ ။ သင့်လက်သည်းသည် အလွန်တရာ ရှည်လျက်ရှိသည်ဟု မြင်မက်ပါက မမျှော်လင့်သော လုပ်ငန်းတစ်ခုမှအကျိုးအမြတ်များ ရရှိလိမ့်မည်၊ အကယ်၍ သင်၏လက်သည်းများသည် နဂိုထက် အလွန်တရာ တိုသွားသည်ကို တွေ့ရပါက ငွေကြေးဆုံးရှုံး နစ်နာလိမ့်မည်၊ သင်၏လက်သည်းများအား [illegible]မှ ဖြစ်ရသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



မြင်မက်ပါက မိတ်ဆွေသူငယ်ချင်းများနှင့် ခိုက်ရန်ဒေါသဖြစ်လိမ့်မည်။

မကျေနပ်ချက်များ ပေါ်ပေါက်လိမ့်မည်၊ သင်၏လက်သည်းများကို ပါးစပ်ဖြင့် ကိုက်ဖြတ်လျက်ရှိသည်ဟု မြင်မက်ပါက ခိုက်ရန်ဖြစ်မှု အသေးအမွှားများနှင့် ကြုံတွေ့ရလိမ့်မည်။

လက်ထပ်သည်။ ။ လက်ထပ်ခြင်းနှင့် ပတ်သက်၍ မြင်မက်သမျှသော အိပ်မက်တို့သည် သတင်းဆိုးများကို ကြားရမည့် အဓိပ္ပါယ်ဖြစ်သည်။

လက်။ ။ သင်၏လက်သည် ကြီးဖြင့်ချည်ထုပ်လျက် ရှိသည်ဟု မြင်မက်လျှင် အခက်အခဲများစွာနှင့် ရင်ဆိုင်ရမည့် နိမိတ်ပင်ဖြစ်သည်၊ သင်၏ညာလက်သည် တစ်စုံတစ်ရာ အနာတရဖြစ်လျက်ရှိသည်ဟု မြင်မက်ပါက ဒုက္ခရောက်နေသော မိတ်ဆွေသူငယ်ချင်း တစ်ဦးအား ကူညီရလိမ့်မည်၊ သင်၏ဘယ်လက်သည် ထိခိုက်နာကျင်မှုကို ခံစားသည်ဟု မြင်မက်လျှင် သင်၏မိတ်ဆွေသူငယ်ချင်း တစ်ဦးထံမှ အကူအညီကို တောင်းခံခြင်း ပြုရလိမ့်မည်၊ သင်၏လက်ကို အခြားသူတစ်ဦးဦးက ဆွဲငင်သည်ဟု မြင်မက်လျှင် သင်၏လိုအပ်ချက်များကို တစ်စုံတစ်ယောက်က ကူညီသဖြင့် အောင်မြင်ပြည့်စုံလိမ့်မည်။

လက်အိတ်။ ။ လက်အိတ်၊ လက်စွပ်များကို ဝယ်ယူရရှိသည်ဟု မြင်မက်ပါက မကြာမီ လက်ထပ်ရန် စီစဉ်ရလိမ့်မည်၊ အဘယ်၍ ၎င်းတို့ လက်ဆောင်ရရှိသည်ဟု မြင်မက်ပါက သင်၏ အိမ်ထောင်ရေးမှာ မကြာမြင့်တော့ချေ၊ သင်၏လက်အိတ်၊

www.burmeseclassic.com

www.burmeseclassic.com



လက်စွပ်များ ပျောက်ဆုံးသည်ဟု မြင်မက်ပါက သင်၏ အိမ်တွင်းရေးသည် မကြာမီ ပြောင်းလဲသော အခြေအနေနှင့် ရင်ဆိုင်ရလိမ့်မည်၊ သင်၏လက်အိတ်သည် စုတ်ပြဲလျက် ရှိသည်ဟု မြင်မက်ပါက စိတ်ပျက်စရာ ပြဿနာများနှင့် ရင်ဆိုင်ရလိမ့်မည်။

လက်ခေါင်း။ ။ လက်ခေါင်းပတ္တည်းများ ရရှိသည်ကို မြင်မက်ပါက ကံကောင်းထောက်မှုကို ရရှိပေလိမ့်မည်၊ သင်က လက်ခေါင်းပေးရသည်ဆိုသော် ကျန်းမာရေး ချွတ်ယွင်းမှု ဖြစ်လိမ့်မည်။

လက်ကိုင်ပဝါ။ ။ လက်ကိုင်ပဝါကဲ့သို့သော အရာများကို မြင်မက်ခြင်းသည် ကံကောင်းသော အဓိပ္ပါယ်ကိုသာ ဆောင်လျက်ရှိကြသည်၊ အထူးသဖြင့် အချစ်ရေးနှင့် ပတ်သက်၍ ကံကောင်းခြင်း၊ အခွင့်အရေးရရှိခြင်းတို့ ကြုံလိမ့်မည်။

လေထီး။ ။ တွေ့ရှိရသော အခက်အခဲ ဒုက္ခများသည် အခြားသူများကြောင့် မဟုတ်ဘဲ မိမိ၏ မှားယွင်းမှုကြောင့်သာဖြစ်မည်။

လက်စွပ်။ ။ သင်သည် မိန်းမတစ်ယောက်ကဖြစ်စေ၊ ယောကျ်ား တစ်ယောက်ကဖြစ်စေ ပေးသောလက်စွပ်ကို ရရှိသည်ဟု မြင်မက်ပါက လက်ထပ်မှုအတွက် များစွာအခွင့်အရေး ကောင်းများ ရရှိပေလိမ့်မည်၊ လက်စွပ်တစ်ကွင်းကို မြင်တွေ့ရသည်ဟု မြင်မက်ပါက လက်ထပ်ခြင်းဖြစ်စေ၊ ငွေကြေးဖြစ်စေ တစ်နှစ်အတွင်း အောင်မြင်ကံကောင်းပေလိမ့်မည်၊ လက်မထပ်ရသေးသော မိန်းမပျိုများ ငှင်းအိပ်မက်ကို မြင်မက်ပါက လက်ထပ်ရန် သေချာပေသည်၊ သင့်လက်စွပ်မှ ကျောက်များ ကျွတ်ထွက်သွားသည်ဟု မြင်မက်ပါက လက်ထပ်ခြင်းကိစ္စတို့ ပျက်ပြားလိမ့်မည်၊ ဝမ်းနည်းကြေကွဲစရာများ ဖြစ်ပေါ်လာလိမ့်

www.burmeseclassic.com

www.burmeseclassic.com



မည်၊ လက်စွပ်ပျောက်ဆုံးခြင်းနှင့် ပတ်သက်၍ မြင်မက်ပါက အိမ်ထောင်ရေးတွင် စိတ်ပျက်စရာများ ကြုံတွေ့ရလိမ့်မည်။

လည်ပတ်သည်။ ။ သင်သည် မိတ်ဆွေတစ်ဦးအိမ်သို့ သွားရောက်လည်ရပတ်ရသည်ဟု မြင်မက်ပါက ကွဲကွာနေသော မိတ်ဆွေတစ်ဦးနှင့် ပြန်လည်တွေ့ဆုံရလိမ့်မည်။

လက်သုတ်ပဝါ။ ။ ဖြူဖွေးသန့်စင်သော လက်သုတ်ပဝါကို မြင်မက်ခြင်းသည် သာယာပျော်ရွှင်သော အမှတ်အသားပင် ဖြစ်လေသည်၊ ညစ်ပတ်ပေရေနေသော လက်သုတ်ပဝါကို မြင်မက်လျှင် တစ်စုံတစ်ရာ ဒုက္ခနှင့် ရင်ဆိုင်ရလိမ့်မည်။

လယ်ယာ။ ။ စိမ်းလန်းစိုပြည်သော လယ်ယာများကို မြင်မက်ပါက ချောမော၊ လှပသော အိမ်ထောင်ဖက်နှင့် တွေ့ရလိမ့်မည်၊ သို့မဟုတ် သင်၏ဘဝတွင် သာယာပျော်ရွှင် အောင်မြင်နေလိမ့်မည်၊ ကြီးမားကျယ်ပြန့်သော စိမ်းလန်းစိုပြည်သော စိုက်ခင်းများကို မြင်မက်ခြင်းသည် ကံကောင်းခြင်း၊ ဝမ်းသာရွှင်လန်းခြင်း အထိမ်းအမှတ်ပင် ဖြစ်လေသည်၊ လယ်ယာကွက်များ လုပ်ကိုင်ရသည်ဟု မြင်မက်ပါက သင်၏လုပ်ငန်းဆောင်တာများ အဆင်ပြေ ချောမောနေလိမ့်မည်၊ ငွေကြေးအမြောက်အမြား ရရှိပေလိမ့်မည်၊ လယ်ယာစိုက်ခင်းသို့ သွားရောက်လည်ပတ် ကြည့်ရှုရသည်ဟု မြင်မက်လျှင် ကျန်းမာရေး၊ ငွေကြေးပြည့်စုံကောင်းမွန်ပေလိမ့်မည်။

လက်ရေး။ ။ သင်၏ကိုယ်ပိုင်လက်ရေးစာလုံးများကို မြင်မက်ရေး အရေးကြီးသော အိပ်မက်တစ်ခု မဟုတ်ချေ၊ သင်သည် စာအုပ်တစ်အုပ်တွင် စာများရေးနေသည်ဟု မြင်မက်လျှင် ကံကောင်း၏၊ သင်၏မိတ်ဆွေတစ်ယောက်ထံမှ ရရှိသော

www.burmeseclassic.com

www.burmeseclassic.com



လက်ရေးစာများကို တွေ့ရှိရသည်ဟု မြင်မက်လျှင် စိတ်၏ စွဲလမ်းမှုကြောင့်သာလျှင် မြင်မက်ခြင်းဖြစ်၏၊ သေဆုံးသူ တစ်ဦးဦး၏ လက်ရေးဟု မြင်မက်ရသည်ဟုဆိုပါက ၎င်းအိပ်မက် သည် အရေးကြီးလှပေသည်။

လျှောစီးသည်။ ။ သင်သည် မြေပြင်တွင်ဖြစ်စေ၊ မည်သည့်နေရာတွင် ဖြစ်စေ ပျော်ရွှင်မြူးတူးစွာ လျှောစီးကစားသည်ဟု မြင်မက်လျှင် အလွန်ကောင်းမွန်ပေသည်၊ သင်၏အခြေအနေတို့သည် ပျော်ရွှင်မှုကို ရရှိလိမ့်မည်။

လက်ထိတ်။ ။ သင်၏လက်တွင် လက်ထိတ်များ ခတ်လျက်ရှိသည်ကို မြင်မက်မှု သင်၏မဆင်မခြင် ပြုလုပ်မှုတစ်ခုကြောင့် သင်၏ ပေါင်းသင်းဆက်ဆံရေးနှင့် စီးပွားရေးလုပ်ငန်းများတွင် များစွာ ထိခိုက်နစ်နာလိမ့်မည်။

လ။ ။ ကောင်းကင်တွင် လတစ်ခြမ်းဖြစ်ပေါ်လျက်ရှိသည်ကို မြင်မက်ပါမူ အချစ်ရေးတွင် ပျော်ရွှင်ရခြင်းနှင့် စီးပွားရေးလုပ်ငန်းတွင် အောင်မြင်ခြင်းတို့ကို တွေ့ရလိမ့်မည်၊ ပြည့်ဝန်းလျက်ရှိသော လကိုမြင်မက်လျှင် သင်သည် မကြာမီ လက်ထပ်ခြင်း ပြုရလိမ့် မည်၊ သို့မဟုတ် အိမ်ထောင်ရေးတွင် ပျော်ရွှင်ချမ်းမြေ့ခြင်း ဖြစ်စေပေလိမ့်မည်၊ သင်သည် ကောင်းကင်၌ လ,ပေါ့ပ် ဖမ်းနေခြင်းကို တွေ့မြင်ရလျှင် ငွေကြေးအတွက်နှင့် ကြီးစွာ စိတ်ဆင်းရဲခြင်း ဖြစ်ရလိမ့်မည်။

လေပြင်း။ ။ သင်သည် လေပြင်းပြင်း တိုက်ခတ်နေသော ကွင်းကျယ်တွင် ဖြစ်စေ၊ လမ်းတစ်လျှောက်တွင်ဖြစ်စေ ရှိနေသည်၊ သို့မဟုတ် လမ်းလျှောက်နေသည်ကို မြင်မက်ပါက ကောင်းမွန်စွာ သင်၏ စိတ်ကူးဉာဏ်များသည် သင်၏ဝင်ငွေ တိုးတက်မှုအတွက်

www.burmeseclassic.com

www.burmeseclassic.com



များစွာအထောက်အကူ ဖြစ်စေလိမ့်မည်။

လဟာပြင်။ ။ လဟာပြင်ကြီးတစ်ခုကို တွေ့မြင်ရသည်ဟု မြင်မက်ပါက သင်သည် ဒုက္ခတစ်ခုနှင့် တိုးလိမ့်မည်၊ သို့ရာတွင် ခက်ခဲမှုများစွာ မရှိဘဲ ၎င်းလဟာပြင်ကို ကျော်ဖြတ်ရသည်ဟု မြင်မက်လျှင် သင်တွေ့ကြုံရမည့် ဒုက္ခများမှ လွတ်မြောက်ပေလိမ့်မည်။

( ဝ )

ဝက်ဝံ။ ။ သင်သည် ဝက်ဝံတစ်ကောင်ကို မြင်မက်ပါက တစ်စုံတစ်ရာ ဥပဒ်အန္တရာယ်နှင့် တွေ့လိမ့်မည်၊ သို့ရာတွင် ထိုဝက်ဝံသည် သင့်ကို ရန်ရှာခြင်း၊ မရှိသည်ကို တွေ့မြင်ရပါက သင်ရင်ဆိုင်ရမည့် အန္တရာယ်သည် ကြီးမားလိမ့်မည် မဟုတ်ချေ။

ဝက်ဝံသည် သင့်ကို တိုက်ခိုက်နေသည်ဟု မြင်မက်ပါက တစ်စုံတစ်ယောက်သည် သင့်အား အန္တရာယ်ပြုရန် ကြိုးစားလိမ့်မည်၊ သင်က ဝက်ဝံကို သတ်ဖြတ်ပစ်လိုက်လျှင်သော်လည်းကောင်း၊ ဝက်ဝံအသေကိုသော်လည်းကောင်း မြင်မက်ပါက သင့်အား အန္တရာယ်ပြုမည့်သူများအပေါ် သင်က အနိုင်ရရှိလိမ့်မည်။

ဝါဂွမ်း။ ။ ဝါဂွမ်းများ စုပုံလျက်ရှိသည်ကို မြင်မက်လျှင် သင်၏ အချစ်ရေးသည် ကံကောင်းခြင်း၊ အဆင်ပြေခြင်း ဖြစ်လိမ့်မည်၊ အကယ်၍ ဝါဂွမ်းများသည် ပြန့်ကျဲလွင့်ပျံ့လျက် ရှိသည်ကို မြင်မက်မူ သင်၏အချစ်ရေးသည် ဖရိုဖရဲသော့အချော အချစ်ရေးမဟုတ်ချေ။ ပြောင်းလဲမှုများစွာနှင့် မကြာခဏ ရင်ဆိုင်ရပေလိမ့်မည်။

ဝဘော။ ။ သင်သည် အိပ်မက်ထဲတွင် အလွန်ထဲရာ ပြေလျက်ရှိသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



မြင်မက်ပါက ပျိုရွယ်သူများအဖို့ အချစ်ရေးတွင် ကောင်းမွန်ပြီး အိမ်ထောင်ရှင်များအတွက်မူ စီးပွားရေး ငွေကြေးကိစ္စ များစွာ ကောင်းမွန်ပေသည်။

ဝမ်းသာသည်။ ။ သင်သည် အကြောင်းကိစ္စတစ်ခုခုအတွက် ထူးခြားစွာ ဝမ်းသာမှု ဖြစ်နေသည်ဟု မြင်မက်ပါက သင်၏ကြံရွယ်ချက်နှင့် စီမံကိန်းများသည် ပျက်စီးရလိမ့်မည်၊ ဝမ်းနည်းစရာကိစ္စများ ဖြစ်ပေါ်လာလိမ့်မည်။

ဝမ်းနည်းသည်။ ။ သင်သည် အထူးစိတ်ဆင်းရဲလျက် ဝမ်းနည်း ကြေကွဲမှုကို ခံစားနေရသည်ဟု မြင်မက်လျှင်သော်လည်းကောင်း၊ သင်၏မိတ်ဆွေ တစ်ဦးဦးမှာ ဝမ်းနည်းကြေကွဲမှုကို ခံစား နေရသည်ကို မြင်မက်လျှင်သော်လည်းကောင်း သင်သည် ထူးခြားကောင်းမွန်သော သတင်းတစ်ရပ်ကို မကြာမြင့်မီ ကြားသိရလိမ့်မည်။

ဝင်းခြံ။ ။ သင်သည် ဝင်းခြံကြီးတစ်ခုထဲတွင် ရှိနေသည်ကို မြင်တွေ့ ရသည်ဆိုလျှင် အချစ်ရေးတွင် ပျော်ရွှင်ခြင်းနှင့် ချမ်းသာခြင်းကို ရရှိလိမ့်မည်ဖြစ်သည်၊ ဝင်းခြံအကျိုးအပျက်များကို မြင်မက်လျှင် သင်သည် မကြာမီ ချစ်သူနှင့် စိတ်သဘောထား မတိုက်ဆိုင် မှုကြောင့် ကွဲကွာခြင်း ပြုရလိမ့်မည်။

ဝန်တိုခြင်း။ ။ ဝန်တိုခြင်းနှင့် ပတ်သက်နေသော အိပ်မက်သည် အချစ်ရေးတွင် ဆုံးရှုံးခြင်းဖြစ်မည်ကို ဖော်ပြခြင်းဖြစ်လေသည်။

ဝဂယက်။ ။ ရေပြင်တွင် ဝဂယက်တို့ ထလျက်ရှိသည်ကို မြင်မက်ပါက ဒုက္ခကြီးစွာ ဖြစ်မည်ဟု သတိပေးခြင်းဖြစ်သည်၊ မည်သည့် ဂိုစွတွင်မဆို ကောင်းသောအိပ်မက် မဟုတ်ပေ။

ဝံပုလွေ။ ။ ဝံပုလွေတစ်ကောင်သည် သင့်နောက်မှလိုက်လျက်ရှိသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



မြင်မက်မှု သင်၏ရန်သူ တစ်စုံတစ်ယောက်သည် သင်နှင့် ပတ်သက်သော မကောင်းသတင်းများကို ဖြန့်လိမ့်မည်၊ သင်သည် အိမ်ကြီးတစ်အိမ်ထဲတွင်ရှိပြီး အပြင်၌ ဝံပုလွေများ ဝိုင်းရံလျက် ရှိသည်ဟု မြင်မက်လျှင် သင့်အား ရန်သူတို့သည် ဒုက္ခကြီးစွာရောက်ရှိစေရန် ကြိုးစားလိမ့်မည်၊ သင်၏အမှားကိုသာ စောင့်လျက်ရှိကြလေသည်၊ အထူးသဖြင့် သင်၏ပတ်ဝန်းကျင်ကို သတိထားရန် လိုအပ်ပေသည်။

**ဝတ်လစ်စလစ်။** ။ ယောက်ျားတစ်ဦးအဖို့ မိန်းမပျိုများပုံကို အဝတ်အစား ကင်းမဲ့စွာ တွေ့မြင်ရသည်ဟု မြင်မက်လျှင် ထိုမိန်းမပျိုမှာ မိမိသိကျွမ်းသူ တစ်ဦးဦးဖြစ်လျှင် စိတ်၏စွဲလမ်းမှုကြောင့် မြင်မက်ခြင်းဖြစ်ပြီး မိမိနှင့် လုံးဝသိကျွမ်းခဲ့ဖူးခြင်း၊ မြင်တွေ့ခဲ့ဖူးခြင်း မရှိသူဖြစ်လျှင် အထူးသတိထားအပ်လှပေသည်၊ အချစ်ရေး၊ အိမ်ထောင်ရေးနှင့် ပတ်သက်သည့် ခိုက်ရန်ဖြစ်ပွားမှုကို မကြာမီ ရင်ဆိုင်ရလိမ့်မည်။

အကယ်၍ ယောက်ျားတစ်ဦးဦးသည် အဝတ်အစား ကင်းမဲ့လျက် ရှိသည်ကို တွေ့မြင်ရသည်ကို မြင်မက်မှု သင့်ကိုယ်ခန္ဓာတွင် ထိခိုက်ဒဏ်ရာရမှု ကြီးစွာဖြစ်လိမ့်မည်၊ သို့မဟုတ် သင်ချစ်ခင်သောသူတစ်ယောက်တွင် ဘေးအန္တရာယ် တစ်စုံတစ်ရာ ကျရောက်လိမ့်မည်၊ သင်ကိုယ်တိုင် အဝတ်အစား ကင်းမဲ့လျက်ရှိသည်ကို မြင်မက်မှု ဖျားနာခြင်း၊ ရောဂါဝေဒနာ တစ်ရပ်ရပ် ရရှိခြင်း ဖြစ်လိမ့်မည်။

မိန်းမပျိုတစ်ဦးအနေနှင့် မြင်မက်သော အိပ်မက်တွင် မိန်းမတို့၌ အဝတ်အစားကင်းမဲ့လျက် ရှိနေသည်ကို တွေ့မြင်ရလျှင် မကောင်းချေ။ အရှက်တကွဲ အကျိုးနည်း ဖြစ်ရခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



နာမည်သတင်းဆိုးထွက်ခြင်း စသည်တို့နှင့် တွေ့ကြုံရလိမ့်မည်၊ အထူးသဖြင့် မိမိကို မလိုလားသော မိန်းမတို့၏ စော်ကားခြင်း၊ သတင်းဖြန့်ခြင်းကို ခံရလိမ့်မည်။

ဝါး။ ။ စိမ်းလန်းသော ဝါးခင်းများကို မြင်မက်လျှင် အချစ်ရေး၊ အိမ်ထောင်ရေးတွင် အောင်မြင်မည်၊ ကံကောင်းမည်၊ ဝါးလုံးတိုင်များကို မြင်မက်လျှင် သင်၏အောင်မြင်မှုကို ဟန့်တားခြင်း ဖြစ်လေသည်၊ သင်၏အောင်မြင်မှုဟူသရွေ့သည် ကြန့်ကြာနှောင့်နှေးနေလိမ့်မည်။

ဝက်။ ။ ဝဖြိုးသော ဝက်များကို မြင်မက်လျှင် အလုပ်အကိုင်တို့၌ ငွေကြေးများ ရရှိခြင်း၊ ကံကောင်းခြင်းတို့၏ အမှတ်အသားပင် ဖြစ်လေသည်၊ အထူးသဖြင့် ဝက်များ အစာစားနေကြသည်ကို မြင်မက်လျှင် ငွေကြေးတို့ ရရှိနေလိမ့်မည်။

ပိန်လှီသော၊ မရွှင်ပျသော ဝက်များ၊ သေနေသော ဝက်များကို မြင်မက်လျှင် သင်စွန့်စွန့်စားစား လုပ်ကိုင်ခဲ့သော လုပ်ငန်းတစ်ခုတွင် စိတ်ပျက်စရာများစွာနှင့် တွေ့ကြုံရလိမ့်မည်။

( သ )

သေခြင်း။ ။ သေခြင်းနှင့်ပတ်သက်၍ မြင်မက်သမျှသော အိပ်မက်တို့ကို အထူးသတိထားရမည် ဖြစ်လေသည်၊ သင်နှင့်သိကျွမ်းဖူးသော အသက်ရှင်လျက်ရှိသူများကို 'သေဆုံးသည်'ဟု မြင်မက်လျှင် ထိုသူအတွက် ကံဆိုးခြင်း၊ နိမိတ်မကောင်းခြင်းကို ဖော်ပြလေသည်၊ ထိုသိကျွမ်းဖူးသောသူများ သေဆုံးရာတွင် ၎င်း၏ အသုဘခေါင်းကို မြင်မက်ခြင်း၊ ထိုခေါင်းထဲတွင် သွင်းထားခြင်းများကို မြင်မက်လျှင် 'အန္တရာယ်ဆိုးများ' ကျရောက်မည်

www.burmeseclassic.com

www.burmeseclassic.com



အစီပွါးယ်မင် ဖြစ်လေသည်၊ သို့ရာတွင် ထိုအိပ်မက်မျိုးမှာ စိတ်၏ဖွဲ့လမ်းမှုကြောင့် မြင်မက်သည်ကို မကြာခဏ တွေ့ရလေရာ အထူးခွဲခြားသိရှိရန် လိုအပ်လှပေသည်။

သင်သည် သေဆုံးခဲ့ပြီး ဖြစ်သူများကို သင်၏အိပ်မက်၌ ပြန်ရသည်၍ တွေ့မြင်ရသည်ဆိုလျှင် သင်၏ကျန်းမာရေးအတွက် သတိပေးခြင်း ဖြစ်လေသည်၊ များစွာခြင်း၊ ရောဂါဝေဒနာတစ်ရပ်ကို ခံစားရခြင်းတို့ ဖြစ်လိမ့်မည်။

သေဆုံးခဲ့ပြီးသူ တစ်ဦးတစ်ယောက်သည် အိပ်မက်ထဲတွင် အသက်ရှင်လျက် သင်၏လက်ကို ဆွဲကိုင်ခြင်း၊ လက်ယပ်ခေါ်ခြင်း စသည်တို့ကို မြင်မက်ပါက သင်ပြုလုပ်ဆဲလုပ်ငန်းများ ဆုံးဖြတ်မှုများကို ဖျက်သိမ်းရပ်ဆိုင်းပစ်ရန် လိုပေသည်၊ အဘယ်ကြောင့်ဆိုသော် သင်၏လုပ်ငန်းသည် ကြီးမားစွာ ဆုံးရှုံးပျက်စီးခြင်းနှင့် တွေ့ရမည်ဖြစ်ပြီး သင့်အဖို့ ရာလည်း အန္တရာယ်များ ကျရောက်လာနိုင်သောကြောင့် ဖြစ်လေသည်။

သီချင်းဆိုသည်။ ။ သင်သည် ပျော်ရွှင်စွာ တေးသီချင်းများကို သီဆိုလျက်ရှိသည်ဟု မြင်မက်ပါက များစွာကောင်းမွန်ပေသည်၊ သင့်အတွက် မည်သည့်တိစ္စတွင်မဆို အလွန်ကံကောင်းလျက် ရှိသဖြင့် ပျော်ရွှင်ချမ်းသာနေလိမ့်မည်၊ သီချင်းဆိုနေသူတို့ကို မြင်မက်လျှင်လည်း အလားတူပင် ကောင်းမွန်သော အစီပွါးယ် ဖြစ်လေသည်။

သရဲ။ ။ တစ္ဆေသရဲ မကောင်းဆိုးဝါးများကို မြင်မက်လျှင် သင်သည် ချစ်သူရှိသူ ဖြစ်ပါက သင်၏ချစ်သူနှင့် ပြင်းထန်သော ခိုက်ရန်ဖြစ်ပွားမှု ပေါ်ပေါက်လိမ့်မည်၊ ချစ်သူနှင့် မွန်းရလိမ့်မည်၊

www.burmeseclassic.com

www.burmeseclassic.com



သင်သည် လုပ်ငန်းများ လုပ်ကိုင်သူ ဖြစ်ပါက ငွေကြေး မြောက်မြားစွာ ဆုံးရှုံးနစ်နာမည်၊ သို့ရာတွင် သင်၏အိပ်မက်၌ ထိုမကောင်းဆိုးဝါးတို့သည် သင့်ထံမှ ထွက်ပြေးသွားသည်၊ ပျောက်ကွယ်သွားသည်ကို မြင်မက်လျှင် စိုးရိမ်မှုကြီးစွာဖြစ်ရန် မလိုချေ။

သေတ္တာ။ ။ မည်သည့်ပုံစံဖြင့်ဖြစ်စေ သေတ္တာကို မြင်မက်ပါက သင်၏အလုပ်အကိုင်တို့တွင် ပြောင်းလဲမှုများ ဖြစ်ပေါ်လာလိမ့်မည်၊ သင်သည် အဝတ်အစားများ၊ ပစ္စည်းပစ္စယများကို သေတ္တာထဲသို့ ထည့်သွင်းသိမ်းဆည်းသည်ဟု မြင်မက်ပါက သင့်အား လုပ်ငန်းကိစ္စ အဝဝတွင် ယုံကြည်စိတ်ချခြင်း ခံရလိမ့်မည်။

သင်သည် သေတ္တာထဲမှ ပစ္စည်းများကို ထုတ်ယူလျက် ရှိသည်ဟု မြင်မက်လျှင် ငွေကြေးဝင်ရောက်မည့် အမှတ်အသား ပင် ဖြစ်လေသည်၊ အကယ်၍ သေတ္တာသည် သော့ဖြင့် ပိတ်ချက်ရှိပြီး သင်သည် ဖွင့်လှစ်၍မရဟု မြင်မက်လျှင် သင်၏လျှို့ဝှက်သော ကိစ္စရပ်များနှင့် ပတ်သက်၍ စိုးရိမ်ပူပန်စရာ ဖြစ်ရလိမ့်မည်။

သော့။ ။ သော့ကိုမြင်မက်လျှင် ကောင်းသော အမှတ်အသားဖြစ်၏၊ ငွေကြေးပစ္စည်းဥစ္စာများ ဝင်ရောက်ရရှိလိမ့်မည်၊ သင်သည် သော့ဖြင့် သော့ခလောက် သော့ချက်များကို ဖွင့်လှစ်သည်ဟု မြင်မက်လျှင် များစွာကောင်းလေသည်၊ အချစ်ရေးတွင် ထူးထူးခြားခြား ပျော်ရွှင်ကြည်နူးမှုများကို ရရှိလိမ့်မည်။

သော့တွဲတစ်တွဲကို မြင်မက်လျှင် သင်၏ရင်းနှီးသော မိတ်ဆွေများ၏ လက်ဝယ်ထိမ်းပွားခြင်းနှင့်ဆိုင်သော ကိစ္စရပ်များ

www.burmeseclassic.com

www.burmeseclassic.com



အမှုကိစ္စများကို တွေ့ရလိမ့်မည်၊ သော့ပျောက်ဆုံးသဖြင့် ဖွင့်ရန် ခက်ခဲနေခြင်းကို မြင်မက်လျှင် စိတ်ပျက်စရာ အဖြစ်အပျက် များနှင့် ကြုံတွေ့ရလိမ့်မည်။

သရဖူ။ ။ ဘုရင်များဆောင်းသည့် သရဖူဖြစ်စေ၊ မကိုဋ်ဖြစ်စေ ဆောင်းရသည်ဟု မြင်မက်လျှင် မကောင်းချေ။ စိတ်မချမ်းသာ စရာများ ဖြစ်လိမ့်မည်၊ သရဖူ၊ မကိုဋ် စသည်ကို ဆောင်းထား သောသူ တစ်စုံတစ်ယောက်အား မြင်မက်လျှင် ကံကောင်း၏။ အရာရာတွင် အောင်မြင်နေလိမ့်မည်။

သမင်။ ။ သမင်ကို မြင်မက်ခြင်းသည် အဓိပ္ပါယ် နှစ်မျိုးရှိ၏။ တစ်မျိုးမှာ လက်ထပ်ခြင်းနှင့် သက်ဆိုင်သော ပျော်ရွှင်မှု သတင်းတစ်ရပ်ကို မမျှော်လင့်ဘဲ ကြားသိရလိမ့်မည်၊ တစ်မျိုးမှာ ပြင်းထန်သော မတော်တဆ ထိခိုက်မှုနှင့် ပတ်သက်သည့် သတင်းကို ကြားရခြင်း ဖြစ်လေသည်။

သေဆုံးနေသော သမင်၊ ဒဏ်ရာအနာတရဖြစ်လျက် ရှိသော သမင်တို့ကို မြင်တွေ့ရလျှင် ကောင်းသောအဓိပ္ပါယ်နှင့် မပတ်သက်ချေ။ သင်နှင့်ပတ်သက်၍နေသော သူများသော် လည်းကောင်း၊ သင်ကိုယ်တိုင်သော်လည်းကောင်း ထိခိုက်ဒဏ်ရာ ရရှိမည် ဖြစ်လေသည်၊ ဖြူဖွေးသောသမင်ကို မြင်မက်လျှင်မူ ကောင်းသောနိမိတ်ပင်ဖြစ်၏။

သေနတ်။ ။ သင်သည် သေနတ်ကို ပစ်ဖောက်သည်ဟု မြင်မက်လျှင် ဖြစ်စေ၊ သေနတ်ပစ်သည်ကို တွေ့မြင်ရသည်ဖြစ်စေ အိပ်မက် မြင်မက်ပါက သင့်အိမ်တွင် ခိုက်ရန်ဖြစ်ပွားမှု ပေါ်ပေါက်မည်။

သံ။ ။ သံနှင့်ပတ်သက်သော အိပ်မက်သည် သင့်ကို တစ်စုံ တစ်ယောက်က အနာတရဖြစ်ရန် ကြံစည်ကြံစားနေခြင်းကို

www.burmeseclassic.com

www.burmeseclassic.com



သတိပေးသည့် အထိမ်းအမှတ် ဖြစ်လေသည်၊ အထူးသဖြင့် သင်က မိတ်ဆွေစစ်ဟု ထင်မှတ်သောသူတို့ ဖြစ်နိုင်သည်။

သိမ်းငှက်။ ။ သင်၏အိပ်မက်၌ သိမ်းငှက်သည် ငှက်ငယ်လေးများကို သုတ်ယူသည်၊ သတ်ဖြတ်သည်ကို မြင်မက်လျှင် သင်သည် အလုပ်အကိုင်သစ်များကို စတင်လုပ်ကိုင်မည် ရှိလျှင်သော် လည်းကောင်း၊ အိမ်ရာပြောင်းရွှေ့မှုကို ပြုလုပ်မည် ရှိလျှင်သော် လည်းကောင်း သင်၏အခြေအနေ အရပ်ရပ်သည် လက်ရှိ အခြေအနေထက် ပိုမို၍ အောင်မြင်ဆံကောင်းမည်မှာ သေချာပေသည်၊ သိမ်းငှက်သည် ၎င်း၏အစာဖြစ်သော သားကောင်ကို လွတ်သွားသည်ကို မြင်တွေ့ရပါက စိတ်ပျက်စရာများနှင့်သာလျှင် ရင်ဆိုင်ရလိမ့်မည်။

သိုး။ ။ သိုးများသည် စိမ်းလန်းသာယာသော မြက်ခင်းပြင်၌ ပျော်ရွှင်ခုန်ပေါက်နေကြသည်ကို တွေ့မြင်ရလျှင် သင်၏ အိပ်မက်သည် အကောင်းဆုံး အိပ်မက်တစ်ခုပင် ဖြစ်လေသည်။

သားမြတ်။ ။ မိန်းမတို့၏သားမြတ်ကို မြင်တွေ့ရသည်ဟု မြင်မက်ပါက မကောင်းချေ၊ မမျှော်လင့်ဘဲ အန္တရာယ်ဒုက္ခ တစ်စုံတစ်ရာသည် ကျရောက်လာလိမ့်မည်ဖြစ်သည်၊ သားငယ်ကို နို့တိုက်နေသော မိခင်ကို မြင်မက်လျှင်မူ ကံကောင်း၏၊ ငွေကြေး၊ အချစ်ရေး တို့တွင် အောင်မြင်ပျော်ရွှင်မှုတို့ကို ရရှိလိမ့်မည်။

သက်တံ။ ။ လုပ်ငန်းကိစ္စတို့တွင် ပြောင်းလဲမည့် အခြေအနေကို ဖော်ပြသည့် အမှတ်အသားပင်ဖြစ်၏။ သက်တံသည် ထင်ရှားစွာ ပေါ်ပေါက်နေသည်ကို တွေ့မြင်ရလျှင် သင်၏လုပ်ငန်းများမှာ ထင်ထင်ရှားရှား အောင်မြင်ဖြစ်မြောက်လိမ့်မည်၊ သို့မဟုတ် မှေးမှိန်စွာ ဖြစ်ပေါ်နေသော သက်တံကို မြင်မက်ပါက သင်၏

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေး အခြေအနေသည် တိကျရေရာခြင်း ရှိမည်မဟုတ်ချေ၊ သို့ရာတွင် ကြာရှည်စွာ အောင်မြင်မှုကို ရရှိမည် ဖြစ်လေသည်။

သဘော်။ ။ သဘော်ကို မြင်တွေ့ရလျှင် ချစ်စရာ လှပသော မိန်းကလေးဖြစ်စေ၊ ချောမောပြေပြစ်သော ယောကျ်ားကိုဖြစ်စေ သင်နှင့်ခင်မင်ရင်းနှီးရလိမ့်မည်။

သတင်းစာ။ ။ သတင်းစာကို မြင်မက်ပါက ကံကောင်းမည့် အမှတ်အသားဖြစ်၏။ သင်သည် သတင်းစာထဲတွင် ထူးဆန်းသော သတင်းများ၊ ဆိုးသောသတင်းများကို တွေ့မြင်ရသည်ဟု မြင်မက်ပါက သင်၏ချစ်သူဖြစ်စေ၊ အိမ်ထောင်ဖက်တွင်ဖြစ်စေ ဒုက္ခတစ်ခုခု ခံစားနေရလိမ့်မည်၊ သတင်းစာထဲမှ သတင်းသည် ကောင်းသောအဖြစ်အပျက်များ ပျော်ရွှင်မှုများကို မြင်တွေ့ရပါက သင်၏အချစ်ရေးနှင့် အိမ်ထောင်ရေးတို့သည် အထူးသာယာ ပျော်ရွှင်လျက် ရှိပေလိမ့်မည်။

သောက်သည်။ ။ သင်သည် မသန့်ရှင်းသောအရည်၊ ရေ စသည်တို့ကို သောက်ရသည်ဟု မြင်မက်ပါက ဘေးဒုက္ခ တစ်ခုတစ်ရာ ကျရောက်လိမ့်မည်၊ သင်သောက်ရသော ရေများမှာ အေးမြခြင်း အရသာကောင်းမွန်ခြင်းတို့ဖြစ်လျှင် ကောင်းမွန်၏။ ပူသောအရည်များကို သောက်ရသည်ဟု မြင်မက်လျှင် ဖျားနာခြင်း ဖြစ်လိမ့်မည်၊ သင်သည် မူးယစ်စေသော အရက်သေစာတို့ကို သောက်ရသည်ဟု မြင်မက်ပါက ကောင်းမွန်၏။ အလွန်ချိုသော အရည်များကို သောက်ရသည်ဟု မြင်မက်ပါက အချစ်ရေးတွင် ပျော်ရွှင်မှုကို ရရှိလိမ့်မည်၊ အဆီများ၊ ဆီများကို သောက်ရသည်ဟု မြင်မက်ပါက ဖျားနာခြင်း ဖြစ်လိမ့်မည်။

သော့ခလောက်။ ။ သော့ခလောက်ကို မြင်မက်လျှင် သင်ပြုလုပ်ရမည့်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာများတွင် အခက်အခဲတို့နှင့် ရင်ဆိုင်ရလိမ့်မည်၊ အထူးသဖြင့်၊ သင်သည် ပိတ်ထားသော သော့ခလောက်ကို သင့်တွင် ဖွင့်စရာသော့မရှိဘဲ မြင်တွေ့ရပါက ၊ အထက်ပါ အဓိပ္ပါယ်သည်၊ ပိုမိုမှန်ကန်လေသည်၊ သော့ခလောက်ကို အလွယ်တကူပင် ဖွင့်လှစ်၍ရသည်ဟု မြင်မက်လျှင် ကြီးစွာသော အောင်မြင်မှုကို ရရှိလိမ့်မည်။

သဖန်းသီး။ ။ သဖန်းသီးများကို မြင်မက်လျှင် မမျှော်လင့်သော လူတစ်ယောက်ထံမှ လက်ဆောင်ပစ္စည်းဖြစ်စေ အကူအညီဖြစ်စေ ရရှိလိမ့်မည်။

သဲကန္တာရ။ ။ မှုန်မှိုင်းသော သဲကန္တာရထဲတွင် သွားလာနေသည်ဟု မြင်မက်ပါက ရှေ့တွင်အခက်အခဲ တစ်ရပ်ရပ်နှင့် တွေ့ရလိမ့်မည်၊ သဲကန္တာရထဲတွင် ညဘက်အေးချမ်းစွာ ခရီးသွားလာရသည်ဟု မြင်မက်လျှင် သင်၏လုပ်ငန်းကိစ္စများသည် အောင်မြင်ချောမော လိမ့်မည်။

သကြား။ ။ သကြားဖွင့်များကို မြင်မက်လျှင် မမျှော်လင့်သောငွေများ ရရှိလိမ့်မည်၊ အထူးသဖြင့် ပျောက်ဆုံးခဲ့သော ဥစ္စာပစ္စည်းများ ပြန်လည်ရရှိတတ်သည်၊ သကြားများကို စားရသည်ဟု မြင်မက် ပါက အချစ်ရေးတွင် သာယာပျော်ရွှင်မှု ရရှိလိမ့်မည်။

သွား။ ။ ဖြူဖွေးသော သွားများကို မြင်မက်ရသော် ပျော်ရွှင်သော အချစ်ရေးကို ခံစားရလိမ့်မည်၊ သင်၏သွားများသည် ကျွတ်သွား သည်၊ သို့မဟုတ် ကျိုးကျန်ကြသည်ဟု မြင်မက်ပါက ကျန်းမာ ရေးအခြေအနေ နိမ့်ကျလိမ့်မည်၊ သွားတစ်ချောင်း ကျွတ်ထွက် ခြင်း၊ သွားတစ်ချောင်း မည်းနေခြင်းကို မြင်မက်လျှင် သင့်မိတ်ဆွေတစ်ယောက်၏ အခြေအနေမှာ ဆုံးရှုံးပျက်စီးခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လိမ့်မည်။

သင်သည် သွားစိုက်ဆရာဝန်ထံတွင် သွားစိုက်ခြင်း၊ သွားနုတ်ခြင်း၊ သွားတို့ပြုပြင်ခြင်း စသည့်တို့ကို မြင်မက်လျှင် ကိုယ်တွင်း၌ ရောဂါတစ်စုံတစ်ရာ ရရှိလိမ့်မည်။

သဲ။ ။ သဲများကို မြင်မက်လျှင် သင်၏ချစ်သူသည် မတည်ကြည်ချေ။

သစ်တုံး။ ။ ကြီးမားသော သစ်တုံးများကို မြင်မက်ခြင်း၊ သစ်ပင်ကြီးများ ခုတ်လှဲခြင်း စသည့်တို့ကို မြင်မက်လျှင် အိမ်ရာအသစ် ပြောင်းရွှေ့နေထိုင်ရလိမ့်မည်၊ သစ်တုံးကြီးများ ခွဲလျက်ရှိသည်ကို မြင်မက်ပါက အိမ်ရာသစ်တွင် သင်သည် စိတ်ချမ်းသာမှုကို ရရှိလိမ့်မည် မဟုတ်ချေ။

သစ်ရွက်။ ။ သစ်ရွက်များကို မြင်မက်ရာတွင် ဝေဝေဆာဆာ စိမ်းစိမ်းလန်းလန်း ရှိသည်ကို တွေ့ရပါက ကံကောင်းခြင်း ဖြစ်ပေသည်၊ သစ်သီးများ၊ ပန်းများနှင့် စသည့်တို့နှင့် ရောယှက်လျက် တွေ့မြင်ရပါက အချစ်ရေးတွင် ပျော်ရွှင်မှုတို့ ရရှိလိမ့်မည်၊ သစ်ရွက်ခြောက်များကို တွေ့မြင်ရခြင်းသည် ဝမ်းနည်းစရာတို့နှင့် ရင်ဆိုင်ရလိမ့်မည်။

သစ်ပင်တက်သည်။ ။ သင်သည် အကိုင်းအခက်များရှိသော သစ်ပင်ပေါ်သို့ လွယ်ကူချောမောစွာ တက်ရသည်ဟု မြင်မက်ပါက အချစ်ရေးတွင် ကံကောင်းမည်၊ သစ်ကိုင်းများ မရှိဘဲ ခဲခဲယဉ်းယဉ်း တက်ရသည်ဟု မြင်မက်ပါက အချစ်ရေးသည် ကြန့်ကြာနေလိမ့်မည်။

သတ်ဖြတ်သည်။ ။ သင်သည် လူကိုဖြစ်စေ၊ ပိုးမွှားတိရစ္ဆာန် စသည့်တို့ကိုဖြစ်စေ ရက်စက်စွာ သတ်ဖြတ်ရသည်ဟု မြင်မက်ပါက ကံဆိုးခြင်း၏ အမှတ်အသားပင် ဖြစ်ပေသည်၊ မည်သည့်

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတွင်မဆို သင်သည် ကံဆိုးမှုနှင့် ရင်ဆိုင်ရမည်ဖြစ်သည်၊ သင်၏မစောင့်စည်းမှုကြောင့် သေရခြင်းသည် အထက်ပါ အိပ်မက်ကဲ့သို့ အရေးမကြီးချေ။

သင်မဟုတ်ဘဲ အခြားသူများ၏ ရက်စက်စွာ သတ်ဖြတ်နေမှုကို မြင်တွေ့ရသည်ဆိုသော် သင်၏စီးပွားရေး လုပ်ငန်းများအတွင်း အနှောင့်အယှက် အမျိုးမျိုးနှင့် ရင်ဆိုင် တွေ့ရလိမ့်မည်၊ အန္တရာယ်များပြားသည်။

သံပရာသီး။ ။ သံပရာသီးကို စားရသည်ဟု မြင်မက်လျှင်သော် လည်းကောင်း၊ သံပရာရည်ကို သောက်ရသည်ဟု မြင်မက်လျှင် သော်လည်းကောင်း သင်ကိုယ်တိုင်ဖြစ်စေ၊ သင်နှင့်ရင်းနှီးသူ ဖြစ်စေ နာမကျန်းဖြစ်လိမ့်မည်၊ သင်သည် သံပရာသီးကို လှီးဖြတ်သည်ကို မြင်မက်လျှင် အချစ်ရေးတွင် စိတ်ပျက်စရာ များနှင့် ကြုံရလိမ့်မည်။

သွေး။ ။ သွေးကွက်ဖြစ်စေ၊ သွေးများယိုစီးကျသည်ကိုဖြစ်စေ မြင်မက်ပါက သင်၏မိသားစုတွင် ခိုက်ရန်ဖြစ်ပွားခြင်းကို တွေ့ရလိမ့်မည်၊ မည်သည့်အသွင်သဏ္ဌာန်ဖြင့်ဖြစ်စေ သွေးများကို မြင်မက်ခြင်းသည် အထွေထွေ ကံမကောင်းခြင်း၊ စိတ်မချမ်းသာ ခြင်းများအတွက် ဖြစ်ပေသည်။

သူတောင်းစား။ ။ သင်သည် သူတောင်းစား တစ်ဦးတစ်ယောက်အား ပေးကမ်းသည်၊ ကူညီသည့်ကို မြင်မက်မှု သင်သည် ကံကောင်း နေပေလိမ့်မည်၊ သူတောင်းစားသည် သင့်အားရန်ပြုသည်၊ ခက်ထန်သည်ကို မြင်မက်လျှင် သင်သည် ကံဆိုးပေသည်၊ သင်နှင့်ရင်းနှီးသူများထဲမှ သင်၏ကျေးဇူးမကင်းသောသူများက ကျေးဇူးကန်းသော အမှုများကို ပြုလုပ်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သိုးမွေး။ ။ သိုးမွေးဝတ်စုံများ၊ သို့မဟုတ် သိုးမွေးနှင့် ပတ်သက်သော အိပ်မက်ဟူသရွေ့သည် အလွန်ကောင်းမွန်လေ၏။ မည်သည့်ကိစ္စတွင်မဆို အောင်မြင်နေလိမ့်မည်။

သစ်သား။ ။ သစ်သားများကို မြင်မက်ခြင်းသည် အနာဂတ်ကာလအတွက် အောင်မြင်မည့် အမှတ်အသား ဖြစ်လေသည်။

သမ်းဝေသည်။ ။ အခြားသူ တစ်ဦးတစ်ယောက်သည် ငိုက်မျဉ်းသမ်းဝေလျက်ရှိသည်ကို မြင်မက်လျှင် သင်၏အလုပ်အကိုင်တို့တွင် မမျှော်လင့်သော အတားအဆီးများကို တွေ့ရလိမ့်မည်၊ သင်ကိုယ်တိုင် သမ်းဝေလျက် ရှိသည်ကို မြင်မက်လျှင် သင်၏အမှုကိစ္စများအနက် သင်စိတ်ထက်သန်သောဘက်တွင် အောင်မြင်ရေးသည် နှေးကွေးမည်ဖြစ်သော်လည်း နောက်ဆုံးတွင် အောင်မြင်မှုကို ရရှိလိမ့်မည်။

သုဘရာဇာ။ ။ သုဘရာဇာကို မြင်မက်ပါက သင်သည် ဖျားနာခြင်းလုံးဝမရှိဘဲ ကျန်းကျန်းမာမာ ရှိနေလျှင် ထိုအိပ်မက်သည် သတိပေးသော အိပ်မက်တစ်ခုဖြစ်၏၊ သင်သည် မြင်းထန်စွာ ဖျားနာလိမ့်မည်၊ အကယ်၍ သင်သည် ကျန်းမာသူတစ်ဦး ဖြစ်ပါက ထိုအိပ်မက်သည် သင်၏အတွင်းစိတ်မှ ကြောက်ရွံ့ခြင်းကြောင့် မြင်မက်သော အိပ်မက်ဖြစ်လေရာ မည်သည့် ထူးခြားသော အဓိပ္ပါယ်မျိုးမှ မရှိချေ။

သေးငယ်သွားခြင်း။ ။ သင်သည် အိပ်မက်ထဲ၌ ရုတ်တရက် သေးငယ်သွားသည်ဟု မြင်မက်ပါက သင်မျှော်မှန်းထားသော ချစ်သူသည် သင့်အား စိတ်ဝင်စားမည်၊ လေးစားရှိခင်လိမ့်မည်၊ သင်သည် ရုတ်တရက် ကလေးငယ်တစ်ဦး ဖြစ်သွားသည်ဟု မြင်မက်ပါက ဖျားနာဥပဒ်ရှိလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သေးငယ်သော။ ။ သေးငယ်သော ထူးထူးဆန်းဆန်း သတ္တဝါကလေးများကို မြင်မက်သည့် အိပ်မက်သည် အိမ်ထောင်ရေး သာယာပျော်ရွှင်မှုကို ရရှိမည်ဖြစ်လေသည်။

သင်ကြားခြင်း။ ။ သင်သည် တစ်စုံတစ်ရာ အတတ်ပညာကို သင်ကြားလျက်ရှိသည်ဟု မြင်မက်လျှင် အလွန်ကောင်းပေသည်။ သင်သည် သင်ကြားရာတွင် လျင်မြန်လွယ်ကူစွာ တတ်ကျွမ်းနားလည်သည်ဟု မြင်မက်ပါက သင်၏လုပ်ငန်းကိစ္စဟူသမျှသည် လျင်မြန်စွာ အောင်မြင်ခြင်းသို့ ရောက်ရှိလိမ့်မည်။

သင်ကြားရာတွင် သင်သည် စိတ်မရှည်ခြင်း၊ သင်ကြားလိုမှု မရှိခြင်း၊ အခက်အခဲတွေ့ခြင်း စသည်တို့ကို မြင်မက်လျှင် သင်၏ လက်ငင်းအခြေအနေတို့သည် အခက်အခဲများနှင့် ရင်ဆိုင်နေရလိမ့်မည်၊ ဖြေရှင်းခြင်း မပြုနိုင်ဘဲ ရပ်ဆိုင်းနေရလိမ့်မည်။

သပြေပန်း။ ။ ခက်ခဲမှုများ၊ အတားအဆီးများကို ကျော်လွှား၍ အောင်မြင်မှုကို ရရှိလိမ့်မည်၊ ကံကောင်းသော အမှတ်အသား ဖြစ်လေသည်။

သစ်ဥ။ ။ သင်မြင်တွေ့ရသော သစ်ဥများသည် စိမ်းလန်းလတ်ဆတ်လျှင် သင်၏ကျန်းမာရေးသည် မှည့်သည့်အခြေအနေတွင် ရှိသည် ဖြစ်စေ ကောင်းမွန်လာမည်ဖြစ်၏။ သစ်ဥများသည် ခြောက်သွေ့ပိန်ရှုံ့လျက်ရှိသည်ကို မြင်မက်လျှင် သင်၏ကျန်းမာရေးသည် ကောင်းမွန်လာမည်ဖြစ်သော်လည်း နှေးကွေးလိမ့်မည်။

သူနာပြု။ ။ သူနာပြုများကို မြင်မက်လျှင် ကောင်းမွန်၏ ငွေကြေး ဖြစ်စေ၊ အခြားအဖိုးတန်ပစ္စည်းကိုဖြစ်စေ အိပ်မက်မြင်မက်သူ ထံသို့ ဝင်ရောက်လာလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သံကြိုး။ ။ သံကြိုးကို မြင်မက်ခြင်းသည် သင်၏လုပ်ငန်း တစ်ခုခုတွင် အနှောင့်အယှက်များနှင့် တွေ့ရမည်ကို ဖော်ပြခြင်း ဖြစ်လေသည်၊ သံကြိုးနှင့် တိရစ္ဆာန်များကို ချည်နှောင်ထားသည်ကို မြင်မက်လျှင် သင်၏အကြံအစည်များသည် ငွေကြေးအခက်အခဲကြောင့် ထမြောက်အောင်မြင်ခြင်း ဖြစ်လိမ့်မည် မဟုတ်ချေ၊ သံကြိုးနှင့် ချည်နှောင်ထားသော လူတစ်ဦးတစ်ယောက်ကို မြင်မက်လျှင် သင်၏ကံကြမ္မာသည် အကောင်းထက် အဆိုးဘက်ဆီသို့ ဦးတည်စနေလေသည်၊ မမျှော်လင့်သော အဖြစ်အပျက်များက သင်၏စီးပွားရေး၊ ပေါင်းသင်းဆက်ဆံရေးနှင့် အခြေအနေ အရပ်ရပ်ကို ထိခိုက်နစ်နာစေလိမ့်မည် ဖြစ်လေသည်။

သီးနှံ။ ။ သီးနှံတို့ကို မြင်မက်သော အိပ်မက်မှာ အလွန်ကောင်းသော အဓိပ္ပါယ်ရရှိသည့် အိပ်မက်တစ်ခုပင် ဖြစ်လေသည်၊ စိမ်းလန်း စိုပြည်သော သီးနှံများကို မြင်မက်ပါက သင်၏စိတ်နှလုံးမှာ အထူးကျေနပ်ပီတိဖြစ်စေမည့် တိုးတက်အောင်မြင်မှုကို ရရှိ လိမ့်မည်ဖြစ်၏၊ သင်၏ကံကြမ္မာသည် များစွာအကျိုးပေး ဖြစ်ထွန်းနေလိမ့်မည်၊ သင်သည် သီးနှံများကို တစ်စုံတစ်ယောက် သို့ ပေးကမ်းသည်ဟု မြင်မက်လျှင် သင့်ကို လူအများက ကူညီမ,စသဖြင့် ထင်ရှားအောင်မြင်မှုကို ရရှိလိမ့်မည်။

သတို့သား,သမီး။ ။ သင်သည် သတို့သား အဖြစ်သော်လည်းကောင်း၊ သတို့သမီးသော်လည်းကောင်း ဖြစ်နေသည်ကို မြင်မက်ပါက မကောင်းချေ၊ စိတ်ပျက်စရာ ပြဿနာများနှင့် တွေ့ရလိမ့်မည်၊ သတို့သား၊ သတို့သမီးများနှင့် စကားပြောဆိုရသည်ဟု မြင်မက်လျှင် ကြေကွဲဝမ်းနည်းစရာတို့သည် သင်၏ချစ်သူခင်သူ တစ်ဦးအပေါ်သို့ ရောက်ရှိလာလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သခွားသီး။ ။ သခွားသီးများကို မြင်မက်ခြင်းသည် သင်၏ချစ်သူက သင့်ကို ကျီစားခြင်း၊ စိတ်စမ်းခြင်းများ ပြုလိမ့်မည်၊ သခွားသီး များကို စားရသည်ဟု မြင်မက်ပါက သင့်၏အချစ်ရေးသည် အသေးအဖွဲ ကိစ္စကလေးများကြောင့် ယာယီပြတ်စဲ ကင်းကွာ နေရလိမ့်မည်။

သံချေး။ ။ သံချေးအစွန်းအထင်းများသည် သင့်အဝတ်အစားများတွင် တွေ့မြင်ရပါက မကောင်းချေ၊ ခိုက်ရန်ဖြစ်ပွားမှုအတွက် သတိ ပေးခြင်းဖြစ်၏၊ မည်သည့်နည်းနှင့်မဆို သံချေးများ အစွန်း အထင်းများကို မြင်မက်ခြင်းသည် မကောင်းသော အခြေသာ ရရှိလေသည်။

သားရေအိတ်။ ။ သားရေအိတ်ကို မြင်မက်လျှင် မကြာမီ ခရီး သွားရလိမ့်မည်။

သစ်ခွပန်း။ ။ သစ်ခွပန်းကို မြင်မက်ခြင်းသည် ကောင်းသော အမှတ်အသားဖြစ်၏၊ သင်၏ချစ်သူထံမှ အဖိုးတန်လက်ဆောင် များ ရရှိခြင်း၊ အချစ်ရေးတွင် သာယာပျော်ရွှင်ခြင်း၊ ကံကောင်း ခြင်းများ ဖြစ်ပေလိမ့်မည်၊ သစ်ခွပန်းကို လက်ဆောင်ပေးသည် ဟု မြင်မက်လျှင် အပျိုလူပျိုများအဖို့ မကြာမီ လက်ထပ် ရလိမ့်မည်၊ သစ်ခွပန်း အခြောက်များကိုလည်းကောင်း၊ နွမ်းခြောက် နေသည်ကိုလည်းကောင်း တွေ့မြင်မက်ပါက အချစ်ရေးတွင် မကောင်းသောအမှတ်အသား ဖြစ်ပေသည်၊ ချစ်သူနှစ်ဦးတို့သည် အခြေအနေအရပ်ရပ်ကြောင့် နီးစပ်ခြင်း ရှိလိမ့်မည်မဟုတ်ချေ၊ ဝမ်းနည်းကြေကွဲစရာဖြင့် အချစ်ရေးအဆုံးသတ်ရတတ်သည်။

သားလိုးမား။ ။ သားလိုးမားကို မြင်မက်ခြင်းသည် မကောင်းသော အမှတ်အသားပင်ဖြစ်၏၊ ကံမကောင်းခြင်း၊ အထူးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အချစ်ရေးတွင် ကံမကောင်းခြင်းတို့ ဖြစ်စေပေသည်၊ သားလိုးမားဖြင့် မတော်တဆ ထိခိုက်ရှနာ၍ သွေးများထွက်ခြင်းကို မြင်မက်လျှင် ချစ်သူတို့အပေါ် မဖျော်လင့်သော ကံကြမ္မာဆိုးကြောင့် ဝမ်းနည်းကြေကွဲစရာအဖြစ်နှင့် ရင်ဆိုင်ရလိမ့်မည်။

( အ )

အိမ်။ ။ သင်သည် နေထိုင်ခဲ့ပြီးသော အိမ်ဟောင်းတွင် နေထိုင်လျက်ရှိသည်ဟု မြင်မက်ပါက ကံကောင်းလေသည်၊ အောင်မြင်မှုများသည် မကြာမီ ရောက်ရှိလာလိမ့်မည်၊ လက်ရှိနေထိုင်မြဲဖြစ်သော အိမ်နှင့်ပတ်သက်သော အိပ်မက်သည် ထူးခြားသော အဓိပ္ပါယ်မရှိချေ။

အရက်။ ။ အရက်ဖျစ်ရည်များကို မြင်မက်လျှင်ကောင်းသည်၊ ရပ်ဝေးမှ လူများနှင့် ခင်မင်ရင်းနှီးရလိမ့်မည်၊ ၎င်းတို့၏ အကူအညီများရရှိပြီး အောင်မြင်လိမ့်မည်။

အမြောက်။ ။ စိတ်ရှုပ်စရာပြဿနာများ ဒုက္ခများနှင့် တွေ့ကြုံရလိမ့်မည်၊ အမြောက်ပစ်ဖောက်ခြင်းကို မြင်မက်လျှင်လည်း မကောင်းချေ၊ အိမ်ထောင်ရေးတွင် ခိုက်ရန်ဖြစ်ပွားမှုနှင့် ကြုံလိမ့်မည်။

အေးသည်။ ။ သင်သည် ခိုက်ခိုက်တုန်အောင် အေးချမ်းလျက်ရှိသည်ကို မြင်မက်ပါက မိတ်ဆွေတစ်ဦး၏ ကူညီမှုကို ရရှိလိမ့်မည်။

အမှောင်။ ။ သင်သည် အမှောင်ထဲတွင် စမ်းတဝါးဝါး သွားလာနေသည်ကို မြင်မက်လျှင် ငွေကြေးများ ဆုံးရှုံးနစ်နာမည်၊ သို့မဟုတ် မိတ်ဆွေစစ်တစ်ယောက်နှင့် ခိုက်ရန်ဖြစ်ပြီး စကားများခြင်းကြောင့် ကင်းကွာရလိမ့်မည်၊ သင်သည် မှောင်ထဲမှနေ၍

www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်ရှိရာသို့ ရောက်ရှိပြီး လိုရာသို့သွားလာနိုင်သည်ကို မြင်မက်လျှင် ကောင်း၏။ အခြေအနေ အားလုံးအတွက် ကောင်းသောနိမိတ် ပြဆိုခြင်းပင် ဖြစ်လေသည်။

အကြွေး။ ။ သင်သည် အကြွေးငွေများ ပေးဆပ်ရသည်ဟု မြင်မက်လျှင် ငွေကြေးများ ရရှိလိမ့်မည်၊ သင်သည် ငွေကြေးများ မပေးဆပ်နိုင်သောကြောင့် စိတ်ညစ်နေရသည်ကို မြင်မက်မူ ကျန်းမာရေး အခြေအနေ ညံ့ဖျင်းလာလိမ့်မည်၊ သင့်ကို တစ်စုံတစ်ယောက်က ကြွေးဆပ်သည်ဟု မြင်မက်လျှင် မိမိချစ်သောသူနှင့် တွေ့ကြုံခွင့် ရရှိလိမ့်မည်။

အဆောက်အအုံ။ ။ ထူးဆန်းသော အဆောက်အအုံများကို မြင်မက်လျှင် အိုးအိမ်နေရာတို့ ပြောင်းရွှေ့ရလိမ့်မည်၊ အထူးသဖြင့် ဖင်လယ် ရပ်ခြား ဒေသများသို့ ပြောင်းရွှေ့နေထိုင်ရလိမ့်မည်၊ တောက်ပသော နေရောင်အောက်တွင် လှပခံ့ညားသော ကြီးမားသော အဆောက်အအုံများကို တွေ့မြင်ရပါက သင်၏ပြောင်းရွှေ့နေထိုင်မှုသည် သင့်ကို များစွာအကျိုးကျေးဇူး ရှိစေလိမ့်မည် ဖြစ်သည်၊ အဆောက်အအုံတို့သည် သေးငယ်လွန်းသည်ကို မြင်တွေ့ရလျှင် ပြောင်းရွှေ့နေထိုင်ခြင်းကြောင့် ကောင်းမွန် တိုးတက်သော်လည်း ကြီးကျယ်လိမ့်မည် မဟုတ်ချေ။

အစုအဝေး။ ။ လူများ အစုအဝေးလိုက် မြင်တွေ့ရလျှင် သင့် လုပ်ငန်းများ မချောမောလင့်ဘဲ ရပ်ဆိုင်းလိုက်ရမည့် အခြေအနေသို့ ရောက်ရှိလိမ့်မည်။

၁. ကျူးဒါန။ ။ သင်သည် ငွေကြေးလျူဒါန်းရန်ကိစ္စကို ငြင်းပယ်သည်ဟု မြင်မက်လျှင် အောင်မြင်ခြင်းတို့ကို ရရှိလိမ့်မည် မဟုတ်ချေ၊ ကံအကျိုးပေး ညံ့ဖျင်းလိမ့်မည်၊ သင်သည် အလှူဒါန အမှုကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



တွင် ပါဝင်လှူဒါန်းသည်ဟု မြင်မက်ပါက အကျိုးပေးတို့သည့် ကောင်းမွန်လိမ့်မည်၊ သင့်အဖို့ မွန်မြတ်သော ချစ်သူတစ်ဦး တွေ့ရလိမ့်မည်၊ အလှူဒါနပြုလုပ်ခြင်းကို တွေ့မြင်ရခြင်း၊ သွားရောက်ရခြင်းတို့ကို မြင်မက်လျှင် ငွေကြေးနှင့် အဖိုးတန် ပစ္စည်းများ ဝင်ရောက်ရရှိလိမ့်မည်။

အရုပ်။ ။ မည်သည့်အရုပ်ဖြစ်စေ မြင်မက်ပါက မကောင်းသော အမှတ်အသား ဖြစ်လေသည်၊ အထူးသဖြင့် လူရုပ်၊ ကလေး ရုပ်များကို မြင်မက်လျှင် ထိခိုက်ခြင်း၊ ဖျားနာမှုဖြစ်ခြင်းကို တွေ့ရလိမ့်မည်၊ ပျက်စီးကျိုးပဲ့နေသော အရုပ်များကို မြင်မက်လျှင် မိမိ၏ ဆွေမျိုးညီအစ်ကို မောင်နှမများသော်လည်းကောင်း၊ ချစ်ခင်ရင်းနှီးသော သူများသော်လည်းကောင်း ထိခိုက်ခြင်း၊ ဖျားနာခြင်းတို့ ဖြစ်လိမ့်မည်။

အမဲသား။ ။ အမဲသား ဟင်းလျာများကို စားသောက်ရသည်ဟု မြင်မက်လျှင် ကျန်းမာရေး အထူးကောင်းမွန်နေလိမ့်မည်၊ အခြားသူများ အသားဟင်းလျာကို စားသောက်နေကြသည်ဟု မြင်မက်ပါက သင်နှင့်ပတ်သက်သော သတင်းကောင်းများ ကြားရလိမ့်မည်၊ အကယ်၍ သင်သည် အမဲဟင်းလျာကို ချက်ပြုတ်စီစဉ်နေသည်ဟု မြင်မက်လျှင် သင်သည် လူတစ်ဦး တစ်ယောက်အတွက် များစွာ အနစ်နာခံရလိမ့်မည်၊ ထိုအနစ်နာ ခံမှုသည်ပင်လျှင် သင့်အတွက် များစွာ ကျေးဇူးဖြစ်ထွန်း ပေလိမ့်မည်။

အလံ။ ။ အလံသည် လေတွင် ဝှေ့ယမ်းလျက်ရှိသည်ဟု မြင်မက်လျှင် သင်သည် ရန်သူတစ်ဦးဦး၏ အန္တရာယ်ကို သတိပြုရလိမ့်မည်၊ အလံကို တစ်စုံတစ်ယောက်က သယ်သွားသည်ကို မြင်မက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



သင်ချစ်သောသူ၏ ရှိုးမှမ်းခြင်း၊ လေးစားခြင်းကို ခံရလိမ့်မည်၊
ချီတက်ခြင်း စသည်ကို မြင်မက်ပါက ထင်ရှားကျော်ကြားသော
သူများနှင့် ခင်မင်ရင်းနှီးခြင်း၊ ချမ်းသာကြွယ်ဝသူတို့နှင့်
ချစ်ကျွမ်းဝင်ရခြင်းကို ဖြစ်လိမ့်မည်။

အက္ခရာ။ ။ သင်၏အိပ်မက်တွင် စာလုံးအက္ခရာများကို မြင်တွေ့ရလျှင်
သင်၏ဘဝတွင် အောင်မြင်မြင့်မားစေမည့် ပုဂ္ဂိုလ်တစ်ဦးနှင့်
တွေ့လိမ့်မည်၊ မီမီ မသိနားမလည်သော အက္ခရာစာလုံးများ
ဖြစ်ခြင်း၊ မသဲမကွဲ အက္ခရာစာလုံးများဖြစ်ခြင်းကို မြင်မက်သော်
ရှုစိမ်းတစ်ဦးဦးနှင့် ရင်းနှီးသိကျွမ်းမည်ဖြစ်သော်လည်း ထိုသူမှာ
မိတ်ဆွေစစ် မိတ်ဆွေကောင်း တစ်ဦးမဟုတ်ချေ။

အမဲလိုက်။ ။ သင်သည် အမဲလိုက်လျက်ရှိသည်ဟု မြင်မက်ပါက
ကံမကောင်းချေ၊ အမဲကောင်များကို ပစ်သည်ဟု မြင်မက်ပါက
သင့်တွင် ရန်သူများရှိခြင်း၊ သင့်အား နှောင့်ယှက်ဖျက်ဆီးမည့်
သူများ ပေါ်ပေါက်ခြင်းကို တွေ့ရလိမ့်မည်။

အိမ်မြှောင်။ ။ ကံကောင်းသော အမှတ်အသားဖြစ်၏၊ အိမ်မြှောင်သည်
မျက်နှာကြက်တွင် ကပ်လျက်ရှိနေသည်ကို မြင်မက်လျှင် သင်၏
လုပ်ငန်းများမှာ အထူးပင် အောင်မြင်နေလိမ့်မည်၊ အိမ်မြှောင်
သေကို မြင်မက်ခြင်း၊ မတော်တဆသေခြင်း စသည်အိပ်မက်
တို့မှာ မကောင်းချေ၊ ကံတရား၏အကျိုးပေး ညံ့ဖျင်းမှုကြောင့်
သင်၏စီးပွားရေးလုပ်ငန်းများ ထိခိုက်ပျက်စီးလိမ့်မည်။

အရိုး။ ။ လူ သို့မဟုတ် တိရစ္ဆာန် စသည်တို့၏ အရိုးများ၊ အရိုးစု
များကို မြင်မက်လျှင် သင့်တွင် လျှို့ဝှက်ထားသော အခွင့်တစ်စုံ
တစ်ရာ ရင်ဆိုင်နေရလိမ့်မည်။

အပ်။ ။ အဝတ်အထည် ချုပ်လုပ်သောအပ်ကို မြင်မက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှင့် တွေ့ရလိမ့်မည်၊ ထိုအပ်နှင့် မတော်တဆ စူးရှသည်ဟု မြင်မက်ပါက သင်နှင့်တွေ့ရသူမှာ စိတ်မချမ်းမသာ ဖြစ်နေသူ တစ်ဦးဖြစ်လိမ့်မည်။

အသိုက်။ ။ တိရစ္ဆာန် ကျေးငှက်တို့၏ အသိုက်အမြုံများကို မြင်မက်ခြင်းသည် ပျော်ရွှင်ချမ်းမြေ့မှုအတွက် ကောင်းသောနိမိတ်ပင် ဖြစ်လေသည်၊ အသိုက်ထဲတွင် ငှက်ငယ်လေးများသော်လည်းကောင်း၊ ဥများသော်လည်းကောင်း၊ တိရစ္ဆာန်လေးများသော်လည်းကောင်း မြင်တွေ့ရပါက အထူးကံကောင်းပေသည်၊ အိမ်ထောင်ရေး သာယာမှုဘဝကို ရရှိမည် ဖြစ်လေ၏။

အံစာတုံး။ ။ သင်သည် အံစာတုံးဖြင့် ကစားလျက်ရှိသည်ဟု မြင်မက်ပါက သင်၏စီးပွားရေးလုပ်ငန်းများတွင် အပြောင်းအလဲတို့ ဖြစ်လာလိမ့်မည်။

အသားကင်။ ။ အသားကင် အသားခြောက်များကို စားသောက်ရသည်ဟု မြင်မက်လျှင် သင်၏အိမ်တွင်းရေးတွင် သာယာပျော်ရွှင်မှုကို ရရှိနေလိမ့်မည်။

အမွေ။ ။ အမွေရရှိသည်ဟု မြင်မက်လျှင် သင့်ငွေကြေးများ ဆုံးရှုံးနစ်နာလိမ့်မည်။

သြဘာပေးခြင်း။ ။ သြဘာသံ၊ လက်ခုပ်သံများကို ကြားရသည်၊ သြဘာလက်ခုပ်ပေးခြင်း ခံရသည်ဟု မြင်မက်လျှင် သင့်အား မြှောက်ပင့်၍ ဒုက္ခပေးမည့်သူကို သတိပြုရမည်။

အတုအပ။ ။ အတုအပနှင့် သက်ဆိုင်အကျုံးဝင်နေသော အိပ်မက်သည် မည်သည့်ပုံစံမျိုးနှင့်ပင်ဖြစ်စေ သင့်ထံသို့ မမျှော်လင့်ခဲ့သေး ငွေကြေးများ ဝင်ရောက်လာမည့် အဓိပ္ပါယ်ပင်ဖြစ်၏။

အကြံပေးသည်။ ။ အိမ်ထောင်ရေး၊ လက်ထပ်ရေးနှင့် ပတ်သက်သော

www.burmeseclassic.com



အကြံပေးမှုများနှင့် ပတ်သက်၍ မြင်မက်လျှင် ထိုကိစ္စများတွင် အပြောင်းအလဲများ တစ်မျိုးမဟုတ် တစ်မျိုးနှင့်တွေ့မည်၊ အကြံပေးချက်များသည် စီးပွားရေးလုပ်ငန်း၊ ငွေကြေး ရသည့် ကိစ္စရပ်များ ဖြစ်နေလျှင် သင်သည် လူလိမ်လူကောက်တို့နှင့် တွေ့ရမည်။

အိပ်မက်။ ။ သင်၏အိပ်မက်ထဲ၌ သင်သည် အိပ်မက်မြင်မက်လျက် ရှိနေသည်ကို တွေ့ရလျှင် သင့်အတွက် မတွေ့ကြုံဖူးသော အဖြစ်အပျက်များနှင့် တွေ့ကြုံရလိမ့်မည်။

အပူ။ ။ သင်သည် တစ်စုံတစ်ရာသော အပူရှိန်ကြောင့် ပူလောင်လျက် ရှိနေသည်ဟု မြင်မက်လျှင် သင်၏အမှားအယွင်းများ၊ အပြစ်များသည် ပေါ်ပေါက်သွားလိမ့်မည်။

အဝါရောင်။ ။ သင်၏အိပ်မက်တွင် အဝါရောင်နှင့် ပတ်သက်၍ မြင်မက်လျှင် သင်၏ငွေကြေးကိစ္စများ အဆင်ပြေကောင်းမည်၊ သင်သည် လက်ရှိကျန်းမာရေး အခြေအနေ ညံ့ဖျင်းနေသူ ဖြစ်လျှင် မကြာမီ ကျန်းမာသန်စွမ်းလာလိမ့်မည်။

အသက်ရှူသည်။ ။ သင်သည် အသက်ရှူခြင်း မပြုနိုင်၊ အသက် မရှူဘဲနေသည်ဟု မြင်မက်လျှင် သင်၏ကျန်းမာရေး သို့မဟုတ် သင်နှင့်နီးစပ်သူများ၏ ကျန်းမာရေးအတွက် သတိထားရလိမ့်မည်၊ ရောဂါဥပဒ်တစ်စုံတစ်ရာ ကပ်ငြိမည့်အမှတ်အသား ဖြစ်လေသည်။

အရက်ပြန်။ ။ မီးလောင်နေသော အရက်ပြန်ငွေ့များကို မြင်တွေ့ရလျှင် သင်သည် အချစ်နှင့်ပတ်သက်၍ စွန့်စွန့်စားစား လုပ်မိမှုကြောင့် ဒုက္ခရောက်လိမ့်မည်၊ အရက်ပြန်များ ဖိတ်စင်သည်ကို မြင်မက်လျှင် အချစ်ရေးကြောင့် စိတ်မချမ်းမသာ ကြီးစွာဖြစ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



အသက်ကယ်လှေ။ ။ အသက်ကယ်လှေကို ပင်လယ်ရေပြင်တွင် တွေ့မြင်ရသည်ဟု မြင်မက်လျှင် အိမ်ထောင်မဲ့သူများအဖို့ လက်ထပ်မှု ဖြစ်မြောက်ရေးတွင် ဆုံးဖြတ်ချက် မချနိုင်အောင် ဖြစ်နေတတ်သည်၊ အသက်ကယ်လှေပေါ်တွင် လူများကို တွေ့မြင်ရပါက အချစ်ရေးတွင် သာယာ၍ အဆင်ပြေနေမည်၊ ကံကောင်းလျက်ရှိမည်၊ သင်ကိုယ်တိုင် အသက်ကယ်လှေပေါ်တွင် ရောက်ရှိနေသည်ဟု မြင်မက်ပါက မကြာမီ လက်ထပ်မှု အောင်မြင်လိမ့်မည်။

အပြစ်ပေးခြင်း။ ။ ရင်းအိပ်မက်သည် ကံကောင်းခြင်းကို ဖော်ပြသည်။

အပျက်အစီး။ ။ အပျက်အစီးများ၊ အကျိုးအပဲ့များနှင့် ပတ်သက်သမျှသော အိပ်မက်သည် သင်၏ပင်ပန်းမှုတို့ကို ဖော်ပြနေကြ၏၊ သင်သည် အပျက်အစီးများကိုမြင်၍ စိတ်ပျက်နေလျှင် သင်သည် အလုပ်အကိုင်တို့တွင် ပင်ပန်းမှုကြောင့် ဖျားနာခြင်းဖြစ်လိမ့်မည်။

အလုပ်များသည်။ ။ သင်သည် လုပ်စရာ အလုပ်ကိစ္စများကို များပြားစွာ လုပ်ကိုင်ရခြင်း၊ မနိုင်မနင်း လုပ်ကိုင်ရခြင်း၊ အလုပ်တွင် ပင်ပန်းခြင်း စသည်တို့ကို မြင်မက်လျှင် ငွေကြေး မြောက်မြားစွာ ရရှိလိမ့်မည်၊ သင်၏အလုပ်ကိစ္စများ အဆင်ပြေ ချောမောလျက်ရှိမည်။

အခန်းငယ်။ ။ အခန်းငယ်ကလေးများ၊ အခန်းကျဉ်းလေးများထဲတွင် ရောက်ရှိနေသည်ဟု မြင်မက်လျှင် သင်၏လုပ်ငန်းများတွင် သော်လည်းကောင်း၊ အိမ်ထောင်ရေးတွင်သော်လည်းကောင်း စိတ်အနှောင့်အယှက် တစ်ခုခု ဖြစ်နေလိမ့်မည်။

အော့အန်သည်။ ။ သင်သည် တစ်စုံတစ်ယောက် အော့အန်နေသည်ကို မြင်မက်လျှင် ခရီးရှည်သွားလာရမည်၊ သင်ကိုယ်တိုင် အော့အန်

www.burmeseclassic.com

www.burmeseclassic.com



နေသည်ဟု မြင်မက်ပါက မြင်းစွာဖျားနာမှု ဖြစ်လိမ့်မည်။

အက်ကွဲခြင်း။ ။ လူသုံးကုန်ပစ္စည်းများ၊ အိုးခွက် စသည်များ အက်ကွဲလျက်ရှိခြင်းကို တွေ့မြင်ရပါက အချစ်ရေး၊ အိမ်ထောင်ရေးတွင် တစ်ဦးနှင့်တစ်ဦး မုန်းတီးနာကြည်းမှု ဖြစ်လိမ့်မည်၊ ကံမကောင်းသော အမှတ်အသားဖြစ်၍၊ ဝမ်းနည်းကြေကွဲစရာများ၊ စိတ်ဆင်းရဲစရာများကိုသာ ဖော်ပြလေသည်။

အုန်းပင်။ ။ အုန်းပင်များကို မြင်မက်လျှင် ငွေကြေးဥစ္စာပစ္စည်းများ ဝင်ရောက်မည်၊ အုန်းပင်တွင် အုန်းသီးများ သီးလျက်ရှိသည်ကို မြင်မက်လျှင် စီးပွားရေးလုပ်ငန်းအတွက် အလွန်ကောင်းသော အိပ်မက်ဖြစ်သည်။

အူ။ ။ တိရစ္ဆာန်ကြက်ငှက်တို့၏ အူများကို မြင်မက်လျှင် ကံကောင်း၏၊ အခြေအနေအားလုံးအတွက် အောင်မြင်ကံကောင်းနေမည့် အမှတ်အသားဖြစ်သည်၊ လူ၏အူများ ဝမ်းဗိုက်မှထွက်လျက်ရှိသည် မြင်မက်လျှင် မကောင်းချေ၊ အရာရာတိုင်းအတွက် ကံဆိုးခြင်းဟူသော အဓိပ္ပါယ်ကို ရရှိလေသည်။

( ဓ )

ဓည့်သည်။ ။ သင့်အိမ်တွင် ဧည့်သည်များကို လက်ခံပြုစုသည်ဟု မြင်မက်လျှင် သင့်အား ရက်ရောစွာ ကူညီသူတစ်ဦးနှင့် တွေ့ရလိမ့်မည်။

( ဦ )

ဦးထုပ်။ ။ ဦးထုပ်၊ ခေါင်းဆောင်းများကို မြင်မက်လျှင် အောင်မြင်မှုကို ရရှိလိမ့်မည်၊ သင်သည် ဦးထုပ်ကိုဆောင်းသည်ဟု မြင်မက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ပိုမို၍ကောင်းသော အောင်မြင်မှုကို ရရှိမည်၊ သင်၏ဦးခေါင်းနှင့် မတော်သော ဦးထုပ်ကို ဆောင်းရသည်ဟု မြင်မက်လျှင် သင်သည် ဘတ်စ်ကားတစ်ယောက်အပေါ်တွင် ချစ်ကျွမ်းဝင်မှု ဖြစ်လိမ့်မည်။

ဆံချိုး။ ။ လူ၏ဦးခေါင်းတွင် ဦးချိုများ ပေါက်လျက်ရှိသည်ဟု မြင်မက်က ငွေကြေးကြပ်တည်းမှုကြောင့် စိတ်ညစ်ရလိမ့်မည်၊ တိရစ္ဆာန်ဦးချိုများကို မြင်မက်ပါက ဖျားနာရောဂါ ရရှိတတ်သည်၊ ဦးချိုရှိသော တိရစ္ဆာန် တစ်ကောင်ကောင်၏ တိုက်ခိုက်မှုကို ခံရသည်ဟု မြင်မက်လျှင် တရားဥပဒေ အမှုအခင်းတစ်ခု ဖြစ်ရလိမ့်မည်။

ညှိ။ ။ ဥသြတွန်သံကို ကြားရသည်ဟု မြင်မက်လျှင် စိတ်[illegible] စရာများနှင့် တွေ့ကြုံရလိမ့်မည်၊ ဥသြငှက် တွန်နေသည်ကို မြင်တွေ့ရသည်ဖြစ်လျှင် ပိုမို၍ ဆိုးရွားသော စိတ်ပျက်စရာ၊ စိတ်ရှုပ်စရာများကို တွေ့လိမ့်မည်။

ဥယျာဉ်။ ။ ပန်းများပြည့်နှက်လျက်ရှိသော ဥယျာဉ်ထဲတွင် ရောက်ရှိနေကြသည်ဟု မြင်မက်ပါက သင်၏ကံကြမ္မာသည် အထူးကောင်းနေပါလိမ့်မည်၊ ဥယျာဉ်အတွင်း၌ ပေါင်းမြက်များဖြင့် ပြည့်နှက်ရှုပ်ထွေးလျက် ရှိသည်ကို မြင်မက်ပါက သင်သည် လုပ်ငန်းသစ် တစ်ခုခုကို လုပ်ကိုင်ရလိမ့်မည်၊ ထိုလုပ်ငန်းသည် သင့်စီးပွားရေး အခြေအနေများ ထိခိုက်ကျဆင်းစေလိမ့်မည်၊ ဒုက္ခရောက်လိမ့်မည်။

ဥများ။ ။ ဥများစွာတို့ကို တွေ့မြင်ရခြင်းတို့သည် အချစ်ရေးတွင် အောင်မြင်မည့် အမှတ်အသားဖြစ်၏၊ ဥအကွဲများကို မြင်မက်လျှင်သော်လည်းကောင်း၊ သင့်လက်မှ လွတ်ကျ၍ ကွဲသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



မြင်မက်လျှင်သော်လည်းကောင်း သစ္စာမရှိသော ၊ ချစ်သူနှင့် တွေ့ရလိမ့်မည်၊ ဥများကို စားသောက်ရသည်ဟု မြင်မက်လျှင် အချစ်ရေးတွင် စိတ်ပျက်စရာများနှင့် ရင်ဆိုင်ရလိမ့်မည်။

ဤတွင် ပြီးဆုံးပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပို၍ကောင်းသော အောင်မြင်မှုကို ရရှိမည်၊ သင်၏ဦးခေါင်းနှင့် မတော်သော ဦးထုပ်ကို ဆောင်းရသည်ဟု မြင်မက်လျှင် သင်သည် ဘစ်စုံတစ်ယောက်အပေါ်တွင် ချစ်ကျွမ်းဝင်မှု ဖြစ်လိမ့်မည်။

ဦးချို။ ။ လူ၏ဦးခေါင်းတွင် ဦးချိုများ ပေါက်လျက်ရှိသည်ဟု မြင်မက်က ငွေကြေးကြပ်တည်းမှုကြောင့် စိတ်ညစ်ရလိမ့်မည်၊ တိရစ္ဆာန်ဦးချိုများကို မြင်မက်ပါက ဖျားနာရောဂါ ရရှိတတ်သည်၊ ဦးချိုရှိသော တိရစ္ဆာန် တစ်ကောင်ကောင်၏ ဟိုက်ခိုက်မှုကို ခံရသည်ဟု မြင်မက်လျှင် တရားဥပဒေ အမှုအခင်းတစ်ခုခု ဖြစ်ရလိမ့်မည်။

ဥသြ။ ။ ဥသြတွန်သံကို ကြားရသည်ဟု မြင်မက်လျှင် စိတ်ပျက် စရာများနှင့် တွေ့ကြုံရလိမ့်မည်၊ ဥသြငှက် တွန်နေသည်ကို မြင်တွေ့ရသည်ဖြစ်လျှင် ပိုမို၍ ဆိုးရွားသော စိတ်ပျက်စရာ၊ စိတ်ရှုပ်စရာများကို တွေ့လိမ့်မည်။

ဥယျာဉ်။ ။ ပန်းများပြည့်နှက်လျက်ရှိသော ဥယျာဉ်ထဲတွင် ရောက်ရှိ နေကြသည်ဟု မြင်မက်ပါက သင်၏ကံကြမ္မာသည် အထူး ကောင်းနေပါလိမ့်မည်၊ ဥယျာဉ်အတွင်း၌ ပေါင်းမြက်များဖြင့် ပြည့်နှက်ရှုပ်ထွေးလျက် ရှိသည်ကို မြင်မက်ပါက သင်သည် လုပ်ငန်းသစ် တစ်ခုခုကို လုပ်ကိုင်ရလိမ့်မည်၊ ထိုလုပ်ငန်းသည် သင့်စီးပွားရေး အခြေအနေများ ထိခိုက်ကျဆင်းစေလိမ့်မည်၊ ဒုက္ခရောက်လိမ့်မည်။

ဥများ။ ။ ဥများစွာတို့ကို တွေ့မြင်ရခြင်းတို့သည် အချစ်ရေးတွင် အောင်မြင်မည့် အမှတ်အသားဖြစ်၏၊ ဥအကွဲများကို မြင်မက် လျှင်သော်လည်းကောင်း၊ သင့်လက်မှ လွတ်ကျ၍ ကွဲသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



မြင်မက်လျှင်သော်လည်းကောင်း သစ္စာမရှိသော ချစ်သူနှင့် တွေ့ရလိမ့်မည်၊ ဥများကို စားသောက်ရသည်ဟု မြင်မက်လျှင် အချစ်ရေးတွင် စိတ်ပျက်စရာများနှင့် ရင်ဆိုင်ရလိမ့်မည်။

ဤတွင် ပြီးဆုံးပါပြီ။

www.burmeseclassic.com